www.burmeseclassic.com

အမျိုးသားစာပေဆုရ

# ဒေါက်တာဇီဗားဂိုး

(မျက်စိ)

မတာမ်းဘာယ်သျှူနေတတ်မည်

နှင့်

အမြင့်ပန်းဘာဝစာပန်းချီ

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

ဒေါက်တာ ထွန်းအောင်ကျော် (မျက်စိ)

" မတမ်းဘယ်သူနေတတ်မည် "

နှင့်

အမြင်ပန်း ဘဝစာပန်းချီစု

www.burmeseclassic.com

www.burmeseclassic.com

**ပုံနှိပ်မှတ်တမ်း**

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၇၅၈၁၂၀၈
စာမူခွင့်ပြုချက်အမှတ် - ၅၀၁၉၅၇၁၂၀၈

ပုံနှိပ်ခြင်း
ပထမအကြိမ် -ပ(ထမအကြိမ်- ) ဇန္နဝါရီ-၂၀၀၉ ခု)
အုပ်ရေ - (   အုပ်ရေ- (၅၀၀)

မျက်နှာဖုံးဒီဇိုင်း - ရောင်စဉ်
ဖလင် - ရောင်စဉ်

**မျက်နှာဖုံး/အတွင်း ပုံနှိပ်သူ**
ဒေါ်စိန်စိန်(၀၅၄၀၄) ရောင်စဉ်အော့ဖ်ဆက်
အမှတ်(၁၆၃)၊ ၄၈ လမ်း၊
ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်။

ထုတ်ဝေသူ
ဦးကျော်ဟင်း(ယုံကြည်ချက်စာပေ)
အမှတ်(၁၁၁)၊ တတိယထပ်(ညာ)၊
၃၃လမ်း၊ ရန်ကုန်။

တန်ဖိုး- (တန်ဖိုး)ကျပ်(၂၀၀၀) ကျပ်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## နိုင်ငံတော်၏ အရေးသုံးပါး

| | |
|---|---|
| -ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| -တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| -အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

-ပြည်ပအားကိုးပုဆိန်ရိုးအဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

-နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကိုနှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

-နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

-ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ်သတ်မှတ် ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

-နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။

-အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။

-ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။

-ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက်(၄)ရပ်

-စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောင်ရေး။

-ဈေးကွက်စီးပွားရေးစနစ်ပီပြင်စွာဖြစ်ပေါ်လာရေး။

-ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

-နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကိုဖန်တီးနိုင်မှုစွမ်းအားသည်နိုင်ငံ တော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက်(၄)ရပ်

-တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။

-အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင်ထိန်းသိမ်းစောင့် ရှောက်ရေး။

-မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

-တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရေးမြင့်မားရေး။

## မာတိကာ


၁။ မတမ်းဘယ်သူနေတတ်မည်

၂။ ရွှေညာမှသည်၊ လန်ဒန်ဆီသို့

၃။ လန်ဒန်ယူစီ၏ မျက်စိဘွဲ့လွန်တက္ကသိုလ်

၄။ ကမ္ဘာကျော်သုတေသီမျက်စိပညာရှင်များ

၅။ တိုက်ဒ်ပတ်ခ်၊ ကင်ဆင်တန်နှင့် မင်းသမီး ခိုင်ယာနာ

၆။ မိုးဗီလ်ဒ်ဆေးရုံနှင့် မဒမ်တူးဆော့ဒ်

၇။ ခယူးတော်ဝင် ရုက္ခဥယျာဉ်နှင့် မျှစ်ချဉ်ဟင်း

၈။ မီးအလှဆင်ကြ၊ ခရစ္စမတ်ည

၉။ ကမ္ဘာစစ်၏ မျက်ကြည်လွှာ

၁၀။ နှစ်သစ်ကူးမြူးတဲ့လို့ရှင်

၁၁။ တေးသံသာ လွမ်းရိပ်ဖြာ

၁၂။ ကဗျာစာဆို ဂျွန်ကိ(တ်စ်) နှင့် အကြင်နာကင်းသည့် လှယမင်း

၁၃။ ဩစတြေးလျက အသော်ရီဂျီနယ် မျက်ခမ်းစပ်သင်တန်း

၁၄။ ကန္တာရတစ်ခွင်လှည့်ခဲ့စဉ်

၁၅။ ပါ့သ်မြို့တွင် ဗုဒ္ဓရောင်ဝါ ထွန်းလင်းခြင်း


www.burmeseclassic.com

www.burmeseclassic.com



## စာရေးသူ၏အမှာစာ

"မတမ်းဘယ်သူနေတတ်မည်နှင့် အမြင်ပန်းဘဝစာပန်းချီ" စာအုပ်မှာ ဝတ္ထုရှည်နှင့် သုတရသ ခရီးသွားစာပေ ပူးပေါင်းတင်ဆက်ထားခြင်းဖြစ်ပါသည်။

"မတမ်းဘယ်သူနေတတ်မည်" ဝတ္ထုရှည်ကို ၂၀၀၅ခုနှစ်၊ ဒီဇင်ဘာလထုတ် မြဝတီမဂ္ဂဇင်းတွင် ထည့်သွင်းဖော်ပြထားပြီးဖြစ်ပါသည်။ စာရေးသူ အစ္စရေးလ်နိုင်ငံသို့ မျက်ခမ်းစပ်ရောဂါ သုတေသနပြုရန် တစ်နှစ်တာမျှ သွားရောက်ခဲ့စဉ်က ရရှိခဲ့သော ဒေသန္တရဗဟုသုတများကို အခြေခံ၍ ရေးသားခဲ့ပါသည်။ မြန်မာနိုင်ငံခြားပညာတော်သင်ဆရာဝန်လူငယ်တစ်ဦး၏သမုဒယဇာတ်လမ်းဖြစ်သည်။ ခြားနားသော ယဉ်ကျေးမှုဓလေ့၊ ထုံးတမ်းစဉ်လာများနှင့် နှလုံးသားခံစားမှုတို့၏ အားပြိုင်တတ်သော သဘောကို စောကြောထားပါသည်။

"အမြင်ပန်းဘဝစာပန်းချီ"မှာ မျက်စိဘွဲ့လွန် သင်တန်းတက်ခဲ့သည့်အချိန်က လန်ဒန်တွင်တွေ့ကြုံခဲ့ရ၊ အားကျခဲ့ရလေ့သော ခဲ့ရသည့် အတွေ့အကြုံများအကြောင်း တင်ပြထားပါသည်။

www.burmeseclassic.com

www.burmeseclassic.com

နောက်ပိုင်း(၃)ပုဒ်မှ ဩစတြေးလျ လေ့လာရေးသွားရောက်ခဲ့စဉ်က၊ တွေ့ကြုံခံစားခဲ့ရသည်များကို ခြယ်မှုန်းတင်ပြထားပါသည်။

ပန်းဥယျာဉ်တို့၌ တစ်မျိုးမကသော လှပသည့်ပန်းမျိုးစုံတို့ပွင့်ပါသည်။ သူ့နည်းနှင့်သူ နှစ်သက်ဖွယ်ဖြစ်သည်။ ပန်းဥယျာဉ်နှင့် နှိုင်းအပ်သော ဘဝတွင်လည်း သုတရသပန်းမျိုးစုံတို့ အချိန်အခါကိုလိုက်၍ပွင့်သည်။ ထွေပြားလှသောအတွေ့အကြုံများကို စာပန်းချီချယ်၍တင်ပြအပ်ပါသည်။ စာရှုသူတို့ နှစ်သက်နိုင်ကြပါစေဟု ဆန္ဒပြုအပ်ပါသည်။



# မတာမ်းဘယ်သူနေတတ်မည်

ငြိမ်းချမ်းမြို့တော်ဟု အဓိပ္ပါယ်ရှိသော၊ ဂျေရုဆလင်မြို့သည် သာယာလှပသော တောင်ကုန်းပေါ်များသည့်မြို့ဖြစ်ပါသည်။ သစ်သားအိမ်မရှိ ကျောက်တုံး (သို့မဟုတ်) အုတ်တို့ဖြင့်တည်ဆောက်ထားသော တိုက်အိမ်များသာရှိသည်။ တိုက်အိမ်တို့၏ ပတ်ပတ်လည်တွင် ထင်းရှူးပင်များက မားမားမတ်မတ် နေရာယူထားသည်။ ပင်ခြေကိုကြည့်မည် ဆိုပါက ထင်ရှူးရွက်ကြွေ သေးသေးတို့ဖြင့် ဖြန့်ခင်းထားသည်ကို တွေ့ရမည်။ လမ်းလျှောက်ပါက မာမာကြောကြောမရှိ နူးညံ့သောအတွေ့ကို ခံစားရသည်။ ထင်းရှူးပင်ကြား လမ်းလျှောက်ရသည်မှာ ပျော်မွေ့ဖွယ်ရှိသည်။ ထင်းရှူးရနံ့သင်းပျံ့ပျံ့ကြောင့်လား . . .၊ ခြေလှမ်းရသည်မှာ ငြိမ့်ညောင်း၍လား. . . မပြောတတ်ပါ။

တိုက်ခန်းပြတင်းပေါက်မှ အပြင်သို့ လှမ်းမျှော်ကြည့်လိုက်ပါလျှင် ဆီးနှင်းတို့ကျရောက်နေသည်ကိုမြင်တွေ့နိုင်

www.burmeseclassic.com

www.burmeseclassic.com



သည်။ အဆောက်အဦးပေါ် အဆောက်အဦ၏ ပတ်ပတ်လည်နှင့် ထင်းရှူးပင်ပျိုတို့ကြား အုပ်နှင့် သင်းနှင့် ထက်ကောင်းကင် အာကာသတခွင်မှ ဆင်းလာနေသည်ကို တွေ့နေရသည်။ ရောင်ခြည်တထောင် အလင်းဆောင်သော နေမင်း၏ရောင်ခြည်တန်းတို့ပင့် ထိုးမဖောက်နိုင်အောင် သိပ်သည်းလှပါသည်။ မျက်စိကျိန်းအောင်စူးရှသည့် အလင်းရောင်မရှိ မျက်စိအေး၊ နားအေး၊ ဘဝင်အေးသည့်နေရာဖြစ်သည်။

ဤအေးချမ်းသာယာသောနေရာရှိ အိမ်ခန်းကို ပညာသင်တော်ဌာနက ငှားပေးထားခြင်းဖြစ်သည်။ အိပ်ခန်း၊ ဧည့်ခန်း၊ မီးဖိုချောင်၊ ထမင်းစားခန်း၊ ရေချိုးခန်းတို့နှင့် အဆင်ပြေလှသည်။ ဘွဲ့လွန် ပိုင်းရပ်စ်ဘာသာရပ်ကို သင်ကြားရသည့် ဟာဒါးဆားဆေးတက္ကသိုလ်သို့ တစ်ပတ်လျှင် (၆) ရက်သွားရသည်။နေထိုင်ရာ ဘေတာကရမ်ရပ်ကွက်မှ ဆေးတက္ကသိုလ်သို့သွားလျှင် တောင်ကုန်းအတက်အဆင်းများစွာတို့ကို ဖြတ်ကျော်ရသည်။ ညနေပိုင်းမြို့ထဲသို့ မိုးချုပ်ချုပ်ပြန်လာလျှင် လျှပ်စစ်မီးများဖြင့် ထိန်ထိန်ညီးနေသော တိုက်တာအဆောက်အအုံများ၊ တောင်ကုန်းများ၊ချိုင့်ဝှမ်းများ၌ မီးရောင်စုံပင်လယ်လေးပမာ ရှိနေသည်ကို မြင်နေရသည်မှာ လွန်စွာလှပလှပါသည်။ တစ်ရက်တွင် သံရုံး၏ဖိတ်ကြားချက် အရ ဂျေရူးဆလင်နှင့် မိုင် ၆၀ ခန့်ဝေးသော



မြန်မာနေ့ ကျင်းပမည့် ပင်လယ်ပြာပြာ ကမ်းခြေမြို့ ဟာဇေလိယမြို့သို့ နံနက် ၁၀း၀၀ နာရီအရောက် ကားဖြင့် လာခဲ့ရသည်။ မြန်မာနိုင်ငံမှ အစ္စရေး သို့ ရောက်ရှိနေသည့် မြန်မာအားလုံးလိုလိုကို တွေ့ရမည့်ပွဲဖြစ်၍ ဆန္ဒစောကာ စောစောနိုးနေသည်။

ဟာဇေလီယမြို့သည် အစ္စရေးနိုင်ငံ မက်ဒီတေ ရေးနီးယမ်း မြေထဲပင်လယ် ကမ်းခြေရှိ အပန်းဖြေမြို့ကလေးတစ်မြို့ဖြစ်သည်။ အစ္စရေးတွင် နေထိုင်သူများ၊ ကမ္ဘာ့လှည့်ခရီးသည်များ ကြိုက်နှစ်သက်သည့် ကမ်းခြေမြို့ ဖြစ်သည်။ ယောက်ျား၊ မိန်းမ အရွယ်သုံးပါးစလုံး နေပူစာလှုံကြ၊ ပြေးကြ၊ လွှားကြ၊ အဖွဲ့လိုက် ဘော်လီဘောကစားကြနှင့် တစ်ပတ်လုံး လူပင်ပန်းစိတ်ပင်ပန်းခဲ့သမျှကို ဖြေဖျောက်သည့်နေရာဖြစ်သည်။ မအေးလွန်း၊ မပူလွန်း၊ မျှတသော ရာသီဥတု ရှိသဖြင့်လည်း လူကြိုက်များလှသည်။

မြန်မာသံရုံးတည်ရှိရာ တယ်လဗီမြို့နှင့် တစ်ဆယ့်ငါးမိုင်ခန့်သာကွာဝေးသဖြင့် မော်တော်ကားဖြင့် သွားပါက ခဏလေးဖြင့် ရောက်နိုင်သော နေရာဖြစ်ပါသည်။

ထိုအချက်အခြာကျသည့် မြို့တွင် မြန်မာတို့၏ ယဉ်ကျေးမှုအနုပညာရိုးရာမလေ့တို့ကို ဂုဏ်ယူဝင့်ကြွားစွာ တင်ပြမည့် "မြန်မာနေ့" ပြပွဲကြီးကိုပြသရန် မြန်မာသံရုံးက စီစဉ်ခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သိုင်းသိုင်းဝိုင်းဝိုင်း စည်စည်ကားကားဖြစ်စေရန် သံရုံးမိသားစုများသာမက ကျွန်တော်အပါအဝင် ပညာတော်သင်များကိုလည်း ဖိတ်ကြားထားပါသည်။

မြန်မာ့အနုပညာလက်ရာများဖြစ်သော ယွန်းပန်းချီ၊ ယွန်းခွက်၊ ယွန်းလိုက်ကာ၊ ယွန်းသေတ္တာအစရှိသည့် ယွန်းနှင့်ပြုလုပ်ထားသော ပစ္စည်းမျိုးပေါင်းများစွာကို ပြသထားသည်။

မြန်မာ့တူရိယာပစ္စည်းများဖြစ်သည့် မြန်မာ့ဆိုင်းဝိုင်း စောင်း၊ ပတ္တလား၊ နှဲ၊ လင်းကွင်း၊ အိုးစည်၊ ဗုံတို့ကိုလည်း ပြသထားသည်။ တူရိယာတို့မှာ မှန်စီရွှေချ ထားသဖြင့် ပြောင်လတ်တောက်ပစွာဖြင့် ရှုမငြီးဖြစ်စေသည်။ ငြိမ့်ငြောင်းသော မြန်မာ့စောင်းသံကို နားသောတ ဆင်နိုင်ရန် ဗီဒီယိုဖွင့်ထားသည်။ မြန်မာ့ဆိုင်းဝိုင်းကြီးဖြင့် တီးခတ်ထားသည့် မြူးကြွသော ဂီတသံကိုနားထောင်ရင်း တီးကြ မှုတ်ကြပုံကို ကြည့်ရှုနိုင်စေရန် ဗီဒီယိုဖြင့် ပြသထားပါသည်။

ပန်းချီကြိုက်သူများအတွက် မြန်မာတို့၏ လူနေမှုစနစ်ဖော်ပြထားသည့် လက်ရာမြောက်လှသော ပန်းချီကားများကို ပြသထားသကဲ့သို့ မြန်မာတို့နေ့တဒူဝသုံးစွဲ နေသော ပုသိမ်ထီးနှင့် ဒီဇိုင်းလှလှဖြင့် ရက်လုပ်ထားသော မြန်မာ၊ ကချင်၊ ရှမ်း၊ ကရင်၊ ကယား လွယ်အိတ်များကိုလည်း ပြသထားသည်။



လက်ရာမြောက်လှသော ရွှေချည်ထိုးကားများ၊ ရတနာစီခြယ်ထားသော ပန်းချီကားများနှင့် ပန်းချီဆရာ များစွာတို့၏ ရှုခင်းပန်းချီ၊ ပုံတူပန်းချီများကိုလည်း တွေ့ရသည်။

ပန်းကနုတ်တို့ဖြင့် အသေးစိတ် မွန်းထားသော ပန်းပုရုပ်မျိုးစုံမှသည် စားပွဲကုလားထိုင်များအထိ စုဆောင်းပြသထားသည်မှာလည်း မြန်မာနိုင်ငံအနေနှင့် ဂုဏ်တက်ဖွယ်ဖြစ်ပါသည်။

မြန်မာ့ယဉ်ကျေးမှုဥသျှောင်၊ ပုဂံမြို့နှင့် ဘုရားများ၊ ပုဂံဆည်းဆာအလှ၊ မြန်မာ့ရက်ကန်း၊ လည်စရာ၊ ပတ်စရာ ပြည်မြန်မာပြခန်းတွင် မန္တလေး၊ အင်းလေးဒေသ၊ ပေလီ၊ ချောင်းသာကမ်းခြေတို့၏ သဘာဝအလှတို့အပြင် မြန်မာတိုင်းရင်းသားများကို ဓါတ်ပုံများဖြင့် ပြသထားရာများစွာ နှစ်မြိုက်ဖွယ် ဖြစ်ပါတော့သည်။

"အို ဒါကတော့ တကယ်လက်ရာမြောက်တဲ့ ပန်းချီကားပဲ နေရောင်ကျပုံ၊ အနီးအဝေးအယူအဆ၊ အရောင်သွင်းထားပုံက အစ သိပ်ပြီးသဘာဝကျတယ်ကွာ၊ ကိုယ်ရောက်ခဲ့တဲ့ သမိုင်းဝင် ပုဂံမြို့က ဘုရားရှုခင်းပုံပဲ။"

ကျွန်တော်တာဝန်ကျရာ ပန်းချီစခန်းသို့ လာရောက်သည့် ဧည့်သည်ပျိုဖြူနှစ်ဦးအနက် တစ်ဦး၏ ဝေဖန်ချီးကျူးသံဖြစ်ပါသည်။ စကားပြောနေသော အမျိုးသမီးငယ်မှာ မြန်မာ

www.burmeseclassic.com

www.burmeseclassic.com



လွယ်အိတ်ကို လွယ်ထားသည်။ သူနှင့်ပါလာသော အမျိုးသမီးငယ်ကို ရှင်းပြနေခြင်းဖြစ်ပါသည်။

သူမတို့ကြည့်နေသည့် ပန်းချီကားမှာ "ပုဂံရှုခင်း" ဟု အမည်ပေးထားသောကားဖြစ်သည့် တန့်ကြည့်တောင်ကို နောက်ခံပြုလျက်၊ ကန်တော့ပလ္လင်စေတီတော်နှင့် ပတ်ဝန်းကျင်ရှိ ရှေးဟောင်းစေတီတော်များစွာကိုလည်း ထည့်သွင်းရေးဆွဲထားသည်ကို မြင် တွေ့နေရပါသည်။ စေတီတော်မှာ ထုံးသက်န်းနှင့် သပ္ပာယ်စွာ ရှိနေပြီး နောက်ခံတန်းကြည့်တောင်ကို မှုန်ပြပြ အဝေးမှ မြင်ရပုံ ကို ဆွဲထားခြင်းဖြစ်သည်။

သူငယ်ချင်းကို ရှင်းပြနေသည့် လွယ်အိတ်လွယ်ထားသော အမျိုးသမီးကိုလည်း စိတ်ဝင်စားမိသည်။ နိုင်ငံခြားတွင် မြန်မာ၊ ယိုးဒယား၊ မလေးရှား၊ ဖိလိပိုင်လူမျိုးများကို ခွဲခြားသိရှိရန် ခက်သော်လည်း လွယ်အိတ်၊ ပုသိမ်ထီးနှင့် ဘုန်းတော်ကြီးများ သုံးသော ထီးတို့မှာ မည်သည့်နိုင်ငံမှာမှမရှိသည့် မြန်မာ့အသုံးအဆောင် စစ်စစ်ဖြစ်ပါသည်။ လွယ်အိတ်လွယ်ထားပါက မြန်မာသော်လည်းကောင်း၊ မြန်မာပြည်ရောက်ဖူးသူ၊ တစ်ဦးတစ်ယောက်သော်လည်းကောင်း ဖြစ်မှာသေချာပါသည်။ ယခုပြောဆိုနေ သည့် အမျိုးသမီးနှစ်ဦးမှာ အစ္စရေးလ်သူများဖြစ်၍ တစ်ဦးမှာ မြန်မာပြည်ရောက်ဖူးသူ ဖြစ်မှာသေချာလှပါသည်။



သူမကို စိတ်ဝင်စား၍ လှေ့လာကြည့်မိသည်။ အရပ်က ၅ ၅' ခန့်ရှိ၍ အမျိုးသမီးထဲတွင် အရပ်အမောင်းကောင်းသည်ဟု ဆိုရပါမည်။ တစ်ကိုယ်လုံးခြုံကြည့်ပါက ပုံစံမှာ သွယ်လျလျဖြစ်ပါသည်။ သို့ရာတွင် အချိုးအစားပြေပြစ်၍ အားကစားလိုက်စားသည့်ပုံဟန်ရှိပါသည်။ မျက်နှာကျကလည်း ဘဲဥပုံ၊ မျက်ခုံးကောင်း၍ နှာတံပေါ်သည်။ မျက်လုံးမှာ ဝန်းဝိုင်း၍ အစိမ်းနုရောင်သန်းနေသည်။ မျက်နှာမှာ မိတ်ကပ်မရှိ နှုတ်ခမ်းနီဆိုးမထားဘဲ ပင်ကိုယ်ပန်းရောင်အတိုင်းထားပါသည်။ ဝတ်စားဆင်ယင်ပုံမှာလည်း ပိုးပျော့အဖြူလက်ရှည်နှင့် ဂါဝန်အရှည်ဝတ်ထားသည်မှာ ယနေ့ မြန်မာအမျိုးသမီးများ၏ ဝတ်စားဆင်ယင်ထားသည်နှင့်ပင် တူတော့သည်။ ဝတ်ပုံစားပုံကလည်း မြန်မာမလေး နှင့် တူလိုက်တာဟု ထင်မိပါသည်။

"ဒီပန်းချီကား၊ ရောင်းဖို့ပါလားရှင်" ဟု လွယ်အိတ်ရှင်က မေးလာပါသည်။ သူမအနေနှင့် များစွာသော ပန်းချီကားများထဲမှ ဒီတစ်ပုံကို သဘောကျပုံရပါသည်။ စောစောက ပန်းချီကားနားက မခွာဘဲ၊ ၁၅ မိနစ်၊ မိနစ် ၂၀ ခန့် ကြည့်နေကတည်းက ဒီကားတော့ ဒီသူငယ်မ သဘောကျနေပြီဟု ထင်မိပါသည်။

"တကယ်လို့များ ဝယ်မယ်လို့စဉ်းစားရင်တော့ ကျွန်မတော် စုံစမ်းပေးပါ့မယ်။"

www.burmeseclassic.com

www.burmeseclassic.com



"ရောင်းမယ်ဆိုရင် ဝယ်ချင်တာပေါ့ရှင်၊ လိုချင်နေတာ ကြာလှပါပြီ။ ကျွန်မမြန်မာပြည်ကိုသွားစဉ်က ထင်ရှားကျော်ကြားလှတဲ့ ရှေးဟောင်းမြို့တော်ပုဂံကို ရောက်ခဲ့ပါတယ်ရှင် ပုဂံသဘာဝ၊ ပုံဂံအလှကိုလည်း ရင်သပ်ရှုမော အံ့သြခဲ့ရပါတယ်။ အနုပညာလက်ရာမျိုးစုံနဲ့ တည်ထားတဲ့ စေတီတော်တွေ၊ ရုပ်ပွားတော်တွေ၊ ကျောက်စာတွေကိုလည်း လေ့လာခဲ့ရပါတယ်။ ခေတ်မီပြတိုက်မှာ နိုင်ငံတကာအဆင့်မီ ပြင်ဆင်ပြသထားတာတွေလည်း တွေ့ခဲ့ပါတယ်။ နောက်ပြီး ပုဂံရှုခင်းပန်းချီကားကြီးဆိုရင် အဆောက်အဦထဲ ဝင်သွားတဲ့အချိန်ကစပြီး ကားကြီးအနီးထိ လျှောက်သွားလိုက်တာ ကိုယ်တိုင်ပုဂံဘုရားတွေကြားထဲ ရောက်နေတယ်ထင်ရလောက်အောင် ကောင်းမွန်လှပါတယ်။ ဒါတွေကို နှစ်ခြိုက်စွဲလမ်းမိခဲ့ပါတယ်။"

"နောက်တစ်ချက်က ပုဂံအလှကိုပုံဖော်ထားတဲ့ ပန်းချီကားတော်တော်များများ ရန်ကုန်၊ မန္တလေးမြို့တို့မှာ တွေ့မိခဲ့ပေမဲ့ ဒီနေ့ဒီမှာပြသထားတဲ့ ပန်းချီကားလောက်ကို စိတ်ကြိုက်မတွေ့ရလို့ နောက်တစ်ခေါက်ပြန်ရောက်မှပဲ ဝယ်တော့မယ်လို့ စိတ်ကူးထားတာ။ အခုအလွန်လက်ရာကောင်းတဲ့ ပန်းချီကားကို ဒီမှာတွေ့ရတော့ သိပ်ကိုစိတ်ထဲမှာ သဘောကျလွန်းလို့ မေးတာပါရှင်။" သူမက ပုဂံပန်းချီကိုလိုချင်လှပါကြောင်း၊ သမိုင်းနှင့် ချိ၍



ပြောနေပါသည်။ သူမ၏ နှစ်ခြိုက်စွဲလမ်းပုံ၊ လိုချင်နေပုံကိုကြည့်၍ ကျွန်တော့်ပန်းချီကားသာဆိုလျှင် ရောင်းဖြစ်မှာသေချာပါသည်။

သူမ၏ လှပသော ခန္ဓာကိုယ်နွဲ့နွဲ့နှောင်းနှောင်းကိုလှုပ်ရှားရင်း အားပါးတရပြောကြားနေသည်မှာ အရုပ်လှလှလေးတစ်ရုပ်တနေသကဲ့သို့ကြည့်၍ပင် ကောင်းလှပါတော့သည်။

"ကျွန်တော်လည်း လွယ်အိတ်လွယ်ထားတာတွေ့ရလို့ ကြည့်နေမိတာ မြန်မာပြည်နဲ့ ဘယ်လိုဆက်စပ်မှုရှိသလဲလို့ပေါ့လေ၊ အခုခင်ဗျားပြောမှပဲ မြန်မာပြည်ရဲ့ သမိုင်းဝင်နယ်မြေကို ရောက်ဖူးကြောင်း၊ နှစ်ခြိုက်ကြောင်း သိရလို့ဝမ်းသာမိပါတယ်ဗျာ။ ပန်းချီကားကိုစွလည်း ကျွန်တော်စုံစမ်းပေးပါ့မယ်။ သာမန်အားဖြင့် ပြပွဲချိန်ခါမှာတော့ မရောင်းပါဘူး၊ ပြီးသွားရင်တော့ ပန်းချီဆရာက ရောင်းချင်ရောင်းတတ်ပါတယ်။ မေးလိုက်ပါဦးမယ်။ ကျွန်တော့်ကိုသာ ဆက်သွယ်နိုင်အောင် ဖုန်းနံပါတ်တို့၊ သိပ်စာတို့ ပေးထားပါဗျာ။ ဆက်သွယ်ပါ့မယ်။" ကျွန်တော် ရှင်းပြသကဲ့သို့ပင် တချို့ပြသထားသည့် ပန်းချီကားများမှာ ပန်းချီဆရာများထံမှ ခေတ္တငှားရမ်းထားခြင်းဖြစ်ပြီး၊ ပြပွဲပြီးပါကဝယ်သူရှိလျှင် ရောင်းတတ်သဖြင့် ပြန်လည်ရှင်းပြရခြင်းဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးပါပဲရှင်၊ ကျွန်မလည်း ကိုယ့်ဘာသာကိုယ် မိတ်ဆက်ပါရစေ၊ နာမည်က ဂျေမီဆာရော့ပါ။ ဂျေရူးဆလမ်မှာနေပါတယ်"

"အော် . . . ကျွန်တော့်နာမည်က "ထွန်း" ပါ။ ဆရာဝန်တစ်ယောက်ပါ။ ဂျေရူးဆလင်မှာပဲနေပါတယ်။ ဟာဒါးဆားဆေးတက္ကသိုလ်မှာ ဘွဲ့လွန်သင်တန်းတက်နေပါတယ်။ ဒီပြပွဲအတွက် ဒီမှာ ခေတ္တရောက်နေတာပါ။"

"ဟုတ်ကဲ့ သိရတာဝမ်းသာပါတယ်ရှင်၊ ကျွန်မကလည်း ဟီဘရူးတက္ကသိုလ်မှာတက်ပြီး အရှေ့တိုင်းဘာသာကို အထူးပြုယူထားပါတယ်။ ဒါ့ကြောင့်လည်း အရှေ့ဖျားတိုင်းပြည်များရဲ့ နိုင်ငံရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုကိစ္စရပ်များကို လေ့လာနေပါတယ်။ ဒီနေ့ "မြန်မာနေ့" ပြပွဲအကြောင်းလည်း သတင်းစာမှာပါလို့ လာပြီးလေ့လာတာပါရှင်။" သူမက စကားပြောသွက်လက်ချက်ချာသည်။ တက္ကသိုလ်တွင် သင်ကြားနေရသော အရှေ့တိုင်းဘာသာရပ်အတွက် အထောက်အကူရစေရန်၊ မြန်မာနိုင်ငံသို့ လာရောက်ခဲ့ခြင်းဖြစ်၍လည်း သာမန်နိုင်ငံခြားခရီးသွားများထက် ပို၍နိုက်နိုက်ချွတ်ချွတ်လေ့လာခဲ့ဟန်ရှိပါသည်။ သံရုံးမှစီစဉ်သော "မြန်မာနေ့" ပြပွဲသည် မြန်မာ့ယဉ်ကျေးမှု လူနေမှုစနစ်များကို အကျဉ်းချုံးပြသခြင်းဖြစ်၍လည်း လာရောက်



လေ့လာဟန်ရှိပါသည်။ လေယာဉ်စရိတ်မကုန်ဘဲ၊ ကောင်းစွာလေ့လာနိုင်သည့် အခွင့်အရေးတစ်ရပ်ပေပင်။

အစ္စရေးကမ္ဘာလှည့်ခရီးသည်များလည်း မြန်မာနိုင်ငံသို့ ကြောခဏလာရောက်လည်ပတ်ကြသည်။ ဂျာမဏီ၊ ပြင်သစ်၊ ဂျပန်နိုင်ငံတို့မှ လာရောက်သူလောက် မများပြားသော်လည်း အတော်အတန်လာကြပါသည်။ ပုဂံ၊ အင်းလေးနှင့် မန္တလေးဘက်သို့ အသွားများကြပါသည်။

"ဒါနဲ့ ဂျေမီ့ကို တစ်ခုပြောရဦးမယ်။ ပြပွဲအစီအစဉ်ထဲမှာလည်း ပါပါတယ်။ မြန်မာသတင်းကားပြပါမယ်။ တစ်ခုကတော့ ကျွန်တော်တို့ရဲ့ အထွက်အမြတ်ဖြစ်တဲ့ ရွှေတိဂုံဘုရားအကြောင်းပါဘဲ။ ဘုရားအကြောင်းတင်ပြရင်းနဲ့ ညောင်ရေသွန်းပွဲ၊ အလှူပွဲနှင့် နိုဝင်ဘာလမှာပြုလုပ်တဲ့ မသိုးသင်္ကန်းရက်လုပ်တဲ့ ပြိုင်ပွဲတွေ အကြောင်းလည်းပါတယ်။ စိတ်ဝင်စားစရာလည်းကောင်း၊ မြန်မာ့ယဉ်ကျေးမှုဆိုင်ရာ လှုပ်ရှားကြတဲ့ပွဲကလေးတွေအကြောင်းလည်း သိရတာပေါ့။"

"ကောင်းပါတယ်ရှင်၊ ကျွန်မရောက်ခဲ့တုန်းက သင်္ကန်းရက်တာတို့ ညောင်ရေသွန်းတာတို့နဲ့လည်း မကြုံခဲ့ရတော့ လေ့လာဖို့ အခွင့်အရေးတစ်ခု ရတာပေါ့လေ။"

"နောက်တစ်ခါကတော့ ဧရာဝတီမြစ်ရဲ့အကြောင်း၊ ကားတိုလေးပါပဲ။ အမည်က ဧရာဝတီ အကြောင်းသာဆိုရပါ

www.burmeseclassic.com

တယ်။ တကယ်တော့ ဧရာဝတီရဲ့ မြစ်ဖျားခံရာ ကချင်ပြည်နယ် အတွင်းမှာရှိတဲ့ မေခ၊ မလိခမြစ်ဆုံကနေပြီးတော့ မြန်မာနိုင်ငံ အောက်ပိုင်းကိုရောက်တဲ့အထိ ဖြတ်သန်းလာသမျှ ဒေသတွေရဲ့ ယဉ်ကျေးမှု၊ လူမှုရေး၊ စီးပွားရေးနဲ့ မြန်မာပြည်ရဲ့သဘာဝအလှ တွေကို သေချာရိုက်ပြထားတာ ဂျေမီလည်း စိတ်ဝင်စားမယ် ထင်ပါတယ်။" ကျွန်တော်ကပဲ ဇာတ်လမ်းအတိုချုပ်ကို ရှင်းပြ ပေးလိုက်ပါ၏။ "ကာလာရေ ကိုယ်တို့နည်းနည်းအချိန်ပေးပြီး ဒေါက်တာထွန်းပြောတဲ့ ရုပ်ရှင်ဇာတ်ကားတိုလေးတွေကို ကြည့်ရအောင်နော်" ဟု သူနှင့်ပါလာသော သူငယ်ချင်းကို ညှိနှိုင်း နေပါသေးသည်။

"ကြည့်ဖို့ ကာလာလည်း သဘောတူပါတယ်ကွာ။ မြန်မာ ပြည်အကြောင်း မင်းပြောတာနားထောင်ရတာ နားတွေလည်း ညည်းနေတာ။ အခုလိုရုပ်ရှင်အနေနဲ့တွေ့ရမယ်ဆိုတော့ ကောင်း ပါတယ်။ ကြည့်ကြတာပေါ့ဟု" ကာလာဟု အမည်ရှိသည့် မိန်းမပျိုက ပြောပါသည်။

ရုပ်ရှင်ကို လူ (၅၀) ခန့်ဆန့်သော ပြခန်း၏နံဘေးတွင်ရှိ သော အခန်းထဲတွင်ပြပါသည်။ တင်ပြပုံမှာ ကောင်းမွန်လှပြီး အင်္ဂလိပ်ဘာသာဖြင့် တင်ပြသဖြင့် ကောင်းစွာနားလည်နိုင်ပါ သည်။ ရိုက်ကွင်းများမှာလည်း လွန်စွာလှပသဖြင့် မြန်မာနိုင်ငံ၏



ချစ်စဖွယ်ရှုခင်းများကို ကြည့်ရှုသူတိုင်းလိုလိုက နှစ်သက်သဘော ကျကြောင်း ပြောကြပါသည်။

ဧည့်သည်များ ရုပ်ရှင်ပြနေချိန်တွင် ကျွန်တော်တို့မှာ တာဝန်ကျနေရာတွင်ပင်ရှိနေကြရပြီး ကြွရောက်လာသော ဧည့်သည်များကို ရှင်းလင်းပြောပြခြင်း ဆက်လက်လုပ်ဆောင် ရပါသည်။

ရုပ်ရှင်အပြီး ဂျေမီနှင့် ကာလာတို့ လာရောက်နှုတ်ဆက် ကြပါသည်။

"ပြန်ပါဦးမယ်ရှင်၊ ဒေါက်တာ့ကိုလည်း ကျေးဇူးတင်ပါ တယ်။ ဂျေရှုးဆလင်မှာနေတယ်ဆိုတော့ တွေ့ကြရဦးမှာပါ။ ကျွန်မသင်နေတဲ့ ဘာသာရပ်ကို အထောက်အထားဖြစ်တဲ့ တနေ့ ပြပွဲလာမိတာလည်း၊ သိပ်ပြီး အဆင်ပြေသွားပါတယ်။ ကျွန်မ ရေးသားပြုစုရမည့် ကျမ်းငယ်အတွက် အလွန်တန်ဖိုးရှိတဲ့ အချက်အလက်တွေရခဲ့ပါတယ်။ ဒေါက်တာကိုလည်း ကျွန်မက ဖိတ်ကြားဧည့်ခံပါမယ်။ ဖိတ်တဲ့အခါ လာဖြစ်အောင်လာပါ။ ကျွန်မနဲ့ ကျွန်မရဲ့ မိသားစုက ဖိတ်မှာပါ။ ကျွန်မတို့က အိမ်ရှင် ပေါ့ရှင်။ ဒေါက်တာ့ဆီကလည်း မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးစံ များကို ပိုပြီးလေ့လာနိုင်တာပေါ့နော်။ ကျွန်မရဲ့ လိပ်စာကတ် လေးယူထားလိုက်ပါ။ ဒေါက်တာရဲ့ လိပ်စာနဲ့ ဖုန်းနံ့ပါတ်ပည်း

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



ပေးပါနော်။" ဂျေမီက တကယ့်ကို လိုလိုလားလားဖိတ်ကြားလိုက်ပါသည်။ "ဖိတ်ကြားတာကို ကျေးဇူးတင်ပါတယ်ခင်ဗျာ။"

"ကျောင်းအားရက်ဆို လာနိုင်ပါတယ်။ တစ်မြို့တည်းချင်း နေကြတာဘဲ ဖြစ်ပါတယ်။ အခုတော့ ကျွန်တော်လည်း နည်းနည်းပါးပါးတော့ သွားတတ်လာတတ်ရှိနေပါပြီ။ ရောက်အောင် လာပါ့မယ်။"

ကျွန်တော်၏ လိပ်စာနှင့် ဖုန်းနံပါတ်ကိုပါ ပေးလိုက်ပါသည်။

ကျွန်တော့်အနေနှင့် ဂျေရူးဆလင်မြို့ရှိ ဟာဒါးဆား ဆေးတက္ကသိုလ်တွင် မျက်ခမ်းစပ် သုတေသနလုပ်ငန်းများ ဆောင်ရွက်ရန်နှင့် ကာကွယ်ဆေးထုတ်လုပ်နိုင်ရေး လေ့လာရန်၊ တစ်နှစ်တာပညာသင်တော်သင်အဖြစ် ရောက်နေခြင်းဖြစ်ပါသည်။ ဗိုင်းရပ်(စ်) ဌာနတွင်စာတွေ့လက်တွေ့ လေ့လာရပါသည်။ ကိုယ်တိုင်လည်း မျက်ခမ်းစပ်ပိုး မွေးမြူခြင်းမှ ရရှိလာသည့် ကလာပ်စည်းများကို ကာကွယ်ဆေးထုတ်သည့် အဆင့်ရောက်စေရန် ဆောင်ရွက်ရပါသည်။ ဓါတ်ခွဲခန်း သုတေသန လုပ်ငန်းဖြစ်၍ နံနက် (၈:၀၀) နာရီမထိုးမီစပြီး၊ ညဲ (၇:၀၀) နာရီ ခန့်အထိ အလုပ်လုပ်ရပြီး၊ တစ်ခါတစ်ရံ ည (၁၁:၀၀) နာရီအထိ လုပ်ရပါသည်။ ဗိုင်းရပ်စ်ဌာနတွင်



အခြားသုတေသန ပညာရှင်များလည်း မိုးချုပ်အောင်လုပ် ဆောင်ကြရပါသည်။ ဆေးရုံထမင်းစားခန်းမှာပင် ညနေစာစားရပါသည်။ ဟာဒါးဆားတက္ကသိုလ်မှာ ဆေးရုံနှင့် တွဲလျက်ရှိသဖြင့် ခရီးသည်တင် ကားများလည်း ညလုံးပေါက် ပြေးဆွဲ၍ သွားရေးလာရေး အဆင်ပြေပါသည်။ မြန်မာနိုင်ငံမှာကဲ့သို့ စနေ၊ တနင်္ဂနွေရုံးပိတ်ရက်မဟုတ်ဘဲ၊ သောကြာနေ့ နေ့ဝက်နှင့် စနေ တစ်ရက်လုံး ပိတ်ပါသည်။ တနင်္ဂနွေနေ့သည် ရုံးတက်ရသည့် နေ့ဖြစ်ပါသည်။

မြန်မာနေ့ပြပွဲ၊ ရုပ်ရှင်များပြသပြီး ပတ်စာခွာ ဖျာသိမ်းသောအခါ ဂျေရူးဆလင်သို့ မပြန်တော့ဘဲ။ ဗိုလ်ကြီးမောင်စိုး၊ ဒေါက်တာ ခင်စောခိုင်၊ ကိုလှထွန်း၊ မခင်အေးသန်းတို့နှင့်အတူ ဦးမြင့်ဆွေ၊ ဒေါ်ကြိုင်တို့အိမ်သွားကြပါသည်။ ကြံ့တုန်းကြံခိုက်၊ မှစ်ချဉ်နှင့်ဝက်သား၊ ဘာလချောင်ကြော်၊ ငံပိရည်၊ တို့စရာ၊ မြန်မာထမင်းနှင့် ဧည့်ခံသည်ကို အားမနာတမ်း အားပေးကြပါသည်။

စားသောက်ပြီး ထုံးစံအတိုင်း အချို့တည်းကြ၊ လွှက်သုပ်စားကြ၊ ရေနွေးကြမ်းသောက်ကြနှင့် စကားဝိုင်းဖွဲ့၍ လက်ရှိ ပညာသင်ကြားရေး အတွေ့အကြုံများ ဖလှယ်ကြပါသည်။ တစ်ချို့ကလည်း ရုပ်မြင်သံကြားကြည့်ကြ၊ အခွေကြည့်ကြနှင့် အလုပ်ရှုပ်နေကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံခြားတိုင်းပြည်သွား၍ စာသင်သားလုပ်ရတာ လွယ်မယောင်နှင့် ခက်ပါသည်။ စားဝတ်နေရေး ဘဝအထွေထွေလည်း ပြောင်းလဲသွားပါသည်။ ကိုယ့်တိုင်းပြည်မှာနေတာနှင့် နှိုင်းစာလျှင် အနေလည်းကျုံ့ပါသည်။ အပေါင်းအသင်း၊ အသိုင်းအဝိုင်းလည်းများစွာ နည်းသွားပါသည်။ စာနှင့်အလုပ်၊ အလုပ်နှင့်စာ မိုးလင်းမိုးချုပ် လုံးပမ်းနေကြရ၍ မြန်မာအချင်းချင်းပြန်တွေ့ရန်လည်းမလွယ်လှပါ။ အနည်းဆုံးတစ်နှစ် စာသင်ရသူများအနေနှင့် လွတ်လပ်ရေးနေ့နှင့် သင်္ကြန်ပွဲများတွင် သံရုံးသို့သွားရောက်၍ စုဝေးကြသည့် အချိန်များသာ မြန်မာပြည်အလွမ်းပြေ၊ မြန်မာ့အသိုင်းအဝိုင်းနှင့် တွေ့ရသည်။ ပျော်ရပါသည်။

ဒီကနေ့ ညဆိုလျှင်လည်း မမောတမ်း၊ စားကြသောက်ကြ ပျော်ပါးကြသည့် နေ့ကလေးတစ်ခုဟုဆိုရပါမည်။

ဦးမင်းဆွေကတော့ အစ်မကြီးဒေါ်ကြိုင်က ပြုံးစေ့စေ့နှင့် "မြင်လိုက်တယ်နော်။ ဒေါက်တာကြီးနော်၊ ဒီနေ့ မိတ်ဆွေသစ်တွေတွေ့နေတာ မြင်လိုက်တယ်နော်။ မြန်မာပြည်တော့ လူဦးရေတိုးဦးမလားမသိဘူး" နောက်နောက်ပြောင်ပြောင်နှင့် စပါသည်။

"အစ်မကြီးကလည်း ပြောရော့မယ်။ မြန်မာဆိုတာ ညှော်ဝတ်ကျေတယ်လို့ ကမ္ဘာကသိနေတဲ့ဟာ။ မြန်မာ့ယဉ်ကျေးမှုကို ထိန်းသိမ်းလိုက်တာပါ။ ကျွန်တော် ညှော်ခံနေတဲ့ နှစ်ယောက်ထဲက တစ်ယောက်က မြန်မာပြည်ရောက်ဖူးတော့ ပိုပြီးစကားလက်ဆုံကျနေတာ အစ်မကြီးရေ။ နောက်ပြီး သူတို့က ဂျေရုဆလင်ကဆိုတော့ ကျောင်းအကြောင်းလေးဘာလေး ပြောရသေးတယ်။"

"ဟုတ်ပတော်။ တစ်မြို့တည်းနေ တစ်ရေတည်းသောက်ဆိုတော့ ရှေ့ဆက်အလားအလာကောင်းတာဘဲ။ ခင်မင်တာကို ပိုမိုကြီး ထွားအောင်ဆောင်ရွက်ရာ တာဝန်ပဲ။ ဆက်သာလုပ်တော့" ဟု ဆက်လက်ပြောသဖြင့် အားလုံးကလည်း ရယ်နေကြပါသည်။ ဦးမြင့်ဆွေကမူ ဆေးတံခဲ၍ ထုံးစံအတိုင်း ခတ်ပြုံးပြုံးလေးပါပဲ။

သံရုံးဝန်ထမ်းများအနေနှင့် တိုင်းပြည်တော်တော်များများ ရောက်ဖူးနေပြီဖြစ်၍ ကျောင်းသားအဖြစ် ရောက်လာကြသူများကို တွေ့ဖူး၍ ခင်ခင်မင်မင်နှင့် စောင့်ရှောက် တတ်သော အလေ့အကျင့်ရနေပါပြီ။ ပညာတော်သင် ကျောင်း သားဟုဆိုရသော်လည်း မြန်မာနိုင်ငံမှာတော့ အစိုးရဝန်ထမ်း အရာရှိများဖြစ်နေကြ၍လည်း ဝန်ထမ်းအချင်းချင်းလိုသဘော ထား၍ ရိုင်းပင်းကြပါသည်။

အစ္စရေးနိုင်ငံတွင် မြန်မာသံရုံးက တယ်လဗီမြို့တွင်ရှိပါသည်။ ကျွန်တော်တို့တက်ရသည့် ဟာဒါးဆားဆေးကျောင်းသိုလ်



www.burmeseclassic.com

www.burmeseclassic.com



မှာ ဂျေရူးဆလင်မြို့တွင်ရှိသောကြောင့် ရဲဖန်ရဲခါမှရောက်ရှိပါသည်။ မိုင် (၄၀) ခန့်ဝေးပါသည်။

ဂျေရူးဆလင်မြို့သည် ပင်လယ်ရေမျက်နှာပြင်အထက် ပေပေါင်း ၂၇၄၀ အမြင့်ရှိသည်။ ဂျေရူးဆလင်မြို့တွင် သေသူများ ရှင်ပြန်ထမြောက်မည်ဟု ယုံကြည်ကြသည်။ ဂျေရူးဆလင်မှာ ငြိမ်းချမ်းသောမြို့ဟု ရရှိသော်လည်း ရာဇဝင်သမိုင်းတလျှောက်လုံး စစ်မက်ဖြစ်ပွားမှု အများဆုံးကြုံတွေ့ရသော မြို့ဖြစ်ပါသည်။

ခရစ်တော်မပေါ်မီကပင် ရောမ၊ ခေါမတို့က အုပ်စိုးခဲ့ကြသည်။ ယေရှုခရစ်သည် ရောမခေတ်က ပေါ်ထွန်းခဲ့ပြီး ခရစ်တော်ကို ပွန်းတီးယပ်စ်ပိုင်လိပ်က ကားစတင်ခဲ့ပါသည်။ ယင်းနောက် ပါရှင်များ၊ အာရပ်မူစလင်များ အုပ်စိုးသည်။ ခရုဆိတ်စစ်ပွဲအပြီး နှစ် (၁၀၀) ခန့် အုပ်စိုးသည်။ နောက်ပိုင်းတူရကီများအုပ်စိုးပြန်ပါသည်။ နောက်ဗြိတိသျှအုပ်စိုးသည်။ သို့ဖြစ်၍ ငြိမ်းချမ်းရေးမြို့တော်သည် တကယ်တော့ စစ်ပွဲများစွာကို မျက်မှောက်ပြုခဲ့သည်ဟု ပြောကြားခြင်းဖြစ်ပါသည်။ ဂျေရူးဆလင်ရှိ ကုလသမဂ္ဂရုံးတွင် အမှုထမ်းနေသော ဦးသန်းမြိုင်၏ မိသားစုသာ ရှိပါသည်။ သားနှင့်သမီးတို့သည် သွားဘက်ဆိုင်ရာ တက္ကသိုလ်တွင် ကျောင်းတက်နေ၍ မကြာခဏ တွေ့ကြရပါသည်။ လည်စရာလည်း



ထိုအိမ်တစ်အိမ်တည်း သာရှိသဖြင့် တစ်လတစ်ကြိမ် ထိုအိမ်သို့ လည်ရသည်။ ရဲဖန်ရဲခါ လည်း မြန်မာသံရုံးရှိရာ၊ တယ်လဗီသို့ သွားရောက်လည်ပတ် သည်။ သံအမတ်ကြီး ဦးသိမ်းတုတ်တို့၏ မိသားစု၊ ဦးသန်းမောင်၊ ဒေါ်ခင်ရီမိသားစု၊ ဦးမြင့်ဆွေ မိသားစုနှင့် ဦးအောင်စိန်တို့ထံ လည်ရသည်။ ဦးအောင်စိန်မှာ လူပျိုကြီးဖြစ်၍ ကျွန်တော်အနေ နှင့် သူ့အိမ်မှာအတည်းများပါသည်။

အများသောအားဖြင့် ဂျေရူးဆလင်နှင့် ပတ်ဝန်းကျင်ရှိ သမိုင်းဝင်နေရာများသို့သာ သွားရောက်လည်ပတ်ရသည်။ ဥပုသ်ရက်ဖြစ်သော စနေနေ့တွင် ရုံးများ အလုပ်များ ပိတ်ပါသည်။ ထိုနေ့တွင် ခရီးသည်တင်ယာဉ် ကားများအားလုံးလည်း ပိတ်ပါသည်။ အများအားဖြင့် ခြေကျင်လျှောက်၍ လည်ကြပါသည်။ တော်တော်ကြီးဝေးမှသာ အငှားကားစီးပါသည်။

"မြန်မာနေ့" ပြပွဲပြီးနောက် (၃) ပါတ်ခန့်ကြာသောအခါ ဂျေမီ ဖုန်းဆက်၍ မိသားစုနှင့်အတူ ညစာလာစားရန် ဖိတ်ခေါ်ပါသည်။ တကယ်တော့ လုံးဝမျှော်လင့်မထားသော ဖိတ်ကြားမှုတစ်ခုဖြစ်သည်။ ခရီးသွားဟန်လွှဲ တွေ့ကြ၊ ဆုံကြ၊ ပြောကြ၊ ဆိုကြပြီးတော့ ခွဲခွာကြ၊ ကိုယ်အလုပ်နှင့် ကိုယ်ရှုပ်နေကြသည်မှာ သဘာဝတစ်ခုပါပေ။ ပြောပြောပြီးပြီး မေ့မေ့ပျောက်ပျောက်ကများလှပါသည်။ ဂျေမီက မမေ့ဘဲ အမှတ်တရ မိသားစုနှင့်အတူ

www.burmeseclassic.com

www.burmeseclassic.com



ညစာလာစားရန် ဖိတ်ခြင်းသည် ချစ်ခင်လေးစားဖွယ်ကောင်းသည့် လုပ်ရပ်တစ်ခုလုပ်လိုက်သည်ဟု ခံစားမိပါသည်။ သို့ဖြစ်၍လည်း လာမည်ဟု ပြောလိုက်ပါသည်။

ညစာစားပွဲညရောက်သည့်အခါ ကျွန်တော် ဝိုင်အနီတစ်ပုလင်းကိုကိုင်၍ ရောက်သွားပါသည်။ နိုင်ငံခြားတွင် ညစာစားပွဲဖိတ်ကြားခံရပါက သောက်စရာတစ်ခုခုယူသွားသည်မှာ ယဉ်ကျေးမှုတစ်ခုပါ။ ဧည့်ခန်းသို့ ရောက်သည်နှင့် ဖခင် မစ္စတာဆာရော့၊ မိခင်တို့နှင့် မိတ်ဆက်ပေးပါသည်။ တွေ့ရှိရတာဝမ်းသာကြောင်းပြောပြီးသည်နှင့် မစ္စတာဆာရော့က မည်သည့်အရက်သောက်သလဲ မေးပြီး အိမ်တွင်း ဘားကောင်တာကို လက်ညှိုး ထိုးပြပါသည်။ အရက်မျိုးကလည်း စုံမှစုံပါပဲ။ ကောင်းသည့် နာမည်ကြီးအရက်များဖြစ်ကြသော ဂျော်နီဝါကား တံဆိပ်ပြာ၊ တံဆိပ်နက်၊ တံဆိပ်နီ၊ ကော့ညက်မျိုးစုံ၊ အမေရိကန် ဘော်ဘွန်အရက် စသဖြင့်စုံလှသည်။ ကျွန်တော်ကလည်း များများစား စားသောက်ဖူးသူမဟုတ်၍ အခက်တွေ့ရပါသည်။ မစ္စတာ ဆာရော့ဇ်က အရွေးရခက်ရင်လည်း သူကျွမ်းကျွမ်းကျင်ကျင် လုပ်တတ်သော တံဆိပ်စုံအရက် အမျိုးပေါင်းများစွာရောထားသည့် ကြက်မြီးအရက်ကို အကျအနစပ်ပေးပါသည်။ ဖြစ်သလို ရောခြင်းမဟုတ် သူ့အချိုးအစားနှင့်သူ ရောရပါသည်။



သောက်၍လည်း ကောင်း၊ ပို၍လည်း မူးသွားပါသည်။ အမြည်းအနေနှင့် သံလွင်သီး၊ သခွားသီးအသေးလေး ဆားရည်စိမ်နှင့် မြေပဲဆံ ကျော်ပေးပါသည်။

မြန်မာပြည်၊ မြန်မာလူမျိုး၊ ယဉ်ကျေးမှု၊ ဓလေ့ထုံစံအစရှိသည်တို့ကို အသေအချာ မေးမြန်းကြပါသည်။ သူတို့လည်း တော်တော်လေ့လာထားသည်နှင့်တူပါသည်။ တော်တော်လေးကို သိနေပါသည်။

သောက်၍ပြီးသောအခါ စားကြပါသည်။ အကျွေး အမွေးအနေနှင့် ပုဇွန်သေးလေးများကို စားချင်စဖွယ်ပြင်ဆင်၍ အိုက်စကရင်ခွက်နှင့် စတင်စားရပါသည်။ ထမင်းပါပါသည်။ သို့ရာတွင် ရိုးရိုးထမင်းမဟုတ်ပါ။ ထောပတ်ထမင်းချက်ရာတွင် ထောပတ်ထည့်၍ ချက်သကဲ့သို့ ပြောင်းဖူးဆီကိုထည့်၍ ချက်ပါသည်။ ထမင်းမှာ အပျော့အမာသင့်၍ ထမင်းလုံးများ တစ်လုံးနှင့်တစ်လုံး ကပ်မနေပါ။ ဆလဒ်ခေါ် ခရမ်းချဉ်သီး၊ ဂေါ်ဖီ၊ ဆလပ်ရွက်၊ ကြက်ဥပြုတ်တို့ကို သေးသေးလှီး၍ မေယိုးနေ့စ်နှင့် နယ်ထားသည့် စားစရာက တစ်ခွက်ပါပါသည်။ ဟင်းချိုအနေနှင့်တော့ ကြက်ရိုးပြုတ်ဟင်းချိုတွင် သံပုရာရည်ညှစ်ထည့်ထားသဖြင့် ချဉ်ချဉ်ကလေးနှင့်သောက်၍ ကောင်းသောဟင်းချိုပါ ပါသည်။ တခြားတော့ ဆော့စ်မျိုးစုံပါပါသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



အမဲသား အကောင်းစား အင်္ဂလိပ်စာလုံး တီပုံအရိုး ပါရှိသော အနူးညံ့ဆုံးအသားကို ကင်ထားပါသည်။ နောက်ဆုံး ပိတ်တော့ ကော့ညက်နှင့် ပိတ်ပါသည်။

အစ္စရေးနိုင်ငံကို နိုင်ငံတကာမှ ဂျူးဘာသာကိုးကွယ်သူများနှင့် တည်ထောင်ထားခြင်း ဖြစ်ပါသည်။ ဆာဗရာခေါ် အစ္စရေးနိုင်ငံတွင် မွေးဖွားကြီးပြင်းသူများရှိသည်။ အင်္ဂလိပ်၊ အမေရိကန်၊ ဂျာမန်၊ ရုရှား၊ ရူမေနီးယား၊ ယူဂိုဆလပ်ဗီးယား နိုင်ငံမှ ဂျူးများရှိသကဲ့သို့ အီရတ်နှင့် အာရှမှ ဂျူးများလည်း ရှိပါသည်။

ဂျေမီ၏ ဖခင်နှင့် မိခင်တို့မှာ ရူမေးနီးယားမှလာသော ဂျူးများဖြစ်ကြပါသည်။ ဥရောပတိုက်သားများဖြစ်၍ ဥရောပဆန်စွာ စားသောက်ကြသည်။ အစ္စရေးနိုင်ငံမှ နိုင်ငံရေးခေါင်းဆောင် အမျိုးသမီးဝန်ကြီးချုပ် ဂိုလဒါးမီးယားအပါအဝင် ခေါင်းဆောင်တော်တော်များများမှာ ရုရှားတိုင်းပြည်မှဖြစ်ပါသည်။ ကိုးကွယ်သည့်ဘာသာမှာ တစ်ခုတည်းဖြစ်သော်လည်း ယဉ်ကျေးမှု၊ ဓလေ့ထုံးစံများမှာ ကွဲပြားကြပါသည်။

ဂျေမီတို့မိသားစုမှာ ပျော်ပျော်ရွှင်ရွှင် ခင်ခင်မင်မင် ပွင့်ပွင့်လင်းလင်းရှိကြသဖြင့် နှစ်လိုခင်မင်ဖွယ်ဖြစ်ပါသည်။ ကျွန်တော်နှင့် ဂျေမီမိသားစုတို့၏ ခင်မင်မှုမှာလည်း အချိန်ကြာလာသည်



နှင့်အမျှ ပိုမိုခိုင်မြဲခဲ့ပါသည်။ ဂျေမီကလည်း အိမ်ရှင်ပီသစွာ ဂျေရူးဆလင်မြို့ အနှံ့အပြား လိုက်လံပို့ပေးပါသည်။

ဂျေရူးဆလင်မြို့သည် ကမ္ဘာ့သမိုင်းဝင်မြို့ဖြစ်၍ ဂျူးဘာသာဝင်များ၊ ခရစ်ယာန်ဘာသာဝင်များနှင့် အစ္စလမ်ဘာသာဝင်များ၏ အထွတ်အမြတ် မြို့တော်ဖြစ်ပါသည်။ ရှေးဟောင်း ဂျေရူးဆလင်မြို့တော်ကို သွားကြသည်။ ကမ္ဘာ့ကျော်၊ ဟီးဘရူး တက္ကသိုလ်သို့လည်း သွားရောက်လည်ပတ်ကြသည်။ အမျိုးသားပြတိုက်၊ မောင့်တ်စကိုပတ်စ်၊ မောင့်တ်အိုဖယ် အစရှိသည့် သမိုင်းဝင်နေရာများကိုလည်း ကြည့်ရှုခဲ့ပါသည်။ ယေရှုခရစ်၏ နောက်ဆုံးခရီးစဉ်၊ ယေရှု၏မိခင် “မယ်တော်မာရီ” မိသားစု နေထိုင်ခဲ့သောအိမ် ယေရှုအားသတ်ရန် အမိန့်ချသော နေရာ၊ ယေရှု၏ သင်္ချိုင်းတော်၊ ဒေးဗစ်ဘုရင်နှင့် သားတော်ဆော်လမွန် ဘုရင်တို့၏ နန်းတော်ရာဟောင်းများကိုလည်း လေ့လာကြပါသေးသည်။ ခရစ်ယာန်၊ ဂျူးဘာသာနှင့် မူစလင်တို့၏ အထွဋ်အမြတ်ထားရာ သာသနာ့မြေဖြစ်ပါသည်။

တချို့ အားသောရက်များတွင် ကျွန်တော်၏ ဘေတာကာနမ်အခန်းသို့ ဂျေမီလာရောက်လည်ပတ်ပါသည်။ ချက်ကြပြုတ်ကြ စားသောက်ကြပါသည်။ သီချင်းနားထောင်၊ ရုပ်မြင်သံကြား ကြည့်ဖြစ်သည်က များပါသည်။ တချို့သောရက်များတွင်

www.burmeseclassic.com

www.burmeseclassic.com



ဂျေမီအတွက် မြန်မာ့သမိုင်း၊ မြန်မာ့ယဉ်ကျေးမှုအထွေထွေ၊ တစ်ရာကျော်မျှသာ သွေးချင်းလူမျိုးစုများအကြောင်းကို တတ်သမျှမှတ်သမျှ ပြောရသည်။ ရံဖန်ရံခါလည်း ကျွန်တော့်ကို ဟီဘရူးစကားသင်၍ သူမကို မြန်မာစကားသင်ပေးပါသည်။ နှစ်ယောက်သားပျင်းလျှင် မြို့အနှံ့လျှောက်လည်ကြသည်။ လက်ဖက်ရည်ဆိုင်ထိုင်သည့်အခါလည်း ထိုင်ပါသည်။ စားသောက်ဆိုင်များလည်းရောက်သည်။ အပြင်ထွက်၍ ရုပ်ရှင်ကြည့်သည့်အခါလည်း ကြည့်ကြပါသည်။

ဆက်ဆံရေးမှာ အချိန်ကြာလေ ပိုမိုခိုင်မြဲလေဖြစ်ပါသည်။ နိုင်ငံခြားတိုင်းပြည်တစ်ခုတွင် ဧည့်သည်၊ နိုင်ငံခြားသားကို ရင်းနှီးသောမိတ်ဆွေအဖြစ် ပေါင်းသင်းကြသည်မှာ ရှားပါးပါသည်။ ဧည့်သည် အနေနှင့် ဆက်ဆံကြသည်ကများပါသည်။ ဂျေမီအနေနှင့် မြန်မာများကဲ့သို့ပင် ရင်းရင်းနှီးနှီး ဆက်ဆံသည်။ လူမျိုးခွဲခြား သည့်စိတ် မရှိပါ။ ပွင့်လင်းမှုလည်းရှိ၍ နေရာတကာ စေတနာ ရှေ့ထား၍ ဦးဆောင်ဦးရွက်ပြုပါသည်။ နိုင်ငံခြား ဧည့်သည်များလာလျှင် ဧည့်လမ်းညွှန်လုပ်သကဲ့သို့ ဂျေမီသည်လည်း ကျွန်တော့်အတွက် သီးသန့်ဧည့်လမ်းညွှန်ဟု ခေါ်ရလောက်အောင်ပင်၊ သူမ၏ အချိန်ပိုများကို ကျွန်တော့်အား လိုက်လံပြသရန် အသုံးပြုခဲ့ပါသည်။



တစ်နေ့ ယဒ်ဗာရှိန်းခေါ် ဒုတိယကမ္ဘာစစ်အတွင်းက ဂျူးဘာသာဝင် လူဦးရေ (၆) သန်းခန့် နာဇီဂျာမနီများ အသတ်ခံရသည့် အထိမ်းအမှတ်နေရာသို့ သွားရောက်ကြည့်ရှုကြပါသည်။ အဆောက်အဦအတွင်း ဝင်ရောက်သောအခါ ဦးခေါင်းပေါ်တွင် အဆောင်းငယ်တစ်ခုတင်ရပါသည်။ ဂျူးဘာသာသဘောအရ လေးစားသမှုပြုသည့်သဘောဟုယူဆမိပါသည်။

"ထွန်းရေ အထဲဝင်ရင်တော့ ဒီခေါင်းပေါ်တင်တာလေးကို ဆောင်းရတယ်။ တကယ်လို့မတင်ချင်ရင်လည်း အပြင်ကပဲ ကြည့်လို့ရပါတယ်။" ဂျေမီက ကျွန်တော်၏ဆန္ဒကိုရယူပါသည်။ သူမ၏ စိတ်သဘောထား နူးညံ့မှုကိုပြသည်ဟု ယူဆပါသည်။ ယဉ်ကျေး မှုကွဲပြားခြားနားသူတစ်ဦးကို ဒါလုပ်ရမည်ဟု ပြောသောသဘော မပါရှိပါ။

"ဒါကတော့ ဒီဒေသရဲ့လိုအပ်ချက်ပဲ၊" "လိုက်နာရမှာပေါ့ ကွာ၊ ကိုယ်တို့တိုင်းပြည်လည်း မင်းရောက်ဖူးသားပဲ၊ ပုဂံမှာ ဖြစ်ဖြစ်၊ ရန်ကုန်က ရွှေတိဂုံစေတီတော်ပေါ် တက်ရင်ပဲဖြစ်ဖြစ် ဖိနပ် မစီးရဘူး ခြေအိပ်တောင်မစွပ်ရဘူးလေ။ ဒါကတော့ ဘာသာရေးနဲ့ပတ်သက်တဲ့ လိုက်နာရမှာတွေပဲ။ ဒီဟာမူလ်ကာဆောင်း တာကိုလည်း လိုက်နာဖို့ဝန်မလေးပါဘူးကွာ။" မှန်ပါသည်။ ကိုယ့်မှာယဉ်ကျေးမှုဓလေ့ထုံးစံရှိသလို၊ သူတို့မှာလည်း ရှိတတ်

www.burmeseclassic.com

www.burmeseclassic.com



ကြသည်။ ယဉ်ကျေးသောသူများအနေနှင့် ကန့်သတ်ချက်များတိုတော့ လိုက်နာကြရပါလိမ့်မည်။ မလိုက်နာနိုင်လျှင်တော့ သူများ၏ ထုံးစံကို မဖောက်ဖျက်ဘဲ မဝင်ရုံသာရှိပါသည်။

ဂျေမီ၏ နူးညံ့သိမ်မွေ့မှု၊ ယဉ်ကျေးမှုတို့ကြောင့် ကျွန်တော်တို့နှစ်ယောက်၏ ခင်မင်မှုမှာ ငယ်သူငယ်ချင်းနှစ်ဦးပမာ ဖြစ်နေပါသည်။ ဂျေမီ၏ မိဘများကလည်း ခင်မင်တတ်သဖြင့် မိသားစုနှင့်လည်း ရင်းနှီးနေပါသည်။

ကျွန်တော်ရောက်ရှိစဉ်က ဂျေမီ၏မိဘများနှင့် ဂျေမီ့ကိုသာ တွေ့ရသည်။ ဂျေမီ့တွင် အစ်ကိုတစ်ယောက်ရှိသေးသည်။ ယင်းအစ်ကိုမှာ အမေရိကတွင် ပညာသင်နေပါသည်။

"ထွန်းရေ ဒီတစ်ပတ်တော့ "ဂလီလီပင်လယ်" ကို လိုက်ပို့ပေးမယ်။ သွားရအောင်နော်" ဟု လာ၍ခေါ်ပါသည်။

"ဟာ . . . သိပ်ကောင်းတာပေါ့ကွာ၊ ကိုယ်လည်း ရောက်ဖူးချင်နေတာနဲ့ အတော်ပါပဲ" ဟု ဝမ်းသာအယ်လဲပြောလိုက်ပါသည်။

"ဒါပေမဲ့ ဂျေမီ့ကို အားတော့နာတယ်ကွာ၊ ကိုယ့်ကိုလည်း ကျွေးလိုက်မွေးလိုက်နဲ့၊ လည်ပတ်ဖို့ပါ ပို့ပေးမယ်ဆိုတော့ . . ."

"အားမနာပါနဲ့၊ ဒီမှာလူတိုင်းလိုလို အားတဲ့ရက်တွေမှာ ဒီလိုပဲသွားတတ်ကြပါတယ်။ တစ်လတစ်ခါဆိုသလိုတော့



လည်ကြတာပဲ။ ဒါလည်း စိတ်အပန်းဖြေနည်းတစ်မျိုးပဲလေ" ဂျေမီက ကျွန်တော့်ကို အားမနာစေရန် ဖြောင့်ဖျပြောဆိုနေသည်ကို ငြိမ်၍နားထောင်နေရပါသည်။

နိုင်ငံခြားသားများ၏ တစ်ဦးပေါ်တစ်ဦး ခင်မင်မှုဆိုသည်မှာ ရုံး၊ ဆေးရုံ၊ ဆေးခန်းများ စသည့်လုပ်ငန်းခွင်များ လက်ဖက်ရည်၊ ကော်ဖီတို့ အတူသွားသောက်ကြသည့် အဆင့်သာရှိပါသည်။ ဒါတောင် ကိုယ့်ပိုက်ဆံ ကိုယ်ပေးရသည်က များပါသည်။

မြန်မာနိုင်ငံမှာလို တစ်ရပ်တစ်ကျေးမှ ကိုယ့်ထံလာရောက်လည်ပတ်သူများကို ဧည့်ဝတ်ကျေပွန်စွာ ဧည့်ခံကျွေးမွေး၍ ဘုရား၊ သည်ဘုရား လိုက်ပို့သည်အထိ ခင်မင်တတ်သောစိတ်ဓါတ်မရှိကြသည်က များပါသည်။ ယခုလို နိုင်ငံခြားသားတစ်ယောက်ကို အလုပ်အကိုင်ဆက်စပ်မှုမရှိဘဲ ဧည့်ခံ ကျွေးမွေးအလည်အပတ်ပို့ခြင်းမှာ မြန်မာတို့၏ ခင်မင်တတ်မှု၊ ဧည့်ဝတ်ကျေပွန်မှုလောက်ရှိသည်ဟု အသိအမှတ်ပြုရပါသည်။

"ကျေးဇူးအထူးတင်ပါတယ်၊ ဂျေမီရေ . . . မင်းတို့မိသားစု မြန်မာပြည်ကို အလည်လာတော့မှပဲ ကိုယ်လည်း ဧည့်ဝတ်ကျေပွန်တော့မယ်နော်။"

"ဂလီလီ" ပင်လယ်ကိုရောက်တော့ ကုန်းတွင်းရေကန်ကျယ်ကြီးတစ်ခုကိုတွေ့ရသည်။ ကျယ်ပြန့်လှသည့်ကန်မဟာ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၍ ဂလီလီပင်လယ်ဟု ကင်မွန်းတပ်ထားပါသည်။ ကမ္ဘာလှည့်ခရီးသည်များကို နှစ်ထပ်သင်္ဘောဖြင့် လှည့်လည်ပြသပါသည်။ ကျွန်တော်တို့ကတော့ တိုင်ဘေးရီယပ်ကိုသွား၍ ၎င်းမှတဆင့် သင်္ဘောစီးပါသည်။ "ဂလီလီ" ပင်လယ်ကို "နီလာ" နှင့် ပုံနှိုင်းထားပါသည်။ သောင်များအလယ်က နီလာလေးဟုခေါ်ကြပါသည်။ တောင်ညိုညိုကြားထဲက နီလာလေးပါပဲ။ "ဂလီလီ" ၏ ပတ်ဝန်းကျင်တွင် သမိုင်းဝင်၊ ကေပါနွမ်း၊ ဘီယက်တီကျူး စဖတ်မြို့ ရေပူစမ်း စသည့်တို့နှင့် ဝန်းရံထားရာ ရှုချင်စဖွယ်ဖြစ်ပါသည်။ အပန်းဖြေလာရောက်သူများ ဒုနဲ့ဒေးပါပင်။ အစ္စရေးနိုင်ငံသားများရှိသကဲ့သို့ ကမ္ဘာ့လှည့်ခရီးသည်များလည်း အုပ်လိုက်သင်းလိုက်များလှသည်။ တိုင်းဘေးရီယပ်တွင် နေ့လည်စာစား၍ ပြန်ကြပါသည်။

"ဂလီလီ" ပင်လယ်ဟုခေါ်သော ကုန်းတွင်းကန်တော်ကြီးမှာလည်း သဘာဝဖန်တီးထားသော အလှတစ်ပါးဖြစ်ပါသည်။ ခရစ်ယာန်ဘာသာဝင်တို့၏ သမိုင်းဝင်နေရာလည်းဖြစ်ပါသည်။ သမိုင်းဝင်နေရာတစ်ခုကို လှလှပပပြင်ဆင်၍ ကြည့်ရှုလေ့လာဘွယ်၊ အမှတ်တရပစ္စည်းအရောင်းဆိုင်များ၊ စားသောက်ခန်းများနှင့် နိုင်ငံခြားဝင်ငွေရှာသည့်နေရာတစ်ခုအဖြစ် ကြိုးပမ်းထားသည်ကို တွေ့ရပါသည်။



ဂလီလီ၏ ပတ်ဝန်းကျင်တွင် ပင်လယ်စာရောင်းသည့် ဆိုင်တောင်းကောင်းရှိ၍ မပြန်မီသွားရောက်စားသောက်ကြပါသည်။

"အခုလို သမိုင်းဝင်နေရာတစ်ခုကိုရောက်အောင် အလည်အပတ်ပို့ပေးတဲ့အတွက် ဂျေမီကို တကယ်ကျေးဇူးတင်ပါတယ်။ ဂလီလီဟာ နာမည်ကြီးသလိုဘဲ အလွန်လှပတဲ့နေရာလေးလည်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့လည်း ဒီကျေးဇူးတွေကို ပြန်ဆပ်နိုင်အောင် ကြိုးစားပါ့မယ်။ မြန်မာပြည်ကိုထပ်ပြီး အလည်လာဖို့ ဖိတ်ခေါ်ပါတယ်။ အလည်လာရင် ဂျေမီမရောက်ဖူးသေးတဲ့ နေရာတွေကို ကိုယ်တိုင်လိုက်ပြပါ့မယ်။" ကျွန်တော်က ဂျေမီကို တကယ့်စေတနာနှင့် ပြောမိပါသည်။

"လာလည်ဖို့ကြိုးစားပါ့မယ်။ မြန်မာပြည် သမိုင်းဝင်နေရာတော်တော်များများကိုလည်း ရောက်ခဲ့ရလို့ ဗဟုသုတတော်တော်လည်း တိုးခဲ့ပါတယ်။ နောက် သဘာဝအလှတွေ၊ ကြည့်စရာတွေကလည်း တော်တော်များတဲ့အကြောင်းကိုလည်း သိရှိခဲ့ရပါတယ်။ ဂျေမီစိတ်ဝင်စားတာတော့ မြန်မာလူမျိုးတွေရဲ့ ခင်မင်တတ်မှု၊ စိတ်ကောင်း၊ စေတနာကောင်းရှိမှုနဲ့ တချို့နိုင်ငံတွေမှာ ရံဖန်ရံခါတွေ့ရတဲ့ အနိုင်ကျင့်မှု၊ ရမ်းကားမှု၊ လုယက်မှုဆိုတာ လုံးဝမရှိတဲ့အကြောင်းနဲ့ ရောက်ရာနေရာမှာ မြန်မာတွေက ဧည့်ဝတ်ကျေတာ၊ ခင်မင်တတ်တာတွေ မြန်မာပြည်ရဲ့ ချစ်ခင်တွယ်တာစရာတွေပါပဲ။"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ပြန်သည့်အချိန်အထိ ခင်မင်မှုမှာ တဖြည်းဖြည်းတိုး၍လာပါသည်။ ဂျေမီနှင့် ကျွန်တော်တို့၏ ခင်မင်မှု ကမ္ဘာလေးကလည်း ကျယ်ပြန့်လာသည်။ သံယောဇဉ်နှောင်ကြိုးများကလည်း တင်းသည်ထက်တင်းလာကြသည်။ ကျွန်တော်၏အတွေးများ ထွေပြားလာသည်နှင့်အမျှ ဂျေမီဘက်ကလည်း သံယောဇဉ်အမျှင်တန်းကို လက်ခံလာသည်ဟု မှန်းမိသည်။

သို့ရာတွင် ကြီးမားသော တာဝန်များထမ်းဆောင်ရန် စေလွှတ်လိုက်သည်ကိုတွေးမိသည်။ မြန်မာပြည်ပြန်ရောက်လျှင် လုပ်စရာတွေက ပုံနေသည်။

ကဆုန်စိုင်းနေသည့်မြင်းနှင့် တူသည့်စိတ်ကို လွှတ်မပေးရဲ။ ရည်မှန်းထား သည့်နေရာကိုတည့်တည့်သွားရန် စိတ်အပင်ပန်းခံ၍ ထိန်းရသည်။ လူမှုရေးရာ၊ စဉ်းစားစရာလည်းများလှသည်။

ဆုံးဖြတ်ချက်တစ်ခုကို ခိုင်ခိုင်မာမာချလိုက်နိုင်သည်။ အလောသုံးဆယ်တော့ ကိုယ်၊ နှုတ် လွန်ကျူးမှုမရှိစေရန် တင်းတင်းကြပ်ကြပ်ထိန်းသည်။ စိတ်ကတော့ ထိန်းချုပ်၍မရကောင်းသည်ဖြစ်၍ လွှတ်သည့်အခါလွှတ်၊ ထိန်းသည့်အခါထိန်းနှင့် များစွာခံစားရပါသည်။

နှစ်ဦးစလုံးတော့ လူသားများဖြစ်၍ လူသားသားများကဲ့သို့ နှလုံးခုန်ကြရသည်။ ရင်တုန်ကြသည်။ ထိုထက်တိုး၍လည်း ခင်ကြသည်။ စဉ်းစားနိုင်သည့်အရွယ်များဖြစ်၍ စဉ်းစားကြသည်။



ကျွန်တော်၏ နှလုံးသား တုန်ခါရသောနေ့တစ်နေ့ကို မမေ့နိုင်ပါ . . . ။

ဂျေရှူးဆလင်မြို့၏ ဆောင်းတွင်းသည် ကြမ်းတမ်းလှသည်။ တစ်ရက် ဟာဒါးဆားသို့အသွား အအေးဓါတ် လွှမ်းပတ်ထားသောမြို့ဝယ် သဲသဲမဲမဲရွာသော မိုးနှင့်တွေ့သောအခါ အအေးမိ၍ ဖျားပါသည်။ ကျွန်တော်တက်ရောက်နေသော ဗိုင်းရပ်စ်ဌာနသို့ ပြောပြသောအခါ ဆေးရုံရှိ ဆရာဝန်များထံ ညွှန်းပို့၍ ကုစေပါသည်။ သောက်ဆေးများပေး၍ အနားယူရန် ခွင့်ပေးပါသည်။ အအေးမိပြီး တုတ်ကွေးဖြစ်သဖြင့် အပူချိန်ပါမှုရာ အခန်းသို့ပြန်ပြီး ဆေးသောက်ပြီး နားနေရပါသည်။ အပူချိန်မကျသည့်အပြင် ၁၀၄ ဖာရင်ဟိုက်ခန့်အထိ တက်ပါသည်။ ချောင်းလည်းဆိုးပါသည်။ ကျွန်တော့်အနေနှင့် ဆေးအချိန်မှန်သောက်သော်လည်း အဖျားမှာ လျှင်မြန်စွာကျသွားခြင်းမရှိပါ။ ဂျေရှူးဆလမ်တွင်ရှိနေသော ကျောင်းသားအနည်းငယ်မှာလည်း ကိုယ့်အလုပ်နှင့်ကိုယ် မအားအောင်ရှိနေကြ၍ အကြောင်းမကြားပါ။

ညနေပိုင်း၊ ဂျေမီဖုန်းဆက်သောအခါ နေထိုင်မကောင်းဖြစ်၍ ခွင့်ယူနားနေကြောင်းပြောရာ အပြေးအလွှားလေးရောက်လာပါသည်။ နေမကောင်း၍ ချက်ပြုတ်စားသောက်ရန်မဖြစ်တော့ဘဲ အချိုရည်နှင့်ပြီးပါသည်ဆိုခြင်းကို လက်မခံဘဲ၊

www.burmeseclassic.com

www.burmeseclassic.com



ရေနွေးတည်၊ ကော်ဖီဖျော်၊ ပေါင်မုန့်မီးကင်၊ ကြက်ဥမကျတ်တကျက်ကြော်၍ ကျွေးပါသည်။ ဆေးတိုက်၍ ဟိုဟိုဒီဒီ လျှောက်မလုပ်စေဘဲ အနားမှာ အဖျားတိုင်းခြင်း၊ သွေးခုန်နှုန်းတိုင်းခြင်း စသည်တို့ကို ပြုလုပ်ပေးနေပါသည်။ ထိုသို့လုပ်တတ်သည့် အကြောင်းရင်းရှိပါသည်။ အစ္စရေးလ်နိုင်ငံတွင် တက္ကသိုလ်ဝင်အဆင့်အောင်သည်နှင့် စစ်သင်တန်း မတက်မနေရ တတ်ရပြီး (၂) နှစ်တာမျှ စစ်မှုထမ်းရပါသည်။ ယောကျ်ား လေးများနည်းတူ အမျိုးသမီးငယ်များကိုလည်း စစ်ပညာ သင်ကြားပေးသည့် သာမက စိတ်ဝင်စားရာ ဘာသာရပ်များကို လည်း ထို (၂) နှစ်အတွင်း သင်စေပါသည်။ ဆက်သွယ်ရေး စာတိုက်နှင့် ကြေးနန်းကိစ္စများ၊ သူနာပြုအတတ်၊ ရုံးကိစ္စအစရှိသည့် နောက်ပိုင်းတာဝန်များကို အမျိုးသမီးများသင်ကြားကြရ သည်။ အစ္စရေးလ်ရှိ အရွယ်ရောက်သူတိုင်း စစ်ပညာတတ်ပြီး ဖြစ်ပါသည်။ စစ်ဖြစ်ပြီဆိုတာနှင့် အားလုံး ဌာနဆိုင်ရာကိစ္စများကို ထားရစ်ပြီး စစ်မှုထမ်းရသည်။ ထိုသို့ စစ်မှုထမ်း၍ လစ်လပ်သော နေရာများတွင် လူငယ်များနှင့် အစားထိုး၍ ဌာနဆိုင်ရာ လုပ်ငန်းများ လည်ပတ်နိုင်စေရန် ထိန်းသိမ်းပေးရပါသည်။ ဂျေမီလည်း ထို (၂) နှစ်အတွင်း သူနာပြုသင်တန်းတက်ပြီးပြီးဖြစ်၍ လူနာပြုစုခြင်း၊ သူနာပြုအတတ်ကို ကျွမ်းနေပါသည်။



ထိုအတတ်ပညာကို အသုံးပြု၍ ကျွန်တော့်အတွက် သူနာပြုသဖွယ် ဆောင်ရွက်ပေးပါသည်။ အိမ်ပြန်လိုက်၊ ပြန်ရောက်လာလိုက်နှင့် ကျွန်တော်နေမကောင်းသည့် သုံးရက်အတောအတွင်း လွန်စွာပင်ပမ်းရှာပါသည်။

"ဂျေမီ ပြန်ပြီးနားပါလား။ နည်းနည်းလည်းသက်သာပြီဆိုတော့ ကိုယ်လုပ်နိုင်ပါတယ်။" ကျွန်တော်က အားနာစွာနှင့် ပြောမိပါသည်။

"ထွန်းရယ်၊ ဘာမှစိတ်မပူနဲ့၊ တစ်ရပ်တစ်ကျေးရောက်နေတယ်ဆိုတော့ မိဝေး၊ ဖဝေး ဆွေမျိုးဝေးလို့ အားငယ်တတ်တယ်။ ကိုယ့်နိုင်ငံရောက်တုန်း၊ ကိုယ်ပြုစုပါရစေ။" "ဂျေမီအာပြည်ရောက်လို့ နေထိုင်မကောင်းလည်းဖြစ်မယ်၊ တစ်ယောက်တည်းလည်း ဖြစ်မယ်ဆိုရင်၊ ထွန်းလည်းကိုယ့်ကို ကူညီမှာဘဲမဟုတ်လား။" သူမက ကျွန်တော်၏ ပခုံးပေါ်လက်တင်၍ ပြောလိုက်ပါသည်။ ပြာလဲ့သောမျက်ဝန်းသည် စိုစွတ်လာသောမေတ္တာမျက်ရည်တို့ဖြင့် ပြောင်လက်နေသည်ဟု ထင်ရပါသည်။

သူမသည် အနောက်နိုင်ငံသူဖြစ်သော်လည်း ရိုးရိုးယဉ်ယဉ်နှင့် ပြင်ဆင်ထားရာ အလှပေါ်အယဉ်ဆင့်၍ များစွာချစ်ခင်ဖွယ်ကောင်းလှပါသည်။ လပေါင်းများစွာ မိဝေး၊ ဖဝေး၊ မိတ်ဆွေဝေးသည့်နေရာတွင်နေရတော့ အထီးကျန်ဖြစ်နေသော

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်၏ နှလုံးသားမှာ သူမ၏အပြော၊ သူမ၏အမူအရာတွင် ငြိတွယ်သွားပါသည်။

စိတ်ကူးယဉ်ရေဇလာတွင် ဝဲကတော့တိုး၍ ဂျေမီနှင့်ကျွန်တော်တို့၏ သန့်ရှင်းသောနှလုံးသားတွင် ချစ်အရိပ်ထင်ခဲ့ပါပြီ။

ဂျေမီ၏ နူးညံ့လှသော လက်ဖြူဖြူလွလွကိုကိုင်မိပြီး သူမကိုငေးမောကြည့်မိသည်။ ကျွန်တော်၏ နှလုံးသားမှ ပြောသည့်ချစ်စကားကို အသံမထွက်သော်လည်း သူမအနေနှင့် ကြားသည်ဟု ထင်မိသည်။ သူမ၏ ဖြူဖွေးလှပသော မျက်နှာမှာပန်းနုရောင်သန်းခဲ့ပါသည်။

ခဏငြိမ်နေပြီး သူမလည်း မျက်လွှာချသည်။ ကျွန်တော်လည်း တုန်ရီစွာကိုင်ထားသော သူမ၏လက်ကို လွှတ်လိုက်မိပါသည်။

ခန္ဓာကိုယ်လှုပ်ရှားမှု ငြိမ်သက်သွားသော်လည်း ချစ်အရိပ်၊ ချစ်နိမိတ်တို့ဖြင့် တဒင်္ဂပဟာန်၊ လှုပ်ရှားသွားသော စိတ်၏သဏ္ဍာန်မှာမည်သို့မှ ထိန်းချုပ်မရဘဲ အရှိန်ပြင်းစွာ ပြေးလွှားနေပါ သည်။ ဂျေမီလည်း ရပ်ရာမှ မထိုင်နိုင်၊ ကျွန်တော်လည်း ထိုင်ရာမှမထနိုင် မုန်တိုင်းထန်ခဲ့သော စိတ်ကူးရေအယဉ်ကို ငြိမ်သက်အောင် စောင့်စားနေကြရပါသည်။ ဒီအချိန်မှာ ပြောစရာစကား



မရှိ။ အသံထွက်လိုက်ပါက ခံစားမှုပီတိအဟုန် ပျောက်သွားမည်ကို စိုးရိမ်မိသည်။ အချိန်အားဖြင့် မည်မျှကြာသည်ကို မခန့်မှန်းနိုင်။ တစ်ခါတစ်ရံ အချိန်သည် ရပ်တံ့၍နေတတ်လေသလား. . .။

အချစ်ဟူသည်မှာ စကားအဖြစ်ပြောရန်မဟုတ် ခံစားရန်ဖြစ်သည်ဟု ထင်မိသည်။ နှစ်ဦးသား ခံစားခြင်း၊ ခံစားမှုကိုနားလည်ခြင်းသည် အချစ်ဖြစ်ပါသည်။ အချစ်တို့ဖြင့် ပြည့်လျှမ်းနေသော ချစ်သူနှစ်ဦးအတွက် ထုတ်ဖော်ပြောကြားရန်လိုပါသေးသလား။ ကျွန်တော်နှင့် ဂျေမီတို့၏ အတွေ့အကြုံနှင့်ပြောရလျှင် မလိုဟုထင်သည်။ ရင်တွင်းအပြည့် ကြည်နူးစွာဖြစ်ပေါ်နေသော အချစ်ကို မည်သည့်စကား၊ မည်သည့်လှုပ်ရှားမှုနှင့်မှ ဖော်ပြရန်မလို။ စကားနှင့် လှုပ်ရှားမှုတို့သည် ခံစားမှုကိုသေးသိမ်စေမည်ဟု ထင်ပါသည်။

ကျွန်တော်နေမကောင်းသည့်နောက်ပိုင်း အားလပ်ချိန်တိုင်းသို့ တစ်ဦးနှင့်တစ်ဦး ပိုမိုအဖော်ပြုမိကြသည်။ ကျွန်တော်၏အခန်းသည် သူမ၏ စာကြည့်ခန်း၊ သူမ၏ ရုပ်မြင်သံကြားကြည့်ရာအခန်းသာမက အချိန်ပေါင်းများစွာတို့တွင် ပျော်ရွှင်စွာချက်ပြုတ် စားသောက်ကြသည့်အခန်းဖြစ်ပါသည်။ ချစ်ခွန်းတုံ့တင်သည့် အေးရိပ်သာလေး ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



နှစ်ဦးသား၏ စိတ်အစဉ်တွင် အချစ်ရေလျှင်တို့စီးဆင်းသည်။ ကြာသော် ချစ်သူတို့၏သဘာဝ ဖွင့်မပြောသော်လည်း ဘဝရှေ့ရေးကိုတော့ မျှော်တွေးရပါသည်။ နှစ်ဦးသား လူမျိုးအပျိုး လူလွတ်များဖြစ်၍ ချစ်ကြိုက်ညားဇာတ်လမ်းလေးကိုက၍ ရပြီလား . . . ယဉ်ကျေးမှု၊ ဓလေ့ထုံးစံခြင်းရော ပေါင်းစပ်ရင်ကော အဆင်ပြေမလား . . . နှစ်ဦးနှစ်ဘက်မိဘများနှင့် အသိုင်းအဝိုင်းနဲ့ကော အဆင်ပြေမလား စဉ်းစားနေမိသည်။ နှစ်ဦးတည်းသာ နေရမည့် လောကမဟုတ်ပါ။ သူ့အသိုင်းအဝိုင်း ကျွန်တော့်အသိုင်းအဝိုင်း နှင့် ဒွေးရောယှက်တင်နေကြရပါမည်။ သွားလာလှုပ်ရှားရပါမည်။ ပေါင်းသင်းဆက်ဆံရပါမည်။

နှစ်ဦးသား စုံစုံမက်မက် ချစ်ခင်နေခြင်းသည် လွန်စွာကောင်းသည့် အခြေခံဖြစ်သည်။ ဘဝခရီးဖော်အဖြစ် ရွေးချယ်လျှောက်လှမ်းသည့်အခါ ချစ်သူနှစ်ဦးတည်ဆောက်သည့် ပတ်ဝန်းကျင်သည် ကျဉ်းမြောင်း၍ ပတ်ဝန်းကျင်၏အသိုင်းအဝိုင်း၊ ဘာသာအယူဝါဒ၊ ဓလေ့ထုံးစံတို့သည် မေ့ထား၍မရပါ။ ချစ်သူနှစ်ဦး အခြေခိုင်ခိုင်နှင့် ရင်ဆိုင်ရမည့် ကမ္ဘာသည် ကျယ်ဝန်းလှပါပေသည်။

ဂျေမီသည် နိုင်ငံကြီးသူ၊ ပညာတတ်၊ လိမ္မာသူ၊ ယဉ်ကျေးသူ၊ ကျွန်တော့်အား များစွာချစ်တတ်သူဖြစ်သည်။ သို့ရာတွင်



ဘုရားသွား ကျောင်းတက်၊ ကျွန်တော်နှင့် လိုက်နိုင်ပါမည်လား. . .။ မြန်မာပြည် အညာအရပ်ရှိ ရှေးရိုးဆန်သော ကျွန်တော့်မိဘများနှင့်ကော သင့်တင့်ပါမည်လား။ သားသမီးများရသည့်အခါ သူတို့ဘယ်တိုင်းပြည်မှာနေလို့ ဘယ်လိုအယူဝါဒတွေ ယူကြမလဲ။ ကိုယ်ကလည်း ကိုယ့်ရဲ့ယဉ်ကျေးမှုဓလေ့ထုံးစံကို လိုက်စေခြင်။ သူမကလည်း သူမမျိုးရိုးယဉ်ကျေးမှုဘာသာများကို လိုက်စေလိုလျှင် ကျွန်တော်ဘယ်လိုခံစားရမလဲ။

မေးခွန်းပေါင်းများစွာကိုမေးမိသည်။ ကျွန်တော့်သူငယ်ချင်းဆရာဝန်တချို့ ဘာသာကွဲသူနှင့် အိမ်ထောင်ပြုကြသည်။ တစ်ဦးကိုကွယ်သည့်ဘာသာကို တစ်ဦးက နားလည်သည်။ ကိုယ့်ဘာသာကို လေးလေးစားစားကိုးကွယ်နိုင်ခွင့်ရှိသည်။ ထိုအချိန်အထိ ဘာမျှပြဿနာမရှိပါ။ သားသမီးရသည့်အခါမှ စတင်၍ အခက်အခဲများ တွေ့ရတော့သည်။ အဘိုးအဘွားများပါ ဝင်ရောက်၍ သူ့ဘာသာဝင်၊ ကိုယ့်ဘာသာဝင်ရန် လွန်ဆွဲကြသည်။ စိတ်ဆင်းရဲကြသည်။ စိတ်မကောင်းဖြစ်ကြရသည်။ သားသမီးတချို့က ဖခင်ကိုးကွယ်ရာ ဘာသာကိုယူသည်။ တချို့က မိခင်ကိုးကွယ်ရာကိုယူသည်။ ငယ်စဉ်က မိရိုးဖလာဘာသာဝင်ဖြစ်ကြသော်လည်း အသက် အရွယ်ရလာသည့်အခါ မိမိကိုးကွယ်သည့်ဘာသာကို ပိုမိုသက် ဝင်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ပိုမိုယုံကြည်အားထားလာသည်။ ထိုအခါ သားများ သမီးများကို မိမိဘာသာသို့ဝင်စေချင်သည်။ မဝင်ပါက စိတ် မချမ်းမြေ့မှုကို များစွာခံစားရပါတော့သည်။ တစ်ဦးဦးက စိတ် အဆင်းရဲခံ၍ အလျှော့ပေးသောအခါမှသာ လင်မယား၊ မကွဲကြ ဘဲ၊ အိမ်ထောင်တည်မြဲပါသည်။ ကစင့်ကလျားအတွေးများ ပင်လယ်ဝေခဲ့သည့်အတိုင်း ရင်ခုန်စွာချစ်ရသည့် နှလုံးသားခံစား ချက်တို့သာ တွေဝေမှုအမျိုးမျိုးတို့ကို ပျောက်ပြယ်စေပါတော့ သည်။ ချစ်တတ်သောအသည်းနှလုံးသည် တွေးခေါ်တတ်သော ဦးနှောက်ကို အနိုင်ယူခဲ့ပါသည်။

မြန်မာပြည်၊ ပြန်ခါနီးလေလေ ဂျေမီနှင့် ကျွန်တော်တို့မှာ ရင်ခုန်ဖွယ်အချစ်များကို ဦးစားပေးလေလေဖြစ်သည်။ တိုက်ခန်း ထဲမှာ ငြိမ့်ငွေ့လျှင် ထင်ရှူးပင်ကြား လမ်းလျှောက်ကြသည်။ ရောင်စုံ ပန်းတို့ဖြင့် ဝေဆာသောလမ်းကလေးများကို လက်တွဲလျှောက် ကြသည်။ အချစ်ကြောင့် ရင်ခုန်သံမြန်လေ၊ အချိန်ကုန်နှုန်း မြန်လေဟုထင်ရသည်။ ချစ်သံသရာကြောမြောနေသည့်အချိန် တွင် ရောင်စုံစိတ်ကူးလိပ်ပြာတို့ မမောနိုင်၊ မပမ်းနိုင်၊ ဝဲကာ ဝဲကာနှင့် ပျံသန်းနေကြသည်။ စိတ်အစဉ်ဝယ် ဖြူနီပြာဝါပန်း အလှတို့၏အလယ်တွင် ထုံသင်းသော မွှေးရနံ့တို့ကို ခံစားရင်း မိန်းမောနေမိသည်။



ပျော်မွေ့ဖွယ်ရာ အချိန်တို့ကုန်ဆုံးရပ်တန့်သွားမည်ကို ဦးရိမ်လှသည်။

စာဆိုတော် ဦးယာ၏ နတ်တော်လဘွဲ့လူးတာကို တတွတ် တွတ်ရွတ်မိသည်။

"ခန်းဘုံသာထဲ၊ ရွှေလည်နွဲ၍၊ ဆကဲကြင်နာ၊ မေတ္တာတူမျှ၊ ပါချင်လှ၍ မြွက်ဟသံခြေ၊ ဆယ်မီးနေကြောင့် လွမ်းလေ၊ အောင်သာလျှပ်ရောင်ခြည်၊ မိလ္လာနူရွှန်းရွှန်းတည့်လေး"

အိမ်ထောင်ပြုတော့မည်ဆိုတော့ စဉ်းစားစရာတွေများလှ သည်။ သူတို့ဓလေ့ထုံးတမ်းစဉ်လာအရ ကိုယ်ခင်းသည့်ဇာတ် ကို ကိုယ့်ဖာသာနိုင်အောင်ကရမည်။ မိဘများကို အသိပေးရန် သာရှိသည်။ မိဘများကလည်း ဝင်ရောက်စွက်ဖက်ခြင်းကို များစွာရှောင်ကြဉ်ပါသည်။ ကျွန်တော်တို့ အရှေ့တိုင်းယဉ်ကျေး မှုတွင် သားသမီးကောင်းစားစေရန် ရည်ရွယ်၍ မိဘဆွေမျိုး များက သူတို့စိတ်ထဲ မသင့်တော်ဟုထင်က ဆန့်ကျင်ခြင်း၊ အားမြှစ်ခြင်း၊ မကွဲကွဲအောင်ခွဲကြရန် ဝန်မလေးကြပါ။ အများ အားဖြင့် သမီးများက သားယောကျ်ားလေးများထက် မိဘသြဇာ ခံကြသည်ကများပါသည်။ ရဲဖန်ရံခါမှသာ စိတ်ထက်သော မိန်းကလေးများက ကိုယ်ကြိုက်သည်ကို ကိုယ်ရွေးကြပါသည်။

အနောက်နိုင်ငံမှာတော့ ကိုယ်ရွေ့ရေးကို ကိုယ်ပန်တီး သည်။ မိန်းကလေးများလည်း ချစ်သူထားခြင်း၊ အိမ်ထောင်ပြု

www.burmeseclassic.com

www.burmeseclassic.com



ခြင်းတို့ဆုံးဖြတ်သည်။ မှားပါက ကွဲကြ၊ ခွဲခွာကြသည့်အတွက်လည်း များစွာခံစားရပုံမရှိပါ။ ငွေကြေးအလျှံအပယ်ရှိကြသူများ မိန်းမ၊ ယောကျ်ား ယူကြလျှင် နောက်တစ်နေ့ ကွဲသည့်အခါ မည်ရွေ့မည်မျှ ငွေကြေးပေးရမည်။ ပစ္စည်းများခွဲဝေယူကြမည်ကို နှစ်ဦးသဘောတူ စာချုပ်ပြီးမှ လက်ထပ်ကြပါသည်။ လက်တွေ့ကျသော အိမ်ထောင်ပြုခြင်းလို့ ခေါ်ရမည်လား နှစ်လုံးသားရေးရာသက်သက်နှင့် လက်ထပ်ကြခြင်းထက် ခနရေးရာကိုပါ ထည့်သွင်းထားမှ လုံခြုံစိတ်ချရသည်ဟု ခံယူထားကြသည်လားမသိပါ။

အာရှတိုက်ရှိ တချို့သော နိုင်ငံများတွင်လည်း ယောကျ်ားလေးဘက်သို့ ငွေကြေးများစွာတင်၍ သမီးတို့ အိမ်ထောင်ချပေးရခြင်းများရှိပါသည်။ ချစ်သူကိုပစ်၍ မိဘသဘောတူသူကို ယူကြသည်လည်းရှိသည်။ ခိုးရာလိုက်ပြေးသူတို့လည်းရှိပါသည်။ တစ်ခါတရံလည်း ဟိုတယ်ကြီးများတွင် ကြီးကြီးမားမား အခန်းအနားနှင့် လက်ထပ်သော်လည်း မခြ သော စုံတွဲများရှိသကဲ့သို့ ခိုးရာလိုက်ပြီး သေတပန်သက်တဆုံး ချစ်ချစ်ခင်ခင်ပေါင်းသင်း၍ သာယာသောအိမ်ထောင်ရေးဘ ခံစားရသူများလည်းရှိပါသည်။ သားသမီးများကို ကိုယ်ပိုင် ဆုံးဖြတ်ခွင့်ပေးပါက ခိုးရာလိုက်ရန်မလိုတော့ပေ။



သို့ရာတွင် မိဘများအနေနှင့် အတွေ့အကြုံရင့်ကျက်ပြီး ချစ်ရေးကြိုက်ရေး၊ ဘဝရှေ့ရေးများကို လူငယ်များထက် ပိုမို၍ ခွဲခြမ်းစိတ်ဖြာတတ်မည်ကိုလည်း လက်ခံရမည်။

လူငယ်ဆိုသည်ကတော့ ချစ်ကြ ကြိုက်ကြပြီဆိုလျှင် ရှေ့နောက်ဘေးဘီမမြင်နိုင်ကြပါ။ ရှေ့လျှောက်တွေ့ကြုံရမည့် စားဝတ်နေရေး၊ သားသမီးများအရေးကိုလည်း စဉ်းစားကြမည် မဟုတ်ပါ။ အချစ်သည် နိဒါန်း၊ အချစ်သည် စာကိုယ်၊ အချစ်သည် နိဂုံးဖြစ်ပါသည်။ အတွေးအခေါ် အမြော်အမြင် ရင့်ကျက်သူမှ စဉ်းစားပါမည်။ မောင်ကလည်းထမ်းနိုင်ပါမှ မယ်ကလည်း ရွက်နိုင်ပါမှ ဘဝရှေ့ရေးလှပါမည်။

တစ်နှစ်တာ ပညာသင်ကာလ၊ ကုန်ဆုံးခါနီးပါပြီ။ ပြန်မည့် ရက်နီးလာသည်နှင့်အမျှ ရှေ့ရေးကိုတွေးဆကြရပါပြီ။ ဗျွန်တော့်ဘက်က မိဘများထံမှ လက်ထပ်ခွင့်ပြုရန်ကိစ္စ၊ နေရေး၊ ထိုင်ရေး၊ အသေးစိတ်စဉ်းစားကြ ဆွေးနွေးကြပါသည်။

ဂျေမီလည်း ဒီရက်တွေအတွင်း၊ အိပ်မှပျော်ပါရဲ့လားမသိရပါ။ ပင်ပမ်းနွမ်းနယ်သော အလွမ်းသင်္ကေတများကို သူမထံတွင် တွေ့နေရပါသည်။

"ထွန်းရေ - ဂျေမီစဉ်းစားကြည့်တယ်။ သင်တန်းပြီးလို့ မြန်မာပြည်ရောက်တဲ့အခါ အဖေ၊ အမေတို့ထံ ဂျေမီနဲ့လက်ထပ်

www.burmeseclassic.com

www.burmeseclassic.com



ဖို့ခွင့်တောင်းပါ။ ရရင် ဒီကိုပြန်လာခဲ့ပါ။ ထွန်းတတ်ထားတဲ့ ပညာနဲ့ ဒီမှာရှိတဲ့ ဆေးတက္ကသိုလ်တွေမှာပဲအလုပ် လုပ်ရင်ရမှာ သေချာပါတယ်။ ဘယ်လိုသဘောရလဲ” ဂျေမီက သူမ၏အစီအစဉ်ကို ပြောပြပါသည်။ ကျွန်တော်၏ “ကောင်းသားပဲ” ဟူသော အဖြေကိုလည်း ငံ့လင့်ပုံရှိသည်။

သို့သော်လည်း ကျွန်တော်ဘက်က ကိုယ့်အကြောင်းနှင့်ကိုယ်ရှိနေသည်။ မိဘနှစ်ပါးလွယ်လွယ်ကူကူသဘောတူခွင့်ပြုမှာလားဆိုသည့် အချက်ကိုစဉ်းစားရသေးသည်။ ကိုယ်တိုင်က ဝန်ထမ်းဖြစ်ပြီး အစိုးရ၏သဘောတူညီခွင့်ပြုချက်ဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ပညာသင်ဆုယူ၍ လာခဲ့ခြင်းဖြစ်သည်။ ကိုယ့်တိုင်းပြည်ကို ပြန်ပြီး (၃) နှစ်ပြန်၍ လုပ်ပေးရဦးမည်။ လက်ဆင့်ကမ်းသင်ကြားခြင်းကိုလည်း လုပ်ပေးရပါလိမ့်မည်။ စေလွှတ်သော ရည်ရွယ်ချက်ကို ဖြည့်ဆည်းပေးချင်ပါသည်။ ဒါတွေကို ဆောင်ရွက်ရန် အနည်းဆုံး (၃) နှစ်လိုပါသည်။

“ဂျေမီရေ ဒီကိုပညာတော်သင်လာရတာ ထွန်းကို အစိုးရက လွှတ်လို့ရတယ်။ ဒီမှာသင်ကြားတတ်မြောက်ထားတဲ့ ပညာတွေကိုလည်း ကိုယ့်တိုင်းပြည်ကိုပြန်ပြီး အသုံးချရမယ်။ ပြန့်ပွားအောင်လည်း လုပ်ပေးရဦးမယ်။ ဒီတော့ ဂျေမီနဲ့ကိုယ်နဲ့ လက်ထပ်ဖို့ကြိုးစားမယ်။ လက်ထပ်ပြီးရင် ကိုယ်နဲ့ (၃) နှစ်



လောက်တော့ အနည်းဆုံးနေပေးပါ။ နောက်တော့ သက်ဆိုင်ရာမှာ ခွင့်ပြုချက်တောင်းလို့ရရင် ဂျေမီနေစေချင်တဲ့နေရာ၊ အစိမ်းနေကြည့်တာပေါ့နော်” အဆင်ပြေစေရန်ပြောပြီး ဂျေမီအား နှစ်သိမ့်ရပါသည်။ ကျွန်တော်က ဆက်လက်၍ “ဂျေမီလည်း ကျောင်းကိစ္စတွေပြီးအောင်လုပ်ပါ။ ဂျေမီရဲ့ အဖေ၊ အမေတို့ကိုလည်း ကိုယ်တို့နှစ်ယောက်လက်ထပ်မယ်ဆိုတာကို ပြောပြထားဦးနော်”

“ဂျေမီဘက်ကိုတော့ စိတ်ချပါထွန်းရယ်။ ထွန်းဘက်ကသာ အမြန်ဆုံးအဆင်ပြေအောင်လုပ်ပေးနော် ဂျေမီလည်း နောက်သုံးလလောက်ကြာရင် လိုက်လာမှာပါ” ဟု ပြောပါသည်။

အိပ်မပျော်သောညများစွာကို လွန်လာသည့်အခါ မြန်မာပြည်ပြန်ရမည့် အချိန်ရောက်လာပါပြီ။ လေဆိပ်သို့ ဂျေမီလိုက်ပို့သည်။ ခေတ္တခဏခွဲခွာရမည်ဖြစ်သော်လည်း ထိုခေတ္တခဏကိုပင် နှစ်ပေါင်းများစွာထပ်၍ ကိန္နရီ၊ ကိန္နရာတို့အလား မခွဲနိုင်မခွာရက်ဖြစ်ကြသည်။ နှုတ်ဆက်၍ မပြီးရှိသည်။ လေဆိပ်ရှိ သူဝင်မှုကြီးကြပ်ရေးမှူးက “ပြန်လာမှာလား” ဟု မေးပါသည်။

ရန်ကုန်ရောက်သောအခါ ဂျေမီနှင့်ဝေးခိုက် ရှေ့ရေးကို လွှတ်လွှတ်လပ်လပ် တွေးရပါသည်။ လွှတ်လွှတ်လပ်လပ်ဟု သုံးနှုန်းရခြင်းမှာ နိုင်ငံခြားမှာရှိသည့်အခါ မြန်မာပြည် ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုးအသိုင်းအဝိုင်းတို့၏ ပကတိအခြေအနေ

www.burmeseclassic.com

www.burmeseclassic.com



နှင့် ကင်းကွာတတ်သည်။ ရောက်ပြီး နှစ်ပတ်ခန့်မှ ဌာနဆိုင်ရာ လုပ်ထုံးလုပ်နည်းအတိုင်း သတင်းပို့ခြင်း၊ ပညာသင်ကြားရေး ကိစ္စနှင့်ပါတ်သက်၍ အစီရင်ခံစာရေးခြင်း၊ ရိုက်ခြင်း တို့ကို ပြုလုပ်ရသည်။ နိုင်ငံခြားပညာသင်သွားရောက်စဉ် လေ့လာခဲ့သော ဘာသာရပ်၊ တွေ့ခဲ့ရသည့် သင်တန်းဆိုင်ရာပုဂ္ဂိုလ်များ သင်ကြားခဲ့သော ပညာရပ်ကို အသုံးချ၍ မိမိတိုင်းပြည်အတွက် ရှေ့ဆက်လုပ်ဆောင်ရမည့် လုပ်ငန်းများ တင်ပြရသည်။

အားလပ်ချိန်ရတိုင်း ရန်ကုန်သို့ ကျွန်တော်နှင့်တွေ့ရန် ခေတ္တရောက်ရှိနေသော မိခင်၊ ဖခင်တို့နှင့် နိုင်ငံခြား အတွေ့ အကြုံများအကြောင်းကို ပြောဆိုရသည်။ မိခင်အနေနှင့်တော့ သားပြန်လာ၍ ဝမ်းသာသည်။ ကိုယ်တိုင်ချက်ပြုတ်ကျွေးမွေး သည်။ ဖခင်ကြီးကို နိုင်ငံခြားအတွေ့အကြုံများ ကောင်းစွာ ပြောပြရသည်။ သားတစ်ယောက် ထွန်းထွန်းပေါက်ပေါက်ဖြစ်၍ ဝမ်းသာသည်။ နိုင်ငံခြား ပညာ သင်သွားရတော့ ဂုဏ်ယူသည်။ သွားရသည့် ကျွန်တော့်ထက် ဖခင်ဖြစ်သူက ပို၍ဝမ်းသာသည်။ မလှိုင်မြို့ သေးသေးလေးမှာ လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင် သွားစားသောက်ရင်း တွေ့သမျှ မိတ်ဆွေတွေကို သူ့သားနိုင်ငံခြား ပညာသင်သွားရောက်ရသည့် အကြောင်း မမောတမ်း ပြောမှာ သေချာသည်။ အိမ်တကာလည် ၍လည်းပြောဦးမည်။



ကျွန်တော်တက္ကသိုလ်ဝင်တန်းအောင်သည့်အခါက ကျွန်တော့်ဖခင်အနေနှင့် အိမ်လည်ပို၍စိတ်သည်။ တက္ကသိုလ် တက်နေသည့် ကျောင်းသားများ၏ အဖေများနှင့် လက်ဖက်ရည်ဆိုင် အတူထိုင်ပြီး သားကြောင်းသမီးကြောင်း ပြောကြပါသည်။

ဆေးတက္ကသိုလ်ရောက်တော့ပိုဆိုးသည်။ ဆေးတက္ကသိုလ် တက်ခါရှိသေး ကျွန်တော့်ကို ဆရာဝန်ဖြစ်ပြီးသူ တစ်ယောက် လိုသို့ ဂုဏ်ယူဝင့်ကြွားစွာ ပြောနေကြောင်းသိရသည်။

ပြန်ရောက်ပြီး သုံးလေးပါတ်ရှိသည့်အခါ ဂျေမီနှင့် ကျွန်တော်တို့ရှေ့ရေးအတွက် စကားပြောဖြစ်ပါသည်။ ပြောရ သည်မှာလည်း အဖေ့ကြောင့်ဖြစ်သည်။

“ငါ့သား မင်းဆရာဝန်လည်းဖြစ်ပြီ နိုင်ငံခြားပညာသင် သည်း သွားခဲ့ပြီးပြီ။ အိမ်ထောင်ပြုဖို့ အချိန်ရောက်ပြီ အသက် ကြီးမှ အိမ်ထောင်ပြုရင်လည်း ပင်စင်ယူတဲ့အချိန်၊ ကလေးတွေ ကျောင်းထားရတော့ ပင်ပန်းတတ်တယ်” ဟု အဖေက ပြောပါ သည်။

သူ၏စိတ်ထဲဝင်ကြည့်၍မရသော်လည်း မိန်းမယူများမှာကို ကြောက်သည်ဟုထင်ပါသည်။

“အဖေတွေ့ထားလို့လား” ဟု ကျွန်တော်က မေးပါသည်။

“တွေ့ထားတယ်ဆိုတာထက် နှစ်ဦးသုံးဦးလောက်ကတော့

www.burmeseclassic.com

www.burmeseclassic.com



စောင်းဝါးနိုင်ခြေပြောတာရှိတယ်။ ဒါပေမဲ့ အဖေအနေနဲ့ကတော့ စကားအလွန်အကျွံပြောတာဘာမှမရှိသေးဘူး။ ပြောတဲ့လူတွေကတော့ အစင်းသိမိတ်ဆွေတွေချည်းဘဲ။ အတော်လေးတွေပါပဲကွာ၊ မင်းလည်းသိမှာပါပဲ။ ဘွဲ့ရလေးတွေချည်းပဲ။ လိမ္မာရေးခြားလည်းရှိကြပါတယ်။" ဟု ပြောရာ ကျွန်တော်ပြုံးမိပါသည်။

အဖေက အမြဲတန်းပြောသော စကားတစ်ခုရှိပါသည်။ ငါ့သား မိန်းမယူရင်တော့ "ချောနားနီးနီး တိုက်ကြီးကြီးနဲ့ အလိမ္မာအိမ်ပါအမေတဲ့" ဖြစ်ရမယ်နော်ဟူသော စာချိုးလေးပင်ဖြစ်ပါသည်။ ချောနားနေသည့် မိန်းကလေးထက်သည့်ထက်ပို၍ အရေးကြီးသည်ကတော့ လိမ္မာရေးခြားရှိသော မိန်းကလေးဖြစ်ရမည်ဟု ဆိုပါသည်။ မြို့သေးသေးလေးမှာတော့ မြို့ကြီးများနှင့်မတူ မိဘအုပ်ထိန်းမှုလက်အောက်မှာ အမြဲရှိနေသဖြင့် ပျက်စီးရန် အခွင့်အလမ်းလွန်စွာနည်းပါးသည်။ ပွဲလမ်းသဘင်သွားလည်း မိဘနှင့် ချေးသွားလည်းအဖော်နှင့် လှုက်ရည်ဆိုင်၊ အအေးဆိုင်သွားသည့် အကျင့်လည်းမရှိပါ။ လွန်စွာစိုးရိမ်ရသော မူးယစ်ဆေးသုံးသည့် ပတ်ဝန်းကျင်လည်းမရှိပါ။ အပျော်အပါး ပွဲလမ်းသဘင်သွားစရာလည်း နည်းလှသည်။ ရည်းစားစာပေး၍ ရည်းစားရသည့်တိုင် လွတ်လွတ်လပ်လပ် နှစ်ကိုယ်တွေ့မည့် နေရာမရှိပါ။ အကျဉ်းချုံးအားဖြင့် စိတ်လေစရာနည်းသည်။



တက္ကသိုလ် ပညာသင်သွားသောအခါ လွတ်လပ်သည်။ သို့ရာတွင် ကိုယ့်အရပ်သူ၊ အရပ်သားများတွေနှင့် မပြတ်ထိတွေ့ စောင့်ရှောက်ကြသည်။ အဖေပြောသည့်နောက်ဆုံးအချက်ကတော့ "အမေတဲ့" ဟု ပါသည်။ ဆိုလိုသည်မှာတော့ ကျွန်တော်ယူသည့် မိန်းကလေးသည် စိတ်ကောင်း၊ သဘောကောင်းရှိ၍ မိဘ၊ ဆွေမျိုးအသိုင်းအဝိုင်းနှင့် အဆင်ပြေသူဖြစ်ရလိမ့်မည်။ မာနကြီးသူ၊ ရိုင်းစိုင်းသူ၊ မိဘကိုမိဘမှန်းမသိသူများ မဖြစ်ရဟုဆိုသည်။ ဤအချက်သည်လည်း လွန်စွာအရေးကြီးပါသည်။ မိဘဘက်ကကြည့်လျှင် ချွေးမလိမ္မာလျှင် အိမ်တွင်းသာယာမှုကိုပေးမည်။ သား၏အမေအဖေကို ချစ်ခင်ကြင်နာတတ်သော ချွေးမဖြစ်လျှင် အားလုံးစိတ်ချမ်းသာမည်ဖြစ်ပါသည်။ အမေအဖေကို မချစ်ခင်လျှင် အမေအဖေလည်း စိတ်ဆင်းရဲ၊ သားလည်းစိတ်ဆင်းရဲ၍ အိမ်ထောင်ရေးမသာယာနိုင်ကြောင်း ပြောခြင်းဖြစ်သည်။

"အဖေ၊ အဖေ ပြောလို့ ကျွန်တော်ပြောရဦးမယ်။ အဖေပြောတဲ့ အရည်အချင်းနဲ့ ပြည့်စုံတဲ့ မိန်းကလေးတစ်ယောက်တော့ တွေ့ထားတယ်အဖေ" ဟု စကားချီလိုက်ပါသည်။

"အဲဒါဆိုလည်း ကောင်းတာပေါ့ကွ" ဟု ဆိုရှာပါသည်။

"ဒါပေမဲ့ အဖေ ကောင်းမလေးက နိုင်ငံခြားသူဖြစ်နေတယ်" ဟု မရဲတရဲပြောမိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟင်" ဟု တစ်ချက်ပြောပြီး ငြိမ်သွားပါသည်။ အဖေ စဉ်းစားနေမည့်အချက်ကို သားဖြစ်သူ ကျွန်တော်က ရိပ်စားမိပါသည်။ "သူ့စာချိုးအတိုင်း အလိမ္မာ အိမ်ပါ။ အမေတဲ့" ဖြစ်မှာလား၊ ဖြစ်ဖို့ကောလွယ်ပါ့မလား။ နိုင်ငံခြားဆိုတာက မြန်မာ့ဆင်ယင်ထုံးဖွဲ့မှုကိုလိုက်ပြီး ဆံပင်အရှည်၊ ထမီအင်္ကျီများ ဝတ်သော်လည်း အတွင်းစိတ်က မြန်မာဆန်ပါ့မလား။ နိုင်ငံခြားအတွေးအခေါ် နိုင်ငံခြားအယူအဆတွေကို လွယ်လွယ်နှင့်စွန့်နိုင်မှာလား။ ကြားဘူးသည်ကတော့ နိုင်ငံခြားသူ နိုင်ငံခြားသားတို့ လျှပ်ပေါ်လော်လည်မှုများသတဲ့။ မိန်းမ ယောကျ်ားတွဲပြီး ကကြခုန်ကြသတဲ့။ အဝတ်အစားဆိုလည်း မလုံမလဲဝတ်ကြသတဲ့။

"ဖြစ်ပါ့မလား သားရယ်၊ စဉ်းစားပါဦး" ဟု အဖေက မကြည်မသာမျက်နှာနှင့်ပြောပါသည်။

"အဖေ စိတ်ပူမယ်ဆိုတာကို သားသိပါတယ်အဖေ။ သားလည်း အသက်အရွယ်၊ ပညာရာထူးနဲ့ အိမ်ထောင်ရေးကိစ္စကို လေးလေးနက်နက် စဉ်းစားပါတယ် အဖေ မိန်းမရပြီးရော သဘောမထားပါဘူး။"

"မြန်မာယဉ်ကျေးမှုပေတံနဲ့လည်း တိုင်းပါတယ်။ သူ့ရဲ့နေပုံထိုင်ပုံကအစ အကျင့်စာရိတ္တကိုလည်း လေ့လာပါတယ်။ နိုင်ငံခြားသူဖြစ်တာကလွဲလို့ မေတ္တာစိတ်၊ ကြင်နာစိတ် သိပ်ကြီးတဲ့



မိန်းကလေးဖြစ်ပါတယ်။ သားကိုလည်းချစ်ပါတယ်။ အနွံအတာခံပါတယ်။ သူကလေးက မြန်မာပြည်ကိုလည်း ရောက်ဖူးတယ်။ မြန်မာ့ရေမြေသဘာဝနဲ့ မြန်မာလူမျိုးများ အကြောင်းကိုလည်း သိပါတယ်။ ဧည့်သည်အသိတော့ ဖြစ်ချင် ဖြစ်မှာပေါ့လေ။ သားနဲ့စသိတဲ့ အချိန်ကစပြီး ပြန်သည့်အထိ ခုနှစ်လရှစ်လအတောအတွင်းမှာ ဆက်ဆံသိရှိရသလောက် သူ့အနေနဲ့ သားတို့မိသားစုမှာ အဆင်ပြေပြေနေနိုင်မယ်လို့လည်း ယူဆပါတယ်အဖေ။ သူ့မိဘများနဲ့ သားနဲ့လည်း ခင်ခင်မင်မင် ပေါင်းခဲ့ပါတယ်။ သဘောထားပြည့်ဝပါတယ်။ ကျွန်တော့်ကို မြန်မာနိုင်ငံခြားသားမို့လို့ နှိမ့်ချစိတ် ခွဲခြမ်းတဲ့စိတ်မထားကြပါဘူး။

"ငါ့သားပြောပုံကတော့၊ အဟုတ်ကြီးပါပဲ"

"အဖေစဉ်းစားတာလဲ သားပြောတဲ့အကြောင်းတွေ အကုန်ထုံးပါတယ်။ အဖေက အဖေတို့မိသားစုတင်မကဘူး။ အဖေတို့အသိုင်းအဝိုင်းမှာကော ဝင်ဆန့်ပါ့မလား။ ဒီစကားကို အဖေပြောတာက ဆိုပါတော့ မလှိုင်လာလည်တယ်ဆိုကြပါစို့ တို့မြို့ကကျဉ်းကျဉ်းလေး၊ အားလုံးကရင်းနှီးနေကြတာ မင်းမိန်းမရတယ်ဆို လာကြည့်တယ်ဆိုပါစို့ သူတို့နဲ့ကော အဆင်ပြေပါ့မလား။ နေပုံ ဖုံထူ၊ ရေရှားတာကော ခံနိုင်ပါ့မလား . . .။"

ဂျေမီကို မြန်မာပြည်ခေါ်မယ်ဆိုတော့ ကျွန်တော့်နောက်ခံ

www.burmeseclassic.com

www.burmeseclassic.com



လူနေမှုစနစ်ကို ဦးစွာပြန်တွေးရသည်။ သူကလေးနေနိုင်မှာလား . . . အမေအဖေကော လက်ခံမှာလား . . . စဉ်းစားစရာတွေများလာသည်။

အမေကတော့ သားတစ်ယောက်ကောင်းကောင်းမွန်မွန်နှင့် အိမ်ထောင်ကျသွားလျှင် အကြီးအကျယ်ကန့်ကွက်မည်မထင်ပါ။ မြေးရလျှင် မြေးကိုတောင်တာဝန်ယူ၍ ပျော်ရွှင်စွာထိန်းပေးလိမ့်ဦးမည်။

အဖေကတော့ ဘုရားတရားကို သက်ဝင်ယုံကြည်သည်သာမက လေ့လာလိုက်စားသည်။ အနေအထိုင်မြန်မာဆန်သည်။ မြန်မာပဲ မြန်မာဆန်သည်ဟု ပြောချင်ပြောမည်။ သို့ရာတွင် အနောက်နိုင်ငံယဉ်ကျေးမှုအတိုင်း မဟုတ်စေကာမူ ဗိုလ်ဆန်ဆန်နေထိုင်သူအများအပြားလည်းရှိသေးသည်။ ပြောပုံဆိုပုံ၊ နေပုံထိုင်ပုံကမတူ စကားပြောတာ၊ စားတာ၊ သွားတာ၊ နေတာထိုင်တာအားလုံးကွာသည်။ တစ်ဦးနှင့်တစ်ဦး အခေါ်အဝေါ်ကိုက ကွာခြားပါသည်။ ဒယ်ဒီရေ၊ မာမီရေ၊ ဆန်နီ၊ မီးမီးအစရှိသဖြင့် ခေါ်သည်။ အဖေ၊ အမေ မခေါ်ကြတော့ သားသမီးကို နာမည်ခေါ်၍မပြော၊ မနက် ပဲပြုတ်နဲ့ ထမင်းကြော်နှင့်မစားကြ။ ကော်ဖီ၊ ပေါင်မုန့် ထောပတ်တွေစားကြသည်။ အနေအထိုင် ဝတ်တာစားတာကလည်း သားတွေသမီးတွေဆို



ဘောင်းဘီတိုဝတ်၊ ဂျင်းပင်ဝတ်၊ ဂါဝန်ဝတ် ဒူးပေါ်ပေါင်ပေါ်တွေ။

ကျွန်တော့်ဖခင်ကို မြန်မာဆန်သည်ပြောခြင်းမှာ ဘောင်းဘီဝတ်၊ ဂါဝန်ဝတ်၊ ဂီတာတီး ဆူဆူညံညံ ပေးလားငါးလားလုပ်လျှင် သည်းခံမည်မထင်။

သို့ဖြစ်၍ ဖခင်အား ဇာတ်လမ်းအားလုံးကို ပြောပြသည်သာ အကောင်းဆုံးဖြစ်မည်ဟု ယူဆသည့်အတိုင်း ကျွန်တော်အနွေရေးနိုင်ငံသို့ ပညာတော်သင်အဖြစ် ရောက်သည့်အချိန်မှ၍ ဂျေမီနှင့်တွေ့ခဲ့ရပုံ၊ ဂျေရူးဆလင်တွင် နေထိုင်သူများဖြစ်၍ ပို၍ရင်းနှီးလာပုံ၊ ဂျေမီ၏မိဘများသဘောထားကောင်းပုံ၊ ကျွန်တော့်အား ခင်ခင်မင်မင်ရှိပုံတို့ကိုပြောပြပါသည်။ ဂျေမီနှင့်ကျွန်တော်တို့၏ ဆက်ဆံရေးပြောင်း၍ ချစ်သူများဖြစ်လာပုံနှင့်ရှေ့ဆက်ရန်အတွက် မည်သို့ဆက်လက်ဆောင်ရွက်ရမည်ကိုတင်ပြပါသည်။ ကျွန်တော်၏ ဖခင်က ကျွန်တော် ပြောပြသည်တို့ကို သေချာနားထောင်ပြီး "ကြည့်ရသေးတာပေါ့" ဟုသာပြော၍ ဇာတ်လမ်းတစ်ခန်းရပ်ခဲ့ပါသည်။

နှစ်ပါတ်ခန့်ကြာသောအခါ ကျွန်တော့်ကိုခေါ်၍ "ငါ့သားအေတော့ စဉ်းစားပြီးပြီ။ သေချာလည်းစဉ်းစားတယ်။ မင်းချစ်ခင်နေစ်သက်တဲ့ မိန်းကလေးအနေနဲ့က တပြည်သူဖြစ်နေတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဖေတို့အနေနဲ့ကလည်း နိုင်ငံခြားကို ရောက်ဖူးခြင်းမရှိဘူး။ နိုင်ငံခြားသားဆိုတာ အဝေးကလှမ်းမြင်ဘူးတာဘဲရှိတယ်။ သူတို့ရဲ့ နေထိုင်စားသောက်ပုံ ပြုမူဆက်ဆံပုံတွေကိုလည်း မသိဘူး။ အဲဒီတော့ အခု အဖေဆုံးဖြတ်တာ ငါ့သားပြောတဲ့ အချက်အလက်တွေပေါ်မှာဘဲ တည်မှီပြီး ဆုံးဖြတ်ရတာ။ ငါ့သားပြောပုံအရဆိုရင်တော့ သားတွေ့ခဲ့တဲ့သူငယ်ချင်းမဟာသားအပေါ်မှာ သံယောဇဉ်ရှိတယ်။ အနေအထိုင်လည်း ကောင်းပုံပေါ်တယ်။ နောက်ပြီး ကလေးမရော ကလေးမရဲ့ မိဘတွေကရော တိုးတက်ဆဲနိုင်ငံကလာတဲ့ လူမျိုးခြားမြန်မာတစ်ယောက်ကို လူမျိုးခွဲခြားတဲ့စိတ်မရှိဘဲ တန်းတူရည်တူ ဆက်ဆံတယ်လို့ယူဆတယ်။ ဘာကြောင့်လဲဆိုတော့ သားသူ့အိမ်ကို ဝင်စေထွက်စေခွင့်ပေးတယ်။ ထမင်းလည်းကျွေး၊ သူ့သမီးနဲ့သွားလာလည်ပတ်တာတွေကိုလည်း ခွင့်ပြုထားတယ်။ ဒါတွေကို ထောက်ဆနိုင်တော့ သူတို့က သားမောင်ကို ကန့်ကွက်မယ်တော့ မထင်ရဘူး။”

“ နောက်ငါ့သားကို ပြောချင်တာက နိုင်ငံခြားသူတစ်ယောက်ကို ယူမယ်ဆိုရင် ရေရှည်အတွက် စဉ်းစားရမယ်။ အရေးကြီးတာက ကောင်မလေးအနေနဲ့ တို့တိုင်းပြည်တို့ လူမျိုးခြားနဲ့ နေနိုင်ပါ့မလားဆိုတာပဲ။ ဧည့်သည်အနေနဲ့ လာကြည့်လို့ မြန်မာလူမျိုးတွေ ဧည့်ဝတ်ကျေတာ ခင်စရာကောင်းတာတွေတို့



သဘောကျတယ်ဆိုတာမှန်တယ်။ ဒါပေမဲ့ တို့လူမျိုးရဲ့ယဉ်ကျေးမှုထုံးတမ်းစဉ်လာတွေရှိတယ်။ ဓလေ့ထုံးစံတွေကွဲလွဲတဲ့ မြန်မာပြည်လိုနေရာမျိုး၊ မြန်မာလူမျိုးကြားထဲမှာ နှစ်ရှည်လများနေနိုင်မလား . . . စဉ်းစားအုံးနော်၊ အလွန်ဆုံး တစ်နှစ်၊ နှစ်နှစ်တော့၊ နေချင်နေနိုင်မယ် ဒါပေမဲ့ နှစ်ရှည်လများနေနိုင်ပါ့မလား။ စီးပွားရေး လူမှုရေးအဆင့်အတန်း မြင့်တဲ့နေရာမှာပဲ နေချင်တတ်ကြတယ်။ ဘာသာတူ လူမှုရေးတူတဲ့ နေရာမှာပဲ နေချင်ကြတယ်။ ဒါက သဘာဝကို ပြောတာ။”

“ပိုက်ဆံရှာတဲ့ အလုပ်လုပ်နေရလို့ (၅)နှစ်၊ (၆)နှစ် အလုပ်ဆက်တိုက်လုပ်နေရလို့ ပျော်ကြပေမဲ့။ ရာသက်ပန် နေရမယ်ဆိုတော့ နေနိုင်ပါ့မလား။ တကယ်လို့သူက မနေနိုင်ဘူး ဆိုရင် ငါ့သားက သူ့နောက်လိုက်သွား ရလိမ့်မယ်။ ကိုယ်ကိုတိုင် ကရောသူ့တိုင်းပြည်မှာ သွားနေနိုင်ပါ့မလား၊ ငါ့သားလည်း ပညာတတ်တစ်ယောက်ပဲ စဉ်းစားပါ။ အဖေတို့က အသက်ကြီးပါပြီ ချွေးမရလည်း သမီးပါပဲ။ သားချစ်လို့ အိမ်ထောင်ပြုခဲ့ရင် သမီးပဲပေါ့။ တလေးရရင်လည်း မြေးပေါ့။ သားအပြန်ပြန်အလှန်လှန် စဉ်းစားပါ။ အိမ်ထောင်ပြုပြီးရင် အိမ်ထောင်ရေးကို တည်မြဲအောင်လုပ်၊ ဒါမှ တစ်အိမ်သားလုံး စိတ်ချမ်းသာမယ်။ ငါ့သားဆုံးဖြတ်တာကို အတည်ယူလိုက်ပါ။ ” အဖေ၏ အကျိုးကြောင်းရှင်းလင်းချက်များကို ကြားရ၍ ဝမ်းသာမိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"အဖေပြောတာကို သားထပ်ပြီး စဉ်းစားပါအုံးမယ်၊ သားတို့ရဲ့ဆရာ၊ ဆရာဝန်ကြီးတစ်ယောက်ဆိုရင် အိုတဲ့ထိအောင် ပေါင်းသွားတယ် အဖေ။ နောက်တစ်ဦးက မြန်မာပြည်မှာ လေးငါးခြောက်နှစ်နေပြီး နိုင်ငံခြားကို ပြန်သွားတယ်။ လူတစ်ဦးနဲ့ တစ်ဦးကတော့ တူတာတော့ မဟုတ်ဘူး"

"အေး ကောင်းပါလေ့ကွယ်" ဟု အဖေက ပြောရင်း အနားယူသွားပါသည်။ အဖေပြောခဲ့သည်မှာလည်း သဘာဝကျပါသည်။ ယဉ်ကျေးမှု၊ လူနေမှုစနစ် ကွဲပြားခြားနားတော့လည်း ကျွန်တော့ယူမည့် တပြည်သူစိတ်ချမ်းသာနိုင် မသာနိုင် ထည့်တွက်ရတော့သည်။ နေထိုင်မှု အဆင့်အတန်းခြင်း ကွာဟသောအခါ ကြာရင်သည်းခံနိုင်မလား။" ဒါတွေကို စဉ်းစားရင်း အဖြေရှာရသည်။

အကောင်ဆုံးကတော့ ဂျေမီနဲ့ထပ်၍ ညှိနှိုင်းရန်အသင့်လျော်ဆုံး ဖြစ်သည်ဟု ယူဆပါသည်။ သူမအနေနှင့်လည်း မြန်မာပြည်ရောက်ဖူးသား နေရာအနှံ့ကို ရောက်ဖူးပြီးသားဆိုတော့ ပြောရတာလွယ်မည့် သဘောကတော့ ရှိပါသည်။

ဆုံးဖြတ်ချက်နဲ့အညီချစ်သော ဂျေမီရေအစချီ၍ ကျွန်တော်၏ ဖခင်အား ဂျေမီနှင့် ကျွန်တော်တို့ရဲ့ ကိစ္စကို တင်ပြပုံနှင့် အဖေ၏ အယူအဆအတွေးအခေါ်တွေအားလုံး အသေးစိတ်



ရေးပေးလိုက်ပါသည်။ စာထဲတွင် ဂျေမီနှင့် ကျွန်တော်တို့၏ ရှေ့ရေးသာမက၊ သားသားမီးမီးတို့ရလာလျှင် သူတို့လေးများ၏ ရှေ့ရေးကိုတွေးပြီး အကြံဉာဏ်များပေးဖို့လည်း ရေးလိုက်ရသေးသည်။

"နောက်ရက်များမကြာမီမှာပဲ သူမထံမှ စာပြန်လာပါသည်။"

ဘဝခရီးလက်တွဲတော့မည်ဟု ပိုင်းဖြတ်ပြီးဖြစ်ပါတယ်။ ကျွန်တော်တင်ပြတဲ့ကိစ္စတွေကိုလည်း တွေးပါတယ်။ သူ့အနေနဲ့ဆော့ မြန်မာပြည်မှာနေဖို့လည်း သဘောတူပါတယ်။ နောက်ပြီး သားသမီးရလျှင်ဆိုတဲ့ကိစ္စကိုတော့ များစွာပဲစဉ်းစားရပါတယ်။ ဒါကိုတော့ ကျွန်တော်နဲ့သူနဲ့ နှစ်ဦးစဉ်းစားရမည့်ကိစ္စဖြစ်တယ်။ ကလေးတွေစာသင်နိုင်တဲ့ အရွယ်ရောက်ရင် ဘယ်မှာထားမလဲ၊ ဘယ်နိုင်ငံသားခံမလဲ၊ ပညာရေးနဲ့ပါတ်သက်ပြီး ဘယ်လို စဉ်းစားကြရမလဲ ဆိုတာ၊ သူလည်းစဉ်းစားရတာ။ တွေးရတာ အခက်အခဲရှိကြောင်း ရေးသားပါတယ်။

"ထွန်းရေ သားသမီးပညာရေးကိစ္စကတော့ သူတို့ရဲ့ ရှေ့ရေးဆိုတော့ သေချာစဉ်းစားရမှာပဲ၊ ကိုယ်တို့နှစ်ဦးအတွက်ကတော့ မြန်မာပြည်လိုက်နေပြီး အေးအေးချမ်းချမ်းနေမယ်။ လူမှုဝန်ထမ်းကိစ္စရပ်တွေလုပ်နေဖို့ စဉ်းစားထားတယ်။

www.burmeseclassic.com

www.burmeseclassic.com



အစ္စရေးလ်ကိုလည်းပြန်ပြီး အမေ၊ အဖေတို့နဲ့တွေ့မှာပေါ့နော်။ ထွန်းလည်းလိုက်ခဲ့ပေါ့။ ဂျေမီဘဝကိုတော့ ထွန်းနဲ့အတူနေဖို့ ဆုံးဖြတ်ထားတယ်။ ဒါပေမဲ့ ကလေးတွေကိစ္စကိုတော့ စဉ်းစားကြတာပေါ့။ ဒါကတော့ ကိုယ်တို့နှစ်ဦးစလုံးနဲ့ပါတ်သက်တဲ့ကိစ္စပဲလေ။ ဂျေမီလည်း အဲဒီကိစ္စစဉ်းစားရတာနဲ့ ဦးနှောက်ခြောက်တယ်ကွာ။ ကလေးတွေရလို့ သူတို့ကလေးတွေကြီးလာရင်လည်း သူတို့သိတတ်လာတဲ့အရွယ်ကျတော့ သူတို့ဖာသာ သူတို့ စဉ်းစားကြဦးမှာပါ။ အစစအရာရာ လူကြီးတွေချည်း ဆုံးဖြတ်လို့မဖြစ်ဘူးလေ။"

"ရွှေ့ရေးတွေးရတာလည်းကောင်းပါတယ်။ ဂျေမီလည်း မောင်ရဲ့မိခင်၊ ဖခင်တွေနဲ့တွေ့ရအောင် မြန်မာပြည်ကို လာခဲ့မယ်လေ။ လာဆို သိပ်တော့မကြာပါဘူး။ နောက် (၃) လလောက်ဆိုရင်လာလို့ရပါပြီ။ ဒီဘက်ကကျောင်းကိစ္စတွေလည်း ပြီးစီးအောင်လုပ်ခဲ့မယ်။ မောင့်မိဘများနဲ့လည်း တွေ့ရမယ်၊ တစ်လလောက်နေမယ်လေ။ အရင်အခေါက်တုန်းကမရောက်ခဲ့တဲ့ နေရာတွေကိုလည်း သွားရောက်လည်ပတ်ကြတာပေါ့။"

ကျွန်တော်လည်း ဂျေမီ၏ အစီအစဉ်ကောင်းကြောင်းကို စာပြန်လိုက်သည်။ ကျွန်တော်၏ မိဘများကိုလည်း ပြောပြလိုက်ပါသည်။ စိတ်ထဲတွင်တော့ ဂျေမီ၏ စိတ်နှလုံးကောင်းမှု



ကြည်ကြည်ဖြူဖြူခင်မင်တတ်မှု၊ ကျွန်တော့်အပေါ် သံယောဇဉ်ရှိမှုတို့ကို သဘောကျပါသည်။ သူမလာမည့်ရက်ကိုလည်း မျှော်မိသည်။ နှစ်ဦးသား လည်ပတ်မည့်နေရာများ၊ ခရီးစဉ်များကိုလည်း သေချာဆွဲထားပါသည်။ သည်တစ်ခါတော့ ညောင်သည်အနေနှင့် အပေါ်ယံကြည့်စရာရှိတာများကို ကြည့်ရုံသာမက အသေးစိတ်သိရှိနိုင်ရန် ကျွန်တော်၏ မွေးရာဇာတိ မလှိုင်မှာလည်း ၃-၄ ရက် တန်သည်၊ နေရန်စီစဉ်ထားသည်။ ပုဂံကိုလည်းပြန်သွားမည်။ မန္တလေး၊ အင်းလေးစသည့် နေရာများကို လည်ပတ်မည်။ နောက် ရန်ကုန်ရောက်လျှင် အိမ်မှာနေစေမည်။ မိဘများနှင့် တွေ့ဆုံစေရန်လည်း စီစဉ်ထားမည်။

ခရီးသွားလာရေး၊ နယ်များတွင်လည်း တည်းခိုနိုင်ရန် အသေးစိတ်အစီအစဉ်ဆွဲထားသည်။

ကြည်ကြည်နူးနူးနှင့် လည်ပတ်စရာကောင်းသည့် အင်းလေးဒေသကိုပြရန်လည်း ရည်မှန်းထားသည်။ ပုဂံ ညောင်ဦးပြီးလျှင် အင်းလေးဒေသသည် နိုင်ငံခြားသားများ သွားရောက်လည်ပတ်ရန် ကြိုက်နှစ်သက်သော ဒေသတစ်ခုဖြစ်သည်။ အင်းလေးဒေသ၏ ဝင်ပေါက်ဖြစ်သော ညောင်ရွှေတွင် တည်းခိုရန် သင့်လျော်သော ဟိုတယ်များ များစွာရှိသည်။ နိုင်ငံခြားစံချိန်မှီ သေသပ်လှပသော အခန်းများ လေအေးစက်များ စားသောက်ခန်းများပါရှိသော အဆင့်မြင့်ဟိုတယ်တွေ့ရှိ

www.burmeseclassic.com

www.burmeseclassic.com



သကဲ့သို့ မြန်မာဆန်ဆန်ဆောက်လုပ်ထားသော တည်းခိုခန်းများရှိသည်။

နောက် နိုင်ငံခြားသားများ သဘောကျနိုင်ရန် ရေလယ်မှာ ဆောက်လုပ်ထားသည့် ဟိုတယ်များရှိသည်။ ထိုဟိုတယ်များ၏ အပြင်အာက်မှာ ရိုးရာဆောက်လုပ်ရေးပစ္စည်းများဖြင့် ဆောက်လုပ်ထားပြီး အတွင်းဘက်တွင် မြို့ပေါ်ဟိုတယ်အခန်းများအတိုင်း ခုတင်မွေ့ရာမှစ၍ သန့်စင်ခန်းကိုပါ အဆင့်မြင့်မြင့် ဆောက်လုပ်ထားသည်။

အင်းထဲတွင် လှေလှော်ပုံ၊ ငါးဖမ်းပုံ၊ လှေပြိုင်ပွဲ၊ ရေပေါ်ဈေးများ စိတ်ဝင်စားဖွယ်ရှိသကဲ့သို့ ကျွန်းမျောပေါ်တွင် ဆောက်လုပ်ထားသော အိမ်ကြီးရခိုင်များနှင့် ရက်ကန်းစင်များကိုလည်း တွေ့နိုင်သည်။ ကျွန်းမျောလေးများပြုလုပ်၍ ခရမ်းချဉ်သီးစိုက်ခင်းများကိုလည်း ရင်သပ်ရှုမောဖွယ် တွေ့နိုင်ပါသည်။

ဖောင်တော်ဦးဘုရားများကိုလည်း သွားရောက် ကြည်ညိုနိုင်ပါသည်။ ကျွန်းတိုင်လုံးပေါင်းများစွာနှင့် ဆောက် လုပ်ထားသော မြန်မာဘုန်းတော်ကြီးကျောင်းများနှင့် ရှေးမြန်မာ့ အနုပညာလက်ရာများကိုလည်း ကြည့်ရှုနိုင်ပါသေးသည်။

ကျွန်တော်ဆွဲထားသော ခရီးစဉ်များ နေရေးထိုင်ရေး အစရှိသည်တို့ကိုလည်း ဂျေမီထံ စာရေးပေးပို့လိုက်ပါသည်။ ရှေ့ရေးကို



မျှော်တွေး၍လည်း စိတ်ကူးယဉ်ကမ္ဘာလေးကို တည်ဆောက်ထားပါသည်။ ပျော်ရွှင်ဘွယ်၊ မိသားစုဘဝကို ဂျေမီနှင့် တွဲဘက်၍ တည်ထောင်ရန် ကလေးများရလာလျှင်ဟူသော အတွေးနှင့် ထိုကလေးများကို မည်သို့မည်ပုံပြုစုပျိုးထောင်ရမည် စသည်တို့ကိုတွေး၍ ကြည်နူးလိုက်ရပါသည်။

× × ×

ထိုစိတ်ကူးယဉ်ဗိမာန်ပြိုကွဲသောနေ့ကို ဒီတစ်သက်တွင်တော့ မေ့နိုင်မည်မဟုတ်ပါ။ ရင်ကွဲဖွယ်သတင်းများကို ယူဆောင်လာသည့် သံကြိုးစာကိုကိုင်၍ မျက်ရည်ဖြိုင်ဖြိုင်ကျမိပါသည်။

"ထွန်းရေ လွန်ခဲ့တဲ့ (၂) ရက်က ဂျေရှူးဆလင် ဘင်ရဟူဒါ သင်္ဘောမကြီးပေါ်က လွှတ်ရည်ဆိုင် ဗုံးပေါက်ကွဲတဲ့အထဲ ပါသွားလို့ ချစ်သမီးလေး ဂျေမီဆုံးရှာပြီ" ဆိုသော ဂျေမီ ဖခင်ပို့လိုက်သော သံကြိုးကိုကိုင်၍ အသည်းနှလုံးပြုတ်ပြုတ်ပြုန်းခဲ့ပါပြီ . . .။

ငြိမ်းချမ်းရေးမြို့တော်၏ သမီးငယ် ဂျေမီတစ်ယောက် အေသပဋိပက္ခ၏ သားကောင်အဖြစ် လူ့လောကမှ စောစီးစွာ ထွက်ခွာသွားရပါပြီ။

ကျွန်တော်၏ စိတ်ကူးယဉ်ချစ်ဗိမာန်လည်း ပြိုကွဲခဲ့ရပါပြီ။

အချစ်စစ်အချစ်မှန်တို့တွင် လူမျိုးခွဲခြားမှု၊ ဘာသာခွဲခြားမှု

www.burmeseclassic.com

www.burmeseclassic.com



ဟူသော တံတိုင်းများမရှိပါ။ ပညာတတ်၏မတတ်၏ဟူ၍လည်း ခွဲခြားနေလို့မရပါ။ ဂုဏ်ရှိ၏မရှိ၏။ အဆင့်ခွဲ၍လည်းမရပါ။ ထိုနည်းတူစွာပင် အသည်းနှလုံးဖလှယ်၍ ချစ်ကြသည့်တိုင် ကံကြမ္မာ၏ဆုံးဖြတ်မှုကို မနာခံ၍မရတော့ပါ။ လူတွင် အသက် တစ်ခု၊ အချစ်တစ်ခုသာရှိတတ်သည်ဖြစ်ရာ အသက်ရှင်နေ သော်လည်း အချစ်မဲ့သူ တစ်ယောက်ဖြစ်ခဲ့ပါပြီ။

"ကလျာနောင်သည်။ ဝင်းညက်ကြည်းကြောင့်
တ လည်း တလွမ်း ဆိုယောင်ယမ်းသည်
မတမ်းဘယ်သူနေတတ်မည်"
(ရှင်မဟာရဋ္ဌသာရ)



## ရွှေညာမှသည် လန်ဒန်ဆီသို့

အညာဒေသ နေ့လယ်အချိန်တွင် မျက်စိအထူးကုဆရာဝန် ကြီး ဦးမြင့်အောင်နှင့် အလုပ်ဝင်စ လက်ထောက်ဆရာဝန် ငါးဦး ပါဝင်သောအဖွဲ့သည် ကျောက်ပန်းတောင်းမြို့ကို ဖြတ်ကျော်၍ တောင်ဇင်းကျန်းမာရေးဌာန တည်ရှိရာသို့ လင့်ရိုဘာတစ်စီး၊ တိုယိုပက် ထရပ်ကားငယ်တစ်စီးနှင့် အပြင်းနှင်နေကြပါသည်။ နေမင်းက ပူပြင်းလှသဖြင့် မော်တော်ယာဉ်အတွင်းသို့ တိုက်ခတ် လာသောလေသည်လည်း အပူငွေ့သမ်းလျက်ရှိသည်။ လေတိုက် နေသည့်တိုင် ပူစပ်ပူလောင် ဖြစ်နေကြပါသည်။ ရေ မရှိသော ချောင်းရိုးများကိုဖြတ်သည့်အခါတိုင်း ဖုန်တလုံးလုံး ထပါသည်။ ရွေ့ကား၏အရှိန်ကြောင့် ဖြစ်ပေါ်လာသော ဖုန်တို့သည် တိုယိုပက်ကားပေါ်တွင် လိုက်လာသူများ၏ ဆံပင်၊ မျက်ခုံးမွေး၊ မျက်တောင်မွေးတို့ကို ဖြူဖွေးသွားစေသည်။ အကျီပုဆိုးများ သည်လည်း ဖုန်တို့ဖြင့် ဖုံးလွှမ်းလျက်ရှိပါသည်။ ချောင်းကိုကွန်၍ ကတ္တရာလမ်းပေါ် ပြန်ရောက်လာသောအခါတွင်မှ ပါလာသော

www.burmeseclassic.com

www.burmeseclassic.com



တဘက်နှင့် တွင်နေသော ဖုန်များကို ခါထုတ်ရပါသည်။

ဥလုမ်းဘေးဝဲယာသို့ ကြည့်လိုက်ပါက အညာမြေကို အလှဆင်နေသော ထန်းပင်များ အပြိုင်းအရိုင်းစီတန်း၍ ပေါက်နေသည်ကို တွေ့ရသည်။ထန်း ပင်၏ ပင်စည်အပေါ် ပိုင်းတွင် ရင်းဆွဲလေးများ ကပ်ထားသည်မှာလည်း ယမင်းပျိုမြူ တို့၏ လည်တိုင်တွင် ရွှေဆွဲကြိုး၊ ငွေဆွဲကြိုးလေးများ ဆွဲထား သည့်အလား ထင်ရပါသည်။ ထန်းပင်တို့သည် အညာမြေ အတွက် အလှတန်ဆာဖြစ်သည်သာမက စီးပွားရေး အထောက် အကူကိုလည်းပေးသည်။ ထန်း၏ ထွက်ကုန်တစ်ခုဖြစ်သော ထန်းလျက်သည် စီးပွားဖြစ်ရောင်းကုန်ဖြစ်သည်။ မြန်မာမုန့်တွင် မပါမပြီး အချိုဓာတ်ပေးသည့် အစာဖြစ်သည်။

လှပသောအညာကို အကျည်းတန်အရုပ်ဆိုးစေသည်မှာ ရှေးနှစ်ပေါင်းများစွာကတည်းက ရှိလာခဲ့သော မျက်ခမ်းစပ် ရောဂါ ဖြစ်သည်။ မျက်ခမ်းစပ်ရောဂါကြောင့် မကြာခဏ မျက်စိ နာသည်။ မျက်တောင်စိုက်သည်။ မျက်ကြည်နာဖြစ်သည်။ မျက်ရည်ကျသည်။ မျက်စိကို လွန်စွာမှုန်မွဲစေသည့်အပြင် မျက်စိ ကွယ်စေသော မျက်ကြည်တိမ် ဖြစ်စေပါသည်။ မျက်ခမ်း စပ်လျှင် မျက်ခွံများ နီရဲကာ မျက်ခွံများထူ၍ တွဲကျသည်။ ပေမြေးဟု ခေါ်ရလောက် သည်အထိ မျက်ပေါက်ကျဉ်း၍ အကြည့်ရဆိုး စေသည်။ လွန်ခဲ့သော နှစ်ပေါင်းလေးဆယ်ကျော်ခန့်က လူတစ်ရာတွင်



မျက်ခမ်းစပ်ဖြစ်ပွားသူ လေးဆယ်ရာခိုင်နှုန်းကျော် ရှိသည်။ မျက်စိ မမြင်သူ တစ်ရာတွင် လူခြောက်ဆယ်မှာ မျက်ခမ်းစပ် ရောဂါ ကြောင့် ဖြစ်သည်။

မျက်ခမ်းစပ်ရောဂါတိုက်ဖျက်ရေး၊ မျက်စိရောဂါများ ကုသရေးတို့အတွက် တောင်ဇင်း ကျန်းမာရေးဌာနသို့ ရောက် သောအခါ ကျန်းမာရေးမှူးနှင့် ကျန်းမာရေးဝန်ထမ်းများက ကြိုနေကြသည်။ လူပေါင်းများစွာတို့ကလည်း လှည်းများနှင့် လာရောက်၍ မျက်စိကုသခံရန် စောင့်နေကြသည်။ ဆရာဝန် ကြီးဦးမြင့်အောင်နှင့်အတူ လိုက်ခဲ့ကြသော စာရေးသူ အပါအဝင် ဒေါက်တာကျော်ဦး၊ ဒေါက်တာမျိုးခိုင်၊ ဒေါက်တာဘဝင်း၊ ဒေါက်တာ မက်သလင်းယူးလင်း တို့လည်းပါသည်။ စုစုပေါင်း လူနာငါးရာကျော်ကို ကြည့်ရှုကုသ ပေးရသည်။

မျက်တောင်စိုက် လူနာရှစ်ဆယ်ကျော်ကို ခွဲစိတ်ပေးရ ရသည်။ အတွင်းတိမ်၊ ရေတိမ်လူနာများကို ခွဲစိတ်ရန် ချောက်မြို့ ရှိ မျက်စိကုဆေးရုံသို့ လာရောက်ကုသရန် ချိန်းရသည်။

နေပူ၊ ဖုန်ထူသော ပတ်ဝန်းကျင်သာမက ထိုစဉ်က သောက် သုံးရေ လွန်စွာရှားပါးလှသည်။ ယနေ့ပေါ် ထွန်းလာသည့် ကောင်းမွန်သော သောက်သုံးရေ အဝီစိတွင်းများလည်း မရှိသေးပါ။ သက်ယက်တွင်းတူး၍ တစ်နေကုန် ခပ်ပါမှ ရေတစ်အိုးစာ ရသည်။ ရေရနိုင်သည့် တစ်မိုင်နှစ်မိုင် ဝေးသောနေရာသို့

www.burmeseclassic.com

www.burmeseclassic.com



နွားလှည်းနှင့် သွား၍ ရေခံ ရသည်။ ရေမရှိလျှင် တစ်ကိုယ်ရေ သန်းရှင်းရေးနည်းတော့သည်။ ပတ်ဝန်းကျင် သန့်ရှင်းရေးလည်း နိမ့်ကျသည်။ စိမ်းလန်း စိုပြည်ရန်လည်း မလွယ်တော့ပါ။ ထိုအချက်များသည် မျက်ခမ်း စပ်ကဲ့သို့သော ကူးစက်တတ်သည့် မျက်စိရောဂါများ ထူပြော စေပါသည်။

၁၉၆၄ ခုနှစ်မှ ၁၉၆၆ ခုနှစ်အထိ နှစ်နှစ်တာကာလ အတွင်း ချောက်ကို ဗဟိုပြု၍ မကွေး၊ မြင်းခြံခရိုင်တို့ရှိ မြို့နယ်များမှ ကျေးရွာများ၊ မိတ္ထီလာခရိုင်အတွင်းရှိ မြို့နယ်များမှ ကျေးရွာများသို့ သွားရောက်၍ မျက်ခမ်းစပ်လူနာ၊ မျက်စိအတွင်းတိမ်၊ ရေတိမ်လူနာများကို ရှာဖွေကုသခဲ့ရသည်။ မျက်စိရောဂါ၏ ဆိုးကျိုးများကို မျက်ဝါးထင်ထင် တွေ့ရသည်။ တစ်ဦးချင်း ဒုက္ခရောက်သည်သာမက မိသားစုတစ်ခုလုံး မျက်စိရောဂါများခံစားရပြီး စီးပွားရေးချွတ်ခြုံကျသည်။ သနားစရာ ကောင်းလှပါသည်။ ထိုအနိဋ္ဌာရုံများသည် စာရေးသူအား မျက်စိဆရာဝန် ဖြစ်စေရန် တွန်းပို့နေခဲ့ကြသည်။

၁၉၆၀ ပြည့်လွန်နှစ်များတွင် မျက်စိဆရာဝန် နည်းပါးလှသည်။ ရန်ကုန်၊ မန္တလေးနှင့် တိုင်းနှင့်ပြည်နယ် မြို့ကြီး အချို့တွင်သာ ဆရာဝန်ရှိပါသည်။ မျက်စိဆရာဝန် လူဦးရေနှင့်အား အရင်းအမြစ်၊ လွန်စွာနည်းပါးသည့်အချိန်ဖြစ်သည်။ မျက်စိ ဆရာဝန်ရှားပါး၍ မျက်စိကုသပေးမည့်သူများ မရှိသဖြင့် မျက်စိရောဂါ



ဝေဒနာရှင်များ လွန်စွာပေါသည်။ တစ်ချို့ကျေးရွာရှိ ပြည်သူများ အနေနှင့် အသက်ကြီးလျှင် မျက်စိကွယ်ရမည်ဟု ယူဆနေသူများ ရှိသည်။

ထိုအချိန်က ပြည်တွင်းမှာ မျက်စိဘွဲ့လွန်သင်တန်းများ မဖွင့်သေးပါ။ မျက်စိဆရာဝန်ဖြစ်ရန် ကျန်းမာရေးဝန်ကြီးဌာန ကျင်းပသော နိုင်ငံခြား ပညာသင်စာမေးပွဲကို ယှဉ်ပြိုင်ဖြေဆို၍ အရွေးခံရပါမှ နိုင်ငံခြားသို့ သွားရောက်သင်ကြားခွင့် ရနိုင်ပါသည်။ ခန္ဓာဗေဒ၊ ကမ္မဇီဝဗေဒ၊ ရောဂါဗေဒ ဘာသာရပ်များကို ဖြေဆိုရသည်။ အမှတ်အများဆုံး ခြောက်ဦးကို ရွေးချယ်၍ တစ်နှစ်လျှင် နှစ်ဦးနှုန်းဖြင့် ယူကေနိုင်ငံသို့ပို့၍ မျက်စိဘွဲ့လွန် ဒီပလိုမာစာမေးပွဲကို ဖြေဆိုစေပါသည်။ သုပ်သက်နုရင့်အလိုက် စေလွှတ်ရာ စာရေးသူအနေနှင့် ၁၉၇၀ ပြည့်နှစ်တွင် လန်ဒန်သို့ မျက်စိပညာသင်ကြားရန် ထွက်ခွာရပါသည်။

ကျန်းမာရေးဝန်ကြီးဌာနက ပညာသင်ဆုအတွက် ရွေးချယ်ခံရသည့်တိုင် အင်္ဂလိပ်စာ ရေး၊ ဖတ်၊ ပြော စာမေးပွဲကို သူကေသံရုံးသို့ သွားရောက်ဖြေဆိုရပါသည်။ အောင်သဖြင့် ပညာတော်သင်အဖြစ် သွားရသည်။

နိုင်ငံခြားသို့ သွားရောက်ရန် ပြင်ဆင်သောအခါ မှတ်မှတ်

www.burmeseclassic.com

www.burmeseclassic.com



ရရ ဥရောပဝတ်စုံချုပ်ခြင်းနှင့် ခရီးဆောင်သေတ္တာ ဝယ်ယူရခြင်းကို သတိရမိပါသည်။ ပညာတော်သင်သွားသူများအား ဝတ်စုံချုပ်ရန်တက်ထရက်အစ ရောင်းချပေးပါသည်။ ပြင်ပတွင်လွန်စွာများပါးသဖြင့် ထုတ်ခွင့်ရသော အစနှင့်ပင် ဝတ်စုံချုပ်ရပါသည်။ ခရီးဆောင်သေတ္တာကို သူငယ်ချင်းဒေါက်တာအောင်ချစ်၏ မိဘများပိုင်သည့် အောင်မြို့တော် သားရေကုမ္ပဏီမှ ချုပ်လုပ်ရောင်းချသော သားရေသေတ္တာကို ဝယ်ရပါသည်။ ပြင်သစ်ပြည်၊ ပါရီမြို့တွင် တစ်ညတာရပ်နား၍ လေယာဉ်ပျံမှ ဆင်းလာသောအခါ လေဆိပ်မှ တာဝန်ရှိသူများက ထည့်လာသည့်ပစ္စည်းများမပါဘဲ သေတ္တာမှာလေးသဖြင့် မူးယစ်ဆေးများ သယ်ယူလာသည်ဟု သင်္ကာမကင်းဖြစ်ကာ သေတ္တာကို ဓာတ်မှန်ရိုက်ခြင်း၊ စူးသေးသေးနှင့် ဟိုထိုးဒီထောက်လုပ်ပြီး ရှာဖွေကြပါသည်။ မြို့ထဲသို့ ချက်ချင်းမသွားနိုင်။ တစ်နာရီခန့် စစ်ဆေး၍ ကျေနပ်မှ မြို့ထဲသို့ သွားခွင့်ပြုရာ မိုးချုပ်မှ မြို့ထဲရောက်ပါသည်။ နိုင်ငံခြားသွားလျှင် ခေတ်မီသေတ္တာပေါ့ပေါ့ပါးပါး ယူသွားရန် သင်ခန်းစာရခဲ့ပါသည်။ ပူပြင်းခြောက်သွေ့သည့် အညာဒေသရှိ မြို့တစ်မြို့တွင် မွေးဖွားကြီးပြင်းလာသူအတွက် လန်ဒန်မြို့၏ အချမ်းသည် လွန်ကဲလှသည်ဟု ဆိုရပါမည်။ အထူးသဖြင့် လမ်းထွက်လျှင် အပေါ်ပိုင်းတွင် အနွေးထည် အထပ်ထပ်ခြုံမှ နွေးပါသည်။



တက်ထရက်ဘောင်းဘီဝတ်ထား သော ခြေသလုံးများအနေနှင့် အတွင်းတွင် အဆုတ်သာ ရှိနေ မည်ဆိုပါက ထိုခြေသလုံးများ အဆုတ်အအေးမိသည့် ရောဂါရ နိုင်ပါသည်။ ယခု အဆုတ်မရှိ၍ ခြေသလုံးများအေး၍ ကိုက်ခဲခြင်းသာ အပြင်းအထန်ခံရပါသည်။

လန်ဒန်ရောက်စအချိန်တွေ့ရသည့် အခက်အခဲတစ်ခုမှာ လန်ဒန်တက္ကသိုလ်အဆောင်လျှောက်၍မရခြင်း ဖြစ်ပါသည်။ လန်ဒန်ရောက်သည့်အခါ နှစ်ရက်တာမျှနေနိုင်ရန် ဟိုတယ်အငယ်စားလေးများတွင်ရှိသော အခန်းကို ငှားပေးထားပါသည်။ သို့ရာတွင် တစ်နေ့တာအတွက် အခန်းခမှာ ရရှိသည့်ပညာသင်ထောက်ပံ့ကြေးထက် အဆမတန်များနေပါသည်။ သို့ဖြစ်၍ ရေရှည်နေနိုင်ပြီး ဈေးမကြီးသည့် နေစရာအခန်းကို ရှာရသည်။ မြန်မာမိတ်ဆွေများထံသို့ အခန်းလွတ်ရှိကြောင်းတွေ့ပါက အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံရပါသည်။ ကံကောင်းစွာပင် သုံးရက်ခန့်ကြာသောအခါ ဟက်ကနီရပ်ကွက်တွင် နေထိုင်သော မြန်မာပြည်မှ ဒေါ်လုလုအိမ်တွင် အခန်းတစ်ခန်းရှိကြောင်း သိရ၍ ဈေးကလည်း တတ်နိုင်သည့် အနေအထားဖြစ်သောကြောင့် ငှားလိုက်ရပါသည်။ မြို့နှင့်ဝေးသည်။ ဘတ်စ်ကားလေးဆယ့်ငါးမိနစ်ခရီး ဖြစ် ပါသည်။ သုံးပတ်ခန့်ကြာသောအခါ သူငယ်ချင်းများ ဖြစ်ကြသော ကိုဟန်တင်၊ ကိုထွန်းမြင့် တို့မှတစ်ဆင့်

www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီး ပါမောက္ခ ဦးလှဘော်၏ ဌာနမှ မစ္စတာဘရက်ကင်၏ ကူညီမှုကြောင့် လန်ဒန်တက္ကသိုလ် အင်တာနေရှင်နယ် အမည်တွင်သော အဆောင်တွင် နေခွင့်ရရှိပါသည်။ ထိုအဆောင်မှာ ရပ်ဆယ်လ်စကွဲယား အနီးတွင်ရှိပြီး ဂျဒ်လမ်းရှိ တက္ကသိုလ်နှင့် (၅) မိနစ်ခန့် လမ်းလျှောက်ရုံနှင့် ရောက်သဖြင့် လွန်စွာ အဆင်ပြေပါသည်။ ဆောင်းအခါ ည (၇) နာရီစာသင်ခြင်းပြီး အပြန် အဆောင်ကို ခဏနှင့် ပြန်ရောက်၍ များစွာအဆင်ပြေသည်။ အထပ် (၆) ထပ်၊ အခန်း ၂၀၀ ကျော် မျှရှိသော အဆောက်အအုံဖြစ်ပါသည်။ တစ်ယောက်ခန်းဖြစ်၍ ကျဉ်းသော်လည်း အိပ်ရာ၊ စာကြည့်စားပွဲ၊ ဗီရိုတစ်လုံးပေးပါသည်။ အပူပေးစနစ်ရှိ၍ အခန်းတွင်းရောက်ပါက အနွေးထည်ဝတ်ရန် မလိုပါ။ အိမ်သာရေချိုးခန်းများမှာ သီးသန့် နေရာတွင် ရှိပါသည်။ အထပ်တိုင်းတွင် ထမင်းချက်ပြုတ်စားနိုင်သည့် မီးဖိုလေးခု ရေခဲသေတ္တာတစ်လုံး၊ ရေနွေးတည်စက်တစ်လုံးပါသော မီးဖိုချောင်ငယ် လေးခုခန့်ရှိသဖြင့် ချက်ပြုတ်စားသောက်ရန်လည်း အဆင်ပြေပါသည်။ လူ ၂၀ ခန့် ကောင်းစွာကြည့်နိုင်သော ရုပ်မြင်သံကြားအခန်း သုံးခန်းရှိသည်။ ဘီဘီစီလိုင်း၊ အိုင်တီဗီလိုင်း စသည်တို့ကို ခွဲခြားထည့်ပေးထား၍ အစီအစဉ်ကောင်းသည့်လိုင်း သို့မဟုတ် မိမိနှစ်သက်ရာလိုင်းများကို ကြည့်နိုင်ပါသည်။



တစ်ပတ်လျှင် ငါးရက် နံနက်စာနှင့် ညစာကျွေးပါသည်။ စနေ၊ တနင်္ဂနွေနေ့တွင် နေ့လယ်စာပါ ကျွေးသည်။ သူငယ်ချင်းများလာလျှင်လည်း ဈေးနှုန်းသက်သာစွာနှင့် ဝယ်ယူကျွေးမွေးနိုင်ပါသည်။ အောက်ဆုံးထပ်တွင် ဘားကောင်တာရှိပါသည်။ ကော်ဖီ၊ လက်ဖက်ရည်မရောင်း၊ အရက်သာ ရောင်းပါသည်။ အဆောင်နေကျောင်းသားများက အလှည့်ကျဖွင့်ပေးရသည်။ အကခန်းမတစ်ခုရှိသည်။ အပတ်စဉ် စနေနေ့ညများ၌ ကပွဲများကို စီစဉ်ပေးပါသည်။ ပိုက်ဆံထည့်၍ မိမိလိုရာ သီချင်းဓာတ်ပြားကို ဖွင့်နိုင်သော ဓာတ်စက်များလည်း ရှိပါသည်။ ကျောင်းဆောင်တွင် အဝတ်လျှော်စက်၊ အဝတ်ခြောက်စက်များထားသော အခန်းရှိသည်။ ပိုက်ဆံထည့်လျှင် ဆံပြာအိတ်များကျလာသော စက်များလည်းရှိသည်။ မီးပူတိုက်သည့်အခန်းလည်းရှိပါသည်။ ထိုတက္ကသိုလ် အဆောင်များမှာ ဈေးနှုန်းကို အထူးချိုသာစွာနှင့် နေနိုင်ရန် ဆောင်ရွက်ထားပေးသဖြင့် လွန်စွာ နေပျော်ပါသည်။

ဆရာဝန်များထဲက ကိုသာမိုး၊ ကိုအေးထွန်း၊ ဂျွန်လှခိုင်၊ ကိုချမ်းအေး၊ ရန်ကုန်တက္ကသိုလ်မှ ကိုလှမြင့် (သချ်ာ)၊ ကိုတင်မောင် (ကွန်ပျူတာတက္ကသိုလ်)၊ ကိုညီဝင်းမှန် (စိတ်ပညာ) တို့ကလည်း အဆောင်မှာနေကြသည်။ ထမင်း

www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းတွင် တွေ့ကြ၊ စကားပြောကြရသည်။ ကျွန်တော်တို့နှင့် မနီးမဝေး လန်ဒန်ဟောက်စ် အဆောင်တွင် ကိုဟန်တင် (အင်္ဂလိပ်စာ) နှင့် ကိုထွန်းမြင့် (မြန်မာစာ) တို့ နေကြသည်။ သူတို့နှင့် ပေါင်း၍ စနေ၊ သို့မဟုတ် တနင်္ဂနွေ တစ်ရက်ရက်တွင် ထမင်းချက်၍ စားဖြစ်ကြသည်။ ကိုလှမြင့်လည်းရံဖန်ရံခါပါလာပါသည်။ အများအားဖြင့် တစ်ပတ်လျှင် ခြောက်ရက်ခန့် စာနှင့် လုံးပန်း၍ တစ်ရက်နားရပါသည်။ ထိုသို့မှ မနားလျှင် စိတ်ဖိစီးတတ်ပါသည်။ ဆရာဝန်များထဲမှာပင် စိတ်ဖိစီးမှုဒဏ် မခံနိုင်၍ ငိုကြ၊ ယိုကြ၊ အိမ်ပြန်တော့မည်ဟု နေ့စဉ်ပြောနေသူများရှိသည်။ အချင်းချင်း စိတ်ပြေရာပြေကြောင်း ချော့မော့ ပြောရသည်များလည်းရှိပါသည်။ သုံးနှစ်ခန့် ကိုယ်တိုင်းပြည်ကို မပြန်ဘဲ စာနှင့်လုံးနေသော အိမ်ထောင်ရှင် အမျိုးသမီးတစ်ဦး ဖိတ်စဉ်ခဲ့ဖူးသည်ကို မှတ်မိပါသည်။ စိတ်ဖိစီးမှုကြောင့် လိုချင်သောဘွဲ့ကို မရဘဲ ပြန်သွားရသူများလည်း ရှိပါသည်။ တချို့လည်း စာမေးပွဲအောင်၊ အလုပ်လုပ်၍ ပျော်နေကြသူများလည်း ရှိပါသည်။

အညာသားတစ်ဦးအနေနှင့် တွေ့ရှိခံစားရသည့် လန်ဒန် အတွေ့အကြုံများကို အချုပ်တန်းဆရာဖေရေးသည် ဆောင်းရ



ဘူပွဲ လေးချိုးတွင် ဖော်ပြထားသည်ထက် မလျော့ပါကြောင်း ဆင်ပြလိုပါသည်။

“မျက်တစ်ခတ်
မြက်လျှပ်ကာယ် တစ်ဗိုင်နာမျှ
ထည်အလှာ အကုန်ထွေးသော်လည်း
ကြည်အသာ မလုံသေးပါဟု
မှိတ်ပါလျှင် လိပ်ပြာအေးတာမို့
သွေးလန့်လို့ခုန်”

× × ×

www.burmeseclassic.com

www.burmeseclassic.com



## လန်ဒန်ယူစီ၏ မျက်စိဘွဲ့လွန်တက္ကသိုလ်

အောက်တိုဘာလဆန်းသည်နှင့် သင်ကြားရေးကိစ္စများ အရှိန်ပြင်းစွာစပါပြီ။ ဆေးတက္ကသိုလ်တို့၏ ပညာသင်ကြားရေးစနစ်အတိုင်း နံနက် ၈း၀၀ နာရီမှ ၁၁း၀၀ နာရီအထိကို မိုးဖီးလ်ဆေးရုံရှိ မျက်စိအထူးကုဆရာဝန်ကြီးများထံသို့ သွားရောက်လေ့လာကြရ သည်။ လူနာတစ်ဦးချင်း ဆရာစစ်ဆေးပုံ စစ်ဆေးနည်း ရောဂါရှာဖွေနည်း၊ ကုသနည်းအဖုံဖုံတို့ကို မလွတ်တမ်းလေ့လာရသည်။ ဆရာရှင်းပြသည်ကို နားထောင်ရသည်။ ဆရာမေးမြန်းသည်ကို ဖြေဆိုရပါသည်။ စမ်းသပ်ပုံစမ်းသပ်နည်းများကို အတုယူရသည်။ မည်သည့်ရောဂါအကြောင်း သုံးသပ်ပုံနှင့် လူနာအားညွှန်ကြားပုံ၊ ပေးလိုက်သည့်ဆေးများအကြောင်း ခရေစေ့တွင်းကျ လေ့လာရပါသည်။ ဆရာကြီးများကလည်း စေ့စေ့စပ်စပ် စမ်းသပ်သည်။ ကောင်းစွာလည်း သင်ကြားပေးသည်။ သူတို့နိုင်ငံမှာ ဆရာဝန်အနေနှင့် အမှားတစ်ခုခုပြုလုပ်မိပါလျှင် တရားတပေါင်ဖြစ်ကြသည်။ သို့ဖြစ်၍ မည်သည့်ရောဂါ



အကြောင်း သေချာစေရန် ဓါတ်ခွဲနည်းအမျိုးမျိုး၊ နောက်ဆုံးပေါ် သိပ္ပံနည်းကျ စမ်းသပ်နည်းများ၊ ဓာတ်မှန်များ၊ ပုံဖော်နည်းအစရှိသည်တို့ကို အသုံးပြု၍စမ်းသပ်သည်။ လိုအပ်သည် မရှိစေရ။ လူနာအနေနှင့် ကုန်ချင်သလောက်ကုန် ဂရုမစိုက်အားပါ။ အရေးကြီးသည်မှာ ရောဂါကို မှန်မှန်ကန်ကန် သိရဖို့လိုသည်။ ဆေးတိုက် ဆေးကျွေးကိစ္စကိုလည်း စိတ်အချရဆုံး၊ အကောင်းဆုံး ဆေးများကိုပေး၍ ကုသသည်။ အနောက်နိုင်ငံများတွင် စမ်းသပ်စစ်ဆေးမှု မလုပ်ဘဲ လူနာတစ်စုံတစ်ခု ဖြစ်ပါက တရားစွဲခံရပါမည်။ တိုးတက်ဆဲနိုင်ငံများတွင် ကုန်ကျစရိတ် ကျဉ်းနိုင်သမျှ ကျဉ်းစေရန် ဆောင်ရွက်ပေးရသည်။ ရောဂါရှာဖွေရာတွင်လည်း ဈေးအနည်းဆုံးနှင့် အဖြေထွက်ရုံမျှသာ စစ်ဆေးစေရသည်။ တောင်းသော်လည်း ဈေးကြီးသော ရောဂါရှာဖွေနည်းများကို တတ်နိုင်သမျှ ရှောင်ရပါသည်။ ဆေးဆိုလျှင်လည်း ဆေးချင်း အတူတူ ဈေးကြီးသောဆေးများကို မညွှန်းမိစေရန် လွန်စွာ သတိထားရသည်။ လူနာက " ကျွန်တော် တတ်နိုင်ပါတယ်ဆရာ၊ လိုအပ်သလို အကောင်းဆုံးညွှန်ပေးပါ"ဆိုမှ ဈေးကြီးသည့် ဆေးဝါးများကို ညွှန်းရပါသည်။ တစ်ခါတစ်ရံ ဈေးကြီးသော ဆေးများကို မညွှန်းလျှင် မဖြစ်သည့်အခါများ ရှိပါသည်။ ထိုအခါလူနာကို အသေအချာရှင်းပြ၍ ညွှန်းရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



လွန်စွာလိုအပ်သည့် ဓာတ်ခွဲခန်းစမ်းသပ်နည်းများကို သုံးရပါသည်။

ဆေးဝါး၏ တန်ဖိုးများလာသကဲ့သို့ နောက်ဆုံးပေါ် ဓါတ်ခွဲစမ်းသပ်ခြင်းများမှာလည်း ငွေကျပ်တစ်ထောင်၊ နှစ်ထောင်မကသောင်းနှင့်ချီ၍ ပေးရပါသည်။ ဈေးကြီးသည့်တိုင် မစမ်း မဖြစ်သည်များကို စမ်းစေရသည်။ အင်္ဂလန်နိုင်ငံတွင် ကျန်းမာရေး အာမခံထားပါက ဆေးရုံမှ မည်မျှဈေးကြီးသည့် ဆေးကို ညွှန်းသည်ဖြစ်စေ လူနာအနေနှင့် ပိုက်ဆံအနည်းငယ်သာ ပေး၍ ဝယ်ရပါသည်။ ပေါင်တစ်ရာတန်သောဆေးပင်ဖြစ်စေ၊ တစ်ပေါင် နှစ်ပေါင်သာ ပေးရပါသည်။ ဆရာဝန်လက်မှတ်ကို ယူ၍ မည်သည့်ဆေးဆိုင်တွင်မဆို ဝယ်ယူသည်။ ထိုဆေးဆိုင်ကလည်း ဘောက်ချာမိတ္တူများကိုပြ၍ ဈေးနှုန်းအပြည့်ကို အစိုးရ အာမခံဌာနမှ ပြန်တောင်းပေးပါသည်။ ထိုစနစ်ကို သုံးခြင်းအားဖြင့် ဆေးဆိုင်ကြီးများမှ ဆေးဝါးစစ်စစ်ကို သုံးရသည်။ ဈေးကြီး၍ ဝယ်မစားနိုင်ခြင်းမှလည်း ကင်းဝေးစေပါသည်။ ဆရာဝန်နှင့်လည်း အမှန်တကယ်လိုအပ်သော ဆေးများကို စိတ်အေးချမ်းစွာ ညွှန်းနိုင်သည်။

ကျန်းမာရေးအာမခံထားခြင်းကို တိုးတက်သော နိုင်ငံများစွာတွင် မရှိမဖြစ်လုပ်ဆောင်ကြပါသည်။ စာရေးသူတို့အနေနှင့်



ပညာတော်သင်စေလွှတ်ခံရပါက ကျန်းမာရေးအတွက် အာမခံထားရပါသည်။ မထား၍ မရပါ။ အာမခံထားသည့်စရိတ်ကို ပညာသင်စေလွှတ်သော အဖွဲ့အစည်းက တာဝန်ယူရသည်။ အာမခံစနစ်ရှိမှသာ ရောဂါအားလုံး၏ ရှစ်ဆယ်ရာခိုင်နှုန်းကို အခမဲ့ ကုသနိုင်သည်။ တချို့သော ရောဂါများအတွက် အာမခံထားမပေးပါ။ ဥပမာအားဖြင့် သွားရောဂါ ကုသခြင်း၊ လေဆာကိုသုံး၍ မျက်စိပါဝါလျှော့ခြင်း စသည်ဖြစ်ပါသည်။ အာမခံထား၍မရသော ရောဂါဖြစ်ပါက မိမိ၏ ကိုယ်ပိုင်ပိုက်ဆံနှင့် ကုသရမည်ဆိုလျှင် ဈေးကြီးလှပါသည်။ သို့ဖြစ်၍ နိုင်ငံခြားသို့ ရက်ရှည်လများသွားမည့် ပုဂ္ဂိုလ်များအနေနှင့် မြန်မာနိုင်ငံတွင် သွားနှင့်ပတ်သက်သော ရောဂါများကို ကုသွားသင့်ပါသည်။

အာမခံစနစ်ကိုသုံး၍ ဆရာဝန်များနှင့် ပြသခြင်း၊ ကုသခြင်း၊ ဆေးဝယ်ခြင်းများကို ဆောင်ရွက်နိုင်ခြင်းအားဖြင့် ဈေးနှုန်းချိုသာပါမည်။ လူတစ်ဦး၏ အသက်ရှည်ခြင်း၊ အနာမဲ့ခြင်း စသည့်ကောင်းကျိုးများကို ရရှိနိုင်ပါသည်။ နေအင်အားချိတဲ့သော လူနာကို မတတ်နိုင်သော ဆေးညွှန်းပါက ဆေးစာရွက်ကိုင် ယူသာသွားမည်။ ဝယ်မည်မဟုတ်ပါ။ ဝယ်လိုသော်လည်း ဝယ်နိုင်မည် မဟုတ်ပါ။ ဈေးကြီးသော ဆေးဝါးများကို ညွှန်းမည်ဟု ကြံစည်သည့်အခါတိုင်း လူနာအနေနှင့် ဝယ်နိုင်

www.burmeseclassic.com

www.burmeseclassic.com



ပါ့မလား။ မဝယ်နိုင်လျှင် မဝယ်ရုံမျှမက မဝယ်နိုင်သည့်အတွက် စိတ်များဆင်းရဲနေမည်လား စဉ်းစားမိသည်။ ဆရာဝန်ကြီးငယ်များကလည်း ဤသို့စဉ်းစားကြပါသည်။ ဆေးဝါးကိစ္စများ ဆွေးနွေးသည့်အခါတိုင်း ဆေးဝါး ၏အမည် (Brand name) ကိုမညွှန်းဘဲ ဓာတုဗေဒ၊ သို့မဟုတ် ယေဘူယျအမည် (Generic name) ကိုသာ အဓိက ထား၍ညွှန်းပေးရန်ပြောကြပါသည်။ ဆေးထုတ်လုပ်မှု စရိတ်သည် တိုးတက်သောနိုင်ငံများတွင် လွန်စွာကြီးသည်။ ထိုဆေးကိုပင် တိုးတက်ဆဲနိုင်ငံများတွင် ထုတ်မည်ဆိုပါက ဝန်ထမ်းစရိတ်ကျဉ်း၍ ဈေးသက်သာပါသည်။

မျက်စိဘွဲ့လွန်သင်တန်းတက်သည့်အခါတွင် လူနာများကိုကိုင်တွယ်စစ်ဆေးရသဖြင့် ဆေးကောင်စီတွင် မှတ်ပုံတင်ရန်လိုပါသည်။ ထိုအချိန်က မည့်သည့်စာမေးပွဲမှ ဖြေဆိုရန်မလိုအပ်ဘဲ ဂျီအမ်စီ ( General Medical Council) တင်းပြည့် မှတ်ပုံတင်ပေးပါသည်။ တချို့သောနိုင်ငံများမှ ဆရာဝန်များကို ယာယီမှတ်ပုံတင် လက်မှတ်သာထုတ်ပေးပါသည်။ ဒုတိယအချက်အနေနှင့် လူနာကိုင်တွယ်စမ်းသပ်ရာတွင် တရားစွဲဆိုခြင်းခံရပါက အာကာအကွယ်ရနိုင်ရန် (Medical Protection Society) "ဆေးကုသခြင်းအကာ အကွယ်ပေးသော အာမခံအဖွဲ့အစည်း" သို့ဝင်ရပါသည်။ ထိုအဖွဲ့ဝင်ဖြစ်ပါမှလူနာကိုစမ်းသပ်ခွင့် ပြုပါသည်။ ဆေးကုသခွင့်ပြုပါသည်။



နိုင်ငံခြားမှ မြန်မာနိုင်ငံသို့ မျက်စိကုလာရောက်သောအဖွဲ့အစည်းများရှိပါသည်။ မျက်စိခွဲလျှင် ပြန်၍မြင်နိုင်ပါသည်။ သို့ရာတွင် မျက်စိကန်းလျှင်လည်း ကန်းသွားနိုင်သည်ဟု ပြောပြီးခွဲစိတ်ရန် သဘောတူပါသလားဟု မေးလေ့ရှိပါသည်။ သဘောတူလျှင် လက်မှတ်ထိုးစေပါသည်။ ထို့သို့မရှင်းပြပါက တစ်စုံတစ်ခုဖြစ်လျှင် လျော်ကြေးတောင်းပါသည်။ မြန်မာနိုင်ငံတွင် ဆရာဝန်နှင့် လူနာဆက်ဆံရေးမှာ တစ်မျိုးဖြစ်ပါသည်။ လူနာအနေနှင့် ရောဂါကိုကုလိုက်လျှင် ပျောက်သွားမှာပါ။ သက်သာသွားမှာပါဟုပြောမှ စိတ်ချမ်းသာသည်။ ကြိုက်သည်။ အမှန်မှာ ည်သည့်ရောဂါကို ကုသသည်ဖြစ်စေ၊ သဘာဝ အတိုင်း သေနိုင်သည်၊ ကန်းနိုင်သည်။ ဆရာဝန်များအနေနှင့် ထို့သို့ပြောပါသည်။ လူနာအားညှာတာသည့် သဘောဖြစ်ပါသည်။ သို့ရာတွင် ရောဂါအခြေအနေအမှန်နှင့် ဖြစ်နိုင်ဖွယ်ရှိသည် များကိုလူနာ၏ သားသမီး၊ ဆွေမျိုးများကိုတော့ ပွင့်ပွင့်လင်းလင်းပြောတတ်ကြပါသည်။ နိုင်ငံခြားသာများက ကာကွယ်သည့်အနေနှင့် မျက်စိခွဲလျှင်ကောင်းနိုင်ပါသည်။ ကန်းလည်း ကန်းနိုင်သည်ဟု ပြောသည့်အခါ လူနာအချို့မှာ ငိုယိုကြသည်။ ခွဲစိတ်တော့ဘဲ ပြန်သွားသည့် လူကြီးများလည်းရှိပါသည်။ ထိုသို့စိတ်ဆင်းရဲသွားသော လူနာများကို အနီးရှိမြန်မာ

www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်များက နှစ်သိမ့်ရသည်။ ကောင်းစွာမြင်ရသည့် လူနာများအကြောင်း နားဝင်ချိအောင်ပြောရသည်။ မြို့ပေါ်ရှိလူနာများကိုပြောလျှင် နားလည်နိုင်သေးသည်။ သားသမီးများက ရှင်းပြနိုင်သည်။ ကျန်းမာရေးပညာ အခြေခံနည်းသူများကို သွားပြောပါက ကန်းချင်လည်းကန်းစေ မခွဲတော့ဘူးဟုပြော၍ ထွက်ပြေးသွားမှာ သေချာပါသည်။

မိုးဖီးလ်ဆေးရုံကို စတင်သွားရသည့်နေ့တွင် အိပ်ရာမှ စောစောထ၍ ပြင်ဆင်ရမည်။ မိုးဖီးလ်ဆေးရုံသည် စီးတီးရုဒ်လမ်းတွင်ရှိသည်။ မိမိနေထိုင်ရာ အင်တာနေရှင်နယ်အဆောင်မှ ကားစီး၍မသွားတတ်သဖြင့် ညကတည်းက မြေအောက်ရထားစီး၍ သွားရန် ဆုံးဖြတ်ပြီး လမ်းကြောင်းရှာထားရပါသည်။ စာရေးသူနေသည့် အဆောင်နှင့်အနီးဆုံးမှာ ရပ်ဆယ်လ်စကွဲယားမြေအောက်ဘူတာတစ်ခု ရှိပါသည်။ ထိုဘူတာကို ဖြတ်သွားသည့် ရထားလိုင်းမှာ ပစ်ကာဒေလီတစ်လိုင်းသာရှိပါသည်။ ဆေးရုံနှင့်အနီးဆုံး မြေအောက်ရထားဘူတာရုံမှာ အိုလ်စထရီဘူတာရုံဖြစ်ပါသည်။ နော့သင်းလိုင်းပေါ်တွင်ရှိသည်။ သို့ဖြစ်၍ ရပ်ဆယ်လ်စကွဲယားမှ မြေအောက်ရထားကို ကင်းကရော့ဘူတာရုံသို့စီးရသည်။ ထိုဘူတာရုံတွင် နော့သင်းလိုင်းသို့



ပြောင်းရ၍ အိုးလ်စထရီသို့ရောက်လျှင် မြေပေါ်ပြန်တက်ရသည်။ ထိုနေရာမှ ဆေးရုံရှိရာသို့ လမ်းလျှောက်သွားရပါသည်။

မိုးဖီးလ်ဆေးရုံသည် လက်ရှိအားဖြင့် ကမ္ဘာကျော် ပညာသင်ကြားရေး မျက်စိဆေးရုံဖြစ်သည်။ ကမ္ဘာ့အကျော်အမော်ကျွမ်းပြုဆရာဝန်များ၊ တီထွင်သူများ၊ သိပ္ပံပညာရှင်ဆရာဝန်ကြီးများ အလုပ်လုပ်သည့် ဆေးရုံလည်း ဖြစ်သည်။ မျက်စိခွဲစိတ်စာအုပ်ရေးသည့် ဒေါက်တာစတော့လတ်လည်း ထိုဆေးရုံမှာ အလုပ်လုပ်သည်။ မျက်ခမ်းစပ်ရောဂါပါရဂူ၊ မျက်စိပါရဂူပါမောက္ခ ဘာရီဂျုံး အလုပ်လုပ်သည့် ဆေးရုံဖြစ်သည်။ တစ်ချိန်က ဗြိတိသျှဘုရင်မကြီးအား မျက်စိကုသပေးရန် တာဝန်ပေးခြင်းခံရသည့် ဆာစတီးဝပ်ဂျုက်အဲလ်ဒါ လူနာများကို ကုသပေးသည့်ဆေးရုံလည်းဖြစ်ပါသည်။ ဆရာများ၊ သိပ္ပံနည်းကျ သုတေသနလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်နေသော ဆေးရုံလည်းဖြစ်ပါသည်။

မိုးဖီးလ်မျက်စိဆေးရုံကို ၁၈ ရာစုနှစ်အတွင်း နပိုလီယန်နှင့် ဗြိတိသျှတို့ တိုက်သော အာဖရိကစစ်မြေပြင်မှ မျက်စိကွယ်စေသော မျက်ခမ်းစပ်ရောဂါခံစားရသူများကို အထူးကုသရန် တည်ထောင်ခဲ့သော ဆေးရုံဖြစ်သည်။ ယခုအခါ ကမ္ဘာကျော် မျက်စိဆရာဝန်များ မွေးထုတ်သင်တန်းပေးရာ နေရာဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အိန္ဒိယ၊ စင်ကာပူ၊ မလေးရှား၊ သီရိလင်္ကာ၊ ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ် မြန်မာအပါအဝင် နိုင်ငံများမှ မျက်စိဆရာဝန်များကို မွေးထုတ်သည့် ဆေးရုံဖြစ်၏။

မျက်စိပိုင်းဆိုင်ရာ ရောဂါများကို ခွဲခြမ်းစိတ်ဖြာ၍ အတွင်းတိမ်၊ ရေတိမ်၊ အာရုံလွှာ၊ မျက်စိပြြင်ပရောဂါ၊ ကလေးမျက်စိအထူးကု၊ မျက်စိစွေ၊ မျက်ကပ်မှန်၊ မျက်စိဆေးဝါးဗေဒ အစရှိသည်တို့ကို အထူးကုဌာနများ ဖွင့်လှစ်၍ သင်ကြားပေးသော နေရာလည်းဖြစ်သည်။ ကမ္ဘာအရပ်ရပ်မှ ဆေးကုသရန် လူနာများနှင့် ပြည့်လျှမ်းနေသော ဆေးရုံဖြစ်သည်။



## ကမ္ဘာကျော်သူတေသီမျက်စိပညာရှင်များ

မိုးဖီးလ်မျက်စိဆေးရုံတွင် အလုပ်လုပ်ခဲ့သော ကမ္ဘာ့အကျိုးပြု သုတေသီ မျက်စိပါရဂူတစ်ဦးကို လွန်စွာအားကျခဲ့ပါသည်။ အားကျရသည့်သူမှာ အနစ်နာခံ၊ ဆင်းရဲခံ၍ နှစ်ပေါင်းများစွာ ဆုတ်မနစ်သော ဇွဲလုံ့လဝီရိယဖြင့် လူသန်းပေါင်းများစွာ ခံစားရသည့် အတွင်းတိမ်ကုသရာတွင် ခွဲစိတ်နည်းသစ်အဖြစ် မျက်စိတွင်း မှန်ထည့်၍ ခွဲသောနည်း (Intraocular lens implantation surgery) ကို တီထွင်ခဲ့သည့် ဆာဟာရိုးလ်ရစ်ဒ်လီ (Sir Harold Ridley) ဖြစ်ပါသည်။ သူသည် မိုးဖီးလ်မျက်စိဆေးရုံတွင် အတိုင်ပင်ခံ မျက်စိခွဲစိတ်ဆရာဝန်ကြီးအဖြစ် နှစ်ပေါင်းများစွာ ဆောင်ရွက်ခဲ့ပါသည်။ မျက်စိအတွင်းတိမ်ကို ခွဲစိတ်ပြီး မျက်စိတွင်း မှန်မထည့်ပါက မျက်စိရှေ့ နှစ်ပေ၊ သုံးပေ အကွာအဝေးသာ မြင်ရပါသည်။ ပို၍ မြင်စေရန် ပါဝါ ၁၀ ဒသမ ၀၀ နှင့်အောက်တာခန့်ရှိသော မျက်မှန်အထူကြီးသုံးပါမှ ရှေ့သို့ မြင်ရပါသည်။ မျက်မှန်အထူကြီးတပ်သောအခါ မျက်နှာပေါ်တွင် လေးသော မျက်မှန်ကို တပ်ရသည်။ အရာဝတ္ထုများကိုလည်း

www.burmeseclassic.com

www.burmeseclassic.com



ပကတိမျက်စိကဲ့သို့ ကောင်းစွာမမြင်ရပါ။ မှန်ထူသဖြင့် ပုံရိပ် ဝါးတတ်ပါသည်။ မျက်စိခွဲစိတ်ပြီးသည်နှင့် အတွင်းမှန်ထည့်၍ ကုသပါက လူနာအနေနှင့် ချက်ချင်းမြင်ရသည်။ ထူသော မျက်မှန်တပ်ဆင်ရန် မလိုပါ။ ပကတိမျက်စိနှင့် မြင်ရသကဲ့သို့ မြင်နိုင်ပါသည်။ အတွင်းတိမ်ခွဲစိတ်သူအားလုံးနည်းပါး တိမ်ထုတ်၍ မျက်စိတွင်း မှန်ထည့်သည့် ခွဲစိတ်နည်းကိုသုံးသည်။ တိုးတက်ဆဲ နိုင်ငံများ၏ ၈၀ ရာခိုင်နှုန်းအထိသည်လည်း ထိုနည်းကို သုံးနေ ကြပါသည်။

မျက်စိသုတေသီပညာရှင် ရစ်ဒလီ၏ ဘဝပိုင်းအစမှာ အပြစ်တင်ခံရခြင်း၊ ရှုတ်ချခံရခြင်းများကို ခါးစည်းခံရသည့်ဘဝ ဖြစ်သည်။ မလုပ်သင့်သည့် ခွဲစိတ်မှုမျိုး လုပ်သည်ဟု စွပ်စွဲခံရ ပြီး ဘဝပျက်မည့် အခြေအနေကို ရောက်ခဲ့သည်။ သို့ရာတွင် မျက်စိတွင်း မှန်သုံးသည့်လူနာများ ရရှိနေသည့် ကောင်းကျိုး ရလဒ်များကို မျက်ကွယ်မပြုနိုင်ကြတော့သောအခါ ချီးမွမ်းခြင်း ချီးကျူးထောပနာပြုခြင်း၊ အဆင့်မြင့်ဂုဏ်ထူးဘွဲ့ထူးများပေး၍ ချီးမြှောက်ခြင်းနှင့်သာ ကြုံတွေ့ရတော့သည်။ အမေရိကန် ပြည်ထောင်စုအတွင်းတိမ် ကုသရေးအသင်းကြီးက ၂၀ ရာစုနှစ်၏ အထူးချွန်ဆုံးသော မျက်စိဆရာဝန်ကြီးအဖြစ် ဂုဏ်ပြုခဲ့သည်။ ယူနိုက်တက်ကင်းဒမ်းနိုင်ငံ အယ်လိဇဘတ် (၂) ဘုရင်မကြီးကလည်း ဆာဘွဲ့အပ်နှင်း၍ ချီးမြှောက်ခဲ့သည်။ ယူကေနိုင်ငံ သိပ္ပံပညာ



တော်ဝင်အသင်းကြီးကလည်း အဖွဲ့ဝင်အဖြစ် ဂုဏ်ပြုချီးမြှောက် ခဲ့သည်။ သူသည် မိုးဖီးလ်ဆေးရုံ၏ ဂုဏ်ကိုဆောင်၍ ကမ္ဘာကျော်စေ ခဲ့သူဖြစ်သည်။

မျက်စိကျမ်းပြုသူများ၊ သုတေသီများနှင့် မိုးဖီးလ်ဆေးရုံ၏ ဂုဏ်ဆောင်ခဲ့သော မျက်စိဆရာဝန်ကြီး အများအပြားရှိသည်။ ထိုအထဲတွင် စာရေးသူတို့၏ မျက်စိဆရာဝန်ဘဝကို ကြဲဇာ ထွန်းမိုးစေခဲ့သည့် ပုဂ္ဂိုလ်ကျော်တစ်ဦးမှာ ဆာစတီးဝပ်ဂျူခ် အယ်လ်ဒါဖြစ်ပါသည်။ မျက်စိပြဋ္ဌာန်းစာအုပ်များစွာတို့ကို ရေးသားခဲ့သည့် သုတေသီပညာရှင်ကြီးလည်း ဖြစ်ပါသည်။ ဘုရင်မကြီး၏ မျက်စိသမားတော်ဖြစ်သည်။ လန်ဒန်ယူနီဗာစတီ မျက်စိဘွဲ့လွန်တက္ကသိုလ်၏ ဒါရိုက်တာဖြစ်သည်။ ပါဆင်၏ မျက်စိရောဂါစာအုပ်၊ မျက်မှန်လိုသော မျက်စိမှုန်ခြင်းကို ကုသ နည်းစာအုပ်နှင့် အတွဲပေါင်းများစွာရှိသည့် မျက်စိရောဂါ နည်း ပညာစာအုပ်တွဲကြီးကိုလည်း ပြုစုခဲ့ပါသည်။ သိပ္ပံစာတမ်းများစွာ တို့ကို ရေးသားခဲ့၍ ကမ္ဘာ့မျက်စိလောက၏ ရှေ့ဆောင်လမ်းပြ ကြီးလည်း ဖြစ်ခဲ့ပါသည်။

နောက်အားကျဖွယ် ပုဂ္ဂိုလ်တစ်ဦးမှာ စာရေးသူတို့ ဘွဲ့လွန် ဆင်တန်းတက်ခဲ့စဉ်က မျက်စိခွဲစိတ်ပညာရပ်များကို သင်ကြား ပေးသော ဒေါက်တာ အိပ်ချ်ဘီစတောလဒ်ဖြစ်ပါသည်။ မျက်စိ

www.burmeseclassic.com

www.burmeseclassic.com



ခွဲစိတ်ပညာစာအုပ်ကို ရေးသားခဲ့သည်။ သူ၏နာမည်နှင့် ခွဲစိတ်နည်းပေါင်းများစွာကို တီထွင်ခဲ့သည့်အပြင် မျက်စိခွဲစိတ်ကိရိယာများစွာကိုလည်း တီထွင်ခဲ့သည်။

တိုးတက်သောနိုင်ငံကြီးတိုင်းရှိ မျက်စိဆရာဝန်ကြီးများကို အားကျမိသည်မှာ သူတို့သည် သုတေသန လုပ်ငန်းအမျိုးမျိုးကို ဇောက်ချ လုပ်ကိုင်ကြ၍ဖြစ်သည်။ မျက်စိနှင့်ပတ်သက်သော ဂျာနယ် များတွင် တစ်ဦးတစ်ယောက်ချင်း လေ့လာတွေ့ရှိချက်များကို ရေးသားကြသည်။ အုပ်စုဖွဲ့၍လည်း ရေးသားကြသည်။ သုတေသန ပြုရန် ရန်ပုံငွေကိုလည်း ဆေးကုမ္ပဏီများ၊ အဖွဲ့အစည်းများက ထောက်ပံ့ကြသည်။ ခရီးစရိတ်၊ နေထိုင်စရိတ်၊ စူးစမ်းရှာဖွေစရိတ်၊ ဆေးဝါးအတွက် ကုန်ကျစရိတ်၊ စာတမ်းပြုစုစရိတ်များပါ ကုန်ကျ ခံသည်။ မျက်စိတွင်း မှန်သုတေသနလုပ်သည့် မျက်စိဆရာဝန်ကြီး ဆာဟာ ရိုးလ်ရစ်ဒလီကိုလည်း သူ၏စူးစမ်းလေ့လာမှု သုတေသန ကိစ္စရပ်အတွက်၊ အေးကုမ္ပဏီများက ထောက်ပံ့ခဲ့သည်။ ငွေကြေးမြောက်များစွာ ကုန်မည့် သုတေသန လုပ်ငန်းများကိုမလုပ်သည့်တိုင်၊ အသုံးကျသော ရောဂါဖြစ်ပွားနှုန်းကို လေ့လာခြင်း၊ ဆေးအာနိသင်ကို လေ့လာခြင်း ပျောက်ကင်းနှုန်း လေ့လာခြင်းမှစ၍ အများပြည်သူများအတွက် အသုံးဝင်သော လေ့လာမှုများကို စဉ်ဆက်မပြတ် လုပ်ဆောင်နေကြပါက ပညာရပ်ဆိုင်ရာ တိုးတက်မှုများရရှိနေမည်



ဖြစ်ပါသည်။ ဆာဟာရိုးလ်ရစ်ဒလီသည် မျက်စိအတွင်း မှန်ထည့်သွင်း အသုံးပြုသည့် သုတေသနလုပ်ငန်းကို ၁၉၄၉ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်နေ့တွင် ပထမဆုံး လူနာကို ခွဲစိတ်ခြင်းဖြင့် စခဲ့သည်။ လုပ်ဖော်ကိုင်ဖက် ဆရာဝန်များက မုဒိတာ မပွားနိုင်ဘဲ ဝေဖန်ရှုတ်ချကြခြင်းကို ခါးစည်းခံခဲ့သည်။ သို့ရာတွင် ၁၉၈၀ ပြည့်နှစ်ခန့်ရောက်သောအခါ တစ်ကမ္ဘာလုံးက လက်ခံအသုံး ပြုသော အတွင်းတိမ်ရောဂါကုနည်းဖြစ်လာခဲ့ပြီး သူကောင်းပြု ခြင်း ခံရပါသည်။ ထိုကဲ့သို့သော သိပ္ပံပညာရှင်များရှိ၍လည်း ကမ္ဘာကြီး တိုးတက်နေခြင်းဖြစ်သည်။ စာရေးသူတို့ မျက်စိဘွဲ့ လွန်တက်သည့် ၁၉၇၀ ပြည့်နှစ်များမှာပင် မျက်စိတွင်းမှန် ထည့်သွင်းကုသရေးနှင့် ပတ်သက်သောနည်းနှင့် အောင်မြင်မှုများ၊ သုတေသနရလဒ်များအကြောင်းကို သင်ကြားပို့ချနေခဲ့သည်။

လန်ဒန်တွင် ဘွဲ့လွန်သင်တန်းတက်ရသော အချိန်သည် ဘဝတွင် လွန်စွာပင်ပန်းသော အချိန်များဖြစ်သည်။ နံနက် ၆း၀၀ နာရီကျော်ကျော်တွင် စတင်လှုပ်ရှားရပြီး တစ်နေ့လုံး ဆေးရုံတွင် လေ့လာရသည်။ ဆရာကြီးများ၏ လူနာပြသ သင်ကြားခြင်းကို နာခံရသည်။ မေးမြန်းသည်ကို ဖြေရသည်။ နံနက် ၈း၀၀ နာရီမှ ၁၁း၀၀ နာရီကျော်ခန့်အထိဖြစ်သည်။ နံနက် (၁၁း၀၀) နာရီမှ နေ့လယ် ၁း၀၀ နာရီအထိ မျက်မှန်စမ်းသပ်ခြင်း ကို လက်တွေ့လေ့လာရသည်။ မျက်မှန်အကြောင်း၊ အလင်းတန်းများ

www.burmeseclassic.com

www.burmeseclassic.com



အကြောင်း အလင်းနှင့်ပတ်သက်သော ရူပဗေဒဆိုင်ရာ အချက်အလက်များကို ကျောင်းတွင် သင်ရသည်။ အနီးမှုန်၊ အဝေးမှုန်များအကြောင်း၊ အနုတ်ပါဝါမှန်၊ အပေါင်းပါဝါမှန်များအကြောင်း၊ ဆလင်ဒါခေါ် ဆုံချက်မှန်များ အကြောင်း ခရေစေ့တွင်းကျ သင်ရသည်။ ဆာစတီးဝပ်ကဂျုံခ် အယ်လ်ဒါရေးသော မျက်စိမှုန်ခြင်းအမျိုးမျိုးနှင့် မျက်မှန်စမ်းသပ်ကုသခြင်း၊ မျက်စိအတွင်းပိုင်း ကြည့်ရှုလေ့လာခြင်း၊ မှန်အမျိုးမျိုးအကြောင်း စာအုပ်ကို ကျေညက်သည်အထိ လေ့လာရသည်။ မျက်မှန်ပါဝါစမ်းခြင်းကို ဆောင်ရွက်ရသည်။ မလေ့လာ၍လည်းမရပါ။ စာမေးပွဲတွင် အမြင်နှင့် အလင်းဆိုင်ရာဘာသာရပ်ကို စာတွေ့ဖြေဆိုရသကဲ့သို့ လက်တွေ့ စာမေးပွဲတွင်လည်း လူနာအား မျက်မှန်ပါဝါတိုင်းပေးရသည်။ ထိုလူနာကို ပေးသော မျက်မှန်ပါဝါနှင့် ပတ်သက်၍ နှုတ်ဖြေစာမေးပွဲကိုလည်း ဖြေဆိုရပါသည်။ မျက်စိဘွဲ့လွန်သင်တန်း တက်သူတချို့ မျက်မှန်စမ်းသပ်ခြင်းဘာသာရပ်တွင် ကျရှုံး၍ စာမေးပွဲပြန်ဖြေ ရသူများ ရှိပါသည်။ သို့ဖြစ်သည့်အတွက် သင်တန်းသူ သင်တန်း သားများ လူနာမျက်စိစမ်းသပ်ခြင်းလုပ်ငန်းကို အရေးတယူ လုပ်ဆောင်ရပါသည်။

နေ့လယ် ခေတ္တ ထမင်းစားချိန်ရပ်နားပြီးနောက် ဆရာဝန်ကြီးများ ခွဲစိတ်သည်ကို လေ့လာရသည်။ ဆရာများ ခွဲစိတ်သည့်



အခန်း မျက်နှာကြက်ကို မှန်များနှင့်ကာထားသည်။ တိုးလျှိုပေါက်မြင်ရသော နေရာများတွင် ထိုင်၍ကြည့်ရသည်။ ယခုခေတ်ကဲ့သို့ စီစီတီဗီခေါ် ရုပ်မြင်သံကြားစက်များမှတစ်ဆင့် သင်ကြားခြင်း မရှိသေးပါ။ ယခုအခါတွင် ခွဲစိတ်ခန်းတွင် တပ်ဆင်ထားသော ရုပ်မြင်သံကြားစက်၊ ကင်မရာအနီးကပ်ယူ၍ အခန်းတစ်ခုထဲရှိ ရုပ်မြင်သံကြားစက်သို့ ပို့လွှတ်ခြင်းကို ကြည့်ရှုနိုင်သည်။ အနီးကပ် ပုံကြီးချဲ့၍ ပြသနိုင်သဖြင့် ခွဲစိတ်ခန်းတွင်းဝင်၍ ကြည့်သည်ထက်ပင် ကောင်းစွာ မြင်ရပါသည်။ ဆရာဝန်ကြီးများ ခွဲစိတ်ခြင်းကို အပြင်မှ ကောင်းစွာ လေ့လာနိုင်သကဲ့သို့ ခွဲစိတ် ခြင်းကို တောက်လျှောက် ဗွီဒီယိုဆွဲထားပြီး အေးအေးဆေးဆေးမှ ကြည့်လျှင်လည်းရသည်။ အောဘစ်လေယာဉ်မျက်စိကုအဖွဲ့ လာစဉ်က လေယာဉ်ပေါ် ခွဲသမျှကို ဗွီဒီယိုဆွဲပြီး မျက်စိဆေးရုံကိုပေးသည်။ ခွဲစိတ် ဆရာဝန်များ၊ ကျောင်းသားများ ပြန်လှန်လေ့လာနိုင်သည်။ ထိုသို့ လေ့လာခြင်းဖြင့် ခွဲစိတ်နည်းကို မည်ကဲ့သို့ ပိုမိုကောင်းမွန်စေရန် ဆောင်ရွက် ရမည်ကို တွေးတောကြံဆ အကောင်အထည် ဖော်နိုင်ပါသည်။ ကြည့်သူများလည်း လေဆိပ်ခန်းမ အပေါ်ထပ် ရုပ်မြင် သံကြားစက်၊ ပန်းသားပြင်ပေါ်တွင် မြင်ရသည်။ ကြည့်ရှုလေ့လာရသည်။ အခွပ်ကို မြင်ရသည် သာမက ခွဲစိတ်ဆရာဝန်က သူ၏ခွဲစိတ် အဆင့် တစ်ဆင့်ချင်းစီ ရှင်းပြသည်ကိုလည်း ကြားရသည်။

www.burmeseclassic.com

www.burmeseclassic.com



မေးစရာရှိက ကြည့်နေသည့် အခန်းကနေ၍ မေးပါက
ခွဲစိတ်သော ဆရာဝန်က ချက်ချင်း ပြန်ဖြေနိုင်ရန် ဆက်သွယ်
ထားပါသည်။

ခွဲစိတ်ခြင်းများ လေ့လာ၍ ညနေ ၃း၃၀ ခန့်ရှိသည့် အခါ
ဘွဲ့လွန်ကျောင်းရှိရာ ဂျဒ်လမ်းသို့ မြေအောက်ရထားစီး၍
သွားရသည်။ အပြေးအလွှားသွားပါမှ ၄း၀၀ နာရီတွင်စသည့်
စာပေပို့ချခြင်း အစီအစဉ်ကို မီပါသည်။ ညနေတိုင်း စာသင်ချိန်
သုံးချိန်ရှိပါသည်။ ညနေ ၇ နာရီအထိ စာသင်ရပါသည်။ ၇ နာရီ
ကျော်သောအခါ ကျောင်းဆောင် ပြန်ရသည်လည်း ရှိသည်။
ဆရာများ ဖတ်စေလိုသည့် ဂျာနယ်များ၊ စာအုပ်များကို
ကျောင်းရှိ စာကြည့်တိုက်သို့ သွားရောက်လေ့လာ ရသည်လည်း
ရှိပါသည်။ စာကြည့်ခန်း၏ အပြင်ဘက်တွင် မိတ္တူကူးစက်နှင့်
စာရွက်များ ပေးထားသဖြင့် လိုသလိုကူး၍ ရသည်။

ကျောင်းဆောင်၏ ညစာကို ၇း၃၀ နာရီခန့်အထိ ကျွေး
သဖြင့် ညစာပြန်စားပြီး စာပြန်ကျက်ရပါသည်။ တစ်နေ့လုံး
လေ့လာထားသည့်စာ၊ သင်ကြားထားသည့်စာများကို ညစဉ်
မဖတ်မနေ ဖတ်ရသည်။ မဖတ်ပါက စာကြွေးပြန်ဆပ်ရန်
မလွယ်လှပါ။ စာနှင့် လုံးလည်ချာလည်လိုက်နေသဖြင့် တစ်ပတ်လုံး
စာဖတ်ရသည်။ တနင်္ဂနွေနေ့ နေ့ပိုင်းတွင် အနားယူသည်



အနေဖြင့် သူငယ်ချင်းများနှင့် တွေ့ဆုံ၍ စကားပြောကြ၊
အမင်းစုစားကြသည်။ ထိုသို့မှ မလုပ်လျှင်လည်း စိတ်၏
အတ်ပေါက်မရှိက စိတ်ကျရောဂါ တစ်နည်းနည်းနှင့် ဝင်မှာစိုး
ပါသည်။

နိုင်ငံခြားသို့ မရောက်ဖူးသေးခင်က လွန်စွာ သွားလိုလှ
ပါသည်။ နိုင်ငံခြားသွားခွင့် စာမေးပွဲအောင်သည့် အချိန်မှစ၍
နိုင်ငံခြားသွားရမည့်အချိန်ကို စောင့်ရသည်။ ပညာတော်သင်
သွားခွင့် အမိန့်သည် ပညာတော်သင် သွားရမည့် နေ့ရက်၊
တက္ကသိုလ် စသည်တို့ကို အကြောင်းကြားပေးသည်။ စာမေးပွဲ
အောင်ပြီးနောက် လန်ဒန် မျက်စိပိုင်း ဆိုင်ရာတက္ကသိုလ်
တက်ခဲ့သူများထံမှ သင်တန်းအတွက် ဖတ်စရာ မှတ်စရာ
လေ့လာစရာများကို မေးမြန်းလေ့လာရသည်။ သွားရေးလာရေး၊
နေရေး ထိုင်ရေးများကိုလည်း မေးရပါသည်။ ဝတ်စားဆင်ယင်မှု
များနှင့် ပတ်သက်၍ လန်ဒန်ရောက်လျှင် မီးခိုးရောင် (သို့မဟုတ်)
အပြာရောင် ဝတ်စုံချုပ်ရန်လိုသည်။ ဘောင်းဘီ၊ ကုတ်အင်္ကျီ၊
ကုတ်အင်္ကျီအောက်တွင် ဝတ်ရသော အတွင်းခံ သက္ကလပ်အင်္ကျီ
စသည်ပေါင်း သုံးမျိုးပါဝင်သော ဝတ်စုံချုပ်ရန် လိုသည်။ နေ့စဉ်
ကျောင်းတက်သောအခါ သမားရိုးကျအားဖြင့် ဘောင်းဘီ၊ ကုတ်
အင်္ကျီဝတ်ဆင်၍ လည်စည်းတပ်ရန်လိုသည်ဟု အကြံပေးကြသည်။
ဆရာဝန်ဖြစ်၍ လူနာကိုကိုင်တွယ် စမ်းသပ်ရာတွင် လေးစားသမှု

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်စေရန် ဝတ်ရကြောင်း ပြောသည်။ သုံးမျိုးပါဝင်သော ဝတ်စုံ
စာမေးပွဲဖြေသောအခါ မဖြစ်မနေ ဝတ်ရမည်ဟု အကြံပေးသည်
ယင်းအကြံပေးချက်မှာ မှန်ပါသည်။ ဆရာများသည် ဖြစ်ကာတတ်ဆံ
ဝတ်ဆင်ကာ စာမေးပွဲ ဖြေဆိုသူအား သူတို့ပေးမည့်အမှတ်နှု
မထိုက်တန်ဟု ယူဆကြောင်းပြောသည်။ လန်ဒန် မသွား
စာတွေ့၊ လက်တွေ့ လေ့လာခြင်းများကို အချိန်ရှိသမျှ ပြုလုပ်
ပါသည်။

လန်ဒန်သို့ရောက်သောအခါ သင်ပေးသော စာများ
နေ့စဉ် မြင်တွေ့နေရသော မျက်စိရောဂါများအကြောင်း ဖတ်ရှု
လေ့လာရသည့် အချိန်များမှာ များပြားလွန်းလှသဖြင့် အိပ်ချိန်မှ
နာရီအနည်းငယ်သာ ရှိသည်။ လေ့လာသမျှကို သင်တန်းသား
ဆရာဝန်ခြောက်ဦးပါဝင်သော အုပ်စုလေးအတွင်း မပြတ်ဆွေးနွေး
ရပါသည်။ ထိုအုပ်စုတွင် ကျွန်တော်နှင့်အတူ နီပေါ၊ ဂျာမနီ
အိန္ဒိယ၊ ပါကစ္စတန်နိုင်ငံများမှ ဘွဲ့လွန်သင်တန်း တက်သူများ
ပါဝင်ကြပါသည်။ အိန္ဒိယမှ တက်ရောက်သည့် ဆရာဝန်နှစ်ဦးမှာ
သူတို့နိုင်ငံတွင် မျက်စိဘွဲ့လွန် အမ်၊ အက်၊ စီ ဘွဲ့ ရပြီးသူများ
ဖြစ်ပါသည်။ အင်္ဂလန်မှ ဘွဲ့လိုချင်၍ သင်တန်း တက်ရောက်ခြင်း
ဖြစ်သည်။ ကျွန်တော်ကိုယ်တိုင်မှာမူ မျက်ခမ်းစပ် စီမံကိန်းတွင်
မျက်စိလူနာများကို သုံးနှစ်ခန့် ကြည့်ရှုစောင့်ရှောက် လေ့လာ
ခဲ့ခြင်း၊ အစ္စရေးနိုင်ငံသို့ သွားရောက်ခဲ့စဉ်က တစ်ဖက်က မျက်ခမ်းစပ်နှင့်



သက်၍ သိပ္ပံနည်းကျ သုတေသနလုပ်ငန်းများ ဆောင်ရွက်ရ
တဲ့သို့ တခြားဖက်ကလည်း မျက်စိကုဌာနတွင် လည်း လေ့လာ
သည်။ မျက်စိလူနာများကို ကြည့်ရသည်။ သင်ကြား ပို့ချချက်
များကိုလည်း နားထောင်ခွင့်ပေးသည်။ ခွဲစိတ်ခန်းသို့ ဝင်၍
ခွဲစိတ်ခြင်းကို ကြည့်ရှုလေ့လာခွင့်ရခဲ့ခြင်း တို့သည် တက်ရောက်
နေသော လန်ဒန်သင်တန်းအတွက် အထောက်အပံ့များစွာ
ဖြစ်သည်။ မျက်စိဆေးရုံအုပ်ကြီးနှင့် မျက်စိဌာန၊ ဌာနမှူး
ဆရာကြီး ဦးကိုကြီး အပါအဝင် ထိုစဉ်က မျက်စိဆေးရုံတွင်
အလုပ်လုပ်လျက်ရှိသော မျက်စိဆရာဝန်ကြီး ဦးညွန့်ဝင်းနှင့်
အခြားသော ဆရာများထံမှ သင်ယူလေ့လာခဲ့ခြင်းသည်လည်း
မျက်စိနှင့်ပတ်သက်သော ရောဂါအကြောင်း၊ ကုသမှုများ
အကြောင်းကို ပြောဆိုနိုင်၊ ဆွေးနွေးနိုင်သည့်အဆင့်
ရောက်ခဲ့ပါသည်။ ကျွန်တော်တို့ အုပ်စုတွင် ပါဝင်သော ဂျာမနီမှ
လာရောက်ပညာသင်ကြားနေသော ခရစ်စတီးယားနားခါ
ဆရာဝန်မမှာ စာလွန်စွာဖတ်သူဖြစ်၍ သူနှင့် နှီးနှောတိုင်ပင်
ရသည်မှာလည်း များစွာ အကျိုးရှိသည်။ ဂျာမန်ဖြစ်၍လားမသိ
စာဖတ်ပုံ၊ မှတ်ပုံ၊ နားလည်ပုံများလည်း လွန်စွာကောင်းသည်။
ဖတ်သမျှ၏ အနှစ်ချုပ်ကို လေးလက်မ ပတ်လည်ခန့်ရှိ ကတ်ပြား
ငယ်များတွင် မှတ်သားထားသေးသည်။ အရေးတကြီး သိလိုသည်

www.burmeseclassic.com

www.burmeseclassic.com



များကို စာအုပ်ပြန်၍ လှန်ရန်မလို၊ ခေါင်းစဉ်ပါ ကတ်ပြားထဲ ထုတ်ယူ၍ ကြည့်ရုံသာ ဖြစ်သည်။ သူမ၏ အတုကို ယူ၍ ကျက်ပြီးသော စာများကို သူမနည်းတူ "ကတ်" စနစ်ကို သုံး၍ မှတ်သားလေ့လာရာ လွန်စွာ အကျိုးများခဲ့သည်။ စာမေးပွဲထဲ အချိန်တိုတိုနှင့် အောင်ခဲ့သည်မှာ သူမ၏ ကျေးဇူး များစွာ ပါရှိသည်ဟု ဆိုရမည်။

လန်ဒန်တွင် ကျွန်တော်တို့ကို မျက်စိ ပညာသင်ကြား ပေးသော ဆရာများစွာရှိပါသည်။ ထိုဆရာကြီးများထဲတွင် စာသင်ကောင်းသူမှာ ဒေါက်တာရက်ဒ်မွန်မစ် ဖြစ်သည်။ ရေတိမ် ရောဂါ အထူးကုဆရာဝန်ကြီး ဖြစ်ပါသည်။ သုတေသန လုပ်ငန်းများ လုပ်သည်။ ရေတိမ်နှင့် ပတ်သက်၍ စာအုပ် ရေးသား ထုတ်ဝေခဲ့သည်။ ကျွန်တော်တို့အနေနှင့် သူရေးသား သော ရေတိမ်စာအုပ်များကို လေ့လာမှီငြမ်းရပါသည်။ အဝတ် အစားရိုးရှင်းသည်။ ဂျဒ်လမ်း မျက်စိဘွဲ့လွန်သင်တန်းကျောင်းသို့ လာသောအခါ အင်္ဂလိပ်လူကြီးလူကောင်းများကဲ့သို့ ထီးတစ် လက်ကို ကိုင်စွဲ၍ လာတတ်ပါသည်။ အရှေ့တောင်အာရှထ မင်းမျိုး မင်းနွယ်များ၊ တိုင်းပြည်ခေါင်းဆောင်များ ရေတိမ် ဖြစ်လျှင် ဒေါက်တာရဒ်မွန်စမစ်နှင့် ကုကြပါသည်။ စိတ်ရှည်၍ ပညာရပ်ဆိုင်ရာ ထူးချွန်မှုရှိခြင်းသည် လူနာများ၏ အားကိုး



ခံရသော အကြောင်းရင်းပင် ဖြစ်ကြောင်း ဒေါက်တာရက်ဒ် မွန်စမစ်ကို လေ့လာ၍ သိရှိရသည်။

စီးတီးရှဒ် မိုးဖီးလ်ဆေးရုံတွင် ကြုံခဲ့ရသည့် သင်တန်း ဆရာဝန်ကြီး ဒေါက်တာလော်ရီမားဖိုက်ဆင်သည် မျက်စိ ဆရာဝန်ကြီးတစ်ယောက်ထက် အင်္ဂလိပ်ဇာတ်လိုက်မင်းသားနှင့် တူ၍ တူပါသည်။ အဝတ်အစားကို သပ်သပ်ရပ်ရပ် ဝတ်ဆင်သည်။ ရုပ်ရည်သန့်ပန်ကောင်းသည်။ လူနာတိုင်းကို မိတ်ဆွေပမာ စိတ်ရှည် လက်ရှည် ပြောဆိုဆက်ဆံသည်။ ထိုဆရာကြီးအထူးပြုသည့် ဘာသာရပ်မှာ အာရုံခံလွှာရောဂါများဖြစ်ပါသည်။ အာရုံခံလွှာ ကွာသော ရောဂါဖြစ်ပါက မျက်စိ၏ အတွင်းပိုင်း အာရုံခံလွှာကို မျက်စိအတွင်းကြည့် ကိရိယာများကိုသုံး၍ ကြည့် ရသည်။ ပို၍ မြင်စေရန် မျက်စိ၏ အပြင်မှ ကိရိယာငယ် တစ်ခုကို သုံး၍ မျက်ဖြူကို အတွင်းဘက်သို့ တွန်း၍ပေးရသည်။ ထိုအသုံးဝင် လှသော ကိရိယာကို ဒေါက်တာ ဖိုက်ဆင် တီထွင်ပေး၍ ထိုကိရိယာကို သူ၏နာမည်နှင့် ထုတ်လုပ် ပေးပါသည်။

မျက်စိအထူးကု ဒေါက်တာ အိန်စလီ၊ ဟိုင်းဟော်လ်ဘုံး မိုးဖီးလ်ဆေးရုံမှ ဒေါက်တာဘာရီဂျေး၊ မျက်ခမ်းစပ်ရောဂါ အပါအဝင် မျက်စိရှေ့ပိုင်းရောဂါများ သင်ကြားပေးသော ပါမောက္ခဘာရီဂျုံး၊ ရိုင်ရွယ်အိုင်းဆေးရုံမှ ဒေါက်တာဖရီးမင်း၊

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီး ဆရာဝန်မကြီး မစ္စဘတ်စသည့် ပုဂ္ဂိုလ်များသည်လည်း စာတွေ့လက်တွေ့ ပို့ချပေးခဲ့သော ပုဂ္ဂိုလ်များဖြစ်သည်။

သိပ္ပံပညာရပ်သည် အစဉ် ဆန်းသစ်တိုးတက်လျက် ရှိသည်။ ခေတ်နှင့် ရင်ပေါင်တန်း၍ လူနာများကို ကောင်းစွာ ကုသနိုင်ရန်အတွက် များများဖတ်ရ၊ မှတ်ရပါသည်။ စာမေးပွဲ အတွက်လည်း ပြဋ္ဌာန်းစာအုပ်သာမက ဂျာနယ်များကိုလည်း ဖတ်ရပါသည်။ စာမေးပွဲနှုတ်မေးခွန်းများ ဖြေဆိုရာတွင် အပြ အလှန် ဆွေးနွေးခြင်းသည် အောင်မြင်မှုကို ပေးစွမ်းနိုင်ပါသည်။ နှုတ်မေးခွန်းများသည် စာမေးပွဲဖြေဆိုသူ၏ ဘာသာရပ်ဆိုင်ရာ ဗဟုသုတ အတိမ်အနက်ကို စမ်းသပ်ခြင်းဖြစ်ပါသည်။ ဘွဲ့လွန် အတွက် နှုတ်မေးခွန်းပိုင်းသည် အောင်မြင်ခြင်းနှင့် ကျရှုံးခြင်းကို အဆုံးအဖြတ် ပေးတတ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



တိုက်ဒ်ပတ်စ်၊ ကင်ဆင်တန်နှင့် မင်းသမီးဒိုင်ယာနာ

လွမ်းရတု

"တစေ့စေ့လျှင် အောက်မေ့ဆိုတ
ညှိုနွဲ့မြကြောင့် ဟေမခေါ်ဆို
လပြာသိုဝယ် ကျယိုဆီးနှင်း
နေမဝင်းသို့ . . ."

ရှေးနှစ်ပေါင်းများစွာက စာဆိုရှင် ရှင်သူရဲစပ်ဆိုခဲ့သည့် ရတုကို သတိရမိပါသည်။ စာရေးသူတို့၏ အညာဒေသ ဆောင်းတွင်းချိန်ခါသည် လွန်စွာ ချမ်းအေးလှသည့်အချိန် ဖြစ်ပါသည်။ ဆီးနှင်းလည်းကျ၊ မြူလည်း ထပါသည်။ ခိုက်ခိုက်တုန်အောင် ချမ်းအေးလှသည့် ရာသီဥတုကို အိမ်လယ်ကောင် မီးဖို၍ နွေးစေရသည်။ ထိုမီးဖိုတွင် ရေနွေးအိုးကို တည်သည်။ ရေနွေးကြမ်း သောက်ရသည်။ ထန်းပင်မြစ်ဖုတ်သည်။ ကျက်သောအခါ အတုံးလေးများချိုး၍ နှမ်းဆီနှင့် ဆားနှင့်တို့၍ စားရသည်။ ဘေးပတ်လည်ထိုင်နေသော မိသားစုများ စောင်၊

www.burmeseclassic.com

www.burmeseclassic.com



ပုဆိုးတို့ကို ခြုံ၍ လက်ကို မီးကင်ကြသည်။ စကားစမြည် ပြောကြသည်။

လန်ဒန်ဆောင်းသည် အညာဆောင်းတွင်းထက်ပို၍ ချမ်းစိမ့်လှသည်။ ချမ်းခြင်း စိမ့်ခြင်းကို လမ်းထွက်မှ ခံစားရသည်။ အခန်းအတွင်း၊ ကားအတွင်း မြေအောက်ရထားအတွင်း အနွေးဓာတ် ပေးထား၍ မချမ်းလှပါ။ ကျောင်းနှင့် ဆေးရုံ အဆောက်အုံများအတွင်းတွင် အချမ်းဓာတ်မရှိရန် စီစဉ်ထားသည်။ လူလုပ်ထားသည့် အနွေးဓာတ်တို့ကို ဖယ်ရှားပြီး သဘာဝ ဆောင်းတွင်းကို အဓိပ္ပာယ်ဖော်ရလျှင် -

"ဆောင်း၏ အလှသည် ချမ်းအေးခြင်းဖြစ်သည်။

ဆောင်း၏ အလှသည် ဆီးနှင်းဖြစ်သည်။

ဆောင်း၏အလှသည် မပီဝိုးဝါး၊ အတိတ်၏ အရိပ်များကို လွမ်းမောစေသည်"ဟု ဆိုလျှင်လည်း ရပါသည်။

ကျောင်းတက်၊ စာကျက်နှင့် မအားလပ်သော်လည်း စိတ်ဖိစီးခြင်းမှ ကင်းလွတ်စေရန် တနင်္ဂနွေနေ့ကို အပန်းဖြေရန် နေ့အဖြစ် သတ်မှတ်ခဲ့သည်။ သူငယ်ချင်း ကိုဟန်တင်၊ ကိုထွန်းမြင့်တို့ထံသွားပြီး ချက်ပြုတ်စားသောက်ကြသည်။ စကားစမြည်ပြောကြသည်။ ဆရာဦးဖေချစ်နှင့် မြန်မာမိသားစုများထံ သွားရောက်လည်ပတ်တတ်ပါသည်။



စာရေးရ၊ စာဖတ်ရနှင့် ကိုယ်ရောစိတ်ပါ မွန်းကျပ်နေသူများအနေနှင့် ဆေးရုံ၊ ကျောင်းနှင့် စာကျက်ရသော အိပ်ခန်းတို့မှ လွတ်ရာကို သွားလိုကြပါသည်။ ဆရာ၊ လူနာနှင့် စာအုပ်တိုသာကြည့်နေရသည့်ဘဝမှ စိမ်းလန်းသော မြက်ခင်း၊ အစိအရီ မိုးအထိတက်နေသော သစ်ပင်များ၊ လှပ၍ လွင်နေသော ရောင်စုံပန်းခင်းများရှိသည့် ဥယျာဉ်တွင်း လှည့်ပတ်သွားလာလိုကြပါသည်။ ကျယ်ပြောသော ပတ်ဝန်းကျင်ကို မျက်စိတဆုံးမျှော်၍ ကြည့်လိုသည်။ အနွေးဓာတ်လွှတ်ထားသော အခန်းကျဉ်းတလေးတစ်ခန်းထက် သဘာဝအလျောက် စိမ့်၍အေးနေသည့် ပတ်ဝန်းကျင်တွင် ခပ်ရှရှလေး လမ်းလျှောက်လိုပါသည်။ ထိုသို့သော ချင်ခြင်းဖြစ်နေသော ကျွန်တော့်ကို ခရစ်စတင်းက ဟိုက်ဒ်ပတ်(ခ) ပန်းဥယျာဉ်သို့သွားရန် အဖော်လာစပ်သော အခါ အကြိုက်တွေ့သဖြင့် သဘောတူလိုက်ရပါသည်။

ခရစ်စတင်းမှာ ဂျာမဏီနိုင်ငံ မြူးနစ်မြို့မှ အမျိုးသမီး ဆရာဝန်တစ်ဦးဖြစ်ပါသည်။ မျက်စိဘွဲ့လွန်သင်တန်းကို ဂျာမဏီ နိုင်ငံမှာ မတက်ဘဲ လန်ဒန်သို့ လာရောက်တက်သည်ကပင် ထူးခြားနေပါသည်။ သူမ၏ ပြောကြားချက်အရ ပညာသင်ကြားရေး ပတ်ဝန်းကျင်တွင် အင်္ဂလန်နိုင်ငံသည် ထိပ်ဆုံးမှာရှိသည်ဟု သူမက ယူဆသည်။ ရှေးနှစ်ပေါင်းများစွာက တည်ထောင်ခဲ့သော တက္ကသိုလ်တွင် ရှေးဆန်ဆန် ပညာရှင်ဆရာဝန်ကြီးများ

www.burmeseclassic.com

www.burmeseclassic.com



သင်ကြားသည်ကို လေ့လာချင်သည်ဟု ပြောဖူးပါသည်။ ရှေးဆန်သော ဆရာကြီးများဟု ပြောရသော်လည်း သက်ဆိုင်ရ ဘာသာရပ်များတွင် ခေတ်မီရုံသာမက ရှေ့ကပြေးနေသော ပညာရှင်များဖြစ်၍ လေးစားကြောင်း၊ သို့ဖြစ်၍လည်း လန်ဒန် တွင် ကျောင်းလာတက်ကြောင်း ပြောဖူးပေသည်။ အကြောင်းအား လျော်စွာ ဆေးရုံများသို့ သွားရောက်လေ့လာနိုင်ရေးအတွက် အုပ်စုခွဲလိုက်ရာ ကျွန်တော်နှင့် တစ်အုပ်စုတည်း ကျနေပါသည်။

ဆေးရုံအတူသွား လူနာအတူကြည့် ရောဂါနှင့် ပတ်သက်၍ ဆွေးနွေးဖော်ဖြစ်၍လည်း ခင်မင်ပါသည်။ ကျွန်တော့်အနေနှင့် မျက်စိရောဂါ အတွေ့အကြုံရှိသူဖြစ်ပြီး စာအကြောင်း ဆွေးနွေး နိုင်သူဖြစ် ပို၍ ခင်ပါသည်။ ကျောင်းဆောင်မှာလည်း ကျွန်တော်နေသော အင်တာနေရှင်နယ်ဟောလ်နှင့် ငါးမိနစ် ခန့် လမ်းလျှောက်သွားလျှင် ရောက်နိုင်သော "ဝီလျံဂွတ်ဒ်အနပ်ဖ်" အဆောင်တွင်နေသဖြင့် အတူသွား အတူလာများပါသည်။ သူမ နေသောအဆောင်သည် လန်ဒန်ယူနီဗာစတီကောလိပ် တက်သူများ နေရသော အဆောင်ဖြစ်သည်။ မိသားစုတချို့လည်း နေခွင့် ရှိပါသည်။ ဘွဲ့လွန်တက်သူများနေကြပါသည်။

တစ်နေ့ စီးတီးရုဒ်၊ မိုးဖီးလ်ဆေးရုံမှ ကျောင်းဘက်သို့အတူ ပြန်လာစဉ် -



"ထွန်းရေ ဒီတနင်္ဂနွေတော့ဖြင့် အပန်းဖြေ 'ဟိုက်ဒ်ပတ်ခ်' သွားကြရအောင်၊ ခရစ်စတင်းလည်း မရောက်ဖူးသေးဘူး' ဟု ပြောလာပါသည်။

"အေး. . . ကောင်းတယ်ကွာ။ တို့လည်း မရောက်ဖူးသေး ဘူး။ တို့အဖွဲ့ထဲက တချို့တော့ သွားလည်ကြပြီးပြီနဲ့တူတယ်။ ပြောဆိုသံ ကြားနေရတယ်။ စနေ၊ တနင်္ဂနွေ ကြိုက်တဲ့ရက် တစ်ရက်ရက် သွားကြတာပေါ့။ တနင်္ဂနွေနေ့ကတော့ ပိုကောင်းမယ် ထင်တယ်" ဟုပြန်ပြောလိုက်ပါသည်။

"ဒါဆို ခရစ်စတင်း လမ်းကြောင်းရှာထားမယ်" ဟု ပြောပါသည်။ သူမသည် ဂျာမန်လူမျိုးပီပီ အလုပ်လုပ်လျှင် စေ့စပ်သေချာသည်။ တစ်နေရာကို သွားမယ်ဆိုလျှင် ဘတ်စ်ကား စီးရမလား၊ ဘယ်အပေါက်ကဝင်ရင် အကောင်းဆုံးလဲ၊ ရောက်ရင် ဘာတွေကြည့်မယ်၊ ဘယ်နေရာ ကော်ဖီသောက်မည်ကစ၍ အသေးစိတ် အစီအစဉ်ဆွဲမှာ သေချာပါသည်။

"ကဲ ဒါဖြင့် တနင်္ဂနွေမနက် ၁၀ နာရီလောက်လာခဲ့။ အဆောင်က စောင့်နေမယ်နော်" ဟုပြောလိုက်ရသည်။ မြေ အောက်ရထားပဲစီးစီး၊ ဘတ်စ်ကိုပဲစီးစီး၊ ကျွန်တော်၏ အဆောင် ဘက်ကတစ်ဆင့် သွားရမှာဖြစ်၍ လာခေါ်ရန် ပြောလိုက် ခြင်းပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



သို့နှင့် တနင်္ဂနွေနေ့ရောက်သောအခါ ဟိုက်ဒ်ပတ်ခ် ဥယျာဉ်သို့ သွားဖြစ်ပါသည်။ လန်ဒန်တွင် ဟိုက်ဒ်ပတ်ခ် အပါအဝင် အများပြည်သူများအတွက် ဥယျာဉ်များပြားစွာ ရှိသည်။ ရီးဂျင့်ပတ်ခ်၊ စိန့်ဂျိမ်းပိတ်ခ်၊ ဂရင်းပတ်ခ် ပန်းခြံကြီးများဖြစ်သည်။

၁၀ နာရီထိုးသည်နှင့် ခရစ်စတင်းရောက်လာပါသည်။ သူမကို အခန်းသို့ခေါ်၍ ထိုင်စေပါသည်။

"ကဲ အစီအစဉ်ပြောပါဦး" ဟု ကျွန်တော်က စလိုက်ရာ-

"အစီအစဉ်ကတော့ ဒီကနေ ပစ်ကာဒေလီလိုင်းကို စီးလိုက်ရင် ဟိုက်ဒ်ပတ်ခ်ကော်နာကို တန်းရောက်တာပဲ။ အဲဒီဘက် ဂိတ်ကဝင်ရင် အဆင်ပြေမယ်။ 'မာဘယ်' 'အာ့ချ်' ဘက်က ဝင်ရင်လည်း ရတယ်။ ဒါပေမဲ့ စင်ထရယ်လိုင်းကို ပြောင်းရမယ်" ဟု ပြော ပါသည်။

"ဒါဆိုလည်း လိုင်းမပြောင်းရအောင် ပစ်ကာဒေလီလိုင်းနဲ့ သွားကြမယ်" ကျွန်တော်တို့ အဆောင်များနှင့် အနီးဆုံး ရပ်ဆယ်လ်စကွဲယားဘူတာမှာ ပစ်ကာဒေလီလိုင်းပြေးဆွဲသဖြင့် တိုက်ရိုက်ရောက်နိုင်သောလမ်းကို ရွေး၍သွားကြပါသည်။

ရပ်ဆယ်လ်စကွဲယား မြေအောက်ဘူတာရုံသည် တခြားသော ဘူတာရုံများနှင့် နှိုင်းစာလျှင် ဟောင်းနွမ်းပါသည်။ မြေအောက် ရထားလမ်းရှိရာသို့ ဆင်းရသော ဓာတ်လှေကား အဟောင်းကြီးနှစ်စီးနှင့် အဆင်းအတက် လုပ်ရပါသည်။ ဓာတ်လှေကား၏



ကြံ့ခိုင်ရေးကို ဆောင်ရွက်ထားသော်လည်း ဟောင်းနွမ်းခြင်း၏ သင်္ကေတဖြစ်သော တကျွီကျွီအသံမြည်ခြင်းကိုမူ မတားဆီး နိုင်ဘဲရှိပါသည်။ ပစ်ကာဒေလီလိုင်းကို စီးပါက ဟော်ဘုံး၊ လိုက်စ်စတာစကွဲယား၊ ပစ်ကာဒေလီဆားကပ်စ် ဘူတာများ ဖြီးလျှင် ဟိုက်ဒ်ပတ်ခ်ကော်နာ ရောက်ပါသည်။ ဆင်းပြီး ခေတ္တ လမ်းလျှောက်သွားရုံနှင့် ဟိုက်ဒ်ပတ်ခ်ဥယျာဉ်သို့ ဝင်ရုံသာ ရှိပါသည်။

ခရစ်စတင်းနှင့် ကျွန်တော်တို့သည် လန်ဒန်ရောက်သည်နှင့် ပညာသင်ကြားရေးဆိုင်ရာ လုပ်ငန်းများ လုပ်ဆောင် နေရသဖြင့် အလည်အပတ် နည်းခဲ့ကြပါသည်။ သို့ဖြစ်၍ မြို့လယ်ကောင်မှ "အေးချမ်းသောနေရာ"ကလေးအဖြစ် သတ်မှတ်ထားသော ဟိုက်ဒ်ပတ်ခ်သို့ မရောက်ခဲ့ခြင်းဖြစ်သည်။

လန်ဒန်မြို့လယ်ပိုင်းသည် လူများ၊ ကားများနှင့် ရှုပ်ထွေးပွေလီ၍ မျက်စိနောက်စရာကောင်းသည်။ မြို့နှင့် မနီးမဝေးရှိနေသော ဟိုက်ဒ်ပတ်ခ်သည် စိမ်းလန်းစိုပြည်၍ သာယာလှပသည်။ နှလုံးကို အေးမြစေသော နေရာလေး ဖြစ် ပါသည်။ စိမ်းလန်းသော မြက်ခင်းပြင်သည် စက္ခုပသာဒကို ဖြစ်စေသည်။ အရှေ့မြောက်ပိုင်း အောက်စဖို့လမ်းမကြီးမှ အနောက်တောင်အရပ်ရှိ ကင်ဆင်တန်နန်းတော်အထိ နှစ်မိုင်မျှ

www.burmeseclassic.com

www.burmeseclassic.com



ရှည်သည်။ ထိုဥယျာဉ်ထဲတွင် ပြေးနေသူ၊ လမ်းလျှောက်နေသူ၊ ရေကူးသူ၊ငါးမျှားသူ၊ နေစာလှုံသူ၊ ဆာပင်တိုင်း ရေကန်တွင်း လှေလှော်နေသူများကို စုံအောင်တွေ့နိုင်ပါသည်။ ထိုနေရာတွင် တွေ့ရသော အလည်အပတ်ရောက်သူတို့သည် မွန်းကျပ်သည့် မြို့အလယ် လူနေမှုပတ်ဝန်းကျင်မှ သဘာဝ၏ ရင်ခွင်ကျယ်ထဲသို့ တိုးဝင်၍ လွတ်လပ်ခြင်းနှင့် သဘာဝအလှတွင် ယစ်မူးသူများ ဖြစ်သည်ဟု ပြော၍ ရပါသည်။ အသက်အရွယ်အစုံ၊ လူမျိုးစုံကို တွေ့ရသည်။ စုံတွဲများ၊ မိသားစုများ အများအပြားလာကြသည်။ ပျော်ပွဲစားနေကြသည့် အုပ်စုများကိုလည်း တွေ့ရသည်။

"ခရစ်စတင်းရေ တို့ဒီနေ့ ဟိုက်ဒ်ပတ်ခ် သွားမယ်ဆိုတော့ သူနဲ့ပတ်သက်တဲ့ အကြောင်းတွေကို လေ့လာပြီးပလား။ ဗဟုသုတရစရာရှိတာလေးတွေ ပြောပြပါဦး" ဟု ပြောလိုက်ပါသည်။ နိုင်ငံခြားသားအများစုသည် တခြားနိုင်ငံများသို့ သွားရောက်မည်ဆိုလျှင် ထိုတိုင်းပြည်၏ လူမျိုးဘာသာ၊ သာသနာ၊ လူနေမှုစနစ်၊ ယဉ်ကျေးမှုဓလေ့ထုံးစံများအကြောင်း ရေးသားထားသော စာအုပ်၊ စာပေများကို ရှာဖွေ၍ ဖတ်ရှုလေ့လာကြသည်။ များပြားလှစွာသော လေ့လာစရာများအနက် ရရှိသော အချိန်အတွင်း အကောင်းဆုံး အကျိုးအရှိဆုံး စိတ်ဝင်စားသည်များကို ရွေးချယ်၍ ဂရုတစိုက်လေ့လာ



တတ်ကြပါသည်။ တချို့သော စာအုပ်များတွင် မြန်မာပိုက်ဆံအမည်၊ ငွေလဲလှယ်နှုန်း၊ စိတ်ဝင်စားဖွယ်ကောင်းသော ဈေးနှုန်း၊ ဆိုက်ကားခ၊ တက္ကစီခ၊ ဟိုတယ်အမျိုးအမည်နှင့် နှုန်း၊ အစားအသောက်၊ ဆက်ဆံရေး စသည်တို့ကို ခရေစေ့တွင်းကျ ရေးသားထားကြသည်။ ဧည့်သည်၊ ခရီးသွားများသည် တည်းခို မည့်ဟိုတယ်၊ သွားရောက်ရမည့်မြို့၊ လည်ပတ်ရမည့် နေရာများကို ရွေးချယ်သတ်မှတ်ခဲ့ကြသည်။ စာအုပ်တွင် ညွှန်သွင်းထားတတ်သည့် မြေပုံများရှိသည်။ ခရီးတိုလျှင် လမ်းလျှောက်လေ့လာကြသည်။ ဝေးသောနေရာများကို စက်ဘီးနှင့် သွားလာသည်။ မြင်းလှည်းသုံးသည့်အရပ်တွင် မြည်းလှည်းကို သုံး၍ လည်ကြသည်။

လန်ဒန်တွင် ကျောင်းတက်သည့် ခရစ်စတင်းနှင့် ကျွန်တော်တို့လည်း ထိုကမ္ဘာလှည့်ခရီးသည်များ၏ နည်းလမ်းများကို အသုံးပြုသည်။ ခရစ်စတင်းအနေနှင့် ဥရောပနိုင်ငံကြီးသူဖြစ်၍ ဤသို့ သွားလာလှုပ်ရှားခြင်းမှာ နိစ္စဓူဝ ကိစ္စမျှသာဖြစ်သည်။ ကျွန်တော့်အနေနှင့် သူမလောက် နှံ့စပ်ခြင်းမရှိပါ။ စာမေးပွဲအောင်၍သာ ပညာတော်သင်ဘဝနှင့် နိုင်ငံခြားရောက်ခြင်းဖြစ်သည်။ သို့ဖြစ်၍လည်း ခရစ်စတင်းကို ဟိုက်ဒ်ပတ်ခ်အကြောင်း၊ လေ့လာစရာများအကြောင်း မေးထားခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ထွန်းရေ နည်းနည်းပါးပါး လေ့လာခဲ့တယ်။ စာကျက်နေရတာနဲ့ သိပ်တော့မဖတ်ဖြစ်ဘူး" ဟု ပြောသည်။

"လေ့လာမိသလောက်ပြောကွာ၊ မင်းအားကိုးနဲ့ ကိုယ်တော့ ဘာမှ မလေ့လာခဲ့ဘူး"

"ကဲ ဒီလိုဆိုလည်း ပြောတာပေ့ါ၊ သိပ်တော့ အများကြီး မဟုတ်ဘူး" ဟိုက်ဒ်ပတ်ခ်ကတော့ အင္ဂမြောက် ဟင်နရီဘုရင်ကြီး တောလိုက်တဲ့နေရာတဲ့။ ဘုရင်က သမင်တွေကို ဟိုက်ဒ်ပတ်ထဲမှာ လွှတ်ထားသတဲ့။ နောက်ပြီးတော့လည်း မင်းသမီးချော အင်နီဘိုလိန်းနဲ့ တူတူပုန်းတမ်းကစားတဲ့ နေရာလို့လည်း ပြောကြတယ်။ ဟိုက်ဒ်ပတ်ခ်ထဲမှာရှိတဲ့ ဆာပင်တိုင်းကန်ဟာလည်း နဂိုကရှိတဲ့ ကန်မဟုတ်ပဲ ဂျော့ဘုရင်ရဲ့ မိဖုရား ကာရိုလိုင်းက ဝန်ကြီးချုပ် ဝါလ်ပိုလ်ထံက တောင်းလို့ရတဲ့ ဘဏ္ဍာငွေနဲ့ တစ်ဖက်ဆည်ကန် တည်ဆောက်ထားတာဖြစ်တယ်။ ငွေကြေးလည်း တော်တော်ကုန်ကျတယ် ပြောတယ်။ ငွေကုန်သော်လည်း ဆာပင်တိုင်းရှိနေလို့ ဟိုက်ဒ်ပတ်ခ်ရဲ့အလှက ပိုလို့တိုးလာတာ သေချာတယ်။ လာရောက်သူတွေလည်း လှေလှော်၊ ရေကူး စတာတွေလုပ်ရလို့ ပိုပြီးပျော်ကြတယ်လို့ ထင်တာပဲ" သူမ လေ့လာထားသည်များ သာမက သူမရဲ့ ဝေဖန်ချက်ပါတဲ့ အတွေးအခေါ်လေးတွေပါ ပြောပြတော့ ပိုမိုစိတ်ဝင်စားဖွယ် ဖြစ်လာသည်။ သူမက ဆက်လက်၍ -



ပထမဆုံး အင်္ဂလိပ်တွေ ပြင်သစ်ဘုရင် နပိုလီယံနဲ့ ိုက်တဲ့ ဝါတာလူးစစ်ပွဲမှာ အောင်မြင်လို့ ချီးမြှောက်ခံရတဲ့ မြို့စားနယ်စားကြီး၊ ဂျူက်ဝယ်လင်တန် စစ်အောင်နိုင်ခြင်း ထိမ်းအမှတ် မုခ်ဦးကို လေ့လာကြသည်။ အဲဒီမုခ်ပေါ်မှာ လွန်လက်ရာမြောက်တဲ့ မြင်းလေးကောင်ကတဲ့ ရထားမော်င်း ပီးစ်ရဲ့ ရုပ်ကိုလည်း ကြည့်ရသည်။

မူလကတော့ အဲဒီပီးစ်ရဲ့နေရာမှာ မြို့စားကြီး ဝယ်လင်တန်ရဲ့ ပုရုပ်ကြီးက နေရာယူခဲ့တယ်လို့ ပြောပါသည်။ နောက်ပြီးတော့ မြို့စားကြီးနှစ်ပေါင်းများစွာ နေခဲ့တဲ့ အက်စ်ပလေအိမ်ကြီးကို ခုအခါ ဝယ်လင်တန် ပြတိုက် လုပ်ထားတယ်။ အကျော်အမော် ညာရှင်ကြီးများ ဖြစ်ကြတဲ့ ဂိုယာ၊ ရူဘင်၊ ဗင်ဒိုက်စသူတို့ရဲ့ နုပညာလက်ရာများကို အဲဒီမှာ ပြသထားပါတယ်။ အဲဒါတွေဟာ တယ်တော့ တစ်ချိန်က စပိန်ဘုရင်ပိုင်တဲ့ ပစ္စည်းတွေပါပဲ ိုလိုနီနယ်ခွဲ့များ အနေနှင့် စစ်အင်အားကို အသုံးပြုပြီး င်အားနည်းနိုင်ငံများကို သိမ်းပိုက်ကာ ထိုနိုင်ငံများရှိ န်ဖိုးကြီးပစ္စည်းများ၊ သမိုင်းဝင်ပစ္စည်းများကို အပိုင်စီး ကြသည်။ သူတို့ တိုင်းပြည်သို့ ပြန်လည် ယူဆောင်၍ နေအိမ်များ၊ တိုက်များတွင် ပြသထားကြသည်။ ကိုလိုနီအပြုခံရတဲ့ နိုင်ငံများ တ်လပ်ရေးရသောအခါ ထိုသိမ်း ယူသွားသော ပစ္စည်းများကို န်တောင်းပါမှ အနည်းအကျဉ်းဆိုသလို ပြန်ပေးကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုမှတစ်ဆင့် ဥယျာဉ်ထဲဝင်ရောက်ပြီး "ချစ်သူတို့ရဲ့လျှောက်လမ်း" လို့အမည်ပေးထားတဲ့ လမ်းကို လျှောက်ခဲ့ပါတယ်။ အမှန်ကတော့ လူငယ်လူရွယ်တွေ လျှောက်ကြတဲ့လမ်းပါပဲ။ ဘွဲ့လွန်တက်နေတဲ့ ဆရာဝန် ခရစ် စတင်းနဲ့ ကျွန်မတော်တို့ မလျှောက်သင့်တဲ့ လမ်းပေါ့။ ဒါနဲ့ ခဏပဲ လျှောက်ပြီး ဆာပင်တိုင်းဘက်ကို ပြန်လျှောက်ပါတယ်။ ဆာပင်တိုင်းမှာ လှေစီး၊ ရေကူးနဲ့ ပျော်မြူးနေကြသူတွေကို ကြည့်ပြီး ပျော်ရွှင်မိပါတယ်။

တကယ်တော့ ကင်ဆာတန်ဂါဒင်ဟာ ဟိုက်ဒ်ပတ်ခ်ဘက် ထက်တောင် စိမ်းစိမ်းစိုစို ရှိတယ်။ နောက် စိတ်ဝင်စားဖို့ကောင်းတဲ့ ပီတာပင် ရုပ်ထုကို သွားကြည့်ကြတယ်။ ပီတာပင်ဟာ ဒစ္စနေရုံပြင်ဇာတ်လမ်းထဲက ချစ်စရာ ကောင်းတဲ့ဇာတ်လိုက်လေးပါပဲ။ သူ့ရဲ့ရုပ်တုဟာ ကမ္ဘာအရပ်ရပ်က လူအများကို လာကြည့်ဖို့ ဆွဲဆောင်နိုင်ခဲ့ပါတယ်။

"ကင်ဆင်တန်ဥယျာဉ်ပန်းခြံထဲမှာ ရှားပါးပြီး လှပတဲ့ ပန်းပင်တွေကို စိုက်ထားတယ်။ ဥယျာဉ်မှူးက သိပ်ကိုလှပတဲ့ ကျူလစ်ပန်း ရောင်စုံတွေလည်း သူ့အကွက်နဲ့သူ စိုက်ပျိုးထားတာ ကြည့်လို့ဝစရာ မရှိပါဘူး။

လှပသော ပန်းခြံကို အချိန်အနေကြာ လှည့်ပတ်ကြည့်ရှုမိပါသည်။ ပန်းတို့၏ အလှသည် ဆွဲဆောင်မှုအပြည့်ရှိပါသည်။



ငိုင်တုန်မောပန်းနေသူများကိုပင် အမောပြေစေလောက်ပါသည်။ စိတ်မချမ်းမြေ့မှုများကို ပြေပျောက်စေနိုင်သည့် အစွမ်းရှိကြပါသည်။ ပန်းတို့၏ အလှသည် သင်းပျံ့သောရနံ့နှင့် တွဲဖက်နေရာ၊ သဘာဝရင်ငြိမ်းဆေးဟုပင် ခေါ်ချင်ပါသည်။

ပန်းခြံကို ကျော်လွန်သောအခါ တစ်ချိန်က ကမ္ဘာတစ်ဝန်းလုံး ရင်သိမ့်တုန် ချစ်ဇာတ်လမ်းတွင် ပါဝင်ကပြခဲ့သော ဗြိတိန်၏ တော်ဝင်မင်းသား ချားလ်စ်နှင့် ချစ်စဖွယ် မင်းသမီးလေး ဒိုင်ယာနာတို့၏နေအိမ် ကင်ဆင်တန်နန်းတော်ကို မြင်တွေ့ကြရပါသည်။ ထိုနန်းတော်တွင် သူတို့နှစ်ဦး လက်ထပ်သည့်အချိန်မှ ဒိုင်ယာနာမင်းသမီး ကွယ်လွန်သော ၁၉၉၇ ခုနှစ်အထိ နေခဲ့ကြသည်။ သူတို့၏ ပျော်ရွှင်ဖွယ် လက်ထပ်ပွဲကို ရုပ်မြင်သံကြားတွင် ပြသရာ တစ်ကမ္ဘာလုံးက လူသန်းပေါင်းများစွာတို့ ကြည့်ရှုခဲ့ကြသည်။ လက်ထပ်ပြီးနောက် ထိုမင်းသား၊ မင်းသမီးတို့၏ လှပသော ချစ်ဇာတ်လမ်းကို ကင်ဆင်တန်နန်းတော်တွင် ပြသခဲ့သကဲ့သို့ မုန်တိုင်းထန်သော ပဋိပက္ခတို့လည်း ဖြစ်ခဲ့ကြသည်။ တိုင်းပြည်အသီးသီးမှ စိတ်ဝင်တစား မျက်စိ ဒေါက်ထောက်ကြည့်ခဲ့ကြသော ဇာတ်လမ်းများကိုလည်း ကပြခဲ့ကြသည်။

ဒိုင်ယာနာကွယ်လွန်ပြီးသောအခါ ချားလ်စ်မင်းသားမှာ ကင်ဆင်တန် နန်းတော်တွင် မနေတော့ဘဲ စိန့်ဂျိမ်းနန်းတော်သို့

www.burmeseclassic.com

www.burmeseclassic.com



ပြောင်းရွှေ့နေထိုင်ခဲ့သည်။ ဒိုင်ယာနာမင်းသမီး ကွယ်လွန်ပြီး ရက်သတ္တပတ်အတွင်း သန်းပေါင်းများစွာ ပန်းပွင့်လှလှများ အမှတ်တရပစ္စည်းများ၊ ကဗျာများ၊ လက်ဆောင်များတို့ နန်းတော်၏ တံခါးဝတွင် ဒိုင်ယာနာချစ်သူ၊ မြတ်နိုးသူတို့ လာရောက်ထားခဲ့ကြသည်။ ကွယ်လွန်သော နှစ်ပတ်လည် ရက်များတွင် သူမပရိသတ်က ပန်းများ လာရောက်ချ ဖြစ်ပါသည်။ ကင်ဆင်တန် နန်းတော်အတွင်းသို့ နံနက် ၁၀ နာရီ မှ ညနေ ၆ နာရီကြား ဝင်ရောက်လည်ပတ်ခွင့်ပြုထားပါသည်။ ကမ္ဘာကျော်ချစ်ဖာတ်လမ်းကပြရာ ကင်ဆင်တန်နန်းတော်မှ ထွက်ချိန်သည်ပင် မွန်းလွဲပိုင်းသို့ ရောက်နေပါပြီ။

"ဒါနဲ့ ကြည့်ပြီးရင်ကော ဘာလုပ်ကြမလဲ၊ ပြောပါဦး" ဟု ကျွန်တော် မေးလိုက်ပါသည်။

"ကြည့်ပြီးရင် လုပ်ရမှာကတော့ နေ့လယ်စာ စားမယ်။ ဆာနေရောပေါ့"

"ခရစ်စတင်း ဘာစားမလဲ ပြောပါဦး" ဟုမေးရာ -

"ထွန်းကော ဘာစားမလဲ" ပြန်မေးလာပါသည်။

"ကိုယ်ကတော့ ဆိုဟိုတရုတ်တန်းက တရုတ်စာ စားချင်တယ်။ အဆောင်က ကျွေးတာတွေ စားရတာ ငြီးငွေ့နေပြီ။ ဒီနေ့တော့ ပိုက်ဆံနည်းနည်းဖြုန်းကြမယ်။ အထူးသဖြင့်တော့ ဘဲကင် အသားကင်၊ အစိမ်းကြော်နဲ့ ထမင်းစားမယ်။ ခရစ်စတင်းလဲ ကြိုက်တာစားပေါ့" ဟု ကျွန်တော်စားချင်တာ များကို ပြောပြီး ခေါ်ဆွယ်လိုက်ရပါသည်။ ဈေးမကြီးလှဘဲ ကျွန်တော့်အကြိုက် နေ့လယ်စာကို ဂျာရတ်လမ်းရှိ 'တင်လွတ်ခ်' ထမင်းဆိုင်တွင် စားသောက်ကြပါသည်။



"ကဲစားပြီးရင် ဘာလုပ်ဖို့ အစီအစဉ်ရှိလဲ ပြောစမ်းပါဦး" ဟု ကျွန်တော်က ထမင်းစားပြီးသောအခါ ဆက်မေးပါသည်။

ခရစ်စတင်း၏ နားရွက်များနီလာပြီး -

"စာကျက် . . စာကျက်ကြတာပေါ့" ဟုဖြေလိုက်ပါသည်။

ဘာကို စဉ်းစားမိလို့ နားရွက်နီသည်ကို မသိတတ်နိုင်ပါ။

× × ×

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



## မိုးပီလ်ဒ်ဆေးရုံနှင့် မဒမ်တူးဆော့ဒ်

BURMESE CLASSIC .com

လန်ဒန်မြို့တွင်ရှိသော မိုးဖီးလ်ဆေးရုံတွင် ကမ္ဘာအရပ်ရပ်မှ လူနာများ လာရောက်ဆေးကုသကြသဖြင့် ရောဂါပေါင်းစုံကို တွေ့ရှိလေ့လာနိုင်ပါသည်။ အနောက်နိုင်ငံများတွင် ဘက်တီးရီးယားပိုးကြောင့် ဖြစ်သော ရောဂါများ နည်းပါးပါသည်။ ထိုသို့ နည်းခြင်းမှာ ဆေဝါးစုံလင်ခြင်းနှင့် ကူးစက်မှုနည်းစေသော ပတ်ဝန်းကျင်အခြေအနေများ ရှိနေသောကြောင့် ဖြစ်သည်။ တစ်ဖက်မှ ဗိုင်းရပ်စ်ကြောင့်ဖြစ်သည့် ရောဂါများ တိုးပွားလာသည်။ ဗိုင်းရပ်စ်ရောဂါ ပြင်ပလူနာဌာနတွင် သွားရောက် လေ့လာခဲ့စဉ်က အဲဒီနိုဗိုင်းရပ်စ်ကြောင့်ဖြစ်သော မျက်မြေးရောင်၊ မျက်ကြည်နာ၊ ဟားပိစ်ရေယုန် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်သည့် မျက်စိရောဂါဖြစ်နေသည့် လူနာများကို တွေ့ရသည်။

တစ်နေ့ ဗိုင်းရပ်စ်ရောဂါဌာနတွင် ဆရာက မျက်နှာဖြူ လူနာတစ်ဦးကို စစ်ဆေးစေပါသည်။ ကျွန်တော်တို့ အုပ်စု ပါဝင်သော ဆရာမကင်မလာကစ်ရှန်း၊ ခရစ်စတင်း၊ နီပေါမှ



မာလာ အပါအဝင် ကျွန်တော်တို့အုပ်စု ပါဝင်သူအားလုံး စလစ်လင့်ပ်အဏုကြည့်မှန်ခုံတွင် ထိုင်လျှက်ရှိသော လူနာကို စစ်ဆေးရပါသည်။

လူနာက မျက်စိနာကျင်ကိုက်ခဲသည်၊ မျက်ရည်ကျသည်၊ အမြင်မှုန်သည်ဟု ပြောပါသည်။ ခရစ်စတင်းက လူနာ၏ မျက်စိတို အသေးစိတ်စစ်ဆေးနိုင်ရန် ဖလော်ရက်ဆင်း အရောင်ဆိုး မျက်စဉ်းဆေးရည် တစ်စက်ကို လူနာ၏မျက်လုံး နှစ်လုံးစလုံး ခတ်ပေးပါသည်။ နောက် လူနာ၏ မျက်ကြည်ကို မှန်ဘီလူးနှင့် စစ်ဆေးနိုင်စေရန် ခုံပေါ်သို့ ထိုင်ခိုင်းသည်။ မေးစေ့တင်သော ချိုင့်ပေါ်တွင် မေးစေ့ကို တင်စေသည်။ နဖူးနှင့် တန်းနှင့် ထိစေသည်။ ပထမ မျက်ကြည်ကို ရိုးရိုးမီးထိုး၍ အသေးစိတ် လေ့လာသည်။ မျက်ကြည်၏ အပြင်ဆုံးအလွှာမှသည် နောက်ဆုံး အလွှာအထိ စစ်ရသည်။ နောက်ပြီး မျက်စိ ရှေ့ခန်းကိုလည်း ကြည့်ရှုစစ်ဆေးရသည်။ မျက်နက်ရောင်သည်ဆိုလျှင် ရှေ့ခန်းအတွင်း၌ ဆဲလ်များကို တွေ့နိုင်သည်။ ထို့နောက် အပြာရောင်မီးနှင့် ထပ်မံ၍ ထိုးကြည့်သည်။ မျက်ကြည်၏ အပေါ်ယံလွှာ ရောင်ပြီး သစ်ကိုင်းပုံတွေ့ရပါက ဟားပိစ်ရေယုန် ရောဂါဖြစ်သည်။ မျက်ကြည်နာလည်း ဖြစ်နိုင်သည်။ မျက်ကြည်နာ ရှိပါက အနာနေရာတွင် အစိမ်းရောင်ကပ်နေ သဖြင့် ထင်ရှားစွာ မြင်ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



လူနာသည် မျက်စိခိုးလိုးခုလုဖြစ်ခြင်း၊ အလင်းရောင်ကို မကြည့်နိုင်ခြင်း၊ မျက်ဝတ်ထွက်ခြင်းများ ခံစားရသည်။ မျက်မြှေးကို စစ်ဆေးလိုက်သောအခါ သွေးကြောများပွ၍ နီရဲနေသည်။ နေရာပေါင်းများစွာ၌ ကြွ၍ရောင်နေသည်။ တစ်ချို့နေရာများတွင် သွေးယိုထားသော အကွက်ငယ်များ တွေ့ရသည်။ အပေါ်မျက်ခွံ၏ အတွင်းဘက်မျက်မြှေးရှိ သွေးကြောများပွ၍ နေသည်မှာ ကတ္တီပါစအနီနှင့် တူလေသည်။ မျက်ခွံနှင့် မျက်လုံးအစပ်တွင်ရှိသော မျက်မြှေးတွင် အသီးငယ်များထနေသည်။ နားရွက်ရှေ့ရှိ သန်ရည်ကျိတ်ရောင်ပါသည်။

ဆရာဖြစ်သူက ယခုတွေ့ရှိရသော မျက်မြှေးနှင့် မျက်ကြည်ရောင်သည့်ရောဂါသည် အဒီနိုဗိုင်းရပ်(စ်) အမှတ် (၈) ကြောင့်ဖြစ်သည်ဟု ယူဆရကြောင်း၊ ဓါတ်ခွဲခန်းစစ်ဆေးခြင်းများပြုလုပ်၍ အဖြေထွက်လျှင် ပို၍သေချာကြောင်း ပြောပါသည်။

ရောဂါ၏ ကူးစက်ပုံနှင့် ပျံ့နှံ့မှုကို မေးပါသည်။ ထိုရောဂါမျိုးကို ရန်ကုန် မျက်စိပြင်ပလူနာဌာနတွင် တွေ့ဖူး လေ့လာဖူးသဖြင့် သိရှိရသည့်အချက်များကို တင်ပြရပါသည်။ ယင်းရောဂါမှာ တစ်ဦးနှင့်တစ်ဦး လျင်မြန်စွာကူးစက်နိုင်သောရောဂါဖြစ်သည်။ ဆေးရုံများ၊ ပြင်ပလူနာဌာနများ၊ ကျောင်းများနှင့် ရေကူးကန်များတွင် ရေချိုးရာမှ ကူးစက်တတ်သကဲ့သို့ မျက်စဉ်းဘူးများ၊ ဆရာဝန်နှင့် သူနာပြုတို့၏ လက်ကို သန့်ရှင်းစွာ



ဆေးကြောခြင်း မပြုပါက ထိုလက်များနှင့် ကိုင်တွယ် ခံရသော သူနာများသို့ ကူးစက်နိုင်ကြောင်း ဖြေဆိုရပါသည်။

ကုသခြင်းနှင့် ပတ်သက်၍ အဒီနိုဗိုင်းရပ်စ်အတွက် သီးသန့် ဖော်စပ်သော ဆေးမရှိသေးပါကြောင်း၊ ပြင်ပမှ အခြားပိုးများမဝင်နိုင်စေရန်၊ ပိုးသေစေသော မျက်စဉ်းခတ်သင့်ပါကြောင်း၊ အဒီနိုဗိုင်းရပ်စ်ကြောင့် မျက်ကြည် မျက်မြှေးရောင်ခြင်းကို လူနာအနေနှင့် (၄) ပတ်မှ (၆) ပတ်အထိ ခံစားနိုင်ကြောင်း ပြောပြခဲ့ပါသည်။

ထိုရောဂါကို ခလိုင်းမေးဒီးယားရောဂါ၊ ရေယုန်ရောဂါ၊ တပ်ရောဂါအသွင်ဖြင့် ပေါ်ပေါက်တတ်သော အင်တာရိုဗိုင်းရပ်စ်ကြောင့် ဖြစ်သည့် ကူးစက်မြန် ပြင်းထန်မျက်စိနာတို့နှင့် ခွဲခြားကြည့်ရသည်။ ယခုနောက်ဆုံးတင်ပြခဲ့သော အပိုလို (၁၁) မျက်စိနာရောဂါမှာ ၁၉၇၀ ပြည့်လွန်နှစ်က တစ်ပြည်လုံး အတိုင်းအတာနှင့် ကျယ်ပြန့်စွာ ကူးစက်ပျံ့ပွားသဖြင့် တချို့သော ကျောင်းများပင် ပိတ်ရပါသည်။ နောက်ပိုင်းထိုမျှမများပြားသော်လည်း ကြိုကြား ကြိုကြားတွေ့နေရသည်။

အောက်တိုဘာလ နောက်ဆုံးပိုင်းသို့ ရောက်သောအခါ လက်ထောက်မဟာဌာနမှူး ဒေါက်တာဂလောက်စတာ လာ

www.burmeseclassic.com

www.burmeseclassic.com



ရောက်၍ အစီအစဉ်တစ်ခုကို ကြေညာပါသည်။ လာမည့်ရက်ပိုင်းအတွင်း တက္ကသိုလ်မှ အုပ်ချုပ်ရေးတာဝန် ရှိသူများ ကျောင်းသားသစ်များနှင့် တွေ့ဆုံရန် စီစဉ်ထားကြောင်း အသေးစိတ် အစီအစဉ်များပါဝင်သော ဖိတ်စာများ ပေးမည်ဖြစ်ကြောင်းနှင့် မပျက်မကွက်လာရောက် တွေ့ဆုံပါရန် ဖိတ်ကြားပါသည်။ ဒီပလိုမာ စာမေးပွဲကို တစ်နှစ်လျှင် နှစ်ကြိမ်ကျင်းပရာ အနီးဆုံးစာမေးပွဲကို ဇန်နဝါရီလနောက်ဆုံးပတ်တွင် ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါသည်။ ထိုကြေညာချက်သည် ကျွန်တော့်အား များစွာ အလုပ်ပေးခဲ့သည်။ ကျောင်းတက်ရန်၊ စာကျက်ရန်၊ ပြင်ဆင်ရန် လေးလသာ အချိန်ရှိပါသည်။ ကျွန်တော့်ရှေ့က စာမေးပွဲဖြေဆိုသူ အားလုံးမှာ တစ်နှစ်ခန့် အေးအေးဆေးဆေးကျောင်းတက် ဆေးရုံတွင် လေ့လာပြီးမှ ဖြေကြသည်။ အောင်မြင်သူ များပါသည်။စာမေးပွဲရှုံးသဖြင့် ပြန်ဖြေရသူများလည်း ရှိသည်။ လုံးဝ မအောင်မြင်ဘဲ ပြန်သွားရသူလည်းရှိသည်။ စဉ်းစားစရာတစ်ခုမှာ စာကို မပိုင်နိုင်ဘဲ၊ အပျော်ဖြေ၍လည်း မဖြစ်ပါ။ နိုင်ငံခြားတွင် စာမေးပွဲကျပါက မြန်မာနိုင်ငံတွင် စာမေးပွဲကျသည်ထက် စိတ်ဓာတ်ရေးရာ ပို၍ထိခိုက်တတ်သည်။

အချိန်ယူ၍ စဉ်းစားရတော့သည်။ အားသာသည့်အချက်မှာ လက်ထောက်ဆရာဝန်ဖြစ်ပြီး အလုပ်စတင်ဝင်ရောက်



သည့်အချိန်မှစ၍ မျက်စိဝေဒနာရှင်များကို နေ့စဉ်နေ့တိုင်း ကြည့်ရှုလေ့လာခြင်း၊ ကုသခြင်းများ လုပ်ခဲ့သည်။ ဆေးရုံသာမက မကွေးခရိုင်၊ မိတ္ထီလာခရိုင်အတွင်းရှိ မြို့နယ်ပေါင်းများစွာရှိ ကျေးရွာများသို့ လှည့်လည်၍ မျက်စိကုသဖူးသည်။ သွေ့လာဖူးသည်။ အတူတွဲဖက်လုပ်ကိုင်ရသော မျက်စိ အထူးကုဆရာဝန်ကြီး ဦးမြင့်အောင်နှင့် ဦးကိုလေးတို့၏ သင်ကြားပြသခြင်းများကို လေ့လာခဲ့သည်။ ရန်ကုန်သို့ ပြောင်းရွှေ့အမှုထမ်းသောအခါတွင်လည်း မျက်စိဆေးရုံသို့ သွားရောက်လေ့လာသောအခါ ဆရာကြီးဦးကိုကြီး၊ ဆရာဦးညွန့်ဝင်း၊ ဦးမြင့်သိန်း၊ ဦးမော်၊ ဦးမြဟန်တို့က သင်ကြားပေးပါသေးသည်။ ခွဲစိတ်မှုနှင့်စမ်းသပ်ခြင်း၊ ခွဲစိတ်ခြင်းများ လေ့လာပြုလုပ်ခဲ့ရသည်။ ရောဂါအများအပြားကို လက်တွေ့လေ့လာသည်။ စာဖတ်ခဲ့ပြီးဖြစ်သည်။ အင်္ဂလန်နှင့် မြန်မာ ပညာသင်ကြားရေးစနစ်သည်လည်း ပုံစံအားဖြင့် တူနေသေးသည်။

အခက်အခဲမှာ မျက်စိအမြင်မှုန်ခြင်း အမျိုးမျိုး၊ ယင်းတို့၏ အလင်းနှင့် ပတ်သက်သော ရူပဗေဒပညာရပ်များကို အသေးစိတ်လေ့လာ သင်ကြားခဲ့ရခြင်းမရှိပါ။ ဥပစာတန်း၊ ရူပဗေဒဘာသာရပ်တွင် 'အလင်း' နှင့် ပတ်သက်၍ တက္ကသိုလ်တက်စဉ်တွင် မစ္စတာဘာရာဝါဂျာ သင်ကြားပေးခြင်းလောက်သာ အခြေခံရှိသည်။ ဘွဲ့လွန်တွင် စာတွေ့၊ လက်တွေ့ စစ်ဆေး သည်။

www.burmeseclassic.com

www.burmeseclassic.com



မျက်စိနှင့် ပတ်သက်သော ခန္ဓာဗေဒ အသေးစိတ်နှင့် ဇီဝကမ္မဗေဒ ဘာသာရပ်ကိုလည်း မသင်ကြားရဖူးပါ။ စာအုပ်များလည်း မရှိပါ။ မျက်စိနှင့်ပတ်သက်သော ဆေးဝါးဗေဒ၊ ပိုးမွှားဗေဒ၊ ရောဂါဗေဒများအကြောင်းလည်း ရန်ကုန်တွင် မသင်ခဲ့ရပါ။ ဘွဲ့လွန်တွင် အသေးစိတ်သင်၍ စာတွေ့လက်တွေ့ဖြေရပါမည်။ ဂျူခ်အယ်လ်ဒါရေးသည့် မျက်စိမှုန်ခြင်းနှင့် မျက်မှန်အကြောင်းစာအုပ်၊ ဝုလ်ဖ်ရေးသည့် မျက်စိခန္ဓာဗေဒ၊ ဂရီယာရေးသည့် ရောဂါဗေဒ၊ ရက်ဒ်မွန်စမင်၏ ရေတိမ်၊ စတောလဒ်ရေးသည့် မျက်စိခွဲစိတ်ပညာစာအုပ်များကို ဝယ်ယူလေ့လာရပါသည်။ ဆရာများက ရည်ညွှန်းသော မျက်စိဂျာနယ်များတွင် ဖတ်ရှုမည့် အကြောင်းအရာကို စာကြည့်တိုက်သို့ သွားရောက်ရှာဖွေ ဖတ်ရှုရပါသည်။ စာကြည့်တိုက်သည် ဂျာနယ်အစုံတင်သည်။ ဂျာနယ်များကလည်း တစ်လတစ်လအုပ်ရေ (၃၀) ခန့် အနည်းဆုံး ထွက်သည်။ ပြဋ္ဌာန်းစာအုပ်မှီငြမ်းစာအုပ်များ၊ ရည်ညွှန်းစာအုပ်များစွာ ကိုလည်း ဖတ်ရသည်။ မှတ်ရသည်။ အချင်းချင်း ပြန်လည် ဆွေးနွေးရပါသည်။

မျက်စိဘွဲ့လွန်တက္ကသိုလ်၏ သင်ကြားရေး အုပ်ချုပ်မှုအဖွဲ့ဝင် သုံးဦးခန့်နှင့် တစ်နေ့တွေ့ရပါသည်။ ပညာသင်ကြားရေး၊ နေထိုင်သွားလာရေး အပါအဝင် လူမှုရေး အခက်အခဲများကို မေးပါသည်။ အထူးသဖြင့် ပညာသင်ကြားရေးနှင့်ပတ်သက်၍ အခက်အခဲရှိမရှိ ဆေးရုံများသို့ လှည့်ပတ် လေ့လာရေးများ အဆင်ပြေ မပြေ မေးပါသည်။ လူမှုရေးကိစ္စရပ်များနှင့် ပတ်သက်၍လည်း အခက်အခဲရှိက ဖြေရှင်းပေးမည်ဟု ပြောပါသည်။ သင်တန်းတက်သည့်သူများကလည်း လိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်း ပြောကြားဆွေးနွေးကြပါသည်။ စတင်သင်တန်းတက်သည့်နေ့ကလည်း ကိုယ်ရေးရာဇဝင်အတိုချုပ်ကို ရေးစေခဲ့ပါသည်။ ထိုသို့ ရေးသားခိုင်းခြင်း၊ ပြောဆို ဆွေးနွေးခြင်းများကြောင့် ကူညီဆောင်ရွက်ပေးခဲ့ကြသကဲ့သို့ အင်္ဂလိပ်စာရေးသားခြင်း၊ စကားပြောခြင်း၊ ဘာသာရပ်နှင့် ပတ်သက်သော အတွေးအခေါ် စိတ်ဝင်စားမှုနှင့် ပတ်သက်သောကျောင်း၏ မှတ်ချက်ပါသောစာကို သင်တန်းပြီးသောအခါ ထုတ်ပေးပါသည်။ စာမေးပွဲအောင်၍ လန်ဒန်ရှိ ဆေးရုံများသို့ သွားရောက်အလုပ်လျှောက်သောအခါ ထိုမှတ်ချက် ထောက်ခံစာက လွန်စွာ အထောက်အကူပြုပါသည်။

ဇန်နဝါရီလတွင် စာမေးပွဲ ဖြေဖို့ မဖြေဖို့ကို မိတ်ဆွေများနှင့် ညှိနှိုင်းတိုင်ပင်ပါသည်။ မိတ်ဆွေကြီးတစ်ဦးကတော့ နောက်တစ်ကြိမ်မှ ဖြေဆိုစေလိုသည်။ အကြောင်းမှာ လေ့လာ နှင့် စာမေးပွဲအောင်သည်အထိ စာကျက်ရန်၊ ပြင်ဆင် လေ့လာရန်အချိန် လွန်စွာ နည်းသောကြောင့်ဟု ဆိုပါသည်။ တစ်နှစ်



www.burmeseclassic.com

www.burmeseclassic.com



လောက်ရှိမှ၊ သင်တန်းတက်၊ ဆေးရုံများကို သွားရောက် လေ့လာချိန် ပို၍များပါက၊ အတွေ့အကြုံပိုပြီး ရသဖြင့် အောင်ရန် အခွင့်အလမ်း ပို၍သာသည်ဟု ယူဆသည်။ နောက်တစ်ကြောင်းမှာ စာမေးပွဲကျလျှင် ရန်ကုန်မှာကဲ့သို့ အသိုင်းအဝိုင်းနှင့် နေစဉ် စာမေးပွဲကျသည်နှင့်မတူ၊ စိတ်ဓါတ် ပါကျလျှင် နောက်ထပ်စာမေးပွဲ ဆက်၍ကျမှာစိုးသည်။ သို့ဖြစ်၍ အစိုးရက ခွင့်ပြုထားသော တစ်နှစ်အချိန်ပြည့်ခါနီး စာမေးပွဲ ဖြေဆိုလျှင် ကောင်းမည်ဟု ယူဆပါသည်။

ကျွန်တော်တို့နှင့် သင်တန်းအတူ လာရောက် ထက်သော ဆရာမ ကင်မလာကစ်ရှန်းအား အကြံဉာဏ် တောင်းပါသည်။ သူမသည် အိန္ဒိယအနွယ်ဖွားဖြစ်သည်။ အိန္ဒိယ ရုပ်ရှင်ထဲမှ မင်းသမီးကဲ့သို့ ဆာရီဝတ်သည်၊ မျက်နှာအရပ်အမောင်း အနေ အထား အားလုံး လှပါသည်။ အိန္ဒိယမှ မျက်စိ ဘွဲ့လွန်ရပြီး ဖြစ်ပါသည်။ ကျွန်တော်တို့ ဆေးကျောင်းတက်စဉ်က နောက်ဆုံးနှစ် အမ်ဘီဘီအက်စ် အပိုင်း (၁) တန်းတွင် မျက်စိ ဘာသာရပ် များကို သင်ကြားပေးသည့်ဆရာမ ဖြစ်ပါသည်။ မျက်စိ ဆရာဝန်ကြီး နှင့် ဌာနမှူး ဒေါက်တာ ဦးကိုကြီး၏ လက်အောက်တွင် ဒေါက်တာ ဦးဖေသန်းမောင်၊ ဒေါက်တာမြင့်သိန်း တို့နှင့်အတူ တာဝန် ထမ်းဆောင်ခဲ့သူ ဖြစ်ပါသည်။ အင်္ဂလန်သို့ လွှန်ခဲ့သည့်



နှစ်များက ပြောင်းရွှေ့လာ၍ ဝင်ဆာမြို့ရှိ သတ္တမမြောက် အက်ဒဝပ်ဘုရင်၏ အမည်မှည့်ခေါ်ထားသော မျက်စိကု ဌာနတွင် အလုပ်လုပ်နေပါသည်။ ဆေးရုံ၏ ပညာသင်ဆုနှင့် မျက်စိဘွဲ့လွန်သင်တန်း လာရောက် တက်နေသူ ဖြစ်ပါသည်။ ဆရာမက အင်္ဂလန်မှာ မျက်စိဆရာဝန်လုပ်သည့်အခါ အင်္ဂလန်မှ ဘွဲ့ရမှ ဖြစ်မည်ဟု လာရောက်သင်တန်း တက်နေသူဖြစ်ပါသည်။ ကျွန်တော့်အား ကူညီသည့်အနေနှင့် တစ်အုပ်စုတည်းရရန် စီစဉ်ပေးသူလည်း ဖြစ်သည်။ ယခင်က တပည့်ဖြစ်၍လည်း ဆံမင်ရင်းနီးစွာ နှင့် ကျောင်းအတူတက်၊ ဆေးရုံသင်တန်းများသို့ အတူသွားကြ သည်။ စာနှင့်ပတ်သက်၍ မေးမြန်းသောအခါတွင် သည်းကောင်း စာသင်ကြားပေးပါသည်။ ဆရာမ ကင်မလာကစ်ရှန်း နှင့် တွေ့ ရသည်မှာ ကျွန်တော့အတွက် ကုသိုလ်ကံကောင်းခြင်း ပါသည်။

'ဆရာမကတော့ ဒီတစ်ခါ မဖြေသေးဘူး၊ ဝင်ဆာ မှာနေပြီး နေ့တိုင်း ကျောင်းလာတက်ရတာ မောတယ်၊ ဘတ်ပြီး အပြန်မှာလည်း မိုးချုပ်တော့ စာမကျက်နိုင်ဘူး။ ကြောင့် နောက်တစ်ကြိမ်မှာလည်း ကျင်းပမည့် စာမေးပွဲ မှာပဲ ဖြေဆိုဖို့ ဆုံးဖြတ်ထားတယ်" ဟု ပြောပါသည်။

ခရစ်စတင်းနှင့် တိုင်ပင်ရာ -

"အခု တစ်လ နှစ်လအတွင်း ကျောင်းတက်ကြ၊ စာကျက်

www.burmeseclassic.com

www.burmeseclassic.com



ကြသေးတာပေါ့၊ တကယ်လို့ စာကိုပိုင်ပိုင် နိုင်နိုင်ကျက်နိုင်ရ
ဖြေကြည့်တာပေါ့” ဟူသော အဖြေကို ရရှိပါသည်။

ကျွန်တော်၏ ကိုယ်ပိုင်အယူအဆမှာလည်း ကျွန်တော်
အလုပ်စတင် ဝင်ရောက်သည့် အချိန်နှင့် ပညာတော်သ
သွားရသည့် (၅) နှစ်ခန့်အတွင်း မျက်စိလူနာနှင့် အမြဲထိတွေ့
ရသည်။ မျက်စိစာအုပ်များကို ဖတ်ရှုခဲ့သည်၊ လေ့လာခဲ့သ
ဖြစ်၍ (၅၀) ရာနှုန်းခန့် အောင်မြင်စွာ ဖြေဆိုရန် အလားအလ
ရှိသည်။ ကောင်းသည်။ ကျန်လိုအပ်သည်များကို ဖိဖိစီး
ကျက်လျှင် ဖြစ်နိုင်သည်ဟု ယုံကြည်နေပါသည်။ သို့ရာတွ
ခရစ်စတင်း ပြောသည့်အတိုင်း တစ်လ နှစ်လအတွ
အခြေအနေ အရပ်ရပ်ကို တွက်ချက်၍ ဖြေမည်၊ ဖြေဖြစ်အော
ကြိုးစားမည်ဟု စဉ်းစားထားပါသည်။ စာကို ဖိဖိစီးစီးလုပ်သည်
နေ့လယ်ပိုင်းအားသည့်အချိန်များတွင် စာကြည့်တိုက်
သွားရောက်စာကျက်သည်။ စာဖတ်သည်။ စနေနေ့ နေ့
ညပါ ဖတ်သည်။ တနင်္ဂနွေနေ့ နံနက် (၁၀) နာရီအထိ ကော
အိပ်သည်။ အညောင်းပြေ အညာပြေ လည်ပတ်ပါသ
ခရစ်စတင်းသည်လည်း စာကျက်ဖော်ဖြစ်လာခဲ့သ
ဆွေးနွေးဖော်ဖြစ်လာခဲ့ပါသည်။ တစ်ပတ်ထက်တစ်ပ
တစ်လထက်တစ်လ အခြေအနေပိုကောင်းလာသည့်အတ
စာမေးပွဲဖြေမည်ဟု ယတိပြတ် ဆုံးဖြတ်လိုက်ပါသည်။



စာမေးပွဲမဖြေမီ မှတ်မှတ်ရရ၊ နှစ်ကြိမ်သာ လည်ဖြစ်
တော့သည်။ ဤသည်မှာလည်း ခရစ်စတင်း၏ မသွားရမနေနိုင်
လောဆော်မှုကြောင့်ဟု ပြောရပါမည်။ တစ်ခုမှာ လန်ဒန်ရောက်
စာမှာလှည့်ခရီးသည်များ အများအပြားသွားတတ်ကြသည့်
မဒမ်တူးဆော့ဒ်၏ ဖယောင်းပြတိုက်ဖြစ်ပါသည်။ ကျွန်တော်တို့
နှင့် ဘွဲ့လွန်ကျောင်းအတူတက်ကြသော မိတ်ဆွေအများစုလည်း
သွားကြသည်။ ကျွန်တော်တို့လည်း သွားဖြစ်ခဲ့သည်။ ဖယောင်း
ပြတိုက်၏ မူလအစမှာ ခေါင်းဖြတ်စက်နှင့် ခေါင်းဖြတ် ခံရသော
ပြင်သစ်မင်းမျိုးမင်းနွယ်များ၏ ဦးခေါင်းပုံများကို ပြင်သစ်
အမျိုးသမီး မဒမ်တူးဆော့ဒ် ၁၈၀၂ ခုနှစ်တွင် လန်ဒန်သို့
တင်ယူလာခဲ့သည့်အချိန်မှစသည်ဟု ပြောရပါမည်။ ဖယောင်း
ပြတိုက်သို့သွားလိုလျှင် မြေအောက်ရထားစီးပြီး ဘေကာလမ်း
ဘူတာသို့သွားရောက်ရသည်။ ထိုနေရာမှ မယ်ရီလီဘုန်းလမ်း
အတိုင်း လျှောက်သွားလျှင် လမ်း၏ ဘယ်ဘက်တွင် ပြတိုက်သို့
ဝင်ရန် စီတန်းနေသူများကို တွေ့လိမ့်မည်။ စီတန်းဒုက္ခခံရ
လောက်အောင်လည်း စိတ်ဝင်စားဖွယ်ရာများရှိသည်။ ကမ္ဘာ
ပေါ်ရှိ မင်းမျိုးမင်းနွယ်များ၏ ဖယောင်းပုံများ၊ ကမ္ဘာ့ခေါင်း
ဆောင်ကြီးများ၏ ရုပ်တုများ၊ အနုပညာနယ်ပယ်မှ နာမည်ကြီး
သူများ၊ သမိုင်းတွင်သော လူဆိုးကြီးများ၏ ဖယောင်း ရုပ်တုများကို
ပြုလုပ်ထားပါသည်။ လူအများ၏ စိတ်ဝင်စားမှု အပြောင်းအလဲ

www.burmeseclassic.com

www.burmeseclassic.com



များကို လိုက်၍ ရုပ်ထုပုံများကိုလည်း ပြောင်းလဲ ပေးပါသည်။ ကမ္ဘာပေါ်တွင် ထင်ရှားကျော်ကြားသူများ အကြောင်းကို နာရီဝက်ခန့် စိတ်ဝင်စားဖွယ် ခေတ်ပေါ်ရုပ်သံ နည်းများသုံး၍ ပြသပေးသည်။ ဖယောင်းပြတိုက်တွင် ယခင်က ဘီတယ်လ် အဖွဲ့မှစ၍ မကြာမီက အိန္ဒိယ ရုပ်ရှင် မင်းသား ရှရွတ်ခန်း၏ ဖယောင်းရုပ်ပင် ပြထားကြောင်း သိရပါသည်။ ထိုမှ့သာမက ကြောက်ရွံ့ထိတ်လန့်ဖွယ်လူများကို နှိပ်စက်ပုံပြသသော အခန်းလည်းရှိသည်။ ဒုတိယ ကမ္ဘာစစ်ကြီး အတွင်း ဂျာမန်များ လန်ဒန်သို့ လာရောက်ဗုံးကြဲခြင်း၊ အင်လိပ် လေယာဉ်များ တန်ပြန်တိုက်ခိုက်ခြင်းများကို ရုပ်ရှင်ပြသည်။ ယခုအခါ လန်ဒန်၏ သမိုင်းအစီအစဉ်ကို လန်ဒန်တက္ကစီ ပုံစံကားငယ်ဖြင့် (၅) မိနစ်ခန့် လှည့်လည်ပြသပါသည်။ မဒမ်တူးဆော့ဒ် ဖယောင်း ပြတိုက်သည် ခေတ်သမိုင်းကို မီးမောင်း ထိုးပြသည့် ပြတိုက် အဖြစ် ယူဆ၍ ရသည်ကို စိတ်ဝင်စားဖွယ် တို့ကို ပညာသားပါပါ ပြနိုင်သဖြင့် နာရီများစွာ တန်းစီ၍ စတာလင် (၂၅) ပေါင်ခန့် ဝင်ကြေးပေး၍ ကြည့်ကြခြင်း ဖြစ်သည်ဟု ယူဆမိပါသည်။

မဒမ်တူးဆော့ဒ်၏ ဖယောင်းပြတိုက်နှင့် မနီးမဝေး ဘေကာလမ်း အမှတ် (၂၃၉) တွင် စိတ်ဝင်စားဖွယ် ကောင်း လှသော ကမ္ဘာကျော် စုံထောက်ကြီး ရှားလော့ခ်ဟုမ်း၏ ပြတိုက်



ကြီးရှိပါသည်။ ရှားလော့ခ်ဟုမ်း၏ ဝတ္ထုများကို ဖတ်၍ ရှားလော့ခ်ဟုမ်းနှင့် သူ၏မိတ်ဆွေ ဝပ်တ်ဆန်တို့ တကယ်ရှိ ကြောင်း ယုံကြည်သူများလည်းရှိသည်။ ကျွန်တော်တို့ ကိုယ်တိုင် လည်း ကျောင်းသားဘဝက ဖတ်ခဲ့ကြသည်။ အနည်းဆုံး ဆရာကြီး ရွှေဥဒေါင်းရေးသားခဲ့သော စုံထောက်ကြီး ဦးစံရှား ဝတ္ထုများကို ဖတ်ခဲ့၊ သဘောကျခဲ့သည်။ ဝတ္ထုထဲတွင် ရှားလော့ခ် ဟုမ်း၏ နေအိမ်နံပါတ်မှာ ၂၂၁ ဘီ၊ ဘေကာလမ်းဖြစ်သည်။ သို့ဖြစ်၍ ပြတိုက်၏ အိမ်နံပါတ်အဖြစ် ဝတ္ထုထဲကနံပါတ်ကို တပ်ဆင်ထားလေသည်။ ထိုပြတိုက်ကို တည်ဆောက်ခြင်း မွမ်းမံပြင်ဆင်ထားခြင်းမှာ လွန်စွာ စိတ်ကူးဉာဏ်ကောင်းလှ ပါသည်။

ဝတ္ထုထဲတွင် ပါသော နာမည်ကြီး ဇာတ်ကောင်၊ ဓာတ်ဒယ်များကို ဝိတိုရိယခေတ်စရိုက်ပေါ်စေရန် ဝတ်ဆင် ထားသည်။ ထိုခေတ်၏ ရုပ်ပတ်ဝန်းကျင် ဝတ္ထုပစ္စည်းများ ကိုလည်း ထည့်သွင်းအသုံးပြုထားပါသည်။ ပြတိုက်သို့ လာသူ တစ်ဦးအနေနှင့် အခန်းတစ်ခန်းနှင့်တစ်ခန်း ကူးလူး သွားလာ၍ ဆာအာသာကွန်နန်ဒွိုင်း၏ ဇာတ်လိုက်အဖြစ် စိတ်ကူးယဉ် နိုင်ပါသည်။ သူ၏ ဇာတ်လမ်းများအတိုင်း စိတ်ကူး သရုပ်ဆောင် နိုင်သည်။ ရှားလော့ခ်ဟုမ်းအဖြစ်လည်း သဲလွန်စ ရှာဖွေခြင်း၊

www.burmeseclassic.com

သုံးသပ်ခြင်း၊ လူဆိုးဖမ်းခြင်းများကို ဆောင်ရွက် နိုင်ပါလိမ့်မည်။ စိတ်ကူးယဉ်ကမ္ဘာလေး တည်ဆောက်၍ ကိုယ်စိတ်နှစ်ပါး ပင်ပန်းစေသော လူ့ဘဝပတ်ဝန်းကျင်မှ ခေတ္တမျှ လွတ်မြောက် ရခြင်းကိုပင် စည်းစိမ်ချမ်းသာဟု တွေးမိပါသည်။

× × ×



## ဒယ္ယူးတော်ဝင် ရုက္ခဥယျာဉ်နှင့် မျှစ်ချဉ်ဟင်း

လန်ဒန်အကြောင်း လန်ဒန်အတွေ့အကြုံများရေးလျှင် ဆော်လင်လမ်းရှိ မြန်မာပညာသင် အဆက်ဆက်တို့ နေထိုင်ရာ အမှတ် (၇၂) ကိုလည်း သတိရပါသည်။ ထိုအခန်းမှာ နေ၍ တိုင်းပြည်၏ တာဝန် ကြီး‚ငယ်‚လတ်တို့ကို အသက်ကြီးရင့်သည် အထိ ထမ်းရွက်သွားသူလည်း များစွာရှိခဲ့သည်ဟု ပြောလျှင် ရပါသည်။ ကျွန်တော် မျက်စိဘွဲ့လွန်တက်သည့်အချိန် လန်ဒန် ထိုအခန်းမှာနေသူများမှာ မိုးလေဝသနှင့် ဇလဗေဒဌာနမှ ကိုအုန်းမောင်၊ လူမှုဝန်ထမ်းဌာနမှ ဒေါ်ခင်စန်းချစ်၊ ဒေါက်တာ ခင်မောင်၊ ဒေါက်တာအေးဖေ၊ ဒေါက်တာဒေါ်နုနုတို့ ဖြစ်ပါသည်။

နိုင်ငံခြားတိုင်းပြည် စာသင်ရန် ရောက်ခဲ့သူ၏ ရာခိုင်နှုန်း တော်တော်များများသည် ရောက်ခါစတွင် မနေတတ်၊ မထိုင် တတ်အောင်ပင် လွမ်းလွမ်းဆွေးဆွေးဖြစ်နေသူများပါသည်။ အိမ်ထောင်ရှိသူများပို၍ သနားစရာကောင်းပါသည်။ အမျိုးသား များဆိုလျှင် ညိုးငယ်သည်သာမက တစ်ခါတစ်ရံ မျိုးဟန်ပင်

www.burmeseclassic.com



ဆောင်ကြသည်။ အမျိုးသမီးဆိုလျှင် ရက်ရှည်လများ မျက်ရည်မိုးရွာသွန်းဖြိုးပါသည်။ ထိုအဆင့်ကို ဒုံးပေကတ်သတ်ခံ၍ ကျော်လွှားနိုင်မှ မျှော်မှန်းသော ဘွဲ့လွန်အဆင့်ကို ရပါသည်။ ကျော်လွှားနိုင်ရန်လည်း မိတ်ဆွေကောင်း၊ အပေါင်းအသင်းကောင်း လိုပါသည်။ ဘာသာရပ်တစ်ခုအတွက် အမျိုးသမီးဆရာဝန်တစ်ဦးနှင့် အမျိုးသားဆရာဝန်တစ်ဦးတို့ကို ပညာသင်အတူလွှတ်ခဲ့ပါသည်။ အမျိုးသားဆရာဝန်က လုံးဝအကူအညီမပေးသဖြင့် အမျိုးသမီးဆရာဝန်မမှာ စိတ်ဓာတ်ကျပြီး စာမလိုက်နိုင်အောင်ဖြစ်ခဲ့ပါသည်။ ငိုယိုပြီး ကျွန်တော့်ထံ ဖုန်းဆက်သဖြင့် လန်ဒန်မြို့လယ်ခေါ်သွားပြီး ကုန်တိုက်များ ဈေးဆိုင်များပြသခြင်း၊ တရုတ်အစားအစာ၊ ကုလားအစားအစာများ အတူစားခြင်း၊ အားပေးခြင်းများ ပြုလုပ်ခဲ့ရာ နောက်ပိုင်းကောင်းသွားပြီး ဘွဲ့လွန်ရသွားပါသည်။

ဓာတ်မှန်ပညာလာသင်သော သူငယ်ချင်းတစ်ဦးမှာ လန်ဒန်ရောက်ပြီး တစ်လ နှစ်လ အိမ်နှင့် အဆက်အသွယ်ပြတ်သွားပါသည်။ တစ်လကျော်သောအခါ လန်ဒန်ဆေးရုံတစ်ခုမှ သူ၏ ဆရာအား စိတ္တဇလူနာတို့ ပြောတတ်သည့်အတိုင်း နားထဲမှာ အသံတွေကြားနေရသည်။ မျက်လုံးမှိတ်တာနဲ့ ကြောက်မက်ဖွယ်ရာတွေ မြင်နေရသည်စသည်ဖြင့် ကျောင်းသားဘဝက စိတ်ရောဂါနှင့် ပတ်သက်၍ သင်ခဲ့သမျှတွေကို



သူ့ဆရာအား ပြောကြားပြီး မြန်မာပြည်ပြန်ခွင့်ပြုရန် ပြောလေသည်။ ဆရာအနေနှင့် နိုင်ငံခြား ပညာသင်များ ရောက်ခါစ စိတ်ဓာတ်ကျတတ်ကြောင်း သိသဖြင့် ချော့ချော့မော့မော့ ပြောကြား ဆက်ဆံကာ သင်တန်းကို ဆက်လက် တက်စေခဲ့သည်။ နောက်ပိုင်းအိမ်က စာမှန်မှန် လာသောအခါ စိတ်ပြေလက်ပျောက်ဖြစ်ပြီး ဘွဲ့လွန်ရသွားပါသည်။ ဒုတိယ အကြီးဆုံးဆေးရုံတွင် ဌာနမှူးအဖြစ် နှစ်ရှည်လများ တာဝန် ထမ်းဆောင်သွားပါသည်။

လန်ဒန်တွင်တော့ သံရုံးဝန်ထမ်းများ၊ စစ်သံရုံးမှ ဝန်ထမ်းများ၊ ယဉ်ကျေးမှုရေးရာသံရုံးမှ ဝန်ထမ်းများရှိသည်။ ဆေးရုံများစွာ၊ တက္ကသိုလ်များစွာတွင် ပညာသင်နေကြသော ဆရာဝန်များ၊ တက္ကသိုလ်မှ ဆရာများလည်းရှိရာ တစ်ဦးနှင့်တစ်ဦး အားပေးကြ၊ ကူညီကြ၊ လူမှုရေးဆက်ဆံခြင်းများ၊ အစဉ်အမြဲပြုလုပ်ထိတွေ့နေကြရသဖြင့် စိတ်သက်သာရာရကြပါသည်။ လန်ဒန်အပြင်ဘက် တချို့သော မြို့များတွင် မြန်မာလူမျိုးမရှိတတ်ပါ။ ထိုသို့သော နေရာသို့ ရောက်ပါက စိတ်အားငယ်ကြပါသည်။ ပထမ တစ်လ နှစ်လကို အောင့်အီးသည်းခံလိုက်ပါက နောက်ပိုင်းအသားကျသွားသောအခါ မပြန်ချင်သည်အထိ ဖြစ်သွားသူများကိုလည်း တွေ့ရသည်။ အပျော်လွန်သဖြင့် စာမေးပွဲမအောင် စိတ်လေပြီး အပြီးအပိုင် နိုင်ငံခြားတွင် အခြေချသွားသူများရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် လန်ဒန်တွင်ရှိစဉ်က ယဉ်ကျေးမှုရေးရာ သံမှူးအဖြစ် တာဝန်ထမ်းဆောင်နေသူမှာ ဆရာဦးဖေချစ်ဖြစ်ပါသည်။ သူသည် မုံရွာသားဖြစ်ပါသည်။ တက္ကသိုလ်ဆရာတစ်ဦးအဖြစ်မှ လန်ဒန်သို့ ရောက်လာခဲ့သူဖြစ်သည်။ သဘောထားကောင်းမွန်၍ လွန်စွာ သိမ်မွေ့ပါသည်။ ကင်ဆင်တန်ဘက်တွင် မိသားစုနှင့်နေထိုင်သည်။ မိသားစုအားလုံးသည်လည်း အနေအထိုင် ရိုးသားသည်။ အညာသူအညာသား ရိုးရိုးကြီးများဖြစ်ကြသည်။ တက္ကသိုလ်ဆရာအသိုင်းအဝိုင်းမှဖြစ်၍ ဘွဲ့လွန်ကျောင်းသားများနှင့် ခင်မင်ရင်းနှီးသည်။ နိုင်ငံခြား ပညာတော်သင်များမှာလည်း အစိုးရဝန်ထမ်းများဖြစ်ကြပါသည်။ လုပ်သက်အနည်းဆုံး (၂) နှစ်ရှိမှ နိုင်ငံခြားပညာသင်စာမေးပွဲ ဖြေခွင့်ရှိသည်။

ပညာတော်သင်အများစုမှာ ဆရာဝန်များနှင့် တက္ကသိုလ်မှ ဆရာ ဆရာမများဖြစ်ကြပါသည်။ ကျွန်တော်နှင့် ခင်မင်ရင်းနှီးသူများဖြစ်ကြသော ကိုဟန်တင်၊ ကိုထွန်းမြင့် (ကဗျာဆရာ တက္ကသိုလ်မင်းမော်)၊ သချာကထိက ကိုလှမြင့်တို့မှာ ဦးဖေချစ်နှင့် တက္ကသိုလ်တွင် တာဝန်ထမ်းဆောင်စဉ်ကပင် ခင်မင်ရင်းနှီးခဲ့သူများဖြစ်၍ သွားရောက်လည်ပတ် ထမင်းစားတတ်ကြသည်။ တစ်ခါတစ်ရံ ကျွန်တော်လည်း ပါသွားသည်။ ပညာသင်ကြားရေး လူမှုရေး၊ ထွေရာလေးပါး စကားစမြည်ပြောကြသည်။



ယဉ်ကျေးမှုရေးရာ သံမှူး၏တာဝန်ကား ကြီးမားလှပါသည်။ မြန်မာပြည်မှ အင်္ဂလန်၊ စကော့တလန်၊ ဝေလပြည်နယ်၊ အိုင်ယာလန်တို့ကို စုပေါင်းခေါ်ဆိုသော ယူနိုက်တက်ကင်းဒမ်းနိုင်ငံတစ်ခုလုံးတွင် လာရောက်ပညာသင်ကြားသူများ၏ ပညာသင်ကြားရေးဆိုင်ရာ ကိစ္စအဝဝကို တာဝန်ယူရပါသည်။ ပညာသင်ကြားရေး အခက်အခဲ၊ ခွင့်ကိစ္စ၊ ထောက်ပံ့ကြေးကိစ္စ၊ စာမေးပွဲမအောင်၍ သင်တန်းကာလတိုးရန်ကိစ္စ အစရှိသည့် ကိစ္စအဝဝကို ပြေလည်အောင် ဖြေရှင်းပေးရသည်။ ပညာရေးဝန်ကြီးဌာနကို တာဝန်ခံရလေသည်။ သံမှူးကောင်းမှ ပညာသင်တို့နေရထိုင်ရ ပညာသင်ကြားရခြင်းများ ချောမွတ်ပါသည်။ စိတ်ဓာတ်ကျသူကို အားပေး၊ စိတ်ညစ်သူကို ဖျော်ရန် ကြိုးပမ်းနှင့်မလွယ်ကူလှပါ။ ဆရာကိုယ်တိုင်လည်း စိတ်ပညာဌာနတွင် ဆရာလုပ်ခဲ့သူဖြစ်၍ ခက်ခဲသော ထိုရာထူးနေရာတွင် အဆင်ပြေစွာ နေနိုင်သည်ဟု ထင်မြင်ရပါသည်။

မြန်မာသံရုံးမှာ လန်ဒန်မြို့လယ် ၁၅-အေ၊ ချားလစ်လမ်းမှာ ရှိပါသည်။ မြန်မာ့ပွဲတော်များဖြစ်သော လွတ်လပ်ရေးနေ့နှင့် သင်္ကြန်ပွဲတော်၊ ဝါဆိုသင်္ကန်း၊ ကထိန်သင်္ကန်းကပ်ခြင်းတို့ကို အမကထပြုလုပ်၍ ပညာသင်များ၊ ဝန်ထမ်းများကို ခင်ခင်မင်မင် စုစုစည်းစည်း ရှိစေသည်။ ထိုသို့သော ပွဲများသို့ ကိုယ်တိုင်း

www.burmeseclassic.com

www.burmeseclassic.com



ပြည်ကိုယ် လွမ်းနေသူ အများအပြား မရောက်ရောက်အောင် လာကြပါသည်။ အထူးသဖြင့် များစွာ အထီးကျန်စွာ ပညာသင်ကြားနေရသူများကို အသိုင်းအဝိုင်းနှင့် အားပေးသည့် ပွဲများဖြစ်သည်။ ပညာသင်ဘဝသည် ရုံဖန်ရံခါ ချောက်ချားဖွယ်ကောင်းလှအောင် အဖော်မဲ့ခြင်းကို ခံစားရသည်။ ကိုယ့်တိုင်းပြည်၊ ကိုယ့်မိတ်ဆွေ အသိုင်းအဝိုင်း၊ ကိုယ့်လုပ်ဖော်ကိုင်ဖက်များရှိသော လုပ်ငန်းပတ်ဝန်းကျင်တွင် နေရစဉ်က ဘာမှထူးထူးခြားခြား ခံစားမှုမရှိသော်လည်း တစ်ပြည် တစ်နိုင်ငံသို့ သွားရောက်၍ လူစိမ်းများကြားမှာ နေထိုင်သွားလာလှုပ်ရှားရသောအခါ အထီးကျန်ခြင်းကို သွက်သွက်လည်အောင် ခံစားရသည်။ တစ်ဖက်ကလည်း ပညာတော်သင် စေလွှတ်ခံရ၍ စာမေးပွဲအောင်မြင်ရန် ရည်မှန်းချက်ထားသောဘွဲ့ကို ယူရန် တာဝန်ရှိနေသည်။ စာမေးပွဲအောင်ရန် စာကျက်ရန်လိုသည်။ မည်သူမှ ကိုယ့်အတွက် စာကျက်ပေး၍ မရပါ။ စာမေးပွဲအောင်မှ ဖြစ်မည်။ စာကျက်ရမည်။ လွမ်းတာ ဆွေးတာတွေ ဘေးချိတ်ရမည်။ အဖော်ရှာ နေ၍မရ။ ပညာသင်လာသူတိုင်း သူ့အလုပ်နှင့်သူ ရှုပ်နေကြသည်။ ထိုအခြေအနေတွင် စိတ်ထားတတ်မှ အဆင်ပြေနိုင်ပါသည်။ စိတ်ဓာတ်ကျနေ၍ မဖြစ်ပါ။ နိုင်ငံခြားတွင် စာသင်၍ အောင်မြင် ပေါက်မြောက်ခဲ့ကြသူတိုင်း ထိုအခက်အခဲများကို လွန်မြောက်ခဲ့ကြရသည်။ ပညာသင်တို့၏ ရာခိုင်နှုန်း



အနည်းငယ်မှာ စိတ်မထားတတ်၍ ဘွဲ့မရခြင်း ဖြစ်တတ်ပါသည်။

ပညာသင်၏ နောက်ပိုင်းမိသားစု အခြေအနေကောင်းပါမှ ပညာသင်သူလည်း စိတ်ဓာတ်ခိုင်ကျည်စွာနှင့် စာကျက်နိုင်သည်။ လေ့လာနိုင်သည်။ သို့ဖြစ်၍လည်း ဘွဲ့လွန်တန်း အောင်မြင်ခြင်းမှာ ပညာသင်သူတော်ရုံမျှမက မိသားစု၏လိမ္မာမှု၊ ပါးနပ်မှု၊ သိတတ်မှုများလည်း များစွာပါလေသည်။ ရင်းနှီးသော မိတ်ဆွေတစ်ဦး နိုင်ငံခြားရောက်နေစဉ် သူ၏ဖခင် ရန်ကုန်မှာ နှလုံးရောဂါနှင့် ဆုံးသည်။ ထိုသို့ သေဆုံးကြောင်းကို မိတ်ဆွေမသိအောင် ဖုံးဖိထားရသည်။ ရန်ကုန်ပြန်ရောက်မှ ရှင်းပြရသည်။ အကြောင်းကြားမိပါက ပညာသင် စိတ်အနှောင့်အယှက်ဖြစ်ပြီး စာမေးပွဲကျရှုံးနိုင်ပါသည်။

မြန်မာ့စေတနာ မြန်မာ့ကရုဏာကို အသိအမှတ်ပြုရသည့် အဖြစ်အပျက်တစ်ခုကို တွေ့ခဲ့ရဖူးပါသည်။

တနင်္ဂနွေတစ်နေ့ဖြစ်ပါသည်။

ထိုနေ့က လန်ဒန်ဟောလင်လမ်း၊ အမှတ် (၇၂) သို့ အလည်ရောက်သွားပါသည်။ ထိုကျောင်းအားရက်တွင် ကိုအုန်းမောင်၊ ဒေါ်ခင်စန်းချစ်၊ ဒေါက်တာအေးဖေ၊ ဒေါက်တာဒေါ်နုနုတို့နှင့်အတူ အလည်အပတ်ထွက်ခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ရည်ရွယ်ချက်မှာ အိမ်ကိုလွမ်း၍ စိတ်ဓာတ်ကျပြီး ရက်ပေါင်းများစွာ မျက်ရည်နှင့် မျက်ခွက်ဖြစ်နေသူအား နှစ်သိမ့်အားပေးရန်အတွက် ဖြစ်သည်။ ညှိနှိုင်းတိုင်ပင်၍ လန်ဒန်၏ အကြီးဆုံးတော်ဝင်ရုက္ခဗေဒဥယျာဉ် ကယူ (Kew Garden) ပန်းခြံသို့ သွားရောက်ရန် ဆုံးဖြတ်ကြပါသည်။ ထိုပန်းခြံသည် သာမညပန်းခြံ မဟုတ်။ ဧက ၃၀၀ ကျယ်ဝန်းသည်။ သစ်ပင်အမျိုးပေါင်း ၃၀၀၀၀ ကျော်ကို စိုက်ပျိုးထားပါသည်။ သစ်ပင် ပန်းမန်ဝါသနာပါသူတို့အတွက်ကား ကမ္ဘာပေါ်ရှိ ကွဲပြားသော ရာသီဥတုရှိသော တိုင်းပြည်အားလုံး၏ ရာသီဥတုရှိစေရန် ဖန်တီးထားသော ဇရာမဖန်လုံအိမ်များဆောက်၍ အပင်မျိုးစုံကို စိုက်ပျိုးထားပါသည်။ ဤပန်းခြံကို မူလက ဒုတိယ မြောက်ဂျော့ဘုရင်၏ သားတော် ဖရက်ဒရစ်မင်းသားက ၁၉၃၁ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။ စတင်ဆောက်စဉ်က စိတ်ကြည်နူးဖွယ်ပန်းခြံငယ်တစ်ခုကို ဖန်တီး ခဲ့ခြင်းဖြစ်သော်လည်း ဖရက်ဒရစ်၏ ဇနီးသည် ဩဂတ်စတာက ရုက္ခဗေဒဥယျာဉ်အသွင်ပေါ်စေရန် ၁၇၅၉ ခုနှစ်တွင် တိုးချဲ့ ပြုပြင်ခဲ့ပါသည်။ တော်ဝင်ရုက္ခဗေဒဥယျာဉ် ဖြစ်စေရန် ဆာဂျိုးဇက်ဘင့်ခ်အမည်ရှိသည့် ရုက္ခဗေဒပညာရှင်ကြီးကြောင့် ကျော်ကြားသော ဥယျာဉ်ဖြစ်လာခဲ့သည်။ ထိုဥယျာဉ်ကြီးတွင် ရာသီအလိုက်ပွင့်သည့်ပန်းများကို အစဉ်အမြဲဂရုတစိုက် စိုက်ပျိုးထား၍ မည်သည့်ရာသီတွင် သွားရောက်သည်



ဖြစ်စေ စက္ခုပသာဒလှပမှုကိုရစေသော ပန်းပင်အမျိုးမျိုးကို တွေ့နိုင်ပါသည်။ ဖေဖော်ဝါရီလတွင် ကုံကုမံနှင့် နှင်းခေါင်းလောင်းပန်းခင်းများ၊ မေလတွင် ခေါင်းလောင်းပြာပန်းများ၊ ပန်းရောင်၊ မရမ်းရောင်၊ အဖြူ၊ အဝါ ပန်းရောင်စုံပွင့်သော ပန်းခြံများ၊ ဇွန်လတွင် တောင်ဇလပ်ပန်းများ ပွင့်သည်ကို တွေ့နိုင်ပါသည်။ ဖန်လုံအိမ်များအတွင်းတွင် အပူပိုင်းဒေသ၏ အပူချိန်ရှိစေရန် ပြုလုပ်ထားပြီး အပင်ကြီး အပင်ငယ်များ၊ ရှားစောင်းပင်မှစ၍ အသားစား အပင်များအထိ စုံနေအောင် စိုက်ထားပါသည်။ ပေ (၆၀) မြင့်သည့် ချိုလီယန်ထန်းပင်လည်း ရှိသည်။ တခြားစိတ်ဝင်စားစရာ တစ်ခုမှာ (၁၆၃) ပေမြင့်သည့် တရုတ်ဘုရားကျောင်းဖြစ်ပါသည်။ ဝင်ကြေးမှာ (၁၂) ပေါင် သို့မဟုတ် (၂၀) ဒေါ်လာခန့်ဖြစ်၍ ဈေးကြီးသည်ဟု ယူဆ၍ ရပါသည်။

ထိုဥယျာဉ်အတွင်း လှည့်လည်ကြည့်ရှုနေခိုက် အသက် (၅၀) ခန့်ရှိ အမျိုးသမီးနှင့် အမျိုးသားစုံတွဲကို တွေ့ရပါသည်။ အာရှတိုက်သားနှင့်တူ၍ ကြည့်နေစဉ်မှာပင် ကျွန်တော်တို့အား မြန်မာပြည်ကပါလားဟု မေးမြန်းပါသည်။ ကျွန်တော်တို့လည်း ကိုယ့်ဘာသာကိုယ် မိတ်ဆက်ပေးပါသည်။ ထိုသို့ တွေ့ရသော အမျိုးသားကြီးမှာ မြန်မာသံရုံးမှ ပထမအတွင်းဝန် ဦးစိန်အောင် ဖြစ်ပါသည်။ ပါလာသူ အမျိုးသမီးမှာ ဦးစိန်မောင်ကတော်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပါသည်။ စကားပြောကြရင်း ဦးစိန်မောင်က အိမ်လိုက်၍ ထမင်းစားရန်ပြောပါသည်။ ကျွန်တော်တို့က အားနာ၍ ငြင်းပါသည်။ သို့ရာတွင် မှျစ်ချဉ်နှင့်ဝက်သား၊ ဘာလချောင်ကျော်၊ ငပိရည်၊ အတို့အမြုပ်များ မြန်မာပြည်က လူကြုံနှင့်ပါလာ၍ စားရန် ထပ်မံဖိတ်သောအခါ ကျွန်တော်တို့အဖွဲ့မှာ တောင့်ခံမထားနိုင်တော့ဘဲ ညနေစာစားရန် သဘောတူကြပါသည်။

နိုင်ငံခြားသားများနှင့် မြန်မာတို့၏ စေတနာနှင့် ခင်မင်တတ်သော အတိုင်းအတာတို့၏ ကွာခြားချက်မှာ လွန်စွာမှ သိသာပါသည်။ မည်သူမျှ အခုတွေ့ အခုသိရသူများကို အိမ်ကို ဖိတ်၍ ထမင်းကျွေးမည်မထင်ပါ။ မြန်မာလူမျိုးလည်းဖြစ်၊ စေတနာလည်းရှိ၊ ခင်လည်းခင်မင်တတ်၍သာ လင်မယား နှစ်ယောက်၊ စိတ်တူကိုယ်တူ ဖိတ်ကြခြင်းဖြစ်ပါသည်။ ထမင်းစား ဖိတ်သည်ကို ကျွန်တော် တို့ လက်ခံလိုက်သောအခါ ဦးစိန်မောင်သည် အိမ်သို့ ဧည့်သည် ဘယ်နှစ်ဦးလာမည်၊ ဘာဟင်းချက်ပါဟု ဖုန်းနှင့် အကြောင်းကြားလိုက်ပါသည်။

ညနေပိုင်း ဥယျာဉ်အတွင်း လှည့်ပတ်ကြည့်ရှုခြင်းပြီးဆုံးသည့်အခါ ဦးစိန်မောင်ဦးဆောင်၍ သူ၏အိမ်သို့ သွားကြပါသည်။ ဦးစိန်မောင်နေသော တိုက်ခန်းမှာ တိုက်အမြင့် ကြီးများ လေးငါးလုံးခန့်စု၍ ဆောက်ထားသည့်နေရာ ဖြစ်ပါသည်။



ဘွန်ဒိုမီနီယံ အဆင့်မြင့်ခေတ်မီ တိုက်ခန်းများ ဖြစ်ပါသည်။ လမ်းမပေါ်မှ ထိုတိုက်အုပ်စုဘက်သို့ လျှောက်၍ ခေတ္တမျှသော အချိန်တွင် မှျစ်ချဉ်ချက်သည့်အနံ့ကို ရပါသည်။ သို့ဖြစ်၍လည်း နိုင်ငံခြားရောက်၍ မြန်မာတစ်ဦးနေသော တိုက်ခန်းကို ရှာဖွေလိုလျှင် အခန်းနံပါတ် သိစရာမလိုဘူး၊ နှာခေါင်းကောင်းလျှင် တွေ့နိုင်တယ်ဟု ပြောဆိုကြပါသည်။ ပြောလည်း ပြောလောက်ပါသည်။ မြန်မာအိမ်တိုင်းလိုလို မှျစ်ချဉ်နဲ့ ငါးပိရည်ကျိုသည့် အနံ့၊ ငံပြာရည် ကြော်သည့်အနံ့နှင့် ဟင်းနံ့များ အစဉ်ထွက်နေတတ်ပါသည်။ သူ၏ နှာခေါင်း အတွက် နံမည်ဖြစ်သော်လည်း မြန်မာတို့အတွက်မူ ထိုအနံ့များ ရရုံနှင့် ထမင်းစားချင်စိတ် ပေါက်လာမည်။ ဆာလာပါလိမ့်မည်။

အတွင်းဝန်ဦးစိန်မောင်က မြန်မာပညာသင်များ မြန်မာ အစားအစာနှင့် ဝေးနေကြတာကြာပြီဟု စေတနာရှေ့ထား၍ ကျွေးမွေးသော စားစရာများကို ခေါင်းမဖော်နိုင်အောင် စားကြပါသည်။ လန်ဒန်အကြောင်း၊ နေမှုထိုင်မှုကိစ္စရပ်များကို သံရုံး အရာရှိပီပီ အတွေးအခေါ်အပြည့် လူမှုရေးစိတ်ဓာတ် အပြည့်ဖြင့် ပြောကြားအားပေးသည်။ စိတ်အားငယ်သူမှာ လူကြီး တစ်ယောက်က ထိုသို့ပြောပြသဖြင့် စိတ်အားတက်လာသည့် အသွင်နှင့် မျက်နှာပြုံးပြုံးရွှင်ရွှင်ဖြစ်လာခဲ့ပါသည်။ ဦးစိန်မောင် အား များစွာ ကျေးဇူးတင်၍ ယနေ့အထိ လေးစားမိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ ကံကောင်းထောက်မ၍ ထိုလူကြီးနှစ်ဦးနှင့် ပန်းခြံတွင် တွေ့ဆုံခဲ့ကြခြင်းဖြစ်သည်။ ဦးစိန်မောင်အနေနှင့် မြန်မာများကို ခင်မင်စိတ်ဖြင့် ရင်းရင်းနှီးနှီး ပြောဆို၍ ထမင်းစား ဖိတ်ခြင်းကို အံ့သြကျေးဇူးတင်မိသည်။ ရှိတော့ရှိသည်။ ရှားသည် ဟု ပြောရပါမည်။

လန်ဒန်ရှိ အင်တာနေရှင်နယ်ဟောလ်၊ လီလီယန်ပင်ဆင် ဟောလ်နှင့် လန်ဒန်ဟောက်စ်တို့တွင် အဆောင် သုံးဆောင် လောက်တွင် နေဖူးပါသည်။ ထိုအဆောင်အားလုံးတို့တွင် တစ်ထပ်လျှင် မီးဖိုချောင် သုံးခန်းလောက်ရှိပါသည်။ အဆောင် နေသူများ ချက်ပြုတ်စားနိုင်ရန်ဖြစ်သည်။ ထိုမီးဖိုဆောင် တစ်ခန်းတွင် ဟော့တ်ပလိတ်၊ ထမင်းဟင်းချက်နိုင်သည့် မီးဖို သုံးဖို၊ ရေခဲသေတ္တာအကြီးစားတစ်ခု၊ ပန်းကန်ဆေးသည့် သံကန်တစ်ခု၊ နံရံကပ်လျှပ်စစ်နှင့် ရေနွေးအိုးတစ်လုံး ရှိသည်။ ထိုရေနွေးအိုးကို ရေပိုက်လိုင်း တပ်ထားပါသည်။ ရေဖြည့်ပြီး ခလုပ်နှိပ်လိုက်လျှင် (၅) မိနစ်အတွင်း ရေနွေးဆူပါသည်။ ရေခဲသေတ္တာထဲတွင် မိမိတို့ ချက်ပြုတ်စားသောက်ရန် ဝယ်ယူ ထားသော ဝက်အူချောင်း၊ ကြက်ဥ၊ အသားများကို ပလတ်စတစ် အိတ်ထဲထည့်၊ နာမည်ရေးထားသည့် စာရွက်ကပ်ထားလိုက်ရန် သာလိုပါသည်။ ထိုသို့ မှတ်သားထားခြင်းမှာ အိတ်များလွဲ၍ ဆွဲမသွားစေရန်ဖြစ်သည်။ ကျွန်တော့်အတွက်တော့ လွန်စွာ



အဆင်ပြေသည်။ အနည်းဆုံး ခေါက်ဆွဲထုပ်လောက်တော့ ခပ်မြန်မြန်လေး ပြုတ်စား၍ ရသည်။ ဆလာရီခေါ် တရုတ်နံနံ လက်ချောင်းလောက်တုတ်ပြီး ခြောက်လက်မ ခုနစ်လက်မလောက် အရှည် ငါးချောင်းပါသည့် အစည်းကိုဝယ်၍ ခေါက်ဆွဲပြုတ်ထဲ ထည့်၍ စားနိုင်သည်။ နောက်စူပါမားကတ်မှာ ဝယ်သည့် အသားလုံး၊ ငါးလုံးနှင့် ကြက်ဥများထည့်၍ စားလျှင်လည်း အဆင့်မြင့် ခေါက်ဆွဲပြုတ် စားရပါသည်။ အားလပ်ရက်များတွင် ထမင်းဟင်း ချက်စား၍ရသည်။ ထမင်းကို အိုးနှင့်လည်း ချက်နိုင် သည်။ လျှပ်စစ်ထမင်းချက်သည့် အိုးရှိလျှင် ပိုအဆင်ပြေပါသည်။ ရေနှင့်ဆန် အချိုးကျ အိုးထဲထည့်၍ ခလုပ်နှိပ်လိုက်ရန်သာ လိုပါသည်။ ဟင်းကတော့ ကောင်းစွာ မချက်တတ်ပါ။ ချက်မည့် အသားဟင်းချက် ပေါင်ဒါ၊ ဂျင်ဂျာအမှုန့်၊ ကြက်သွန်ဖြူအမှုန့်၊ ရေလည်းထည့်၊ ဆီလည်းထည့်၍ မီးဖိုပေါ် တင်ထားရုံသာ လိုသည်။ အသားများမှာလည်း နူးညံ့သဖြင့် ချက်ပြုတ် စားသောက်ရန် ကျက်ရန်လွယ်ပါသည်။ ထိုစဉ်က ကျွန်တော် နေသော အဆောင်တွင် တနင်္လာမှ သောကြာနေ့အထိ နံနက်စာနှင့် ညစာကျွေးပါသည်။ နံနက် စာမှာလည်း ပေါင်မုန့်၊ ကြက်ဥ (အပြုတ်၊ အကြော်၊ မွှေကြော်) ကြိုက်သည့်တစ်မျိုး ကော်ဖီ၊ လက်ဖက်ရည် ကြိုက်သလောက်သောက်၊ လိမ္မော်ရည်၊

www.burmeseclassic.com

www.burmeseclassic.com



ဂရိတ်ဖရုဖျော်ရည်သောက်၊ ကွန်းဖလိတ်နှင့် နို့အေး ဝက်ပေါင်ခြောက်ကြော်၊ ပန်းသီး၊ ငှက်ပျောသီး တစ်လုံးကျွေးရာ ကောင်းစွာ ဗိုက်ပြည့်ပါသည်။ ဆေးရုံတွင် နေ့လယ်စာအနည်းငယ် စားရန် လိုပါသည်။ ဆေးရုံမှာ ကျွေးမွေးသည့်အစာများသည်လည်း အထူးသက်သာသော ဈေးနှုန်းများနှင့် စားရသဖြင့် စားပျော်ပါသည်။ ညစာလည်းကျွေးပါသည်။ နေ့ခင်းပိုင်း ကျူတိုရီရယ်မရှိသည့်အခါနှင့် ညပိုင်းစာကျက်ရင်း ဆာပါက ခေါက်ဆွဲပြုတ်စားရပါသည်။ ကျွန်တော်တို့ မြန်မာ တစ်သိုက်အတွက်တော့ ခေါက်ဆွဲပြုတ်စားရန် ဝန်မလေးကြပါ။ ဈေးသက်သာသည်။ ချက်ရလွယ်သည်။ အခန်းထဲတွင် ပန်းကန်အပြား အကြီးအသေး နှစ်ခု ဟင်းချိုပန်းကန်လုံး ကြီးကြီးနှင့် ခက်ရင်းများရှိလျှင် အဆင်ပြေသည်။ စာမေးပွဲအောင်၍ မြန်မာပြည်ပြန်မည့်သူ တချို့ကလည်း အိမ်အပြန် မသွယ်တော့ဘဲ မပြန်သေးသည့်သူများကို လက်ဆင့်ကမ်း ပေးသွားကြသည်။

ပညာတော်သင် ထောက်ပံ့ကြေးဆိုသည်မှာ များများစားစား မဟုတ်ပါ။ စားဝတ်နေရေးပြေလည်ပါသည်၊ အသောက်အစား၊ လောင်းကစားမလုပ်လျှင် ချောင်ချောင်လည်လည် နေနိုင်သည်။ အနည်းအကျဉ်း အိမ်အပြန်ပစ္စည်းဖို့ ပိုက်ဆံ အနည်းငယ် စုမိနိုင်ပါသည်။ ၁၉၇၀ ပြည့်နှစ်နောက်ပိုင်း၊ ပညာတော်သင်များ



ကားဝယ်ခွင့်ရပါသည်။ ယခင်က နိုင်ငံခြားပြန်ဆိုလျှင် အဝတ်အထည်ရေခဲသေတ္တာ၊ တိပ်ရီကော်ဒါများ ဝယ်ယူကြ သည်။ နောက်ပိုင်း ကားဝယ်ခွင့်ရသောအခါ ကားဝယ်နိုင်ရန် ပို၍ ချွေတာကြပါသည်။ နှစ်ရှည်ပညာသင်ကြားသူများ အနေနှင့် များစွာ အဆင်ပြေသည်။ လအနည်းငယ်လာသူများ အတွက် အခက်အခဲရှိပါသည်။ ထိုစဉ်က ကားတင်သွင်းခွင့် အရထူးကြ၍ မိသားစုအတွက် ကြိုးစားဝယ်ယူကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## မီးအလှဆင်ကြ ခရစ္စမတ်ည

စာဖတ်လိုက်၊ လူနာကြည့်လိုက်နှင့် စာနှင့် လူနာ သံသရာလည်နေရာမှ ဒီဇင်ဘာလ (၂၀) ရက်မှ ဒီဇင်ဘာလ (၃၀)ရက်အထိ ခရစ်စမတ် ကျောင်းပိတ်ရက်ရသဖြင့် စိတ်လက် ပေါ့ပါးသွားသလို တစ်နည်းအားဖြင့်လည်း စာကျက်ချိန် ပိုလာသဖြင့် ဝမ်းသာရပါသည်။ စာဖတ်သည်ဆိုရာဝယ် မျက်စိကို တောက်လျှောက် မနားတမ်းခိုင်း၍ မရပါ။ နားပေးရပါသည်။ မနားတမ်း ကြည့်မည်ဆိုပါက မျက်စိညောင်းပါမည်။ ဦးနှောက်လည်း ထိုနည်းတူ နားပေးမှ၊ သိစရာ၊ မှတ်စရာအသစ် များကို ပို၍ မှတ်မိလွယ်ပါသည်။ ကျောင်းပိတ်ရက်များထဲမှ ခရစ်စမတ်အကြိုနေ့ တွင် လန်ဒန်ဟောက်စ်မှ ကိုဟန်တင်နှင့် ကိုထွန်းမြင့်၊ အင်တာ နေရှင်နယ်ဟောလ်မှ ကိုလှမြင့် (သချာ်)နှင့်စာရေးသူ၊ ဒဗလျူကို ဟောလ်မှ ခရစ်စတင်းနှင့် ကြည်ကြည် စုစုပေါင်းခြောက်ဦး အင်တာနေရှင်နယ် ဟောလ်အလယ်ထပ်၊ တီဗွီခန်းမတွင် နေ့လယ်စာ စားရန် အစီအစဉ်ဆွဲထားပါသည်။



လန်ဒန်ရှိ ကျွန်တော်နေခဲ့ဖူးသော တက္ကသိုလ်အဆောင် တိုင်းတွင် မီးဖိုချောင်ရှိပါသည်။ တစ်ထပ်တွင် နှစ်နေရာရှိသည်။ လျှပ်စစ်မီးဖိုသုံးလုံးခန့်စီနှင့် ရေခဲသေတ္တာတစ်လုံး ရှိသည်။ အဆောင်ကနေ အမျိုးသား အမျိုးသမီးများ သိမ်းဆည်းလိုရာ သိမ်း၍ရပါသည်။ အဆောင်နေ လူများစုမှာ ဥရောပတိုက်သား နှင့် မျက်နှာဖြူများနည်း၍ မြန်မာအပါအဝင် အရှေ့တောင် အာရှနှင့် အာဖရိကနိုင်ငံမှ ပညာလာရောက်သင်သူ များပါသည်။ အများအားဖြင့် အဆောင်မှ ချက်ပြုတ်ကျွေးမွေးသည်ကို မစားနိုင်၍ ကိုယ်တိုင်ချက်ပြုတ်စားသောက်သူ များပါသည်။ မီးဖိုချောင်မှာ တွေ့ကြ ခင်ကြနှင့် ချစ်သူများဖြစ်သွားကြသူများ ရှိပါသည်။ စာဖတ်သူ အနေနှင့် ချစ်သူများ ဖြစ်သွားသည်ဆိုတော့ အမျိုးသား နှင့် အမျိုးသမီး အတူနေကြလို့လားဟု မေးဖွယ်ရာ ရှိပါသည်။ လန်ဒန်တက္ကသိုလ်တက်သူများ နေနိုင်သော အဆောင်များ ရှိသည်။ အင်တာနေရှင်နယ်လ်ဟောနှင့် လန်ဒန် ဟောက်စ်တို့မှာ အမျိုးသားများ နေပါသည်။ ဧည့်သည်များ အခန်းအထိ လာလည်နိုင်ပါသည်။ အဆောင်စည်းကမ်းအရ ညအိပ်ညဉ့်နေ မနေရပါ။ ည (၁၁း၀၀) နာရီခန့်ဆို ပြန်ရပါသည်။ ဝီလျံဂွဒ်အနုပ်ဖ် အဆောင်တွင် အမျိုးသမီးများနှင့် မိသားစုများ နေခွင့်ရှိပါသည်။ တယ်လ်ဘော့တ်စကွဲယားရှိ လီလီယန်ပင်ဆင် အဆောင်တွင်မူ အမျိုးသားများရော အမျိုးသမီးများပါ နေခွင့်

www.burmeseclassic.com

www.burmeseclassic.com



ရှိသည်။ မိသားစုများလည်း နေနိုင်ပါသည်။ ထိုအဆောင်ရှိ အခန်းတိုင်းတွင် အိမ်သာနှင့် ရေချိုးခန်းတွဲလျက် ပါရှိသဖြင့် ပို၍ အဆင်ပြေပါသည်။ မိသားစုအခန်း၊ တစ်ယောက်ခန်း၊ (၂)ယောက်ခန်းများ ရှိပါသည်။ မီးဖိုချောင်မှာမူ အများသုံး နိုင်ရန် စီမံထားပါသည်။ ကျောင်းဖွင့်ရက်တွင် အသုံးပြုသူ နည်းပါသည်။ ကျောင်းပိတ်ရက်များတွင် လူများပါက ချက်ပြုတ်ရန် စောင့်ရပါသည်။

ထိုနေ့က မူလစီစဉ်ထားသည့်အတိုင်း မြန်မာငါးဦးနှင့် ခရစ်စတင်းတို့ အားလုံးစုံသည်နှင့် ချက်ရေးပြုတ်ရေး စကြပါသည်။ ကြည်ကြည်နှင့် ကိုဟန်တင်က ကြက်သားဟင်း ချက်ပါသည်။ ဟင်းချက်မှုန့်၊ ချင်း၊ ငရုတ်၊ ကြက်သွန်ဖြူ စသည့် ဟင်းခတ်အမွှေးအကြိုင် အမှုန့်များကလည်း စုံပါသည်။ ကြက်သွန်နီ ကြီးကြီးဝဝကြီးများလည်းပါသည်။ ကြက်မှာလည်း အသားစားကြက်ဖြစ်ပြီး နူးလွယ်ပါသည်။ ပစ္စည်းလည်းစုံ၊ ဟင်းချက်လည်းကောင်းကြ၍ မွှေးကြိုင်နေသော ဟင်းတစ်ခွက် ရသည်။ ခရစ်စတင်းက ဟင်းရွက်စိမ်းသုပ် လုပ်ပေးပါသည်။ နိုင်ငံခြားမှာတော့ ဆလဒ်ဟုခေါ်ပါသည်။ အဓိက အရွက်မှာ ဆလတ်ရွက်ဖြစ်ပြီး ခရမ်းချဉ်သီး၊ သခွားသီးနှင့် တရုတ်နံနံကြီး မစပ်သော သေးသေးမျှင်မျှင်လှီးထားသည့် ငရုတ်သီးပွ အစိမ်းကြီး မယ်လာဝဲဇလုံကြီးတွင်ထည့်ပြီး အသင့်ဝယ်ယူ ရရှိသည့်



ဆလဒ်ကရင်နှင့် လဆာဒ်ဒရက်ဆင် အရည်များကို လောင်းထည့်၍ ဇွန်းကြီးကြီးနှင့် ကျကျနန မွှေထားပါသည်။ ထမင်းချက်သည့် ဆန်ကလည်း အိန္ဒိယမှ အိတ်ငယ်လေးများနှင့် တင်သွင်းသည့် ဆန်လုံးရှည်၊ ပတ်တနာဆန် ဖြစ်သည်။ စပါးလုံး ရွေးရန်မလို လွန်စွာသန့်စင်ပါသည်။ စွေးလည်းကောင်းပါသည်။ ဟင်းချိုကတော့ ငရုတ်ကောင်းမှုန့်နိုင်နိုင်နှင့် ကြက်ဟင်းချိုမှုန့်၊ ကြက်တောင်ပံများ ထည့်ချက်ထားသော ဟင်းချိုဖြစ်ပါသည်။ မြန်မာနည်းအတိုင်း ချက်သည့် ကြက်သားဟင်းဖြစ်၍ လွန်စွာ စားကောင်းသည်။ နေ့လယ်စာဖြစ်သွားပါသည်။ အဆောင်မှာ စားရသည့် ညစာနှင့် ဆေးရုံတွင်စားရသည့် နေ့လယ်စာများမှာ အင်္ဂလိပ်နည်းနှင့် ချက်ပြုတ်ထားသည်ဖြစ်၍ ဗိုက်ပြည့်သော်လည်း မတင်းတိမ်ပါ။ စားနေကျ မြန်မာဟင်းစားရမှ ကျေနပ်သွား ပါသည်။ မြန်မာ အများစုပါ၍ သတင်းပလင်းအစုံလည်း ကြားရ ပါသည်။ ခရစ်စတင်းကိုတော့ ကြည်ကြည်က ခေါ်ခဲ့ထား၍ သူလည်း ပျော်ပုံ ပေါက်သည်။

ကျွန်တော်တို့အတွက် ခရစ်စတင်းသုပ်ပေးသည့် အသီး အရွက်ဆလဒ်မှာ စား၍ ကောင်းလှသည်။ ကြက်သားဟင်းနှင့် လည်း များစွာလိုက်ဖက်ပါသည်။ ဆလတ်ရွက်ကိုတော့ မြန်မာ ပြည်မှာလည်း စားနေကျဖြစ်ပါသည်။ သို့ရာတွင် တရုတ်နံနံကြီး ကိုမူ လန်ဒန်ရောက်မှ မြင်ဖူး စားဖူးခြင်းဖြစ်သည်။ လက်မခန့်

www.burmeseclassic.com



တစ်ပေနှင့်အထက်ရှည်သော အရောင်စိမ်းစိမ်းရှိသည့် အကိုင်းများနှင့် ထိပ်ပိုင်းတွင် မြရောင်စိမ်းနေသော အရွက်များ ပါရှိသည်။ အရိုးမှာ အစိမ်းစား၍ ရသည်။ ကျိုးကျိုးကျွတ်ကျွတ် နှင့် ကိုက်၍လည်း ကောင်းလှပါသည်။ အနံ့မှာလည်း မွှေးကြိုင် နေပါသည်။ အင်္ဂလိပ်လိုတော့ ဆလာရီဟုခေါ်သည်။ ကျန်းမာ ရေးနှင့်လည်း လွန်စွာ ညီညွတ်ကြောင်း သိရပါသည်။

ဥရောပသမိုင်း အလယ်ခေတ်တွင် တရုတ်နံနံကြီးကို စိတ်ပူပန်ခြင်းခံစားရသူ၊ အိပ်မပျော်သူ၊ အရိုးအဆစ် ကိုက်သော ရောဂါရှိသူ၊ ဂေါက်အဆစ်နာနှင့် သွားကိုက်နေသူများကို ကုသ ရာတွင် သုံးကြပါသည်။ တရုတ်နံနံကြီးတွင်ပါဝင်သော ဗီတာမင် များ၊ သတ္တုဓာတ်များ၊ အာဟာရဖြစ်စေသည့် ဓာတ်များသည် ကောင်းစွာ အိပ်ပျော်စေသည်။ စိတ်ကိုငြိမ်စေသည်။ သွေးတိုး လျော့စေသည်။ ဦးနှောက်နှင့် အာရုံကြောကို အေးငြိမ်းစေသည်။ တရုတ်နံနံကြီးသည် ကိုလက်စထရောနှင့် ဆိုဒီယမ် အနည်းငယ်မျှသာ ပါသည်။ အချောင်း (၃) ချောင်းစားလျှင် ဗိုက်အတော်အတန် ပြည့်နိုင်သော်လည်း (၆) ကယ်လိုရီမျှသာရှိသဖြင့် တစ်နေ့လျှင် အခြားသော သစ်သီးများနှင့်ရော၍ (၅) ကြိမ်ခန့်စားကြပါသည်။ ဆာလာရီ တရုတ်နံနံကြီးကို စိမ်းစိုလတ်ဆတ်နေစဉ် ကောင်း ပါသည်။ ရှေးခေါ်မတိုင်းပြည်တွင် အားကစားပွဲတွင် အောင်ပန်း ဆွတ်ခူးလာသော အားကစားသမားများကို ပန်းစည်း လက်ဆောင်



အစား ဆလာရီကို အစည်းလိုက်ပေးသည်ဟု သိရှိရပါသည်။

ကျွန်တော်တို့အဖွဲ့မှာ စိမ်းသောအရွက်နှင့် တရုတ်နံနံကြီး ဆလဒ်ကြောင့် မည်မျှပိုမိုကျန်းမာကြောင်း မသိရသော်လည်း ထမင်းစားကောင်း၍ ကျေနပ်ကြပါသည်။

ခရစ်စမတ်အကြိုနေ့တွင် တစ်သက်တွင် တစ်ခါသာ တွေ့ဖူးသည့် အတွေ့အကြုံကို အံ့သြကြည်နူးဖွယ် တွေ့ရသည်။ ယင်းမှာ ဆီးနှင်းဖတ်ကလေးများ မိုးရွာသကဲ့သို့ ပတ်ဝန်းကျင် တစ်ခုလုံး ဖုံးသွားအောင် ရွာချခြင်းဖြစ်သည်။ ကောင်းကင်မှ ဖြူဖွေးဖွေး အဖတ်ငယ်များ ကျလာသည်ကို ပထမဆုံးအကြိမ် တွေ့ရ၍ ပို၍ဝမ်းသာခြင်းဖြစ်ရသည်။ ကျွန်တော်တို့အားလုံး ကလေးငယ်များပမာ အဆောင်အောက်သို့ ပြေးဆင်းပြီး နှင်းဖွေးဖွေးကြားဝယ် လက်နှစ်ဖက်ကိုဆန့်ပြီး နှင်းများကို ခံကာ ပြေးလွှားပျော်ပါးမိပါသည်။ နောက်မှ စုံစမ်းသိရှိရသည်မှာ လန်ဒန်၌ ဤကဲ့သို့ နှင်းကျခြင်းမှာ ရှားပါးကြောင်း၊ လန်ဒန် အပြင်ဘက်တွင်သာ ကျကြောင်း ပြောပါသည်။

လန်ဒန်မြို့ကို နှင်းပွင့် နှင်းဖတ်တို့ဖြင့် တန်ဆာဆင်လေပြီ။
နှင်းပွင့်ဖြူ ခရစ်စမတ်နှင့် ကြုံရလေပြီ။

ဂျာမနီနိုင်ငံမြူးနစ်မြို့သူ ခရစ်စတင်းတော့ မပြောတတ် မြန်မာသုံးဦးမှာတော့ မမြင်ဖူးသည့် မြင်ကွင်းကို မြင်ရ၍ လွန်စွာ စိတ်လှုပ်ရှားသွားပါသည်။ ငယ်ငယ်ကကြည့်ခဲ့သည့် နိုင်ငံခြား

www.burmeseclassic.com

www.burmeseclassic.com



ရုပ်ရှင်၊ ပွိုက်ခရစ်စမတ်ခေါ် နှင်းပွင့်ဖြူလွှမ်းသော ခရစ်စမတ် ဇာတ်ကားကိုလည်း သတိရမိသည်။

ကျွန်တော်တို့၏ စားသောက်ပွဲကို ခေတ္တရပ်နားထားခဲ့ပြီး အားလုံး နှင်းပွင့်ဖြူများကျဆင်းနေသည့် လမ်းမပေါ် လမ်းလျှောက်ရန် ဆင်းသွားကြပါသည်။ ကျောင်းဆောင်၏ ရှေ့လမ်းမှ ဘယ်ဘက်သို့ တန်းတန်းသွားလျှင် ရုပ်ဆယ်လ် စကွဲရားဘူတာ ထို့နောက် ဗိုလ်ချုပ်အောင်ဆန်းနှင့် အဖွဲ့ဝင်များ လန်ဒန်သို့ လွတ်လပ်ရေးတောင်းဆိုလာစဉ်က တည်းခို နေထိုင်ခဲ့သည့် ရုပ်ဆယ်လ်ဟိုတယ်၊ လမ်းကိုဆက်လျှောက် သွားပါက လက်ဝဲဘက်တွင် ရုပ်ဆယ်လ်ပန်းခြံနှင့် ဆက်လက်၍ လန်ဒန်ယူနီဗာစတီဆီးနိတ်အထိ ပျော်ပျော်ပါးပါး သွားခဲ့ ကြသည်။ နှင်းပွင့်ဖြူကျလာသည်ကိုကြည့်၍ လပေါင်းများစွာ စာကျက်နေရ၍ စိတ်ကျဉ်းကျပ်ခဲ့သည်များ ပြေပျောက်သွားသည် ဟု ထင်မိသည်။ လန်ဒန်ဆီးနိတ်အဆောက်အဦးသို့ရောက်ပြီးသော အခါတွင်မှ အဆောင်ဘက်သို့ နောက်ကြောင်းပြန်လျှောက် ခဲ့ကြသည်။ ကျွန်တော့်အတွက်တော့ နှင်းပွင့်ဖွေးဖွေးကြားထဲမှ နှင်းပွင့်ဖြူဖြူခင်းထားသောလမ်းကို လျှောက်လှမ်းရသည်မှာ တိမ်ဆိုင် တိမ်လိပ်များပေါ်တွင် လျှောက်လှမ်းနေရသကဲ့သို့ ကြည်နူးမိသည်။



မိတ်ဆွေသူငယ်ချင်းများ နှုတ်ဆက်ပြီးပြန်သွားချိန်အထိ ပထမဆုံးတွေ့ရသည့် ထိုအတွေ့အကြုံကို တနုံ့နုံ့သတိရ နေမိသည်။ တက္ကသိုလ်ကျောင်းသားဘဝက ကြည့်ခဲ့ရသည့် ပွိုက်ခရစ်စမတ် ရုပ်ရှင်ကားကို သတိရပြီး ပွိုက်ခရစ်စမတ် သီချင်းကို သတိရမိ ပါသည်။ တစ်နှစ်တွင် ရက်ပေါင်း များစွာ ပူပြင်းသော ရာသီဥတု ရှိသည့် မလှိုင်မြို့တွင် မွေးပြီး မြန်မာပြည်မှာ ကြီးပြင်းလာသူ တစ်ယောက် ကုသိုလ်ကံ အပြောင်းအလဲဖြစ်၍ နိုင်ငံခြားသို့ စာလာသင်ရသည်ကို လွန်စွာ နှစ်သက်ကျေနပ်မိပါသည်။ ပညာတော်သင်ရွေးချယ်စဉ် ဖြေရသည့် စာမေးပွဲအတွက် ပင်ပင် ပန်းပန်း စာကျက်ခဲ့ရသည် ကိုလည်း မေ့သည်။ နိုင်ငံခြား ပညာတော်သင်သွားရန် တမျှော်မျှော် စောင့်ရသည်ကိုလည်း မေ့ခဲ့ပြီး အစစ သာယာလှပါတကားဟု အောက်မေ့မိပါသည်။

ခရစ်စမတ်အချိန်အခါတွက် တက္ကသိုလ်ကျောင်းတော်ကြီး ပိတ်ထားသဖြင့် ကျောင်းသွားရန်မလို။ ဆေးရုံသို့လည်း သွားရန် မလိုပါ။ ဇန်နဝါရီလဆန်းမှသာ ကျောင်းပြန်တက်ရမည် ဖြစ်သည်။ ကျောင်းပိတ်ရက်သည် စာကျက်ရန် လွန်စွာ အခွင့် သာသည့် အချိန်ဖြစ်သဖြင့် စာနှင့် လုံးပန်းရသည့် အချိန် ဖြစ်သည်။ ရံဖန်ရံခါ ကျောင်းရှိ စာကြည့်တိုက်သို့သွားကာ မှိုငြမ်း စာအုပ်များကို သွား၍ ဖတ်ရမှတ်ရပါသည်။ မည်သို့ဆိုစေ

www.burmeseclassic.com

www.burmeseclassic.com



မိုးလင်း မိုးချုပ် ပြေးလွှားကျောင်းတက် ဆေးရုံသွားရခြင်းမှ ကင်းလွတ်သည့် အသက်ရှူပေါက်ကလေးတစ်ခုပင် ဖြစ်ပါသည်။

ခရစ်စမတ်နေ့၊ နာတာလူးပွဲတော်နေ့ အခါကြီးရက်ကြီး ဖြစ်သည်။ ဗုဒ္ဓဘာသာဝင်တစ်ယောက်ဖြစ်၍ ဘာသာရေး သဘောအရ မည်သို့မျှ မသက်ဆိုင်သောနေ့ဖြစ်စေကာမူ စိတ်လှုပ်ရှားနေသည်။ မြန်မာပြည်မှာနေစဉ်က အထက်တန်း ကျောင်းသားအဖြစ် စိတ်ဂွန်းဒိုင်အိုကျောင်းမှာ နေခဲ့ရသဖြင့် ခရစ်ယာန်ဓမ္မတေးသီဆိုသံများ၊ နာတာလူးတေးသီချင်းများ လိုက်လံ သီဆိုကြသည်များကို သတိရအောက်မေ့ခဲ့သည်။ မြန်မာလူမျိုးများ၏ ချစ်ခင်ဖွယ်ကောင်းသော ထုံးစံမှာ သင်္ကြန်ပွဲ ဆိုလျှင်လည်း ဘာသာမရွေး အားလုံးပါဝင်ဆင်နွှဲသည်။ ခရစ်စမတ်ဆိုလျှင် ဘာသာမရွေး ပျော်ပျော်ပါးပါး ဝင်ရောက် ဆင်နွှဲသည်။ တရုတ်နှစ်သစ်ကူးပွဲတော်ဆိုလျှင်လည်း ထမင်းစား ဖိတ်ကြားလိုက် စားလိုက်ကြနှင့် ပျော်စရာဖြစ်သည်။ ကိုးကွယ်မှု ကွဲပြားသော်လည်း ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကို အတင်း အကြပ်ဘောင်ခတ်ထားခြင်း မရှိကြပါ။ ရောနှောညီညွတ်သည့် အသွင်ကို ဆောင်ပါသည်။

သင်္ကြန်ဒိုးနှင့် တူးပို့တူးပို့ သီချင်းသံဆိုင်းသံကြားလျှင် လှုပ်လှုပ်ရွရွ ရင်ခုန်လာသကဲ့သို့ ခရစ်စမတ်ဆိုသောအသံလည်း ရင်ကို လှုပ်ရှားစေပါသည်။ ပို၍ဆိုးသည်မှာ ခရစ်စတင်းက



လန်ဒန်၏ ညချမ်းအလှကို လိုက်လံကြည့်ရှုဖို့ ဖိတ်ခေါ်ခံရခြင်း ဖြစ်သည်။

"ထွန်းရေ၊ စာကျက်စရာရှိတာ နေ့လယ်မှာကျက်ပါ။ ညနေကျ ကိုယ်နဲ့ လန်ဒန်မြို့ရဲ့ ခရစ်စမတ်အလှကို အတူတူ ကြည့်ဖို့ လိုက်ခဲ့ပါ။ ကိုယ့်မှာက အိမ်နဲ့ ဝေးနေတော့ လန်ဒန် မှာရှိတဲ့ မင်းကိုပဲ မိသားစု သဘောထားပြီး ခရစ်စမတ်ပွဲလေး ကျင်းပချင်တယ်။ အပြင်မှာ ထမင်းလက်ဆုံစားမယ်။ နောက်ပြီး လန်ဒန်ရဲ့ အလှတွေကို လိုက်ကြည့်ကြမယ်" ခရစ်စတင်းက မိဝေးဖဝေး တစ်ကောင်ကြွက်လေး ဖြစ်နေတော့။ "ကိုယ့်ကို ပစ်မထားပါနဲ့" ဟုပြောလာသဖြင့် ကျွန်တော့်အနေနှင့် ကျောင်း သွားဖော် စာကျက်ဖက်ကို အပြင်ထွက်ရန် မငြင်းဆန်နိုင်တော့ဘဲ လက်ခံရပါသည်။

"ကောင်းပြီ ခရစ်စတင်းရေ စာကျက်တဲ့အလုပ်ကို နေ့ပိုင်း လုပ်မယ်ကွာ၊ ညနေပိုင်းညစာစားပြီး လည်ကြတာပေါ့။ ဒါထက် ဘယ်သွားမယ် စိတ်ကူးထားသလဲ" မေးမည့်သာ မေးရပါသည်။ သွားစားမယ့်နေရာသည် သူရော ကျွန်တော်ပါ နှစ်သက်သည့် တရုတ်ဆိုင်ဖြစ်မှာ သေချာပါသည်။

အစားအသောက်ဆိုင်များရှိသော 'ဆိုဟို' ရပ်ကွက်သည် လန်ဒန်မြို့လယ်ကောင်ရှိ ကျော်ကြားသော မီးနီရပ်ကွက်တစ်ခု

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပါသည်။ လန်ဒန်၏ ခေတ်ဆန်သော အနောက်ပိုင်းမြို့နယ် 'ဝက်စ်အင်ဒ်' ၏ နှလုံးသည်းပွတ်နေရာဟုလည်း တင်စားခေါ်ဝေါ်ကြပါသည်။ ဤရပ်ကွက်တွင်ရှိသော လိုက်စတာစကွဲယားတွင် ရုပ်ရှင်ရုံကြီးများ၊ ညကလာပ်ခေါ် ကာလသားကာလသမီးများ ကခုန်ရာ၊ ပျော်ပါးရာ နေရာများရှိပါသည်။ ရက်သတ္တပတ်ကုန်ရက်များဖြစ်သည့် သောကြာ၊ စနေညများတွင် လူငယ်များ၊ နိုင်ငံတကာ ခရီးသွားများနှင့် လွန်စွာစည်ကားပါသည်။ အဆို၊ အက၊ တေးဂီတတို့ဖြင့် ဖျော်ဖြေရာ၊ အင်ပိုင်ယာနှင့် ဟာစ်ပိုဒရုမ်းမ်ကဲ့သို့သော ကဇာတ်ရုံများ၊ အိုဒီယွန်ကဲ့သို့သော အကောင်းစား ရုပ်ရှင်ရုံများလည်း ရှိသည်။ ဘားများ၊ ကဖေးများလည်း ရှိပါသည်။ အိုးလ်ဒ်ကွန်ပတန်လမ်းတွင် ဂေးဘားများ၊ ကော်ဖီဆိုင်များပင်ရှိပါသည်။

ခရစ်စတင်း၏ မီးထွန်းပွဲကြည့်သည့် အစီအစဉ်မှာ မီးရောင်စုံအလှအပများ ထွန်းထားသော ကုန်တိုက်ကြီးများရှိသည့် အောက်စဖို့၊ ရီးဂျင်းနှင့် ဘွန်းစ် စထရိလမ်းများသို့ လည်ပတ်ကြည့်ရှုရန်ဖြစ်ပါသည်။ အထူးသဖြင့် (၂) မိုင်မျှ ရှည်လျားသော အောက်စဖို့လမ်းမှာ ဆိုင်လည်းများ၊ ကြည့်စရာလည်း ပေါသည့် လမ်းကြီးဖြစ်သည်။ အင်္ဂလန်၏ အစည်ကားဆုံး ဈေးလမ်းမကြီးဖြစ်သကဲ့သို့ ကမ္ဘာတွင် ကျော်ကြားသည့် ဆိုင်များလည်း ရှိသည်။ အမေရိက၊ ဥရောပ အရှေ့အလယ်ပိုင်း၊ အာရှ အစရှိသည့်



ကမ္ဘာ့တိုင်းပြည်ပေါင်းများစွာမှ ဈေးဝယ်လာသူများနှင့် ပြည့်နေသည့်အရပ်ဖြစ်သည်။ အနုပညာဆန်စွာ ဒီဇိုင်းမျိုးစုံနှင့် ပုံဖော်ကြော်ငြာထားသည်များကို ကြည့်ရင်းလမ်းလျှောက်ရသည်မှာ အချိန်ကုန်၍ ကုန်မှန်းမသိအောင် ဖြစ်ရပါသည်။ ခြေထောက်များညောင်း၍ တောင့်လာသောအခါတွင် ကော်ဖီဆိုင်ရှာ၍ သောက်ရင်း အနားဖြေကြရပါသည်။

ခရစ်စမတ်ပွဲတော်သည် ခရစ်ယာန်တို့၏ ဘာသာရေးပွဲတော်ဖြစ်သည်။ မိသားစုများ၏ တစ်နှစ်တစ်ခါ ဆုံစည်းကြသော အချိန်လည်းဖြစ်သည်။ အဘိုး၊ အဘွား၊ မိခင်၊ ဖခင်၊ သားသမီးများ၊ မြေးမြစ်များ စုပေါင်း၍ စားသောက်ပျော်ပါးကြသော အချိန်လည်းဖြစ်ပါသည်။ ဘာသာရေးနှင့် ပတ်သက်၍ ဘုရားကျောင်းသွားကြ ကျေးဇူးတော်များ အောက်မေ့ကြ၊ ဓမ္မတေးသီချင်းများ သီကျူးကြပါသည်။ ခရစ်ယာန်အိမ်များတွင် ခရစ်စမတ် အပင်ငယ်များ အိမ်လယ်တွင်ထူ၍ ရောင်စုံမီးသီးများ၊ အလှဆင်စက္ကူရောင်စုံများ၊ ခြူလုံးငယ်များနှင့် လက်ဆောင်များ ချိတ်ဆွဲထားကြသည်။ ကလေးငယ်များကို မိဘများနှင့် ဆန်တာကလော့ဘိုးဘိုးကြီးများလာရောက်၍ လက်ဆောင်ပေးကြသဖြင့် ကလေးများပျော်သော ရာသီလည်းဖြစ်ပါသည်။ ဈေးရောင်းကောင်းသဖြင့် ကုန်တိုက်များ လွန်စွာဝင်ငွေကောင်းသော ပွဲတော်လည်း ဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



"ခရစ်စတင်းတို့ ဂျာမနီမှာ ဆင်နွဲရတဲ့ ခရစ်စမတ်ရော လန်ဒန်လိုပဲ ဆင်နွဲကြလား" ဟု ကျွန်တော်မေးမိပါသည်။

'ဒီအတိုင်းပါပဲ၊ ဒါက မိသားစုဆုံကြတဲ့ အချိန်အခါလေ ဒီနှစ်စာမေးပွဲ သိပ်နီးနေလို့ အိမ်မပြန်ရလို့ အရမ်းကို သတိရနေမိတယ်။ ဒါကြောင့် အိမ်ကို လွမ်းတဲ့စိတ်လည်း ပြေစေ လန်ဒန်ရဲ့ ခရစ်စမတ်ညချမ်းကိုလည်း လေ့လာနိုင်စေဆိုပြီး အခုလို ထွက်လာခဲ့တာပေါ့"

"ဥရောပမှာဆိုရင်လည်း ခရစ်စမတ်အချိန်မှာဆိုရင် ဘယ်ဘာသာကိုပဲ ကိုးကွယ် ကိုးကွယ် ကလေးတွေအတွက် လက်ဆောင်ဝယ်ဖို့ အိမ်အတွက်ပစ္စည်းဝယ်ဖို့ အားသန်တတ်ကြတယ်။ ဒီကာလမှာ ဈေးဝယ်ကြတာတွေ တွက်ကြည့်ရင် ဘီလျံနဲ့ချီပြီး ရှိနိုင်တယ်။ ဒါကြောင့် ခရစ်စတင်းရောက်ဖူးတဲ့ တိုင်းပြည်တိုင်းလိုလို နှစ်စဉ် ဒီဇင်ဘာလဆန်းလောက်ကစပြီး ဆိုင်ကို မီးရောင်စုံ အလှအပတွေနဲ့ တန်ဆာဆင်ကြတယ်။

လမ်းလျှောက်စကားပြောရင်း အောက်စဖို့လမ်းအဆုံးမှာ မာဘယ်အာ့ချ်ရောက်နေပြီး ဖြစ်သဖြင့် ခရစ်စတင်းအနေနှင့် ဘယ်ဆက်သွားမလဲမေးရာ အဆောင်မပြန်မီ စိန့်ပေါလ်ကသီဒရယ်လ်ကို သွားရောက်ကြည့်လိုကြောင်း ပြောသဖြင့် နှစ်ဦးသား မာဘယ်အာ့ချ်မြေအောက်ဘူတာမှာ စင်ထရယ်လိုင်းကို စီး၍ သွားရာ ဘွန်းဒ်အောက်စဖို့ဆားကပ်စ်၊ ဟိုဘန်း၊ ချန်စရီလိန်း



ဘူတာ၏ နောက်တစ်ဘူတာဖြစ်သော စိန့်ပေါလ်တွင် ဆင်းကြပါသည်။

"ခရစ်စတင်းက ဘာကြောင့်စိန့်ပေါလ်ကို လာချင်တာလဲ" ဟု ကျွန်တော်က မေးလိုက်ပါသည်။

"ဒီနေ့ညက ခရစ်စမတ်ညဖြစ်တာလည်း တစ်ကြောင်းပေါ့။ နောက်တစ်ကြောင်းကတော့ စိန်ပေါက သီဒရယ်လ်ရဲ့ ထိပ်ပိုင်းလုံးလုံးကြီးဖြစ်တဲ့ ဒုမ်းကို သွားရင်းလာရင်း မြင်မြင်နေတာဆိုတော့ ကြည့်ချင်တဲ့စိတ်ပေါက်လာတာလည်း ပါတာပေါ့နော်" ဟု ပြောပါသည်။

သူမကပင် ဆက်လက်၍ "လန်ဒန်မလာခင် မြူးနစ်မှာတည်းက လန်ဒန်အကြောင်း ဖတ်ကြည့်တော့ ဝက်စ်မင်စတာပြီးရင် စိန်ပေါလ်ကစိတ်ဝင်စားစရာအကောင်းဆုံးလို့ ထင်မိတယ်။ ကြီးကျယ်တာ ခမ်းနားတာ သမိုင်းဝင်တာရယ်၊ ပါလီမန်အဆောက်အဦးတို့၊ ဘစ်ဘင်းန်နာရီကြီးတို့ ရှိတော့ ဝက်စ်မင်စတာကတော့ နာမည်အကြီးဆုံးပေါ့" ညည ဖြတ်သွားတုန်းကြည့်လိုက်ရင် စိန်ပေါလ်ကို ပင်လယ်ရဲ့ အစိမ်းရောင်နဲ့ ချယ်ဖြန်းထားသလို သိပ်ပြီးကြည့်လို့ကောင်းတယ်။ အဝေးကမြင်နိုင်တဲ့ အမိုးခုံးကြီးရဲ့ အရွယ်အစားဟာ ရောမမှာ ရှိတဲ့ စိန့်ပီတာ ဘုရားကျောင်းရဲ့ အမိုးပြီးရင် ကမ္ဘာပေါ်မှာ ဒုတိယအကြီးဆုံးလို့ ဆိုထားကြတယ်။ သမိုင်းအရ ပြောရရင်

www.burmeseclassic.com

www.burmeseclassic.com



နာမည်ကြီး ပုံထုတ်အင်ဂျင်နီယာကြီး ခရစ်စတိုဖာရင်း ပုံစံ ဆွဲ[...] ၁၇၁၀ ခုနှစ်မှာ အပြီးဆောက်ခဲ့တဲ့ ဘုရားကျောင်းအဖြ[...] နာမည်ကြီးတယ်"။

"နောက်တစ်ခုကတော့ စိန့်ပေါလ် ဘုရားရှိခိုးကျော[...] တော်ကြီးမှာ ၁၈၀၅ ခုနှစ်က ပြင်သစ်တွေနဲ့ ထရောဖာယ်[...] ရေကြောင်းစစ်ပွဲကြီး ဆင်နွှဲရာမှာ အနိုင်ရ အောင်ပန်းဆင်ခဲ့[...] ရေတပ်ဗိုလ်ချုပ်နယ်လ်ဆင်ကို မြှုပ်နှံခဲ့တဲ့ ကျောင်းတော်[...] ကြီးအဖြစ်လည်း နာမည်ကြီးခဲ့ပါတယ်"။

ကျွန်တော်ကတော့ စိန့်ပေါလ်ဘုရားရှိခိုးကျောင်း[...] ကြားနေရတဲ့ ခရစ်စမတ်ဓမ္မတေးများကို နားဆင်ရင်း [...] စတင်းနှင့်အတူ ထရာဖါလ်ဂါစကွဲယားမှာ နှစ်သစ်ကူး[...] ကြိုဖို့အတွက် ရင်ခုန်နေရပါတယ်။

× × ×



## ကမ္ဘာစစ်၏ မျက်ကြည်လွှာ

မျက်စိဘွဲ့လွန်လာရောက်တက်နေရသည့် လန်ဒန်မြို့[...]သည် အေဒီ ၄၃ ခုနှစ်တွင် စတင်ပေါ်ပေါက်ခဲ့သည်။ [...]န်ဒီနီယမ် ဟူသော အမည်နှင့် ရိုမန်များ ကျူးကျော်ဝင်[...]ဆောက်ပြီး စစ်စခန်းချသည့် သိမ်းမြစ်ပေါ်မှ မြို့လေးဖြစ်သည်။ [...]နှစ်ပေါင်း ၄၀၀ ခန့်အကြာ ရိုမန်တို့ ထွက်ခွာသွားကြပြီး [...]တ် 'ဆက်ဆွန်' ပင်လယ်ဓားပြများ ကြီးစိုးသော နယ်မြေ[...]လာပြန်ပါသည်။ အေဒီ ၈၇၀ မှ ၁၀၆၆ ခုနှစ်အထိ ဒိန်းစ် [...] နော်ဝေလူမျိုးတို့သည် ထိုစဉ်က အုပ်စိုးနေသော ဝက်ဆက်[...]ဘုရင်များနှင့် လန်ဒန်ကို အုပ်ချုပ်နိုင်ရေးအတွက် တိုက်ခိုက်[...]ပြန်ပါသည်။ ၁၀၆၆ ခုနှစ်တွင် နော်မင်ဒီနယ်စားသည် [...]လိပ်ဘုရင်များကို အနိုင်ယူပြီး စစ်အောင်နိုင်သူ ဝီလျံ[...]ဘုရင်အဖြစ် ဝက်စ်မင်စတား ခရစ်ယာန်ကျောင်းတိုက်တွင် [...]မြောက်ခြင်းခံယူ၍ သရဖူဆောင်းခဲ့သည်။ ၁၇ ရာစု နှစ်[...]တွင်း ပါလီမန်အုပ်ချုပ်မှုစနစ်ပေါ် လာသည်။ တစ်ဖက်ကလည်း

www.burmeseclassic.com

www.burmeseclassic.com



ဒုတိယမြောက် ချားလ်စ်ဘုရင်ကို နန်းတင်၍ ဘုရင်စနစ် ဆက်လက်ရှိစေခဲ့သည်။ ပလိပ်ရောဂါကပ် ၁၆၆၉ ကြောင့် လန်ဒန်သူ၊ လန်ဒန်သား တစ်သိန်းခန့် သေဆုံးခဲ့သည်။ ပထမနှင့် ဒုတိယကမ္ဘာစစ်ကြီးများနှင့် ကြုံတွေ့ခဲ့ရပြီး ဗုံးကြဲချခြင်း ခံရသည်။ လန်ဒန်သည် စစ်မက်ဒဏ်များစွာခံရသော မြို့တော်ဆိုလျှင်လည်း မှားမည် မဟုတ်ပါ။

လန်ဒန်မြို့တော်သည် အထက်ပါ အခက်အခဲများ ရင်ဆိုင်လွန်မြောက်၍ ကမ္ဘာ့အကြီးဆုံး မြို့အဖြစ် တည်ရှိ လာခဲ့ပြီး လန်ဒန်သည် မြေအောက်ရထားများ၊ နှစ်ထပ် လူစီး မော်တော်ယာဉ်များ၊ ပြတိုက်ကြီးများ၊ ပန်းခြံများနှင့် ၁၉ ရာစု နှစ်အတွင်း ပါလီမန် အဆောက်အဦး (၁၈၃၅-၄၇) ဥရောပ တိုက်၏ အကြီးဆုံးမြို့တော်တွင် သွားရေးလာရေး လွယ်ကူ စေရန် ၁၈၆၃ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့သော မြေအောက် ရထားနှင့် နှစ်ထပ်ဘတ်စ်ကားများကို လွန်စွာ သဘောကျသည်။ သွားလိုသည့် နေရာသို့ အချိန်မကုန်ဘဲ ရောက်နိုင်သည်။ ယခုအခါ တိုင်းပြည်အတော်များများတွင် မြေအောက်တွင် သာမက Sky Train ခေါ် မြို့တော်၏ မြေပြင်မှ ပေ ၂၀-၃၀ ပေ အမြင့်ရှိ ကောင်းကင်ယံ ရထားလမ်းပေါ်တွင် မောင်းနှင် သွားလာ ခုတ်မောင်းနေသည့် ရထားကို တီထွင်အသုံးပြုနေကြ ပါသည်။ ထို့အတူ မြို့တော်တစ်နေရာနှင့် လျင်မြန်စွာ



မောင်းနှင်နိုင်သော "မြေပြင်အထက်ကားလမ်းများ"လည်းရှိသည်။ မြို့တွင်း သွားလာနေသော မော်တော်ယာဉ်များပြားလှပြီး လမ်းများပိတ်ဆို့သဖြင့် အချိန်ကြာစွာ မော်တော်ယာဉ် မောင်းနှင်ရခြင်းကို ထိုမိုးပျံ ကားလမ်းများက ဖြေရှင်းပေးသည်။

ဥပမာအားဖြင့် ရန်ကုန်မြို့ဆိုလျှင် မင်္ဂလာဒုံလောက် မှစ၍ ကမ်းနားလမ်းအထိ မိုးပျံကားလမ်းကြီး တည်ဆောက်ပြီး မြို့တွင်းမီးပွိုင့်များ မရှိသည့်လမ်းမှ လျင်မြန်စွာ မောင်းနှင် သွားလာနိုင်သကဲ့သို့ ဖြစ်ပါသည်။ တံတားသုံးသည့်အတွက် အထူးကောက်ခံသော အခကြေးငွေပေးရပါသည်။ တချို့သော မြို့ကြီးများတွင် ၂၀-၂၅ မိုင် ရှည်လျားသော မိုးပျံကားလမ်းများ ရှိသည်။ ဘန်ကောက်မြို့တွင် မြို့လယ်ဟိုတယ်မှ လေဆိပ်သို့ သွားလျှင် တစ်နာရီခန့် ကြာတတ်သည်။ ရန်ကုန်မြို့ထက် အဆပေါင်း များစွာ ကားပေါများသည်။ အကယ်၍ မိုးပျံ ကားလမ်းမှ သွားပါက နာရီဝက်ခန့်နှင့် ရောက်နိုင်ပါသည်။

တိုင်းပြည်တိုင်းတွင် ကားစင်းရေ များပြားလာမည်မှာ သဘာဝပင် ဖြစ်လေရာ အလုပ်ခွင်သို့ အချိန်မှန်ရောက်နိုင်ရေး တစ်နည်းအားဖြင့် အုပ်ချုပ်ရေး၊ စီးပွားရေးလုပ်ငန်းများ အချိန် ပြည့်လုပ်နိုင်ရေးအတွက် ဝန်ထမ်းများ စိတ်လက်ချမ်းသာစွာနှင့် ခရီးသွားချိန်နည်းပြီး သွားလာရေး အဆင်ပြေနိုင်ရန်အတွက်

www.burmeseclassic.com

www.burmeseclassic.com



မြန်မာအပါအဝင် တိုင်းပြည်တိုင်းက ကြိုးစားဆောင်ရွက်လျက် ရှိပါသည်။ ငွေကို ပုံအော၍ သုံးရသည်။ သို့ရာတွင် ကုန်ကျငွေနှင့် ပြန်လည်ရသည့် အမြတ်အစွန်းတို့မှာ ညီမျှရုံမက ပို၍အကျိုးအမြတ်ရနိုင်သည်ဟု တွက်၍ရသည်။

လန်ဒန်မြို့ကဲ့သို့ လူဦးရေများပြားလှသော အရပ်ဒေသ၌တွင် ရုံးတက်ရုံးဆင်းချိန် မြေအောက်ရထား တစ်စင်းနှင့်တစ်စင်း သုံးမိနစ်ခြား လာသည်။ ရထားလိုင်းပေါင်းများစွာ ရှိသော်လည်း အစဉ်အမြဲ တိုးချဲ့ဖွင့်လှစ်လျက် ရှိသည်။ လန်ဒန်မြို့ ဆင်ခြေဖုံးမှ အလုပ်လာရောက်တက်သော သူများလည်း ရှိကြသည်။ ကျောင်းရှိ ပါမောက္ခတစ်ဦးသည် မိုင် ၅၀ ခန့်ဝေးသော နေရာမှ နေ့တိုင်းလာတတ်ပါသည်။

နိုဝင်ဘာသည် ဆောင်းအဝင်ကာလ ဖြစ်သဖြင့် တစ်နေ့တခြား ပို၍ အေးလာသော ရာသီဥတုနှင့် ရင်ဆိုင်လာရသည်။

အချမ်းလွန်ကဲသဖြင့် အနွေးဓာတ်ပေးထားသော အင်တာနေရှင်နယ်ဟောလ်၏ ပြင်ပကို ထွက်လိုက်သည်နှင့် နားရွက်များကိုက်ခဲလာသည်အထိ အေးပါသည်။ အပြင်ထွက်တိုင်း အတွင်းခံအပြင်က ရှိုးရှိုးအကျီ၊ နောက် အပေါ်ကကိုယ်ကျပ်အကျီကို အပေါ်မှထပ်၍ အနွေးထည်နှင့် နောက်တစ်ထပ်အဖြစ် အနွေးထည်အရှည်ကို ထပ်ဝတ်ထားရသည်။



လည်ပင်းကို မာဖလာပတ်ထားသည်။ ထိုမာဖလာကို လည်ပင်းသာမက ပါးစပ်၊ နှာခေါင်းတို့ကိုပါ ဖုံး၍ထားသည်။ လက်ကိုတော့ လက်အိတ်စွပ်ထားရပါသည်။ ထိုသို့ အထပ်ထပ် ဝတ်ပတ်ထားသည့်တိုင် မြေအောက်ဘူတာရုံသို့ လာသည့်တစ်လျှောက်လုံး အေးချမ်းနေသည်။ ညက စာရေးစာဖတ်ခြင်းကို ညဉ့်နက်သည်အထိ လုပ်ခဲ့ရ၍ မနက် အိပ်ရာထသည့်အချိန် ကောင်းစွာမနိုးသေးသည့် ဦးနှောက်သည်ပင်လျှင် လန်ဒန်အချမ်းနှင့်တွေ့သောအခါ လန့်ဖျတ်၍ နိုးသွားပါသည်။

ရပ်ဆယ်လ်စကွဲယား မြေအောက်ဘူတာသို့ ဆင်းပြီးတောင်အရပ်သို့သွားမည့် ပစ်ကာဒေလီလိုင်း ရထားကို စီးသည်။ ဟိုင်းဟိုဘန်းဘူတာရောက်လျှင် ဆင်းပြီး မြေပေါ်ပြန်တက်ရသည်။ နံနက် ၇း၃၀ နာရီခန့် ရထားပေါ်ရောက်သောအခါ ကျွန်တော်ကဲ့သို့သော ခရီးသွားများစွာတို့ ရောက်နှင့်နေပါပြီ။ ထိုင်ခုံလွတ်နေရာပင် မရှိသလောက်ဖြစ်နေပါပြီ။ သို့ဖြစ်၍ ခရီးတိုသွားရမည့် ကျွန်တော့်အနေနှင့် မထိုင်တော့ဘဲ မတ်တတ်စီးလိုက်ပါသည်။ ၄းမိနစ်ခန့် မြေအောက်ရထားစီးပြီး ရပ်သည်နှင့် ဆင်းပါသည်။ နောက် မြေအောက်မှ မြေပြင်သို့ ရှည်လျားသော စက်လှေကားစီး၍ တက်ရသည်။

ကျွန်တော်သွားရမည့် ဟိုင်းဟိုဘန်းသည် စီးတီးရုံး ရှိမိုဖီးလ် ဆေးရုံနေရာမဆံ့၍ ထပ်ဆောက်ထားသော တိုးချဲ့

www.burmeseclassic.com

www.burmeseclassic.com



မျက်စိဆေးရုံ ဖြစ်ပါသည်။ ဟိုဘန်းဆေးရုံတွင် မစ္စတာဘာရီဂျေး၊ မစ္စတာကဲနက်ဝိုင်ဘာ၊ မစ္စတာရှူဘင် စသည့်ဆရာကြီးများ လူနာကြည့်သော အခန်းသို့ သွားရောက် လေ့လာရပါသည်။

ဆရာကြီးများကို မစ္စတာတပ်၍ ခေါ်ခြင်းမှာ ဒေါက်တာဟု မခေါ်လို၍ မဟုတ်ပါ။ လန်ဒန်ဆေးရုံတွင် အလုပ်လုပ်နေသော ဆရာဝန်ကြီးများအားလုံးကို ဒေါက်တာဟု တပ်၍မခေါ်ဘဲ မစ္စတာဟူသော အသုံးအနှုန်းကို တပ်၍ ခေါ်သည်။ အမျိုးသမီး ဆရာဝန်ကြီးများအားလုံးကို ဒေါက်တာ ဘာ့ခ်ဟု မခေါ်ဘဲ မစ်စ်ဘာ့ခ်ဟု ခေါ်ရပါသည်။ မြန်မာနိုင်ငံတွင် အမျိုးသား ဆရာဝန်ကြီးများကိုဆရာ၊ ဆရာကြီးဟု ခေါ်ရသော်လည်း ဆရာဝန်မကြီးများကို မမဟု ခေါ်ကြပါသည်။

မစ္စတာဘာရီဂျေး ထိုနေ့က ပြသသော လူနာအကြောင်းကို ထူးခြားဖြစ်စဉ်အနေနှင့် သတိရလျက်ရှိသည်။ ထိုသို့ သတိရစေရန် စေ့ဆော်သောအကြောင်းများလည်း ရှိပါသည်။

“ဒီလူနာကို သေချာစစ်ဆေးပြီး ဘာရောဂါဖြစ်သလဲဆိုတာ ဆရာ့ကိုပြောပြပါ။” ထိုသို့ ပြောကြားလိုက်ခြင်းသည် လူနာ၏ ရောဂါမှာ စိတ်ဝင်စားဖွယ်ရောဂါဖြစ်မည်။ စုပေါင်းစဉ်းစား အဖြေရှာရမည့် ရောဂါဖြစ်သည်ဟု မှတ်ယူလိုက်မိပါသည်။ တစ်နည်းအားဖြင့် ဆရာဝန်တိုင်း ရောဂါအဖြေရှာခြင်း မည်မျှ



လောက် ကျွမ်းကျင်သည်ကို စစ်ဆေးခြင်းလည်း ဖြစ်ပါသည်။

မမကာစ်ရှမ်းက လူနာ၏ လက်ရှိခံစားချက်၊ မျက်စိရောဂါဖြစ်ပေါ်လာသည့် ရာဇဝင်အကျဉ်းချုပ်၊ ကုသခံခဲ့သည့် ဖြစ်စဉ်များမေးပါသည်။

လူနာက “ကျွန်တော့်ရဲ့မျက်စိနှစ်လုံးစလုံး လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၅ နှစ်ကျော်လောက် ဒုတိယကမ္ဘာစစ်ပွဲကြီးအတွင်းက မျက်ရည်ယိုဗုံးကြောင့် မျက်စိဒဏ်ရာ ရခဲ့ပါတယ်။ ဆေးရုံတွေမှာ နှစ်ရှည်လများ ကုခဲ့ပါတယ်။ မျက်စိ ပကတိ ကောင်းမလာပါဘူး။ တစ်ဖက်ကိုတော့ ခွဲစိတ်ပြီးပါပြီ။ မြင်သင့်သလောက် မြင်ရပါတယ်။ နောက်တစ်ဖက်အနေနဲ့တော့ ဆေးများနှင့် ကုသရဆဲ ရှိပါတယ်” ဟု ပြောပါသည်။

မေးမြန်းပြီးနောက် လူနာမည်မျှမြင်သည်ကို ဘယ်၊ ညာ မျက်စိများ၏ မြင်အားကို တစ်ဖက်စီ တိုင်းရပါသည်။ မျက်စိ၏ ရှေ့ပိုင်းကို အဏုကြည့်မှန်ဘီလူးနှင့် တစ်ယောက်စီ ကြည့်ရှုရပါသည်။ မျက်စိနှစ်ဖက်စလုံး သေချာစစ်ဆေးကြသည်။ တိုင်ပင်ကြပါသည်။ နာရီဝက်ခန့်ကြာသောအခါ မစ္စတာဘာရီဂျေးက ကျွန်တော်တို့ကို ခေါ်၍ တစ်ယောက်စီ၏ တွေ့ရှိချက်၊ ထင်မြင်ချက်များကို မေးပါသည်။ အားလုံး စစ်နှင့် နီးနှုယ်သော ဒဏ်ရာဖြစ်ကြောင်း၊ မျက်ကြည်မျက်မြှေးများ ထိခိုက်ခဲ့ကြောင်း၊ အနှစ် ၂၀ နီးပါး ဆေးရုံသို့လာရောက် ပြသ ကုသခဲ့ကြောင်း၊

www.burmeseclassic.com

www.burmeseclassic.com



ညာဘက်မျက်စိတွင် မျက်ကြည်လွှာလဲထားကြောင်း ဖြေကြားကြပါသည်။

မစ္စတာဘာရိုဂျေးက -

"စောစောက တင်ပြချက်များ မှန်ကန်ပါတယ်။ တကယ်တော့ ဒါက စစ်ရဲ့ဆိုးရွားတဲ့ ရလဒ်တစ်ခု ပါပဲ။ လူနာပြောသလိုပဲ။ ဒီစစ်ပွဲ (ဒုတိယကမ္ဘာစစ်ကြီး) အတွင်းမှာ မျက်ရည်ယိုဗုံး အများအပြား သုံးခဲ့တယ်။ မျက်ရည်ယိုဗုံးမှာ ပါဝင်တဲ့ ဓာတုဗေဒပစ္စည်း အမျိုးအစားကိုလိုက်ပြီး ခွဲခြားထားတယ်။ တချို့မျက်ရည်ယိုဗုံးတွေဟာ မျက်ရည်ကျစေပါတယ်။ မျက်စိမဖွင့်နိုင်တဲ့အခြေအနေကို ဖြစ်စေပါတယ်။ မျက်ရည်ယိုဗုံးမိရင် နာရီပေါင်းများစွာ ကြာသည်အထိ စစ်မတိုက် နိုင်တော့ဘူး။

"ဒါပေမဲ့ ဒီနေ့ လူနာခံစားနေရတဲ့ မျက်ကြည်ပျက်စီးစေတဲ့ မျက်ရည်ယိုဗုံးက ဒိုင်ကလိုအီသိုင်းလ် ဆာလဖိုက်ဒ် ပါဝင်တဲ့ မာစ်စတာပ်ဒ်ဓာတ်ငွေ့ ဖြစ်တယ်။ သိပ်မဆိုးတဲ့ အခြေအနေမှာ ဓာတ်ငွေ့ထိတာနဲ့ မျက်မြေးရောင်တယ်။ မျက်လုံးကို ဖွင့်လို့မရအောင် မျက်စိကြွက်သားတွေက အလိုလိုညှစ်ထားတယ်။ ပိုပြီးဆိုးတဲ့ လူနာတွေအနေနဲ့ မျက်မြေးရောင်ရုံသာမက ဓာတုပစ္စည်းတွေကြောင့် ဆဲလ်တွေပျက်စီးပြီး အကြည်ဓာတ်တွေ ပျက်တယ်။ မျက်မြေးရောင်ပြီး ဖောင်းကြွလာတတ်တယ်။ အပေါ် မျက်ခွံနဲ့ အောက်မျက်ခွံတွဲပြီး ကပ်နေတတ်တယ်။



ဒီဓာတ်ငွေ့ရဲ့ အန္တရာယ်ပေးတဲ့ အပိုင်းကတော့ မျက်ကြည်ကို ပျက်စီးစေတယ်။ မျက်ကြည်နာဖြစ်စေတယ်။ အပြင်တိမ်ဖြစ်ပြီး မျက်စိမှုန်တယ်၊ ကွယ်တာတွေ ဖြစ်တတ်တယ်။ နှစ်ကြာလာသည့်တိုင် ပြန်ပြန်ပြီး ရောင်တတ်တယ်။

"ကုသခြင်းနဲ့ ပတ်သက်လို့ကတော့ ဖြစ်စအချိန်မှာ သန့်ရှင်းတဲ့ရေနဲ့ မျက်စိကို ဆေးပေးရမယ်။ နော်မယ်လ်ဆေးလိုင်းနဲ့ ဆေးဖို့လိုတဲ့အပြင် ဆိုဒီယမ်ဘိုင်ကာဘိုနိတ် နှစ်ရာခိုင်နှုန်းပါဝင်တဲ့ အရည်နဲ့ ဆေးရတယ်။ နေရောင်ကာကွယ်တဲ့ မျက်မှန်အမည်းတွေကို တပ်ရမယ်။

မျက်ကြည်နာဖြစ်ရင်တော့ သူငယ်အိမ်ချဲ့တဲ့ ဆေးခတ်ရပါတယ်။ မျက်ကြည်နာကို ကုသဖို့ လိုပါတယ်။ ပိုးသေစေတဲ့ မျက်စဉ်းလည်း ခတ်ရပါတယ်။ မျက်ကြည်က ထိသိစေတဲ့ အာရုံကြောငယ်များ ပျက်စီးရင် မျက်ကြည်ခြောက်သွေ့ပြီး ပျက်စီးသွားတတ်လို့ မျက်ခွံကို ချုပ်ပေးရတယ်။ သိပ်ဆိုးလာရင်တော့ မျက်ကြည်လွှာ လဲပေးရတယ်။ မျက်ကပ်မှန်တပ်ပေးနိုင်ပါတယ်။ အဲဒီလိုတပ်ပေးရင် မျက်ကြည်မပျက်စီးအောင် ကာကွယ်ပေးရုံမျှမက ပိုလည်း မြင်စေပါတယ်"

ထိုလူနာကို ကြည့်ရှုစဉ်က ဒုတိယကမ္ဘာစစ်ကြီးပြီးစီးသည်မှာ နှစ်ပေါင်း ၂၅ နှစ်ကျော် ၃၀ နီးပါး ရှိခဲ့ပြီ။ မျက်စိ

www.burmeseclassic.com

www.burmeseclassic.com



ဝေဒနာကို နှစ်ရှည်လများ ပြင်းထန်စွာခံစားရပြီး လုပ်ကိုင်မစားနိုင်လောက်အောင် အမြင်မှာတတ်ချို့ယွင်းနေသူကို တွေ့ရ၍ သနားမိပါသည်။

ဆရာက ဆက်လက်၍ မျက်စိဘဏ်ကိစ္စများကို ဆက်လက် ပြောကြားခဲ့ပါသည်။

"မျက်ကြည်မှာ အပြင်တိမ်စွဲပြီဆိုတာနဲ့ အားလုံးသိကြတဲ့ အတိုင်းပဲ ဘာမျက်စဉ်းပဲခတ်ခတ်၊ ဘာဆေးပဲစားစား မပျောက်နိုင်တော့ဘူးလေ။ မျက်ကြည်လွှာလဲမှပဲ ပြန်ကောင်းသွားမှာ၊ မြင်သွားမှာပါ။ အဲဒါကိုယ့်တိုင်းပြည် ကိုယ်ပြန်ရောက်တဲ့အခါမှာ မျက်ကြည်တိမ်ကျလို့ မျက်စိကွယ်နေတဲ့သူတွေကို သူတို့ပျောက်ဆုံးသွားတဲ့ အမြင်ကို ပြန်လည်ပေးနိုင်ဖို့ မျက်စိဘဏ်ဖွင့်နိုင်အောင် ကြိုးစားကြပါ"

ထိုနေ့က ဆရာ၏ သင်ကြားချက်ခဲ့များမှာ မျက်စိဘဏ်ဖွင့်ရန် တိုက်တွန်းချက်နှင့် ပြီးဆုံးသွားပါသည်။ ကျွန်တော့်အနေနှင့် အပြင်တိမ်စွဲ၍ မျက်စိကွယ်သူများ လိုအပ်နေသည့် မျက်စိဘဏ်အကြောင်းကို အခါခါ ပြန်လည်တွေးတောနေမိခဲ့ပါသည်။

မျက်ရည်ယိုဖုံး အဆိပ်သင့်သော မျက်ကြည်နာအကြောင်း ဆရာပြောပြသည်ကို နားထောင်ရင်း လန်ဒန်မှ မျက်စိဘွဲ့လွန်



ဒီပလိုမာယူ၍ ပြန်လာခဲ့ကြသူများ ပြန်လည် ဖောက်သည်ချသည်ကို သတိရမိပါသည်။ သူတို့က "လန်ဒန် မျက်စိဆေးလက်တွေ့ စာမေးပွဲမှာ ဘယ်လို ရှာထားသလဲမသိဘူး။ မြန်မာပြည်မှာ မတွေ့ဖူးတဲ့ ရောဂါရှိတဲ့ လူနာတွေ ပါလာတတ်တယ်။ စာမေးပွဲ အတွက် မွေးထားတဲ့ လူနာတွေထင်တယ်။ ဆေးရုံမှာ အဲဒီလို လူတွေနဲ့တွေ့ရင် သေချာလေ့လာထားပါ။ စာမေးပွဲမှာ ပါလာတတ်တယ်"ဟု လန်ဒန်ပြန်များပြောသည်ကို သတိရ၍ သေချာ ကြည့်ရှုထားရပါသည်။ ထိုနည်းတူစွာပင် အိမ်တွင် မွေးထား သည့် ကြောင်ကြောင့်ဖြစ်သော မျက်နက်ရောင်ရောဂါ၊ အာရုံလွှာရောဂါ စသည်တို့တွေ့လျှင်လည်း ဂရုထား၍ လေ့လာထားရသည်။ မျက်လုံးတစ်လုံးက အပြာရင့်ရောင်၊ နောက်တစ်လုံးက အပြာနုရောင်ဖြစ်နေ၍ မျက်လုံးနှစ်လုံး ကွဲပြားသော အရောင်ရှိနေခြင်း (Hetrochromic Uveitis) ဖြစ်၍ စာမေးပွဲတွင် တွေ့ရတတ်သော လူနာအဖြစ် ကောင်းစွာ မှတ်သားထားရလေသည်။

မိုးဖီးလ်၏ မျက်စိဆေးရုံရှိရာ ဟိုဘန်းအရပ်သည် နန်းတော်များ၊ အဆောက်အဦးနှင့်ပန်းခြံများ၊ ဗြိတိသျှ အုပ်ချုပ်ရေးဌာနများနှင့် စီးပွားရေး အချက်အခြာဒေသများ၏ အလယ်လောက်တွင်ရှိသည်။ အင်္ဂလိပ်ဥပဒေနှင့် တရားရေးစက်ယန္တရား

www.burmeseclassic.com



၏ ဗဟိုချက်အဖြစ် ၁၃ ရာစုနှစ်များကပင် စတင်တည်ရှိခဲ့သည်။ ထိုအရပ်တွင် ဥပဒေပညာရှာမှီးသူတို့ နေထိုင်ရာ အဆောင်များ ရှိသည်။ ထိုအဆောင်များကို (Inns of Court) ဟု ခေါ်ဆိုသည်။ ထိုအဆောင်များတွင် နေထိုင်၍ အင်္ဂလိပ်ဥပဒေများကို လေ့လာကြပါသည်။

လန်ဒန်၏ ကျော်ကြားလှသော ဖလိ(တ်)လမ်း (Fleet street) သည်လည်း ဤရပ်ကွက်တွင် ရှိသည်။ သတင်းနှင့် ပြန်ကြားရေး စသည်တို့နှင့်သက်ဆိုင်သော သတင်းစာတိုက်ကြီး များရှိသော လမ်းကြီးပင်ဖြစ်ပါသည်။ ၁၅၀၀ ပြည့် နှစ်တွင် ဝင်က ဒီဝပ်ဒ်ဆိုသူ၏ ပုံနှိပ်စက်ကို ဤလမ်းတွင် စတင် တည်ထောင်ရာက စခဲ့သည်။ ၁၉ ရာစုနှစ်အတွင်း လန်ဒန်တွင် ထွက်သော သတင်းစာ အားလုံးနီးပါးမျှ ဖလိ(တ်) လမ်းတွင် ရိုက်နှိပ်ထုတ်ပေးကြသည်။

× × ×



## နှစ်သစ်ကူးမြူးတဲ့လို့ရှင်

နှစ်ဟောင်းကုန်လွန်တော့မည်ဆိုလျှင် နှစ်သစ်ကို မျှော်ကြသည်မှာ လူ့သဘာဝ၊ နှစ်သစ်တွင် စိတ်သစ်၊ လူသစ်နှင့် အောင်မြင်သော ဘဝသစ်ကို ဆောက်တည်ရန် ရည်မှန်းကြသည်။ အတိတ်ကို ပြန်လည်တမ်းတခြင်း မရှိသော်လည်း လွန်ခဲ့သည့်နှစ်က အောင်မြင်မှု မအောင်မြင်မှုများကို သုံးသပ်မိသည်။ ကောင်းသည်ထက်ကောင်းရန် လုပ်ဆောင်မည်ဟုလည်း ဆုံးဖြတ်တတ်ကြသည်၊ အောင်မြင်သောအနာဂတ် တည်ဆောက်ရန် သန္နိဋ္ဌာန်ချတတ်ကြသည်။ ဤကား ရှေ့သို့ တက်လှမ်းရန် ဆန္ဒရှိသူများ၏ ဆုံးဖြတ်ချက်ဖြစ်သည်။

နှစ်သစ်ကို ကုသိုလ်ပြု၍ ကြိုကြသည်မှာ မြန်မာ့ ဓလေ့ ထုံးစံဖြစ်သည်။ အနောက်နိုင်ငံဖြစ်သည့် လန်ဒန်၏ ပြယုဂ်က တစ်မျိုး။ နှစ်သစ်ကို ပျော်ရွှင်မြူးထူးစွာဖြင့် ကြိုသည်။ လန်ဒန်တက္ကသိုလ် အဆောင်တိုင်းလိုလို စားသောက်ပွဲ၊ ကပွဲ များနှင့် ကြိုသည်။ ကျွန်တော်နေသော အင်တာနေရှင်နယ်

www.burmeseclassic.com

www.burmeseclassic.com



ဟောလ်၊ ခရစ်စတင်းနှင့် ကြည်ကြည်နေသော ဝီလျံဂွတ်ဒ် အနာ့ဖ်ဆောင်တို့တွင်လည်း ကပွဲများရှိသည်။ မူလက စာဖတ်မည် အပြင်မထွက်တော့ဟု စဉ်းစားမိသော်လည်း ခရစ်စတင်းက. . .

"ရှေ့နှစ်ခါ စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာရှိအောင် နှစ်သစ်ကို ပျော်ပျော်ကြီးကြိုမယ်၊ အဆောင်ကိုလာခဲ့ပါ။ စားရေး သောက်ရေးလည်း တာဝန်ယူတယ်။ နှစ်သစ်ကူးကပွဲအတွက် အထူးပြင်ဆင်ထားတယ်။ နောက်ပြီး ဘစ်ဘင်နာရီသံနဲ့ နှစ်သစ် ကူးခါနီး စက္ကန့်တွေကို ရေတွက်ပြီး နှစ်သစ်ကိုကြိုမယ်" ဟု အထပ်ထပ်မှာသည့်အတွက် လန်ဒန်၏ နှစ်သစ်ကူးပွဲကို သူမ လိုလားသလို ကြိုဖြစ်ပါသည်။

စားသောက်ပြီး ကပွဲခန်းမသို့ ကူးပါသည်။ ခန်းမဆောင် ထဲ၌ အမျိုးသမီး၊ အမျိုးသားတို့ ခန်းလုံးပြည့် ကခုန်နေကြ ပါသည်။ ဒီဂျေခေါ် ကခုန်၍ကောင်းသော ပေါ့ပ်တေးသွားများ ကို ဖွင့်လှစ်သူကလည်း ကချင်စရာကောင်းလှသည့် တေးသွား မြိုင်ဆိုင်လှသည့် တီးလုံးများကို ဖွင့်ပေးသဖြင့် ခန်းမတွင်းရှိ သူတို့ တစ်ဦးမကျန် ကနေကြသည်။ မှိန်လိုက်၊ လင်းလိုက် လုပ်ထားသော ရောင်စုံမီးတို့ကလည်း ကနေသူများကို စိတ် လှုပ်ရှားစေသည်။ ထိုသို့က၍ ည ၁၁ နာရီကျော်သော အခါ လန်ဒန်မြို့၏ နှစ်သစ်ကူးညတွင် အစည်ကားဆုံးဖြစ်သည့် ထရာဖာလ်ဂါစကွဲယားသို့ လမ်းလျှောက်သွားကြသည်၊



မြေအောက်ရထားစီးလျှင်ဖြစ်သော်လည်း အေးချမ်းလှသည့် ရာသီတွင် လမ်းလျှောက်လျှင် ကောင်းမည်ဟု သဘောတူညီ သည့်အတိုင်း စတိုးဆိုင်ကြီးများနှင့်ကုန်တိုက်ကြီးများတွင် ထွန်းထားသည့် မီးအလှတို့ကိုကြည့်၍ လျှောက်သည်။ ခရီးလည်း မဝေးသဖြင့် စိတ်အေးလက်အေး စကားတပြောပြောနှင့် လျှောက်ကြရာ နာရီဝက်သာသာနှင့် ထရာဖာလ်ဂါကိုရောက် သည်။

ထရာဖာလ်ဂါစကွဲယားသည် လှပခန့်ညားပြီး လန်ဒန်မြို့ တော်၏ ဗဟိုအချက်အချာ ကျသည့် နေရာတစ်ခု ဖြစ်သည်။ ထရာဖာလ်ဂါအနီးတွင် တန်ဖိုးကြီးမားလှသည့် ဗြိတိသျှ ပြင်သစ်၊ စပိန်နှင့် အီတာလျံ ပန်းချီကားပေါင်း ၂၃၀၀ ကျော်တို့ ပြသ ထားသည့် အမျိုးသားပန်းချီပြတိုက်ကြီးရှိသည်။ မိုက်ကယ်အိန် ဂျလို၊ ရှူဘင်၊ ရင်းဘရန်၊ ဂိုယာ စသည့်နာမည်ကြီး ပန်းချီ ဆရာများ ဆွဲထားသော ကားများရှိပါသည်။ လန်ဒန်၏ နာမည်ကြီး ဘာကင်မ်ဟန်နန်းတော်၊ စိန့်ဂျိမ်းနန်းတော်၊ တလားရင့်စ်အိမ်တော်များကို သွားလိုက လန်ဒန်၏ "သည်မော်လ်" လမ်းမအတိုင်း လျှောက်လျှင် ရောက်သည်။ ဝိုက်ဟောလမ်းမကြီးမှ ဆင်းသွားလျှင် ပါလီမန်အဆောက် အဦးနှင့် ဘစ်ဘင်နာရီရှိရာသို့ သွားနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



နှစ်သစ်ကူးပြီးသည်နှင့် စာမေးပွဲ နီးကပ်နေပါပြီ။ စာလည်းသင်၊ဆေးရုံကိုလည်းသွား၍ လူနာများကြည့်ရှုခြင်းများကို လေ့လာခြင်းမပျက် လက်ဆက်လုပ်နေရပါသည်။ စာပို၍ကျက်ရသည်။ အနီးကပ်ပို့ချလာသော ရောဂါရထားသော မျက်စိအင်္ဂါရပ်များ၊ ရောဂါအခြေအနေပြ ရောင်စုံဆလိုက်များ ဆဲလ်အဆင့် ပြောင်းလဲခြင်းပြသည့် ဆလိုက်များကို သင်ကြားပေးပါသည်။ ကျွန်တော်တို့အနေနှင့် မြန်မာနိုင်ငံတွင် ရှိစဉ်က လူနာနှင့် ရောဂါတော်တော်များများကို ကြည့်ရှုလေ့လာ ဖူးပါသော်လည်း မျက်စိရောဂါဗေဒ ဘာသာရပ် (ocular pathology) ကို မသင်ကြားခဲ့ရပါ။ ထိုအသစ်အဆန်းများကို အထူးဂရုပြု၍ လေ့လာရပါသည်။

စာမေးပွဲနီးလာလေ ကျက်စရာလည်း များလေလေ ဖြစ်တော့သည်။ မျက်စိခန္ဓာဗေဒကို ဆရာများက သုံးကြိမ် သင်သော်လည်း စာမျက်နှာ ၄၀၀ ခန့်ကို အသေးစိတ် ဖတ်ရပါသည်။ မျက်စိဇီဝကမ္မဗေဒလည်း ဤအတိုင်း ကျက်ရပါသည်။ တစ်ရက်မှ မပျက်ဘဲ ကျောင်းတက်ခဲ့ရာ ဦးနှောက်ထဲတွင် လေ့လာ ကျက်မှတ်ထားသည့်စာများ လက်ကျန် ရှိဦးမည်ဟု အားတင်းထားရပါသည်။ ဆရာမက မလာနှင့် ကိုချမ်းအေးတို့ စာမေးပွဲမဖြေကြပါ။ ဇူလိုင်လတွင်လုပ်သော နောက်တစ်ကြိမ် စာမေးပွဲမှ ဖြေမည်ဟု ပြောပါသည်။ ကျွန်တော်တို့အဖွဲ့မှ



ခရစ်စတင်းနှင့် ကျွန်တော်ဖြေဖြစ်ပါသည်။ ဆရာမကိုဖြေပါ တိုက်တွန်းသည့်အခါ စာမကျက်ရသေးဘူးဟု ပြောပါသည်။ နိုင်ငံခြားတွင် စာမေးပွဲကျပါက စိတ်ဓာတ်ကျတတ်သဖြင့် ဆရာတချို့ စာမေးပွဲကို ပိုင်နိုင်မှ ဖြေစေချင်သည်။ မပိုင်ခင် ဖြေပြီး တစ်ခါကျပါက နောက်တစ်ကြိမ် အောင်ရန် အခက်အခဲတွေ့ရတတ်သည်ဟု သတိပေးကြသည်။

မျက်စိရေးဖြေ စာမေးပွဲကို တော်ဝင်သမားတော်ကြီးများနှင့် ခွဲစိတ်ဆရာဝန်ကြီးများကောလိပ်က စစ်ဆေးပါသည်။ လန်ဒန်ယူနီဗာစီတီ မျက်စိပညာတက္ကသိုလ်က မစစ်ဆေးပါ။ စာမေးပွဲမှာ စာတွေ့လက်တွေ့ နှစ်ပိုင်းခွဲထားပါသည်။ စာတွေ့ပိုင်းတွင် အခြေခံမျက်စိပညာ၊ ခန္ဓာဗေဒ၊ ဇီဝကမ္မဗေဒ အမြင်နှင့် အလင်းပညာ၊ မျက်မှန်စမ်းသပ် ညွှန်ကြားခြင်း စသည်တို့ ပါဝင်ပါသည်။ နောက်တစ်ပိုင်းမှာ ရောဂါများ၊ ကုထုံးများနှင့် ရောဂါ ကူးစက်ပျံ့ပွားပုံ၊ ရောဂါဖြစ်လာရပုံ အစရှိသည်တို့ ပါဝင်ပါသည်။ စာတွေ့ စာမေးပွဲကို ကွင်းစကွဲယားတွင် စစ်ဆေးပါသည်။ ညာကိုညာ မျက်စိနှင့် ကြည့်ရသည်။ ဘယ်ကိုဘယ်နှင့် မကြည့်ပါက စာမေးပွဲကျသည်။ မျက်စိရှေ့ပိုင်းကို မှန်ဘီလူးနှင့် ကြည့်နည်း၊ မျက်စိခွံများကို တစ်ဖက်ဖွင့်စစ်နည်း၊ မျက်စိကြွက်သားများ၏ လှုပ်ရှားမှု စစ်နည်း အစရှိသဖြင့် မျက်စိဆရာဝန်တစ်ဦး တတ်သင့် တတ်ထိုက်တာများကို တတ်မတတ် စစ်ဆေးပြီး

www.burmeseclassic.com

www.burmeseclassic.com



တတ်မှ စာမေးပွဲအအောင်ပေးသည်။ ပညာစမ်းသော မေးခွန်းများ မမေးပါ။

ထို့နောက် လူနာတစ်ဦး၏ မျက်စိကို စစ်ဆေးရသည်။ ရောဂါရာဇဝင်၊ ရောဂါခံစားရမှုများကို မေးရသည်။ ရောဂါလက္ခဏာ၊ မည်သည့်ရောဂါများ ဖြစ်နိုင်ကြောင်း၊ အများဆုံးဖြစ်နိုင်သည့်ရောဂါ၊ မည်သည့်ဓာတ်ခွဲခန်း စစ်ဆေးမှုများ ပြုရန်လိုအပ်သည် အစရှိသည်တို့သာမက ကုထုံးကုနည်းများ၊ လူနာ၏ ကျန်းမာရေး အခြေအနေအားလုံးနှင့်ပတ်သက်၍ စာမေးပွဲ စစ်ဆေးသူများ၏ မေးမြန်းချက်များကို ဖြေဆိုရပါသည်။

စာမေးပွဲအောင်မြင်ရန် သိသင့်သိထိုက်သည်များကို အခြေခံကျကျ သိရန်လိုသည်။ နောက်ပြီး လူနာနှင့် စကားပြောပုံ၊ လူနာနှင့် ဆက်ဆံပုံ၊ လူနာအား စစ်ဆေးပုံ စစ်ဆေးနည်းများလည်း အမှတ်ပေးရာတွင် ပါဝင်ပါသည်။ ဇန်နဝါရီ ၃၁ ရက် စာမေးပွဲဖြေရာ ဖော်ဖော်ဝါရီလ ၂ ရက်နေ့တွင် အောင်စာရင်းကို ကွင်းစကွဲယားရှိ စာဖြေဌာနအောက်ထပ်သို့ သွားရောက်ယူရန် အကြောင်းကြားစာ ပေးပါသည်။

လန်ဒန်မျက်စိဘွဲ့လွန်တက္ကသိုလ်တွင် အဆင့်မီမီနှင့် လိုက်နိုင်ခြင်းမှာ မြန်မာနိုင်ငံ၏ ဆေးပညာအဆင့်အတန်း



ကောင်းခြင်းကြောင့် ဖြစ်သည်ဟု မှတ်ချက်ချနိုင်ပါသည်။ ရန်ကုန်တွင် သင်ကြားပေးသည့် ဆရာများအားလုံးသည် လန်ဒန်မှာပင် ကျောင်းတက်ခဲ့ခြင်း၊ တော်ဝင်သမားတော်ကြီးများနှင့် ခွဲစိတ်ဆရာဝန်ကြီးများ၊ ကောလိပ်စာမေးပွဲများကို ဖြေဆိုအောင်မြင်ခဲ့သည့်အပြင် မိုးဖီးလ်မျက်စိဆေးရုံကြီးတွင် လက်တွေ့လေ့လာသင်ကြားခဲ့သူများဖြစ်၍လည်း နောက်ဆုံးပေါ် မျက်စိပညာရပ်များကို ခေတ်မီစွာ သိရှိနေကြသည်။ မြန်မာပြည်တွင် မတွေ့ရသော လန်ဒန်တွင်သာ တွေ့ရသင်ရမည့် မျက်စိရောဂါများအကြောင်း ဒုတိယကမ္ဘာစစ်ကြီးအတွင်း မာစ်တတ်မျက်ရည်ယိုဗုံးဓာတ်ငွေ့ ထိခဲ့သည့် မျက်ကြည်ရောဂါများအကြောင်းကိုလည်း ဆရာဦးညွန့်ဝင်း ပြောပြ၍ သိရှိခဲ့သည်။

အင်္ဂလိပ်ဆရာများ၏ ယဉ်ကျေးမှုအလေ့အထများ၊ အတွေးအခေါ်များကိုလည်း သိရှိမှာကြားခဲ့သည်။ ဥပမာ- အနောက်တိုင်း သုံးမျိုးပါဝတ်စုံကို မည်သည့်အရောင်ဖြင့် ချုပ်သင့်သည်။ စာမေးပွဲအတွင်း လူနာများကို ကြည့်ရှုသည့်အခါ နှုတ်ဖြေစာမေးပွဲ ဖြေသည့်အခါ ဝတ်ရမည် အစရှိသဖြင့် အကြံပေးပါသည်။ ထိုပေးခဲ့သည့် အကြံတို့သည်လည်း စာမေးပွဲအောင်မြင်ရေးအတွက် အရေးကြီးသော အထောက်အကူများ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီး ဦးကိုကြီး၏ ခွင့်ပြုချက်နှင့် မျက်စိ ဆေးရုံကြီးတွင် နှစ်နှစ်တာကာလမျှ မျက်စိပညာရပ်များကို လေ့လာခဲ့ခြင်း လူနာများအား ကြည့်ရှုကုသပေးခဲ့ခြင်းတို့သည် လန်ဒန်တွင် ဖြေဆိုခဲ့သော မျက်စိစာမေးပွဲအတွက် များစွာ အထောက်အကူ ဖြစ်စေခဲ့ပါသည်။ ထိုစာမေးပွဲအတွက်သာမက မျက်စိ ဆရာဝန် ဘဝတစ်လျှောက်လုံးအတွက် များစွာသော ကောင်းကျိုးများ ပေးခဲ့ပါသည်။ ကျေးရွာပေါင်း ၂၀၀ ခန့်တွင် လှည့်လည်၍ လူနာကြည့်ခြင်း၊ မျက်ခမ်းစပ်ဖြစ်ပွားပျံ့နှံ့ခြင်းအပေါ် အကျိုး သက်ရောက်စေသည့် လူမှုရေး၊ စီးပွားရေး အခြေအနေများကို လေ့လာခဲ့ခြင်းသည် လာရောက်ပြသသော လူနာ၏ ရောဂါကို ကျော်လွန်၍ လူနာ၏ လူမှုရေး၊ စီးပွားရေး ပကတိအခြေ အနေများကိုလည်း ရောဂါနှင့် ယှဉ်တွဲကြည့်ရှုတတ်ရန် သင်ခန်း စာများ ရခဲ့သည်။ ချိန်းထားသည့် နေ့ရက်သို့ ရောက်မလာ နိုင်သည့် လူနာများကို ဆူပူရမည့်အစား သူမှာ ခရီးစရိတ်မရှိ လို့လား၊ အိမ်စောင့်ပေးမည့်သူ မရှိ၍လား အစရှိသည့် လူနာ၏ လူမှုရေးအခက်အခဲများကို စဉ်းစားပြီး ခွင့်လွှတ် တတ်လာခဲ့သည်။ ဆေးမှန်မှန်မသောက်၍ ဆူပူကြိမ်းမောင်း ရမည့်အစား သူမှာ ဆေးဖိုးမှ ရှိပါ့မလား။ ဆေးဖိုးကုန်ကျဖို့ မရှိလို့လား စဉ်စားတတ် လာသည်။ ဆေးလက်တွေ့ လူနာများ စစ်ဆေးခြင်း၊ ရောဂါခွဲခြားခြင်း



ကုထုံးများတင်ပြရာတွင် ရှေးက အတွေ့အကြုံများက အခက်အခဲ များကို ကောင်းစွာ ကျော်လွှားစေခဲ့ပါသည်။

အောင်စာရင်းမထွက်ခင် မိမိဖြေဆိုခဲ့သည်များကို တွေး ကြည့်သည့်အခါ အောင်နိုင်သည့် အခြေအနေရှိသည်ဟု မိမိကိုယ်မိမိအားပေးမိသည်။ အောင်စာရင်းထွက်ရန် ဖြေပြီး နှစ်ရက်ခန့် စောင့်ရသည်ဖြစ်ရာ ခရစ်စတင်းနှင့်အတူမြစ်အတွင်း သင်္ဘောစီး၍ ဂရင်းနစ်ချ်သို့ သွားရောက်လည်ပတ်ခဲ့ပါသည်။ ထိုနေရာတွင် သုညဒီဂရီ လောင်ဂျီကျုမျဉ်း ရှိပါသည်။ ထိုမျဉ်းကိုခွ၍ ဓာတ်ပုံရိုက်ခဲ့သည်။ ဂရင်းနစ်ချ်စံတော်ချိန် အမည် ပေါ်ထွန်းရာဒေသဖြစ်သည်။ ဂရင်းနစ်ချ်မြို့သည် ကမ္ဘာလှည့် ခရီးသည်တို့နှင့် လွန်စွာစည်ကားပါသည်။ ပထမ အဲလီဇဘက် ဘုရင်မကြီး၏ နန်းတော်ရှိသည်။ ကြည့်ရှုစရာ ကူတီဆတ်စ် အမည်ရှိသည့် ရှေးဟောင်းသင်္ဘော ရှိသည်။ ထိုသင်္ဘောကို ၁၈၆၉ ခုနှစ်တွင် ရေချခဲ့သည်။ နှစ်ပေါင်း ငါးဆယ်ကြာမျှ တရုတ်ပြည်မှ လက်ဖက်ခြောက်အပါအဝင် ကုန်ပစ္စည်းများ၊ ဩစတြေးလျတိုက်မှ သိုးမွေးများ သယ်ဆောင်၍ ၁၉၂၂ ခုနှစ်တွင် သွားလာခြင်း ရပ်ဆိုင်းခဲ့သည်။ ကူတီဆတ်ခ် အမည်နှင့် နာမည်ကြီးဝီစကီ ထုတ်လုပ်ပါသည်။ နောက်ထပ် အမည် ထင်ရှားသည့် ကြည့်စရာမှာ ရေကြောင်းဆိုင်ရာ အမျိုးသား

www.burmeseclassic.com

www.burmeseclassic.com



ပြတိုက်ကြီးရှိသည်။ ပေါင်သန်း ၂၀ အကုန်ခံပြုပြင်၍ လန်ဒန်၏ အကောင်းဆုံးပြတိုက်အဖြစ် မွမ်းမံခဲ့သည်။

စာမေးပွဲအောင်စာရင်း ထွက်မည်ဆိုတော့လည်း ရင်ခုန်ရပါသည်။ ကျွန်တော်တို့ မြန်မာပြည်မှာ စာမေးပွဲအောင်စာရင်းကို စာဖြေဌာနများ၌ ကပ်၍ ကြေညာပါသည်။ လန်ဒန်မှာ ထိုသို့မဟုတ်ပါ။ ချိန်းသောနေ့တွင် ရေးဖြေစာမေးပွဲဖြေဆိုခဲ့သည့် ကွင်းစကွဲယားရှိ စာစစ်ဌာနသို့သွား၍ မိမိ၏ ခုံနံပါတ်ကိုပြောလျှင် စာအိတ်တစ်အိတ်ပေးပါသည်။ ထိုစာအိတ်တွင်း၌ စာမေးပွဲအောင်မအောင် ရေးထားသည့် စာရွက်ပါပါသည်။

စာမေးပွဲအောင်စာရင်းကို သွားကြည့်ရန် ခရစ်စတင်းနှင့် ချိန်းရသည်။ တော်ဝင်သမားတော်များ၊ ခွဲစိတ်ဆရာဝန်များ၏ ကောလိပ်စာစစ်ခန်းမသည် ကျွန်တော်၏ အဆောင်နှင့် နီးသည့်အတွက် ကျွန်တော့်အဆောင်သို့လာရောက်၍ ခေါ်ပါသည်။ နှစ်ယောက်သား အောင်စာရင်းထုတ်ပေးရာဌာနသို့သွား၍ ခုံနံပါတ်ပြောပြသောအခါ စာအိတ်တစ်အိတ်စီ ပေးပါသည်။ စာအိတ်လက်ဝယ်ရောက်ရှိသောအခါ စာအိတ်ကို ရင်ခုန်စွာနှင့် ဖောက်ပြီး စာရွက်ကို ထုတ်ကြည့်လိုက်သည့်အခါ စာရွက်သေးသေးတစ်ရွက်ကို တွေ့ရသည်။ ထိုစာရွက်တွင် အမည်၊ ခုံနံပါတ်နှင့် စာမေးပွဲကိုကောင်းစွာ အောင်မြင်ပေါက်မြောက်



ကြောင်း ပုံနှိပ်ထားပါသည်။ ကျွန်တော်စာမေးပွဲ အောင်ခဲ့ပါပြီ။ ခရစ်စတင်းလည်းအောင်မြင်ပါသည်။ နောက်မှ ဒီပလိုမာလက်မှတ်ကို အိမ်လိပ်စာသို့ ပို့မည်ဖြစ်ကြောင်း ရေးသားထားသည်။ ဝမ်းမြောက်ဝမ်းသာ ဖြစ်သည်မှာ ပြောဖွယ်ရာမရှိပါ။ နှစ်ယောက်သား ဝမ်းသာစွာ အော်ဟစ်၍ လန်ဒန်တက္ကသိုလ်၊ ဆီးနိဟောက်စ်ဘက်သို့ ပြေးလွှားကြပါသည်။ ဘီယာပဗ်တစ်ခုသို့ ဝင်၍ ဘီယာထိုင်သောက်ကြသည်။ ထိုနေရာတွင် တစ်နာရီကျော် အချိန်ဖြုန်း ပြီးနောက် အဆောင်ပြန်ကြသည်။ ညနေပိုင်းတွင် ကျွန်တော်တို့ နှစ်ယောက် အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် တရုတ်တန်းရှိ ထမင်းဆိုင်တွင် သွားရောက် စားသောက်ကြပါသည်။ ဒီတစ်ခါ တော့ ဘဲကင်၊ အသားကင်၊ ထမင်းထက် အဆင့်မြင့်သည့် ဟင်းလျာနှစ်မျိုး၊ ဟင်းချိုတစ်ခွက်နှင့် ထမင်းကောင်းကောင်း စားပါသည်။ လန်ဒန်ရောက်ကတည်းက တီဗီမကြည့်နိုင်၊ ရုပ်ရှင် မကြည့်နိုင် တစာစာလုပ်နေခဲ့ရာ ယခုအောင်မြင်မှုရခဲ့ပြီ။ စာမေးပွဲကို အချိန်တိုတိုနှင့် အောင်မြင်ခဲ့ပြီဖြစ်၍ နိုင်ငံအပြန်လည်း လှပါပြီ။

ဒီပလိုမာဘွဲ့ရခြင်းဆိုသည်မှာ အထူးကုဆရာဝန် ဖြစ်ခြင်း၏ အစမျှသာဖြစ်ပါသည်။ သိစရာ၊ တတ်စရာတွေ၊ လေ့လာစရာတွေက မကုန်နိုင်အောင်ပင် များပြားလှပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်းမာရေးဝန်ကြီးဌာနက ပညာသင်ကာလကို တစ်နှစ်တာ ပေးထားသည်ဖြစ်ရာ လေးလနှင့်အောင်သဖြင့် ကျန် ရှစ်လကို လန်ဒန်ရှိ မျက်စိဆေးရုံများတွင် အလုပ်လုပ်ကိုင်ရင်း၊ အတွေ့ အကြုံများရှာမည်ဟု စဉ်းစားမိသည်။ ကျောင်းသားအနေနှင့် ဆရာမြင်သည့် လူနာကိုသာ ကြည့်ရှုစစ်ဆေးရသည်။ ဆေးရုံမှာ အလုပ်လုပ်ပါက လူနာများကို စိတ်တိုင်းကျ စစ်ဆေးနိုင်သည်၊ ကုသနိုင်သည်။ ခက်ခဲသော ရောဂါများကို ဆရာများကိုပြသ၍ သင်ကြားနိုင်သည့်အခွင့်အရေးရမည်။ သို့နှင့်ပင် လန်ဒန် အဲလီးဖင့်အင်န်ကာဆယ်လ် အရပ်တွင်ရှိသော ရှိုင်ရယ်အိုင်း ဆေးရုံတွင် မျက်စိဆရာဝန်အလုပ်ကို လုပ်ဖြစ်ပါတော့သည်။ ထိုသို့ ပညာရှာမှုလည်း မြန်မာပြည်အပြန်တွင် တွေ့ရမည့် မျက်စိလူနာများကို ကောင်းစွာ ကုနိုင်မည်။ တန်ဖိုးကြီးလှသည့် အမြင်ပန်းကို ဆင်မြန်းပေးနိုင်မည် ဖြစ်ပါသည်။ ကြည်လင်သော အမြင်ကိုရ၍ ဘဝကိုရွှင်လန်းစွာ ရင်ဆိုင်နိုင်ကြပါလိမ့်မည်။

× × ×



## တေးသံသာသာ လွမ်းရိပ်ဖြာ

နိုင်ငံခြားရောက် ပညာတော်သင်တို့သည် မိမိမွေးဖွား ကြီးပြင်းလာခဲ့သည့် မိခင်နိုင်ငံကို ချစ်ခင် လေးစားကြပါသည်။ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကိုလည်း ရင်ထဲမှာစွဲ၍ နေတတ်ပါသည်။ မိမိနေထိုင်ရာ တိုင်းပြည်တွင် ရှိစဉ်က၊ သတိထားရမှန်း မသိခဲ့သော၊ နေ့စဉ်တွေ့နေရသော အကြောင်းအရာများ၊ အစားအသောက်များ၊ နားထောင်ခံစားရသော တေးသီချင်းများ ကိုပင် နိုင်ငံခြားတိုင်းပြည်သို့ ရောက်သော အခါ လွန်စွာ သတိရ တမ်းတတတ်ပါသည်။ ပညာသင်ကြားရေး၊ စီးပွားရေးကိစ္စများ ဖြည့်ဆည်းရန်အတွက်၊ ခေတ္တဖြစ်စေ၊ နှစ်ရှည်လများဖြစ်စေ၊ နိုင်ငံခြားတွင် သွားရောက် နေကြသူ များမှာ မြန်မာပြည် ပြန်လာရန် အခွင့်အရေးကို စောင့်ဆိုင်း နေတတ်ကြသည်။ ယခုနှစ်များအတွင်း တစ်နှစ်တည်း ဘွဲ့ရသော သူငယ်ချင်းများ ပြန်လည်ဆုံတွေ့၍ ဆရာကန်တော့ ပွဲများ ပြုလုပ်ဖြစ်ပါသည်။ မြန်မာနိုင်ငံအတွင်း အနယ်နယ် အရပ်ရပ်ရောက်နေသော ဆရာဝန်သူငယ်ချင်းများသာမက ကမ္ဘာ့နိုင်ငံအသီးသီးသို့

www.burmeseclassic.com

www.burmeseclassic.com



ရောက်နေသော ဆရာဝန်များလည်း မရောက်ရောက်အောင်လာ၍ စုပေါင်းတွေ့ဆုံပွဲ၊ ဆရာ-ကန်တော့ပွဲနှင့် မြန်မာပြည်အရပ်ရပ်ရှိ ပင်လယ်ကမ်းခြေ အပန်းဖြေစခန်းများ သွားကြသကဲ့သို့ ပုဂံ၊ မန္တလေးနှင့် အင်းလေးဒေသသို့လည်း စုပေါင်းလည်ပတ်ကြသည်။ သြစတြေးလျ၊ အင်္ဂလန်၊ ဟောင်ကောင်၊ ဘရူနိုင်း၊ အမေရိက၊ အိန္ဒိယ၊ စင်ကာပူ၊ ထိုင်း အစရှိသဖြင့် နိုင်ငံပေါင်းများစွာမှ မရောက်ရောက်အောင် လာကြ၊ သူငယ်ချင်းများနှင့် တွေ့ကြ၊ ညစာစားပွဲများ ပြုလုပ်ကြ၊ သီချင်းဆိုကြနှင့် လွမ်းမောဖွယ် ပျော်ရွှင်ဖွယ်ပွဲများကို ကျင်းပဖြစ်သည်။

လွန်ခဲ့သည့် နှစ်ပေါင်း ၄၀-၅၀ ခန့်က ဆေးတက္ကသိုလ်တွင် ပညာသင်ပေးခဲ့သော ဆရာကြီး၊ ဆရာမကြီးများကိုလည်း ဖိတ်ကြားကန်တော့ကြသည်။ ၁၉၆၀ ခုနှစ်များက ယခု ဆေးတက္ကသိုလ်သည် ရန်ကုန်တက္ကသိုလ်၏ မိသားစုဝင် မဟာဌာနတစ်ခု အဖြစ် တည်ရှိခဲ့သည်။ ဆေးသိပ္ပံမဟာဌာနဟု ခေါ်ပါသည်။ နောက်ပိုင်းတွင်မှ ဆေးကောလိပ်၊ ဆေးတက္ကသိုလ် အဆင့်သို့ တဖြည်းဖြည်းတက်လာပါသည်။ တွေ့ဆုံပွဲလာရောက်တတ်သူတိုင်းသည် ရောက်ရှိနေသော တိုင်းပြည်တိုင်းတွင် ဆရာကြီးများပါရဂူများအဖြစ် ထမ်းရွက်နေကြပါပြီ။ ခွဲစိတ်ရောဂါဗေဒ၊ မျက်စိ၊ သားဖွားမီးယပ်၊ စိတ်ရောဂါ အစရှိသဖြင့်များပြောင်လှစွာသော ဘာသာရပ်တို့တွင် ပါရဂူဆရာများဖြစ်ခဲ့



ကြပြီ။ သို့ရာတွင် တွေ့ကြသောအခါ ဆေးသိပ္ပံ ဘွဲ့နှင်းသဘင်ပွဲများတွင် သီဆိုခဲ့သည့် ဖိုးသူတော်ယိမ်း၊ အရိုးကြီးယိမ်း စသည့် ပျော်ရွှင်ဖွယ် သံချပ်များ၊ သီချင်းများကို မှတ်မှတ်မိမိဝိုင်းဝန်း သီဆိုနိုင်ကြသေးသည်။ သတိရနေကြသေးသည်။ တစ်နည်းအားဖြင့် အခြေအနေများစွာ မတူသော နိုင်ငံခြားတိုင်းပြည်များသို့ သွားရောက်နေထိုင်ကြ၊ အလုပ်လုပ်ကြ၊ မိသားစုတွေ တည်ထောင်နေကြသော်လည်း မွေးဖွားကြီးပြင်းလာသည့် ကိုယ့်နိုင်ငံချစ်သောစိတ် ကိုယ်စီရှိနေကြပါသည်။

ကိုယ့်တိုင်းပြည်ကို ခွဲခွာ၍ လန်ဒန်သို့ ကာလအားဖြင့် တစ်နှစ်ခန့် မျက်စိပညာသင်ကြားရန် ရောက်နေသည့် ကျွန်တော်သည်ပင် မြန်မာသီချင်း၊ မြန်မာ့အစာ၊ မြန်မာ အသိုင်းအဝိုင်းတို့ကို စိတ်အာဟာရ ခန္ဓာကိုယ်အဟာရအဖြစ် အမြဲလိုအပ်လျက် ရှိသည်။

နေ့ရောညပါ စာပေသင်ကြားရေး၊ လေ့လာရေး၊ စာမေးပွဲအောင်မြင်ရေးနှင့် လုံးပန်းနေရသော်လည်း၊ စိတ်ကို ခေတ္တလွှတ်ပေးလိုက်သည်နှင့် မြန်မာမှုနယ်ပယ်တွင် ပြန်လည် ကျက်စားပါတော့သည်။

တစ်နေ့ ခရစ်စတင်း၏ အဆောင်ဖြစ်သော ဝီလျံဂွဒ်အနော့ဖ် အတိုကောက်အားဖြင့် ဒဘလျူဂျီသို့ သွားရောက်စဉ် မြန်မာ့စန္ဒရားသံကို သဲ့သဲ့ကြားလိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအသံကို ကြားသည်နှင့် ဆောက်တည်ရာမရဘဲ၊ စန္ဒယရားသံ ထွက်လာရာအရပ်သို့ အိန္ဒြေမရ အပြေးကလေး လျှောက်သွားခဲ့ပြီး စန္ဒရားသံ ပေါ်ထွက်သည့် နေရာကို ရှာမိသည်။ ကက်ဆက်ဖွင့် သလား၊ စန္ဒရားတီးနေတာလား၊ မည်သူပါလိမ့်စသည့် အတွေးများ ဝေစီလိုက်ပါသေးသည်။ သိတတ်သည့်အရွယ်မှစ၍ ရင်းနှီးခဲ့သော မြန်မာ့သံစဉ်များသည် လူတစ်ကိုယ်လုံး ကြည်နူးစိတ်၊ တမ်းတစိတ်များနှင့် ဖုံးလွှမ်းစေသည်။ လမ်းလျှောက် ရင်းနှင့် အခန်းတစ်ခုရှေ့သို့ ရောက်သောအခါ စန္ဒရားကို စိတ်ဝင်စားစွာ တီးနေသူမှာ အမျိုးသမီးတစ်ဦးဖြစ်ကြောင်း တွေ့ရပါသည်။ ထိုအခန်းသည် အနောက်နိုင်ငံ အဆောင် များတွင် တွေ့ရတတ်သော ဂီတခန်း သို့မဟုတ် အနုပညာအခန်းဟု သတ်မှတ်ထားသည့်အခန်း ဖြစ်သည်။ စန္ဒရား သင်ကြား၍လည်း ရသည်။ ဝါသနာပါလျှင် တီးနိုင်သည်။ စန္ဒရားသာမက တယောအစရှိသည့် ကြိုးတူရိယာ၊ ပလွေ၊ ကလာရီနတ်စသည့် လေမှုတ်တူရိယာများ အပါအဝင် မည်သည့်တူရိယာပစ္စည်းမဆို လေ့ကျင့်နိုင်သော အခန်း ဖြစ်ပါသည်။

အခန်းတံခါးကို အသာဖွင့်၍ အခန်းထဲဝင်ကာ ခုံတစ်ခုတွင် ထိုင်ပြီး နားထောင်မိပါသည်။ သီချင်းမှာ၊ စာရေး ဆရာ ရွှေတိုင်ညွန့်ရေးသည့် "မေတ္တာအရင်းခံ" သီချင်းဖြစ် ပါသည်။ ထိုဂန္တဝင် သီချင်းကို အဆိုကျော်များ ပြန်ဆိုတေး



အဖြစ် မကြာခဏဆို၍ ကြားခဲ့ရသည့် သီချင်းဖြစ်သည်။ ထူးကဲသော သံစဉ်များနှင့် မေတ္တာ၏ လေးနက်မှုကို ပြသည့် သီချင်းဆိုလည်း မှန်ပါသည်။ သီချင်း၏ စာသားထဲမှာ "အေးမေတ္တာ သို့ပေမဲ့ မပျက်ပေါ်င် ရှင်" ဟု ပါဝင်သဖြင့် မူလသီဆိုသူမှာ ခေတ်ဟောင်း အဆိုကျော်ကြီး ဒေါ်အေးမိ သီဆိုသည်ဟု မှတ်ယူမိပါသည်။

ယခုစန္ဒရားတီးနေသူ အမျိုးသမီးမှာလည်း ထိုသီချင်းကို ချိုသာသောအသံနှင့် တိုးညှင်းစွာ သီဆိုနေပါသည်။

"မောင့်ကိုသာပင် စိတ်ထဲက အသက်ရော အူရောခင်၊
ချစ်တာအမှန်ပင် ရွှေမေတ္တာအရင်းခံပါပဲရှင်". . .

"ညအိပ်ရာထဲဝင် ဘုရားရှိခိုးစဉ် မောင့်ကိုရည်မှန်းကာ
ကျန်းမာပါစေ ချမ်းသာပါစေရှင်". . .

ထိုမေတ္တာဘွဲ့တွင် စပ်ဆိုထားသော စာသားများမှာ နိုးရှင်းသော်လည်း ထိမိလှသည်။ မေတ္တာကို အရင်းခံထား၍ မောင့်တစ်ယောက်ထဲကို စွဲစွဲမြဲမြဲကြီး အမှန်ပင် ချစ်ပါသည်။ ညအိပ်ရာဝင်တိုင်း ဘုရားရှိခိုးသည့်အခါ မောင်တစ်ယောက် ကျန်းမာပါစေ၊ ချမ်းသာပါစေဟု အမြဲဆုတောင်းပါသတဲ့။ နိုင်ငံခြားရောက်နေသူ တစ်ဦးအတွက် စိတ်ကူးယဉ်စရာ ကောင်းလှသည့်သီချင်း ဖြစ်ပါသည်။

သီချင်းဆုံးသည်နှင့် သူမထံ ချဉ်းကပ်၍ မိတ်ဆက် ရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီကညီမက အဆိုလည်းကောင်း၊ အတီးလည်းကောင်းနဲ့ နားထောင်ရတာ မြန်မာပြည်ကို လွမ်းလာတာပဲ၊ ကိုယ့်ကိုကိုယ်ပဲ မိတ်ဆက်ပေးပါရစေ၊ ကျွန်တော်က မျက်စိဘွဲ့လွန်လာတက်နေတဲ့ ဆရာဝန်တစ်ဦး ဖြစ်ပါတယ်"

"ကျွန်မကလည်း မြန်မာအမျိုးသမီးပါပဲရှင် ကြည်ကြည်လို့ခေါ်ပါတယ်။ ဆရာဝန်ဘွဲ့ကို ရန်ကုန်က ရပြီးတဲ့ နောက်နိုင်ငံခြားမှာ အလုပ်လုပ်ပါတယ်။ အခုတော့ လန်ဒန် ပြည်သူ့ကျန်းမာရေးနဲ့ အပူပိုင်း ဆေးပညာတက္ကသိုလ်မှာ ရောဂါပျံ့ပွားခြင်းနှင့် စာရင်းအင်းဗေဒ ဘာသာရပ် (၆) လသင်တန်းကို လာတက်နေပါတယ်။" ဟု သူမကလည်း ပြန်လည်ပြောပြပါသည်။

သူမမှာ အသားဖြူပြီး အရပ်မြင့်၍ မည်းနက်နေသော ဆံပင်၊ မျက်လုံးမျက်ခုံးကောင်းနှင့် မြန်မာအမျိုးသမီး တစ်ဦးဖြစ်ပါသည်။

"ကျွန်တော်က အင်တာနေရှင်နယ်လ်ဟောလ်မှာ နေပါတယ်။ ဒီအဆောင်မှာ ကျွန်တော့် မိတ်ဆွေ တစ်ဦးရှိလို့ လာလည်တာပါ။ မြန်မာသီချင်းတီးနေတဲ့ စန္ဒရားသံကြားလို့ စိတ်ဝင်စားပြီး လာကြည့်မိတာပဲ အရင်ကလည်း ဒီကို ရောက်ဖူးပါတယ်။ မဆုံဖြစ်ကြဘူးနော်။"

"ကျွန်မလည်း ရောက်တာ သိပ်မကြာသေးပါဘူးရှင် ဒါကြောင့် မဆုံဖြစ်တာနေပါလိမ့်မယ်"



စကားပြောကြရင်း လိပ်စာများ လဲလှယ်ကြပါသည်။

"ကျွန်တော်တော့ မိတ်ဆွေတိုးတာပဲ၊ ကျွန်တော့်အတန်းဖော်နဲ့ မိတ်ဆက်ပေးပါဦးမယ်၊ သူကတော့ ဂျာမန်အမျိုးသမီးဆရာဝန် ဖြစ်ပါတယ်။ ကျွန်တော်နဲ့ ဘွဲ့လွန် အတူတက်ပါတယ်။ ဒီလိုပဲ စာပေဆွေးနွေးဘို့ လာနေကြဖြစ်ပါတယ်။"

ထိုနေ့မှစ၍ ကြည်ကြည်လည်း ကျွန်တော်၏ မိတ်ဆွေဖြစ်လာသည်။ လန်ဒန်ရှိ မြန်မာမိတ်ဆွေများထံ သွားသည့်အခါခေါ်သွားပါသည်။ ခရစ်စတင်းနှင့် လည်ပတ်သည့်အခါလည်း ပါလာတတ်ပါသည်။ ကြည်ကြည်မှာ ဟောင်ကောင်ဆေးရုံတစ်ခုတွင် အလုပ်လုပ်ခဲ့သည်။ ထိုမှတစ်ဆင့် လန်ဒန်တွင် ဘွဲ့လွန်လာတက်ခြင်း ဖြစ်ပါသည်။ ကျွန်တော်တို့ ဆရာဝန်ဖြစ်မှ ဆေးကျောင်းရောက်သူဖြစ်၍ မြန်မာနိုင်ငံတွင်ရှိစဉ်က မတွေ့ခဲ့ရဘူးပါ။

သူမအနေနှင့် စန္ဒရားကို ဆရာကောင်း သမားကောင်းများနှင့် စနစ်တကျ သင်ယူခဲ့သူ ဖြစ်၍၊ ကောင်းစွာ တီးတတ်သည်၊ သီချင်းဆိုတတ်သည်။ မြန်မာသံရုံးမှ လုပ်သော ပွဲတချို့တွင်လည်း သီဆိုပြီး ဧည့်ခံတတ်ပါသည်။ ကျွန်တော့် အဆောင်နှင့် သူ့အဆောင်မှာ နီးသဖြင့် တစ်ကြောင်း၊ ခရစ်စတင်းထံ စာပေကိစ္စသွားသောအခါများတွင် သူနှင့်ဝင်၍ တွေ့ဖြစ်ပါသည်။ စကားပြောလျှင် မတ်တပ်ရပ်ပြီး လက်နှစ်ဖက်ကို ဘေးဘက်သို့

www.burmeseclassic.com

www.burmeseclassic.com



ကပ်၍ ရိုရိုသေသေ ပြောတတ်သဖြင့် သက်သောင့်သက်သာ ပြောရန် မနည်းတိုက်တွန်းရသည်။

ပညာတော်သင်လာလိုက်မှ မြန်မာပြည်၏ ချစ်စရာ၊ နှစ်သက်စရာတို့ကို ပို၍တွေ့လာရသည်။ ကိုယ့်တိုင်းပြည်မှာ ရှိစဉ်က သတိမထားမိသော ဓလေ့ထုံးတမ်းနှင့် နေ့စဉ်မြင်တွေ့နေရသည်များ နိုင်ငံခြားသို့ ရောက်ပြီး တိုင်းပြည်နှင့် ဝေးမှ၊ ကိုယ့်အသိုင်းအဝိုင်း၊ ကိုယ့်လူမျိုး၊ ကိုယ့်ယဉ်ကျေးမှုတို့ကို ပို၍ ပြက်ပြက်ထင်ထင် မြင်လာရလေသည်။

လန်ဒန်တက္ကသိုလ်အဆောင်နေ၍ အဆောင်မှ ကျွေးမွေးသော အစာများကို နေ့စဉ် ရက်ဆက်ဆိုသလို စားလာရသောအခါ၊ ငြီးငွေ့မိသည်။ ကျွန်တော်တို့ စားနေကျကဲ့သို့ ကျကျနန ကြက်သွန်၊ ချင်း၊ ငရုတ်သီး စသည်တို့နှင့် ချက်သော ဟင်းမဟုတ်ပါ။ အသားတုံး ရေလုံပြုတ် သို့မဟုတ် အကြော်၊ အင်္ဂလိပ်ချက် ဟင်းအနှစ်၊ ဟင်းသီး ဟင်းရွက်ပြုတ်၊ အားလူးပြုတ်များနှင့် စားရသည်။ ရံဖန်ရံခါ ဆန်ထမင်း အနည်းငယ်ပါသည်။ အများအားဖြင့် ပေါင်မုန့်ကိုသာ စားရသည်။ ပြုတ်ထားသော အသားဟင်းဖြစ်၍ ညှီပါသည်။ ကြက်သားဆိုလျှင် စားဖြစ်သေးသည်။ ဆိတ်သား၊ သိုးသား ဆိုလျှင် ညှီသဖြင့် ကောင်းစွာ မစားနိုင်တော့ပါ။ မစားနိုင်သော ညစာနှင့် တွေ့ပါက ထိုအခါ



ကဗင် ပေါ်နေသော (၃) မိနစ် ရေပွက်ပွက်ဆူထဲထည့်ရုံနှင့် စားရသည့် ခေါက်ဆွဲကိုပဲ စားရပါသည်။

လန်ဒန်မြို့ကြီးတွင် လူကြိုက်များသည့် စတိခ် (Steak) ခေါ် အမဲသားကင်ရောင်းသည့် ဆိုင်ကြီးများရှိသည်။ တရုတ်တန်းတွင် တရုတ်အစားအသောက်ဆိုင်များ ရှိသည်။ ကုလားအစားအစာဆိုင်များ၊ အင်ဒိုနီးရှားဆိုင်များလည်း ရှိသည်။ စားချင်သည့် အစားအစာအစုံ ရရှိပါသည်။ မြန်မာထမင်းဆိုင်ကို မတွေ့ရပါ။

စတိခ် (Steak) အကြောင်း အနည်းငယ် ရေးလိုပါသည်။ စတိခ်ကို 'ကင်ရန် အမဲသားပျဉ်'ဟု ပြန်ထားပါသည်။ အမဲသားကိုလည်း ခါးဆစ်သား၊ တင်ပါးသား၊ အင်္ဂလိပ်စာလုံး 'တီ' ပုံ သဏ္ဍာန် အရိုးပါသော အမဲသားတုံး အစရှိသဖြင့် ခွဲခြားထားပါသည်။ နိုင်ငံခြားတွင် ကြက်သားသည် ဈေးအချိုဆုံးဖြစ်သည်။ အမဲသားသည် ဈေးအကြီးဆုံးဖြစ်သည်။ ဈေးကြီးသည့်အလျောက်လည်း အမဲသားကို မကြာခဏ မစားနိုင်ပါ။ ဂျပန်တွင် ကိုဘီအမဲမှာ နာမည်ကြီးသည်။ ကမ္ဘာလှည့်ခရီးသည်များ လွန်စွာ ကြိုက်နှစ်သက်၍ တန်ဖိုးထားသော ဈေးကြီးသည့်အစာ ဖြစ်သည်။ ကျွန်တော်တို့ တိုင်းပြည်တွင် နွားများမှာ လယ်ထွန်းစိုက်ပျိုးရာတွင် လူနှင့်တွဲဖက်၍ အလုပ်လုပ်ရခြင်း၊ ခရီးသွားလာရေးအတွက် နွားလှည်းများတွင် တပ်ဆင်မောင်းနှင်ရခြင်း၊ ဆီကျိတ်

www.burmeseclassic.com

www.burmeseclassic.com



ရာတွင် ဆီဆုံကို လှည့်၍ ဆွဲရခြင်း၊ အလှပြ လှည်းယာဉ်များတွင် တပ်ဆင်မောင်းနှင်ရခြင်း စသည်ဖြင့် များစွာ အသုံးဝင်သဖြင့် ခိုင်းနွားများအဖြစ် မွေးကြသည်။ လူစားရန် အထူး မွေးမြူ ထားခြင်း မရှိပါ။ အိုသောအခါမှ အမဲပေါ်တတ်ကြသည်။ ကိုဘီတွင် မွေးမြူသော နွားများကိုမူ ခိုင်းစေခြင်း မပြုဘဲ၊ အစားအစာ ကောင်းများ ကျွေးခြင်း၊ သန့်ရှင်းစွာထားခြင်း၊ မှက်၊ ခြင်၊ ယင်၊ သန်း မတွယ်စေရန် ဂရုစိုက်ထားခြင်း၊ ဘီယာတိုက်ခြင်း တို့အပြင် အစရှိသဖြင့်၊ အသားပျော့စေရန် နှိပ်နှယ်ပေးခြင်းဖြင့် အသားများကို နူးညံ့စေသည်ဟု ဆိုပါသည်။ မွေးမြူပြုစု ထားသဖြင့် စားသုံးသည့်အခါ နူးညံ့၍ ကောင်းလှသဖြင့် လွန်စွာဈေးကြီးလှသည်။

အမဲသားကင် သီးသန့်ရောင်းသော လန်ဒန် အင်ဂလိစ် စတိစ်ဟောက်စ်ဆိုင်တွင် တစ်ကြိမ်မျှသာ စားဖူးပါသည်။ မျက်စိ ပညာဘွဲ့ကို အတူ သွားရောက်တက်သော ဆရာဝန်၏ ဖခင်မှာ သံအမတ်ကြီး ဖြစ်ပါသည်။ လန်ဒန်သို့ အလုပ်ကိစ္စနှင့် လာခိုက် သူ၏ သားဖြစ်သူ ဒေါက်တာချမ်းအေး၏ မိတ်ဆွေများဖြစ်သော စာရေးသူနှင့် ဒေါက်တာသာမိုးတို့ကို ဖိတ်ကြားပြီး အထက် ဖော်ပြပါ အမဲကင်ဆိုင်တွင် ကျွေးပါသည်။ ကျွေးသည့် အမဲသားမှာ တီပုံသဏ္ဌာန် အရိုးပါသည့် အသားပျဉ်ဖြစ်၍ လွန်စွာ ဈေးကြီးလှပါသည်။ ယနေ့ ဈေးနှင့်ဆိုလျှင် တစ်ဦးလျှင်



ဒေါ်လာ ခြောက်ဆယ်ကျော်မျှ ကုန်ကျပါသည်။ မကင်မီ ကင်မည့် တီဘုံးအမဲသားကို ပန်းကားပြားလှလှပေါ်တင်၍ စားမည့်သူအား လာ၍ပြပါသည်။ စားမည့်သူက ကျေနပ် လက်ခံသောအခါ သွား၍ ကင်ပါသည်။ စားသောက်ဆိုင်တွင် ဝိုင်အရက်ဝယ်ယူသောအခါ ဝိုင်ပုလင်းကို လာရောက်ပြသသည့် သဘောမျိုးပင် ဖြစ်ပါသည်။ တီဘုံး အမဲသားကင်နှင့် စားရန် အာလူး၏ အလယ်ကောင်တွင် ထောပတ်ထည့်၍ ဖုတ်ပေး ပါသည်။ အထူးစီမံထားခြင်း ဖြစ်ပါသည်။ နံဘေးတွင် စားနေ ကြသော နိုင်ငံခြားသားများပင် စိတ်ဝင်စား၍ ခေါင်းငဲ့ ကြည့်ကြ ပါသည်။ လန်ဒန်တွင် နေသည့် သင်တန်းကာလ တစ်နှစ်ခန့်အတွင်း ၌တစ်ကြိမ်သာ အကောင်းစားနိုင်ငံခြားစာ စားဖူးပါသည်။

အများဆုံးစားသည့် အစားအစာမှာ အမဲကင်၏ ဆယ်ပုံတစ်ပုံမျှသာ ပေးရသော ဘဲကင်၊ အသားကင်နှင့် ထမင်းတစ်ပွဲသာ ဖြစ်ပါသည်။ ရုံးဖန်ရုံခါတွင် အင်တာနေရှင်နယ် ဟောလ်နှင့် နှစ်လမ်း သုံးလမ်း အကွာအဝေးတွင်ရှိသော တုလားဆိုင်တွင် တန်ဒူရီ ကြက်အစပ်ချက်နှင့် ထမင်းစားသည်။ ပုစွန်အသေးလေးများကို ငရုတ်သီးနိုင်နိုင်နှင့် ခပ်စပ်စပ် ချက်ထားသော ဟင်းနှင့်လည်း စားပါသည်။ ဒန်ပေါက်ထမင်း ကိုတော့ ပါမောက္ခ ဒေါက်တာဦးလှဖေ အလုပ်လုပ်သော လန်ဒန်တက္ကသိုလ်၊ အာဖရိကနှင့် အရှေ့တိုင်း ဘာသာများ

www.burmeseclassic.com

www.burmeseclassic.com



လေ့လာရေး ဌာနအနီးရှိ ကုလားဆိုင်တွင် စားပါသည်။ မြန်မာပြည်ရှိ ဒံပေါက်ဆိုင်ထက် ထည့်သည့်အဆာ ပို၍ စုံသည်။ ဒံပေါက်စားပြီးသောအခါ ကွမ်းယာ ပန်းကန် လာ၍ ပေးပြီး ကွမ်းယာပါ တစ်ခါတည်း စားနိုင်ပါသည်။ ထိုဆိုင် တွင်ပင် ကုလားမုန့်များဖြစ်သည့် ဂျလေဘီ၊ မလိုင် အမျိုးမျိုး၊ ရပ်စကူလာ စသည်တို့ကိုပါ အချိုပွဲအဖြစ် စားနိုင်သည်။

တရုတ်အစားအသောက်များကို မြန်မာနိုင်ငံမှာ ရှိစဉ်ကတည်းက တရုတ်တန်းသို့ သွားရောက် စားသောက်နေကျ ဖြစ်၍ လွန်စွာ ရင်းနှီးသော အစားအစာဖြစ်ပါသည်။ မြန်မာပြည်မှ လာရောက်ဘွဲ့လွန်တက်ရောက်သူများ အနေ နှင့်လည်း တရုတ်အစားအစာများကို တရုတ်တန်းသွား၍ စားသောက်ကြသည်။ ဘဲကင်ဝယ်ပြီး အဆောင်တွင် စု၍ စားသောက်ကြသည်။ ဂျာရတ် လမ်းတွင် တရုတ်စားသောက် ဆိုင် အများဆုံး ရှိပါသည်။ တရုတ်ရုပ်ရှင်ရုံလည်းရှိသည်။ တရုတ်ကုန်စုံဆိုင် သုံးလေးဆိုင်ရှိသည်။ ရန်ကုန်တရုတ်တန်းရှိ ကုန်စုံဆိုင်တွင် တင်လေ့ရှိသော ကုန်အားလုံးရှိသည်။ သပ်သပ် ရပ်ရပ်၊ လင်းလင်း ချင်းချင်းရှိသည်။ အနံ့အသက်က အတူတူပင် ဖြစ်သည်။ ကျောင်းအားရက်တွင် စားနိုင်ရန် ခေါက်ဆွဲထုပ်၊ ကြာဆန်ထုပ် ဆုတိုဟူး၊ မှိုခြောက်၊ ပန်းခြောက်၊ ကွာစိ၊ အသားခြောက်



တရုတ်နှမ်းဆီ၊ ပဲပုပ်စေ့၊ ဆန်၊ ပဲ၊ ပဲငံပြာရည်၊ ပုစွန်ငံပြာရည်၊ ငါးငံပြာရည်၊ လက်ဖက်ခြောက်မျိုးစုံ စသည်တို့ကို ဝယ်ယူ ရရှိနိုင်သည်။

အစားအသောက်အနေနှင့် ကျွန်တော်တို့ စားနေကျ ထမင်းနှင့်ဘဲကင်သည် ဈေးအချိုဆုံး ဖြစ်သည်။ ဆိုင်၏ မျက်နှာစာတွင်ရှိသော ဖန်အိမ်ထဲတွင်လည်း ရိုးရိုးဘဲကင်၊ အရိုးထုတ်ထားသော ဘဲကင်၊ ကြက်ကင်၊ ပြည်ကြီးငါးကင်၊ အခေါက်ကင်များ တွဲလဲချိတ်ထားသည်။ ခေါက်ဆွဲကြော်၊ ကြာဆံကြော်၊ ထမင်းကြော် မှစ၍၊ အစိမ်းကြော်၊ တောက်တောက် ကြော်၊ ငါးရှဉ့်၊ ကြက်သား၊ ဝက်သား၊ ဟင်းမျိုးစုံ၊ မှိုဟင်း မျှစ်ဟင်း စုံလင်စွာ ရရှိပါသည်။ ဒင်ဆမ်းဆိုင်များ လည်းရှိသည်။ ယခုအခါ လန်ဒန်တရုတ်တန်းသည် အလက်ဇန္ဒား မင်းသမီး ဖွင့်လှစ်ပေးသော လမ်းထိပ် မုခ်ဝနှစ်ခုနှင့် လှပနေပါသည်။ ဂျာရတ်ဒ်လမ်းတွင်းသို့ ကားများ မဝင်ရတော့ပါ။ ဈေးဝယ်များ၊ အစားအသောက် လာရောက် စားသောက်သူများနှင့် စည်ကားလျက်ရှိပါသည်။ လန်ဒန်ရှိ တရုတ်ဦးရေ ၆၀,၀၀၀ ကျော်ခန့်၏ အများစုမှာ စားသောက် ဆိုင်များ ရှိရာလမ်းနှင့် ပတ်ဝန်းကျင်တွင် နေထိုင်ကြပါသည်။ နိုင်ငံတိုင်းလိုလို၏ မြို့တော်များတွင် တရုတ်တန်း၊ တရုတ်ဆိုင် များရှိသည်။ ဩစတြေးလျရှိ ဆစ်ဒ်နီ၊ အဒဲလိဒ်စသည့် မြို့များ၊ နယူးရော့ခ် ဇက္ကဆပ်ပြည်နယ် ဟူစတန်၊ ဂျနီဗာ၊ ချက်နိုင်ငံ၊

www.burmeseclassic.com

www.burmeseclassic.com



ပရာဟာ အစရှိသည့် မြို့ကြီးတိုင်းတွင် တရုတ် စားသောက်ဆိုင်ရှိသည်။ အာရှတစ်ခွင်တော့ ပြောစရာမရှိတော့ပါ။ တစ်ခါတစ်ရံ လန်ဒန်တရုတ်တန်းရှိ စားသောက်ဆိုင်တွင် ထမင်းစားရင်း၊ တရုတ်သတင်းစာ ဖတ်နေသည့် အင်္ဂလိပ်များကို တွေ့၍ အံ့သြရသည်။ ကျွန်တော်တို့ နိုင်ငံတွင်လည်း ယခုအခါ နိုင်ငံခြားဘာသာသင် တက္ကသိုလ်များတွင် တက်ရောက်၍ တရုတ်၊ ဂျာမန်၊ ဂျပန်၊ အင်္ဂလိပ်၊ ပြင်သစ် စသည့် ဘာသာရပ်ခြားစာနှင့် စကားများ သင်ယူ နေကြ၍ ဝမ်းသာရပါသည်။ ပြင်ပတွင်လည်း နိုင်ငံခြားဘာသာ သင်တန်းများ၊ ကျောင်းများတက်၍ သင်ယူကြသည်။ ဘာသာစကားများများ တတ်လေ၊ အသိဉာဏ်ကြွယ်လေဖြစ်၍ ပိုမိုကျယ်ပြန့်စွာ သင်နိုင်ရန်လိုပါသည်။

ပညာသင်ကြားရန်အတွက် နိုင်ငံခြားသို့ နှစ်ရှည်လများ လာရောက်ရသော်လည်း မြန်မာ့အစာ၊ မြန်မာ့သီချင်း၊ မြန်မာ့အက၊ မြန်မာ့ယဉ်ကျေးမှုအဖြာဖြာတို့ကို တွေ့ကြုံခံစားရတိုင်း ကိုယ့်တိုင်းကိုယ့်ပြည်ကို လွမ်းမိပါသည်။



## ကဗျာစာဆို ဂျွန်ကီ(တ်စ်) နှင့် အကြင်နာကင်းသည့်လှယမင်း

အိပ်မောကျနေခြင်းကို အဆက်မပြတ် မြည်နေသော တယ်လီဖုန်းသံက နှိုးလိုက်ပါသည်။ အိပ်မှုန်စုံမွှားဖြင့် အိပ်ရာဘေးမှ နာရီကိုကြည့်လိုက်သောခါ မနက် ၈ နာရီသာသာ ခန့်မျှသာ ရှိသေးသည်။ ခေါ်သောသူ၏ ဖုန်းနံပါတ်ကို ကြည့်လိုက်တော့ ခရစ်စတင်း၏ဖုန်း ဖြစ်နေပါသည်။

"ဟယ်လို စောစောစီးစီးပါလား" ဟု မကျေနပ်သံနှင့် ပြောလိုက်ရပါသည်။ လန်ဒန်ကဲ့သို့ လူဦးရေထူထပ်သော အရပ်ဒေသမှာပင် တနင်္ဂနွေနေ့ဆိုလျှင် နံနက် (၁၀) နာရီလောက်မှ လူသံသူသံကြားရသည်။ မြို့ကြီးနှင့်ပင် မတူအောင်တိတ်ဆိတ်နေသည်။ သောကြာ၊ စနေညများတွင် လည်ကြ၊ ပတ်ကြ၊ ဘားတွင် ထိုင်ကြ၊ သောက်ကြ၊ ကကြ၊ ခုန်ကြနှင့် ပျော်ပျော်ရွှင်ရွှင်၊ ရယ်ကြ မောကြ၊ ဆူကြ၊ ညံကြ နေကြသော်လည်း တနင်္ဂနွေနေ့ နံနက်ခင်းမှာတော့ ကောင်းကောင်းအိပ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



အခန်းကလည်း လိုက်ကာဆွဲထား၍ မှောင်နေတတ်သည်။ အခန်းအပြင်တွင် "ကျေးဇူးပြု၍ မနှောင့်ယှက်ပါနှင့်" ဟူသော ဆိုင်းဘုတ်ချိတ်ထားလျှင် မည်သူမျှလာ၍ မနှိုးကြတော့ပါ။ အမှန်က ဖုန်းကိုပိတ်၍ အိပ်ရမည်ဖြစ်သော်လည်း ညက အခန်းပြန်အရောက် မောမောနှင့် အိပ်ပျော်သွား၍ ဖုန်းကို မပိတ်မိခြင်းဖြစ်သည်။

"တောင်းပန်ပါတယ်ကွယ်၊ ခရစ်စ်တင်းမနေ့ညက ဟိုတွေး ဒီတွေးနဲ့ အိပ်လို့မပျော်ဘူး" သူက ဆက်လက်၍ "အခုလို စာမေးပွဲအောင်လို့ အားလပ်နေတဲ့အချိန်မှာ နားအေးပါအေး နားနိုင်တဲ့ နေရာလေးတစ်ခုကိုသွားပြီး နေချင်တယ်။ စာမေးပွဲ အောင်ပြီး လျှောက်လည်ချင်နေတာနဲ့ ဘယ်သွားရရင်ကောင်းမလဲ တစ်ညလုံး စဉ်းစားနေတာ၊ ကျောင်းစဖွင့်ကတည်းက စာမေးပွဲပြီးတဲ့ အထိ တစ်ခါမှ အပြင်ကို အားရပါးရ မလည်ခဲ့ရဘူး။ စာမေးပွဲ အောင်ပြီ ဆိုတော့ ညဉ့်အိပ်ညဉ့်နေကို လည်ချင်နေတယ်။ အဲဒါ အားရင် အဖော်လိုက်ပေးပါဦး။ တော်ကြာ အလုပ်ဝင်ရရင် မလည်ရဘဲနေဦးမယ်"။

ကျွန်တော့်အစီအစဉ်ကတော့ လန်ဒန်မြို့ပေါ်က မျက်စိဆေးရုံတစ်ရုံတွင် အလုပ်လုပ်ရန် ဖြစ်ပါသည်။ လန်ဒန်ဆေးရုံ၏ အတွေ့အကြုံကို လိုချင်ပါသည်။ လက်တွေ့အလုပ်လုပ်မှသာ သူနာကို စမ်းသပ်ခြင်း၊ ကုသပေးခြင်းနှင့် ဆရာကြီး၊ ဆရာမ



ကြီးများနှင့် အနီးကပ်နေ၍ လေ့လာနိုင်ပါမည်။ သို့ဖြစ်ပါ၍ ကာဒိုဂင်စကွဲယားရှိ ယဉ်ကျေးမှုရေးရာသံမှူး ဆရာဦးဖေချစ်ထံ စာမေးပွဲအောင်မြင်ကြောင်း သွားရောက် သတင်းပို့ပြီးသည့် အချိန်မှစ၍ စနည်းနာခဲ့သည်။ လန်ဒန်တွင် နေထိုင်သော ဒေါက်တာကြည်ကြည်ခိုင်နှင့် တွေ့ပြီး အလုပ်လုပ်ချင်ကြောင်း ပြော၍ထားသည်။ ဒေါက်တာကြည်ကြည်ခိုင်မှာ မျက်စိဆရာဝန်ဖြစ်၍ လန်ဒန်မှာ အလုပ်လုပ်နေသူ ဖြစ်ပါသည်။ ထိုအလုပ်ကိစ္စနှင့် ပတ်သက်သောအကြောင်းကို ခရစ်စတင်းကို ပြောထား၍ သူမက အလုပ်မရခင် ခရီးထွက်ချင်ကြောင်း ပြောလာခြင်းဖြစ်သည်။

"ဘယ်လိုလုပ်ချင်လဲ၊ ဘယ်ကိုသွားချင်တာလဲ ပြောစမ်းပါဦး" ဟု သူမကို မေးလိုက်ပါသည်။

"မနေ့ညက ခရီးထွက်ဖို့ကိစ္စကို စဉ်းစားတာ တော်တော်နဲ့ အိပ်မပျော်ဘူး၊ ဒီနေ့လည်း အစောကြီးနိုးတော့ ဒီကိစ္စပဲ စဉ်းစားနေတာ။ အဲဒါ မိတ်ဆွေတစ်ယောက်နဲ့ မနေ့ကတွေ့တော့ သူက သူ့အလွန် စိတ်ဝင်စားစရာကောင်းတဲ့ နေရာလေးတစ် နေရာကို သွားပြီးလည်တဲ့အကြောင်း ပြောပြတယ်။ လန်ဒန်ရဲ့ တစ်စိတ်တစ်ပိုင်းဖြစ်ပေမယ့် အေးဆေးငြိမ်သက်တဲ့ ကွင်းပြင် ကျယ်ကြီးနဲ့ မြို့ငယ်လေးရှိတယ်။ သိပ်ပြီး အေးချမ်းတယ်။ အနုပညာသမားတွေ၊ စာရေးဆရာ၊ ကဗျာဆရာတွေနေတဲ့ နေရာတဲ့။ ကြားဖူး

www.burmeseclassic.com

www.burmeseclassic.com



မလားတော့မသိဘူး။ အင်္ဂလိပ်ကဗျာဆရာ ဂျွန်ကိတ်(စ်)၊ ဂျိမ်းစ်ဘွန်းစာအုပ် တွေရေးတဲ့ စာရေးဆရာ အီယန်ဖလိန်မင်း စိတ်ပညာရှင်ကြီး ဆစ်မန်ဖရွိုက်တို့လည်း နေခဲ့သတဲ့။ မြို့ငယ်လေး ဖြစ်ပြီး ရှေးခေတ်အဆောက်အဦးတွေနဲ့ စိတ်ဝင်စားစရာ သိပ်ကောင်းတယ်တဲ့။ အဲဒီတော့ နှစ်ညအိပ်လောက် သွားလည်ရရင် ကောင်းမယ်ဆိုပြီး စဉ်းစားမိလို့ အစောကြီးဖုန်းဆက်မိတာ စိတ်မဆိုးပါနဲ့နော်" ဟု လေပြေထိုး၍ ချော့နေပါသည်။

"ကဲ. . ကောင်းပါပြီဗျာ၊ စဉ်းစားပါရစေဦး၊ အလုပ်နဲ့ ပတ်သက်လို့ ကိုယ့်အဆက်အသွယ်ကိုလည်း မေးချင် သေးတယ်။ ဒီအတောအတွင်း အလုပ်မဝင်ရသေးဘူးဆိုတာ သေချာရင်လည်း လိုက်ဖို့စဉ်းစားပါ့မယ်" ဟု ပြောရပါသည်။

လန်ဒန်မှာ အလုပ်လုပ်နိုင်ရန် လိုအပ်ချက်များ ရှိသည်။ ယင်းတို့မှာ ဘွဲ့လွန်ဒီပလိုမာ အောင်လက်မှတ်၊ ဗြိတိသျှ ဆေးကောင်စီဝင်ဖြစ်ကြောင်း အထောက်အထားနှင့် ဆရာဝန် များကို အမှုဖြစ်က အကာအကွယ်ပေးသည့် အာမခံအသင်းဝင် ဖြစ်ကြောင်း အထောက်အထားများ လိုပါသည်။ ထိုအချိန်က မြန်မာပြည်မှ ဆရာဝန်အားလုံး မည်သည့်စာမေးပွဲ ဖြေရန်မလိုဘဲ ဆေးကောင်စီဝင်၍ ရသည်။ မျက်စိဆရာဝန် သင်တန်း တက်စကတည်းက အာမခံလည်းထားပြီး ဖြစ်ပါသည်။



အာမခံ မထားက လူနာကို စမ်းသပ်ခွင့်မပြုပါ။ ဘွဲ့ရကြောင်းနှင့် အင်္ဂလိပ်စကားကောင်းစွာပြောတတ်ကြောင်းကို တက္ကသိုလ်က ပေးထားပါသည်။ လိုအပ်သော စာရွက်စာတမ်းအားလုံးကို ဒေါ်ကြည်ကြည်ခိုင်အား ပေးထားပါသည်။ ရှိုင်ရယ်အိုင်းဆေးရုံ အုပ်ချုပ်ရေးအဖွဲ့သို့ တင်ပြပေးပါရန် မေတ္တာရပ်ခံခဲ့ပါသည်။ ရှိုင်ရယ်အိုင်းဆေးရုံတွင် မျက်စိဆရာဝန်ကြီးများဖြစ်သော မစ္စတာ ဖရီးဒ်မင်းနှင့် မစ္စဘာခ်တို့ ရှိပါသည်။ နှစ်ဦးစလုံးမှာ မျက်စိနှင့် ပတ်သက်သော အက်အာရ်စီအက်စ် ရထားသူများ ဖြစ်သည်။ ဒေါက်တာဟု မခေါ်ကြဘဲ အမျိုးသားဆိုလျှင် မစ္စတာ၊ အမျိုးသမီးဆိုလျှင် မစ္စဟု ခေါ်ရပါသည်။ ထိုဆရာကြီး၊ ဆရာမကြီးတို့သည် မျက်စိဘွဲ့လွန်တက္ကသိုလ်သို့ လာရောက်၍ မျက်စိပညာရပ်များ ပို့ချခဲ့သဖြင့် သိကျွမ်းပါသည်။

"မမရေ၊ ကျွန်တော်ရှိုင်ရယ်အိုင်းမှာ လုပ်ဖို့ လျှောက်ထားတာ အခြေအနေလေး ဘယ်လိုရှိပါသလဲခင်ဗျာ" ဟု မေးလိုက်ပါသည်။

"ကိုထွန်းရေ၊ ပြင်ပလူနာဌာနမှာ အချိန်ပိုင်းနဲ့ 'လိုကမ်' ဝင်လို့တော့ ရမှာပါပဲ။ ဒါပေမယ့် (၁၀) ရက်လောက်တော့ စောင့်ရ လိမ့်မယ်။ ခွင့်သွားမယ့်လူတွေတော့ ရှိတယ်"

လိုကမ်ဆိုသည်မှာ ဆရာဝန်တစ်ဦး ခွင့်သွားသည့်နေရာသို့ ခေတ္တဝင်ရောက် လုပ်ကိုင်ရခြင်းဖြစ်ပါသည်။ ထိုဆေးရုံ၏

www.burmeseclassic.com

www.burmeseclassic.com



'လိုကမ်' စာရင်းဝင်သွားပြီး ဆေးရုံကလည်း လုပ်ပုံကိုင်ပုံ သဘောကျသည်ဆိုပါက အမြဲတမ်းရာထူး မဟုတ်သည့်တိုင် တစ်လလျှင် (၁၀) ကြိမ်၊ (၁၂) ကြိမ်ခန့် လုပ်ရတတ်ပါသည်။ ရေရှည်နေမည်ဆိုပါက အချိန်ပြည့်လည်း ဖြစ်သွားနိုင်သည်။ ကျွန်တော့်အနေနှင့်တော့ အားလပ်ရက်များကို ပညာရည် တိုးတက်ရာ တိုးတက်ကြောင်း ဆောင်ရွက်ခြင်းဖြင့် ကုန်လို ပါသည်။

မမကြည်ကြည်ခိုင်ထံမှ (၁၀) ရက်ခန့်ကျော်မှ အလုပ် ဝင်ရမည်ဆိုသည့် အကြောင်းကို ခရစ်စတင်းထံ ဖုန်းဆက်လိုက် ပါသည်။ ခရစ်စတင်းက သူစီစဉ်လိုက်မည်ဟု အကြောင်းပြန် ပါသည်။ နှစ်ရက်ခန့်ကြာသောအခါ စီစဉ်ပြီးကြောင်း၊ နောက် နေ့မနက် ကင်းကရော့စ်ဘူတာတွင် တွေ့ရန် ချိန်းပါသည်။

"ကင်းကရော့စ်ဘူတာကို လာခဲ့ပါ။ မနက် (၉) နာရီလောက် အရောက်ပေါ့။ နှစ်ညအိပ်လည်မယ်၊ တတိယနေ့ညနေပိုင်း ပြန်မည်" ဟုမှာပါသည်။ နှစ်ရက်ဆိုသည်မှာ သိပ်မကြာသည့် အတွက် အဝတ်အစားအနည်းငယ်နှင့် တိုလီမိုလီများ ထည့်လိုက်သည်နှင့် ပြင်ဆင်သည့်လုပ်ငန်း ပြီးသွားပါပြီ။

ကင်းကရော့စ်ဘူတာသည် လန်ဒန်၏မြေပေါ် မြေ အောက် ရထားလိုင်း (၅)လိုင်းခန့်ဆုံသည့် နေရာဖြစ်ပါသည်။ ကင်းတရော့စ်မှ အက်ဂျ်ဝဲယားဘက်သွားသည့် နော့သင်းလိုင်း



ရထားကို စီးပါက ဟင့်မတက်ဒ်တွင် ဆင်း၍ရပါသည်။ ရထားပြောင်းစရာမလိုပါ။ လမ်းတွင် ခရီးစတင်းက သူအခန်း ယူထားသော ဟိုတယ်အကြောင်းနှင့် ဟင်းမစတက်ဒ်၏ နောက်ခံအကြောင်း လေ့လာထားသည်များကို ပြောပြ ပါသည်။

သူမစီစဉ်ထားသော ဟိုတယ်မှာ ဟင်းမ်စတက်ဒ်မြို့ ဖရော့ဂ်နားလမ်းရှိ လင့်ဂေါ့ဖ်ဟိုတယ်ဖြစ်သည်။ ဝိတိုရိယခေတ်က ဆောက်လုပ်သော ရှေးအဆောက်အဦးတစ်ခုဖြစ်ပါသည်။ အဆောက်အဦးကို အုတ်နီခဲများနှင့် လှပသေသပ်စွာ ဆောက် ထားပါသည်။ အတွင်းသို့ ရောက်သောအခါတွင်လည်း ဧည့်ခန်း အိပ်ခန်းများ ကျယ်ဝန်းသန့်ရှင်းနေပါသည်။ အနွေးခေတ် ပေးသည့် စက်များကိုလည်း ခေတ်မီစွာ တပ်ဆင်ထားသဖြင့် ချမ်းမှာ မစိုးရိမ်ရတော့ပါ။ ကျွန်တော်တို့နိုင်ငံ၏ ပူပြင်းသော ရာသီဥတုအခြေအနေကြောင့် လေအေးစက်မရှိမဖြစ် လိုအပ် သကဲ့သို့ အင်္ဂလန်နိုင်ငံမှာလည်း အနွေးပေးစက်များ လိုအပ် ပါသည်။ ဩစတြေးလျနိုင်ငံအက်ဒလိဒ်ဖလင်းဒါးစ် ဆေးတက္ကသိုလ်ရှိ အဆောင်ခန်းများတွင် နေခဲ့စဉ်က လေအေး နှင့် အနွေးပေးစက် ပူးတွဲထားသည်ကို တွေ့ရပါသည်။ ဆောင်းတွင်း တွင် အေး၍ နွေရာသီတင် ပူသည်။ သို့ဖြစ်၍ လေအေး၊ လေနွေးစက်သုံးခြင်း ဖြစ်ပါသည်။ အင်္ဂလန်မှာတော့ သာမန် အားဖြင့် အအေးနှင့်ကဲ သဖြင့် လေနွေးပေးသည့်စက်များ တပ်ထားပါသည်။ ဟိုတယ်၏

www.burmeseclassic.com

www.burmeseclassic.com



နောက်ဘက်တွင် ပန်းများ စုံလင်စွာပွင့်နေသော ဥယျာဉ်ငယ်လေး တစ်ခု ရှိပါသည်။ ကြည့်ရသည်မှာ ကြည်နူးဖွယ်ဖြစ်၍ ပန်းခြံတွင်းသို့ လမ်းလျှောက် ကြည့်သောအခါ ပန်းပွင့်များ၏ သင်းကြိုင်နေသော မွှေးရနံ့က လူကို လန်းဆန်းစေပါသည်။

ခေတ္တနားပြီးနောက် ဟိုတယ်မှ ပေးထားသော လမ်းညွှန်စာအုပ်ကိုကြည့်ပြီး လိုက်လံကြည့်ရှုမည့် နေရာများကို ခရီးစဉ်ဆွဲပါသည်။

ဟင်းမ်စတက်ဒ်တွင် ၁၈ ရာစုနှစ်အတွင်းက ဆောက်လုပ်ခဲ့သော သမိုင်းဝင်အိမ်များ၊ ရှေးဟောင်းပစ္စည်းများ၊ အနုပညာလက်ရာများ ပြသထားသော အိမ်များကို ပြတိုက်အဖြစ်ထားရှိပြီး အခကြေးငွေယူ၍ ပြသထားသည်ကို ကြည့်ရှုနိုင်သည်။ ဝင်းမီးလ်ဟီဒ်တွင် ဖင်ဟန်ဟောက်စ်၊ မဲယားစ်ဖီလ်ဂါဒင်တွင်ရှိသော ဖရော့ဒ်ပြတိုက်၊ ဟန်ဂေရီတွင် မွေးဖွားသော ဗိသုကာပညာရှင် အာနိုးလ်ဂိုးလ်ဒ်ဖင်းဂါး ဆောက်လုပ်ထားသော အိမ်နှင့် နောက်တစ်ခုမှာ ကျော်ကြားလှသော အင်္ဂလိပ်ကဗျာဆရာ ဂျွန်ကိတ်စ်၏ အိမ် ဖြစ်ပါသည်။

ခရစ်စတင်းနှင့် ကျွန်တော်တို့စတင်သွားရောက်လေ့လာရန် ဂျွန်ကိတ်စ်အိမ်ကို ရွေးချယ်လိုက်ပါသည်။ ဂျွန်ကိတ်စ်၏ အကြောင်းကို အင်္ဂလိပ်စာနှင့် ကဗျာများကိုလေ့လာခဲ့သည့် ခရစ်စတင်းသိသကဲ့သို့ ကျွန်တော်စွဲလမ်းခဲ့ရသော စာဆိုအဖြစ် သိရှိခဲ့ပါသည်။ ငယ်ငယ်ရွယ်ရွယ် အချစ်စိတ်တို့ လိပ်ပြာ သဖွယ် တလွင့်လွင့်ပျံ့နေသည့်အချိန်က စွဲစွဲလမ်းလမ်း နှစ်သက် ခဲ့ရသည့် ကဗျာကို ရေးသားသည့် ကဗျာစာဆိုလည်း ဖြစ်ပါသည်။ ထိုကဗျာကို ဖတ်ရသည့် အခါတိုင်း ရင်သိမ့်တုန်စေသည်။ ကဗျာ၏အမည်မှာ "အကြင်နာကင်းသည့် လှယမင်း"ဟု ပြန်ဆိုရပါမည်။ "လာဘဲလ်ဒိမ်းဆွန်စ်မာစီ" ဟု ပြင်သစ်စာဖြင့် ကဗျာ ခေါင်းစဉ် တပ်ထားပါသည်။



ကဗျာဆရာကို ဂုဏ်ပြု၍ မှည့်ခေါ်ထားသော ကိတ်စ်ဂရိုဗ်လမ်းတွင်ရှိသော ဂျွန်ကိ (တ်စ်) ၏ အိမ်သို့ သွားကြပါသည်။ ထိုအိမ်မှာ ဆေးရောင်အဖြူသုတ်ထားသော ထည်ဝါသည့် နှစ်ဆောင်ပြိုင်အိမ် ဖြစ်ပါသည်။ ရီဂျင်စီခေတ်၏ ဗိသုကာလက်ရာဖြစ်၏။ ရီဂျင်စီခေတ်ဆိုသည်မှာ သက္ကရာဇ် ၁၈၁၀ နှင့် ၁၈၂၀ နှစ်များအတွင်း ဖခင်ဘုရင်ကြီး၏ တာဝန်များကို ဝေလမင်းသား ကျော့ချ် ခေတ္တတာဝန်ယူ ဆောင်ရွက်နေသော ကာလဖြစ်ပါသည်။ ကိ(တ်စ်) ၏ အိမ်မှာ ဟင်းမ်စတက်ဒ် မြို့ငယ်လေးအတွက် ထင်ပေါ်ကျော်ကြားလှသော ကဗျာစာဆိုကို အလေးအမြတ်ပြုရာ ဗိမာန်အဆောက်အဦဖြစ်သည်။ ကိတ်စ်အသက်ရှင်စဉ်က ရေးသားခဲ့သော ကဗျာပုဒ်ရေပေါင်း (၁၅၀) ခန့် အနက် အများအပြားကို ဤအိမ်တွင် ရေးသားခဲ့သည်ဟု ဆိုပါသည်။

www.burmeseclassic.com

www.burmeseclassic.com



စိမ်းလန်းသောသစ်ပင်နှင့် မြက်ခင်းပြင်ကျယ်ကြီး၏ အစပ်တွင် တည်ရှိသော အိမ်မှာ နေချင့်စဖွယ် ရှိသည်။ စိတ်ကူးဉာဏ်ဖြန့်ကျက်ရန် ကောင်းသည့်နေရာလည်း ဖြစ်ပါသည်။ အိမ်နှင့် မလှမ်းမကမ်းသစ်ပင်ပေါ်မှ အစဉ်အမြဲဆိုသလို ချိုကြည်သာယာသောအသံနှင့် သီဆိုတတ်သော နိုက်တင်ဂေးလ်ငှက်ကို ရည်မှန်း၍ ကမ္ဘာကျော် ဂန္ထဝင်ကဗျာတစ်ပုဒ်ကို ပင် စပ်ဆိုခဲ့ပါသည်။ 'အုဒ်တိုအေနိုက်တင်ဂေးလ်' ဟု အမည်ပေးထားသည်။

ထိုအိမ်တွင် လေ့လာစရာများ ပြားလှပါသည်။ ဂျွန်ကိ (တ်စ်) ၏ ဘဝ၊ သူ၏ ကဗျာများ သူ၏ ကဗျာများဖြစ်ပေါ်လာပုံ၊ ကရုဏာသက်ဖွယ် ချစ်ဇာတ်လမ်း၊ ဘဝနိဂုံးချုပ်စသည်တို့ကို ကောင်းစွာလေ့လာနိုင်ရန် ဆောင်ရွက်ပေး ထားသည်။ သူ၏ ကဗျာများနှင့် ကဗျာများအပေါ် ဖတ်ရှုသူများ၏သုံးသပ်ချက်တို့ကိုလည်း တင်ပြထားပါသေးသည်။ ကိ(တ်စ်) ကို ၁၇၉၅ ခုနှစ်တွင် မွေးဖွားသည်။ ၁၈၁၅ ခုနှစ်တွင် လန်ဒန်ရှိ ဂိုင်းစ်ဆေးရုံတွင် ဖွင့်လှစ်ထားသော ဆေးကျောင်းကို တက်ခဲ့သည်။ သို့ရာတွင် ၁၈၁၆ ခုနှစ်မှစ၍ ကဗျာဆရာဘဝကို လုံးဝခံယူလိုက်သည်။ "အကြင်နာတင်းသည့် လှယမင်း" ကဗျာကို ၁၈၁၉ ခုနှစ်၊ ဧပြီလ (၂၁) ရက်နေ့တွင်ရေးကြောင်း မှတ်တမ်းပြုထားသည်။ ထိုကဗျာ



ရေးပြီး နှစ်နှစ်အကြာတွင် ခံစားနေရသောရောဂါ သက်သာစေရန် အီတလီ နိုင်ငံသို့ သွားရောက်နေထိုင်ရာ ရောမတွင် သေဆုံးခဲ့ပါသည်။ အသက်အားဖြင့် များစွာ နုနယ်သေးသည့် အရွယ်ဖြစ်သည်။ သို့ရာတွင် မိခင်ထံမှ တီဘီအဆုတ်နာရောဂါဆိုး အမွေရ၍ အသက် (၂၅) နှစ်အရွယ်တွင် ကွယ်လွန်ခဲ့ခြင်းဖြစ်သည်။ ထိုစဉ်က တီဘီရောဂါကို ပျောက်ကင်းအောင် ကုနိုင်သည့် ဆေးမရှိခြင်းသည် အနုပညာ လောက၏ ဆုံးရှုံးမှုတစ်ရပ် ဖြစ်ပေါ်စေခဲ့သည်ဟု ပြောရမည် ထင်ပါသည်။

"အကြင်နာကင်းသည့် လှယမင်း" ကဗျာရေးဖြစ်ခဲ့သည့် ဖြစ်နိုင်ဖွယ်ရှိသော အကြောင်းများကိုလည်း ရေးသားခဲ့သည်။ ထိုကဗျာရေးခဲ့သည့်အချိန်က ကိ(တ်စ်) ၏ အိမ်နံဘေးတွင် သူချစ်ခင်နှစ်သက်ခဲ့သော "ဖင်နီဘရွန်း" ဆိုသည့် လှပသော အမျိုးသမီးငယ်တစ်ဦးရှိနေသည်။ ကဗျာနှင့်ပတ်သက်၍ ပန်းချီဆရာရေးဆွဲထားသော ပုံတွင်ပါရှိသည့် အမျိုးသမီးသည် လှပချစ်ခင်ဖွယ်ကောင်းသော မျက်နှာ၊ ရှည်လျားသော ဆံပင်၊ ဖမ်းစားနိုင်သော ညို့ဓာတ်ပြင်းသည့် မျက်လုံးအစုံရှိသည်။ ဖြောင့်စင်းနေသော နှာတံနှင့် နီတျာတျာနှုတ်ခမ်းရှိသည်။ အရပ်အမောင်းကောင်းသကဲ့သို့ အချိုးအစားကျလှသော စွဲမက်ဖွယ်ကိုယ်နေဟန်ထားလည်းရှိသည်။ မြင်ရုံနှင့် ချစ်စိတ်ဝင်စေသော အလှမျိုးရှိသည်။ ကဗျာစာဆို ဂျွန်ကိ(တ်စ်)သာမက

www.burmeseclassic.com

www.burmeseclassic.com



ပုထုဇဉ် ယောကျ်ားတိုင်း ကြိုက်နိုင်သည့် ရုပ်ရည်ရှိသည်ဟု ဆိုရမည်။ စာဆို၏ ကဗျာသည် သူမကို ရည်ညွှန်းသည်ဟု ထင်သည်။ မှတ်တမ်းများက သူမကို ဂျွန်(ကိတ်စ်) မေတ္တာ သက်ဝင်ချစ်ခင်ခဲ့သည်ဟု အတိအလင်းဆိုထားပါသည်။

နောက်တစ်ပုံတွင် 'အကြင်နာကင်းသည့်လှယမင်း' ကို မြင်းစီးလျက်တွေ့ရသည်။ သူရဲကောင်းတစ်ဦးက မြင်း၏ဘေးမှ လမ်းလျှောက်လျက် လိုက်ပါလာသည်။ ယမင်းပျိုဖြူက မြင်းပေါ်မှ ခါးကိုင်း၍ သူရဲကောင်းကို စကားပြောနေဟန် ဖော်ပြထားသည်။ သူမက သူရဲကောင်းကို "အမှန်တကယ် မေတ္တာ သက်ဝင်ချစ်ခင်သည်ဟု" တဖွဖွပြောခဲ့ကြောင်း ကဗျာထဲတွင် ရေးထားသည်။ ထို့နောက် မြက်ခင်းပေါ် နှစ်ဦးသားအကြင်နာ နှင့် ချစ်ခြင်းမေတ္တာများ ဖလှယ်ပြီး အိပ်ပျော်သွားခဲ့ကြောင်း၊ သူမက်သည့် အိပ်မက်ထဲတွင် သွေးဆုတ်ဖြူရော်နေသော မျက်နှာများရှိသည့် ဘုရင်များ၊ မင်းညီမင်းသားများ၊ စစ်သည် တော်များအားလုံးကို တွေ့ရကြောင်း၊ သူတို့က 'အကြင်နာ ကင်းသည့် လှယမင်း၊ အကြင်နာကင်းသည့် လှယမင်း' ဟု ညည်းညူအော်ဟစ်နေကြကြောင်း၊ သူနိုးလာသည့်အချိန်တွင် ချမ်းအေးလှသော တောင်ခါးပန်းတွင် သူတစ်ဦးတည်းသာ ရှိနေ တော့ကြောင်းနှင့် ထိုအချိန်မှစ၍ ခြေဦးတည့်ရာ လျှောက်သွား



နေခဲ့သည်။ ရေကန်အတွင်းက ပန်းလှလှများလည်း ညှိုးရော် ခဲ့ပြီး ငှက်ကလေးများလည်း တေးမသီတော့ပြီဟု ကဗျာစာဆိုကို ပြောကြောင်း စပ်ဆိုထားသည့်ကဗျာဖြစ်ပါသည်။

ကဗျာဆရာစပ်ဆိုထားသကဲ့သို့ ဤလောကတွင် အလှ ဘုရင် မာယာရှင်တို့လည်း များလှပါသည်။ မာယာရှင်တို့၏ ခြေတော်ရင်း ဝပ်စင်းခဲ့ကြရသည့်သူများလည်း ရေတွက်၍ မကုန်နိုင်အောင်ရှိကြသည်။ ခေတ်အဆွေဆွေပြောင်းသော်လည်း သမိုင်းတစ်လျှောက်တွင် တော်ရုံအသိနှင့် သတိသုံး၍ ခုခံသည့်တိုင် အလှကို တပ်မက်မှုကအနိုင်ယူတတ်သည်။ အီဂျစ်ဘုရင်မ ကလီယိုပတ်ထရာ၏ အလှန္တွင်နစ်၍ ဘဝပျက်ခဲ့ ရသော ရောမသူရဲကောင်း မတ်ခ်အင်ထော်နီ၊ မြန်မာ့သမိုင်းတွင် အောင်ပင်လယ်ကန်၌ နတ်သမီးကို တွေ့သည်ဆိုပြီး စွဲလမ်း လွန်းလှသဖြင့် ရူးသွပ်သွားသော သုရှင်တကာရွှတ်ပိဘုရင် တို့သည် အလှကို ယုံစားကိုးကွယ်၍ စိတ်ဝေဒနာခံစားကြရ သော မရေမတွက်နိုင်အောင် များပြားသည့် ယောကျ်ားသား များ၏ ပုံဆောင်ဥပမာများသာ ဖြစ်သည်။ ကမ္ဘာနှင့် ချီ၍ တွက်ပါက လွန်စွာများပြားပါလိမ့်မည်။ ကဗျာစာဆို ဂျွန်ကိ(တ်စ်) ဇာတ်လမ်းမှ မြင်းစီးသူရဲကောင်းကြီးနှင့် အကြင်နာတင်းသည့် လှယမင်းတို့၏ ဇာတ်လမ်းသည်လည်း သဘာဝများသာဖြစ် သဖြင့် ချစ်ခင်လွမ်းဆွေးတတ်သော သဘောရှိသည့် လူသား

www.burmeseclassic.com

www.burmeseclassic.com



တို့၏ နှလုံးသားကို မည်သူအပြစ်တင်ရက်ပါမည်နည်း။ ဟင်းမ်စတက်ဒ်တွင် ရှိနေသည့် ရက်များအတွင်း ကမ္ဘာလှည့်ခရီးသည်အသွင်နှင့် နှံ့စပ်အောင် လည်ခဲ့သည်။ စွန်လွှတ်ကွင်းဟု ထင်ရှားသည့် ဟင်းမ်စတက်ဒ်ဟိသ်၏ ဧက (၃၀) ကျယ်ဝန်းသော သဘာဝမြက်ခင်းပြင် ဥယျာဉ်ခြံကြီးတွင် ရေကူးနိုင်သော ကန်သုံးကန်ရှိပါသည်။ ကန်ကိုလည်း အမျိုးသမီးကန်၊ အမျိုးသားကန်နှင့် အမျိုးသမီး၊ အမျိုးသား စုပေါင်း ကူးနိုင်သော ကန်ဟု ခွဲခြားထားပါသည်။ ကျွန်တော်နှင့် ခရစ်စတင်းတို့က ထိုကန်တွင် ရေကူးကြပါသည်။ ညနေပိုင်း ဟိုတယ်သို့ပြန်၍ ညစာ စားပြီး ည (၁၀) နာရီသာသာတွင် ညကလပ်သို့ သွားကြပါသည်။

လန်ဒန်ညကလပ်အချို့နှင့် အဆောင်များတွင် အပတ်တိုင်းလိုလို ရှိနေသော ကပွဲများ သွားရောက်နေကျဖြစ်၍ ထူးပခြားနားဘဲ ဖြစ်မှာပါဟူသော ယူဆချက်များ မှားနေကြောင်း သိရပါသည်။ ကျွန်တော်အများဆုံး အဆောင်ကပွဲတွင် တွေ့ဖူးသည်က ဘွဲ့လွန်၊ ဘွဲ့ကြို ကျောင်းသား၊ ကျောင်းသူများဖြစ်ကြသည်။ ယခုကလပ်တွင် တွေ့ရသည်က မြို့ခံလူကြီးများ၊ အနုပညာအသိုင်းအဝိုင်းမှ ပုဂ္ဂိုလ်များနှင့် ငွေကြေးချမ်းသာသူများပါရှိသည်။ ဝတ်ပုံစားပုံကစ၍ ငွေကြေးချမ်းသာခြင်းကို သရုပ်ပြသော အကောင်းစားအဝတ်အစားများ ဖြစ်သည်။ အမျိုးသမီးများ



ဆိုပါလျှင်လည်း တောက်တောက်ပြောင်ပြောင်နှင့် ဖက်ရှင်ကျလှသော အဝတ်အစားများ ဝတ်ဆင်ထားသည်။ အမျိုးသမီးပျိုပျိုရွှယ်ရွှယ် များစွာတို့သည်လည်း ဖိတ်ခေါ်မည့် သူများကို ကြွေရရ မသိမသာ စောင့်မျှော်နေကြပါသည်။ အကောင်းစားရေမွှေးရနံ့များလည်း သင်းပျံ့နေသည်။ မွှေးလွန်းသဖြင့် ရီဝေချင်သည်။ ကချေမောလျှင် စားပွဲခုံများတွင် သောက်ကြ၊ ပြန်ကကြနှင့် သန်းခေါင်သန်းလွဲမှပြီးမည့်ပုံရှိပါသည်။ ခရစ်စတင်းနှင့်ကျွန်တော်တို့မှာ သန်းခေါင်ကျော်ခန့်တွင် ကပွဲခန်းမမှထွက်၍ ဟိုတယ်သို့ အတွေးကိုယ်စီနှင့် လမ်းလျှောက်ပြန်ကြသည်။ ကျောင်းစတင်တက်သည့် အချိန်မှစ၍ အတူသွား အတူလာ၊ အတူစာကျက်ခြင်းမှ ဖြစ်ပေါ်လာသည့် ရင်းနှီး မှုတို့သည် ချစ်ခင်မှု၊ မြတ်နိုးမှု၊ တွယ်တာမှုတို့ကို ပေးသည်။ တစ်ဦးရှိနေမှုသည် နောက်တစ်ဦး၏ အတွင်းစိတ် ပြည့်စုံမှုကို ဖြစ်စေသည်။ လူသားနှစ်ဦးအနေနှင့် ကိုယ်ရောစိတ်ပါ အနီး ကပ်ဆုံးအခြေအနေရောက်ပြီး အစစပြီးပြည့်စုံမှုကို လေးငြိမ့် စွာခံစားကြရလေသည်။

"နောက်နေ့ ပြတိုက်တွေကို သွားကြည့်မည့် အစီအစဉ်တွေကို ဖျက်ချင်တယ်။ နှစ်ယောက်တည်း မြင်ခင်း စိမ်းစိမ်းပေါ်မှာ ဖိနပ်မပါဘဲ လမ်းလျှောက်ချင်တယ်။ မောရင် သစ်ပင်အောက်မှာနားပြီး ငြိမ်ငြိမ်လေး နေချင်တယ်။ လူသံ သူသံ အစား

www.burmeseclassic.com

www.burmeseclassic.com



ငှက်တွေရဲ့ အော်မြည်သံ၊ သစ်ရွက်လေတိုးလို့ ဖြစ်လာတဲ့ သဘာဝ ဂီတသံတွေကိုနားထောင်ရင်း သစ်ကိုင်းတွေ လေယူရာ ယိမ်းလို့ ကနေပုံလေးတွေကို ကြည့်ချင်တယ်" ဟု ခရစ်စတင်းက ဆိုပါသည်။

"ဘာဖြစ်လို့လဲ ပြောပါဦး၊ ခရစ်စတင်းကို စိတ်ကူးယဉ်တတ်တဲ့လူလို့ကိုယ်မထင်ဘူး။ ဘယ်လိုကဘယ်လို ဒီအတွေးတွေ ဝင်လာတာလဲ" ဟု ကျွန်တော်ကမေးမိသည်။

"မနေ့က ဗွန်ကိ(တ်စ်)ရဲ့ ဘဝနဲ့ ရေးထားတဲ့ ကဗျာတွေ ဖတ်ပြီး စိတ်ကူးကမ္ဘာထဲမှာ အချစ်တွေ၊ အလွမ်းတွေနဲ့ နေချင်စိတ်ပေါက်လာတာ ထင်ပါရဲ့။ ကဗျာဆရာကလည်း ကဗျာတစ်ပုဒ်ရေးဖို့ သူ့ပတ်ဝန်းကျင်၊ သူ့အသိုင်းအဝိုင်း၊ သူ့နှလုံးသား ရေးရာတွေ ပေါင်းစပ်ပြီး ကဗျာတစ်ပုဒ်ကို ဖန်တီးခဲ့တယ်။ ခရစ်စတင်းတို့လည်း လောကီသားပေပဲ။ ခံစားချက်တွေ၊ အချစ်တွေ၊ အလွမ်းတွေရှိတာပဲ၊ ဒါပေမယ့် ဘဝရှေ့ရေးအတွက် မနေမနား လုံးပန်းပြီး မျက်စိဆရာဝန်ဖြစ်ဖို့ ကြိုးစားနေရတယ်။ စာမေးပွဲ အောင်ပြီးတဲ့ အခိုက်အတန့်မှာ နာရီပိုင်းလေးပဲဖြစ်ဖြစ်၊ ရက်ပိုင်းလေးပဲဖြစ်ဖြစ် ဦးနှောက်ရဲ့ ထောင့်လေးတစ်နေရာမှာ သိမ်းဆည်းထားပြီး မေ့ချင်ယောင်ဆောင်ထားတဲ့၊ ဖမ်းစားတတ်တဲ့ ခံစားချက်တွေအကြောင်း စဉ်စားချင်တယ်" ဟု ရှည်ရှည်လျားလျားပြောနေပါသည်။



"ခရစ်စတင်း နားထောင်နော်၊ ကိုယ့်အမြင်ကို ပြောရဦးမယ်။ စိတ်ဆင်းရဲစေမယ့် ခံစားချက်တွေကို လုံခြုံတဲ့နေရာမှာ လုံလုံခြုံခြုံသိမ်းထားတာ အကောင်းဆုံးလို့ ထင်တယ်။ ငယ်ငယ်ကနေ ဒီအရွယ်အထိ ဖြတ်သန်းလာတဲ့ကာလမှာ လူတိုင်းလိုလို စိတ်နဲ့ပတ်သက်လို့ တွေ့ကြုံထိခိုက်၊ ရှနာတွေ ရှိကြမှာပဲ၊ ရှေ့ဆက်ပြီးလည်း တွေ့နိုင်သေးတယ်။ နာကျင်ရမယ့် ကိစ္စတွေနဲ့ပတ်သက်ပြီး နည်းနည်းနာတာကို ပျောက်အောင် များများနာတာကို သက်သာအောင် လုပ်ရမယ်။ ဦးနှောက်တစ်နေရာမှာ သိမ်းထားတာလေးကို ပြန်မဖော်သင့်ဘူးလို့ ထင်တာပဲ" ဟု ကျွန်တော်က အမြင်ချင်းဖလှယ်မိသည်။

ဂျာမဏီနှင့် မြန်မာပြည် ကမ္ဘာ့မြေပုံတွင် နီးနီးကပ်ကပ် မရှိနေပါ။ လူချင်းလည်း ပုံပန်းသဏ္ဍာန်ကွာသည်။ ပတ်ဝန်းကျင် ကိုလိုက်၍ နေထိုင်မှုနှင့် အတွေးအခေါ်လည်း ကွာကြသည်။ ယဉ်ကျေးမှု ဓလေ့ထုံးစံလည်း အမှန်တကယ်မတူပါ။

ဗွန်ကိ(တ်စ်) ၏ နှလုံးသားပြဿနာချစ်ကိစ္စ အရင်းခံ ကဗျာကိုဖတ်၍ နူးညံ့သော နှလုံးသားလှုပ်ရှားလာနိုင်သည်ကို ခန့်ခံပါသည်။ သို့ရာတွင် ခေါင်းပြူလာသည့်ရောဂါကို လုံးဝ ပေါ်မလာစေရန် ဖုံးဖုံးဖိဖိထားရန် လိုသည်ဟုထင်သည်။ တန်ရေပြင် နှလုံးသားကို သမုဒ္ဒယခဲလုံးနှင့် ပေါက်လျှင် အချစ် ဘိုင်းထမည်မှာ သေချာပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အများသိကြသည့်အတိုင်း ဒုက္ခ၏အစသည် သမုဒယ ဖြစ်သည်။ သမုဒယသည် အကြီးဆုံးလောဘ၊ သမုဒယသည် အကြီးဆုံးဒေါသ၊ သမုဒယသည် အကြီးဆုံးသော မောဟ တို့ကို ဖြစ်စေတတ်သည်။ အကျဉ်းအားဖြင့် သမုဒယသည် ဒုက္ခကို ဖြစ်စေသဖြင့် ရေပြင်ကို ခဲပစ်၍ လှိုင်းမထစေရန် လွန်စွာ အရေးကြီး လှပါသည်။

ကျွန်တော်နှင့် ခရစ်စတင်းတို့ အပြန်အလှန်အမြင်ဖြင့် ဖလှယ်သည့်ရလဒ်ကို လန်ဒန်ပြန်ရောက်သည်အထိ ကွဲကွဲ ပြားပြား မသိခဲ့ရပါ။ မည်သည့်အခါ သိရမည်ဟုလည်း မပြောနိုင်ပါ။ သို့ရာတွင် လျှောက်ရမည့်လမ်းကို အနှောင့်အယှက်ကင်းကင်းနှင့် ပျော်ရွှင်စွာ လျှောက်နိုင်အောင် ကြိုးစားရပါဦးမည်။

× × ×



## ဩစတြေးလျက အဓဘော်ရီဂျီနယ် မျက်စမ်းစပ်သင်တန်း

လူ့ဘဝ သာယာလှပရေးအတွက် လူတိုင်းအတွက် 'အမြင်ပန်း' တစ်ပွင့် ငွားငွားစွင့်စွင့်နှင့် ကြွားဝင့်စွာ ပွင့်နိုင်ရန် လိုသည်။ လူစွမ်းအား၊ ပညာစွမ်းအား နည်းပညာစွမ်းအားများ တိုးပွားစည်ပင်မှ လူသားတိုင်း၏ အခြေခံရပိုင်ခွင့်ဖြစ်သော 'မျက်စိမြင်ခြင်း' ကို ပေးအပ်နိုင်မည်။ မျက်စိရောဂါများနှင့် ပတ်သက်သော ကာကွယ်ရေး၊ ကုသရေး နည်းလမ်းများကို သိရှိထားရန် လိုသည်။ တတ်သိလာသော ကျွမ်းကျင်မှုကိုလည်း စေတနာရှေ့ထား၍ ကျောင်းသူ၊ ကျောင်းသား၊ ကလေး၊ လူကြီး အားလုံးကို နည်းပေးလမ်းပြ ပြုလုပ်ပေးရပါမည်။ တစ်ဖက်က ကာကွယ်လုပ်ဆောင်ပြီး တစ်ခြားဘက်က ကုသရေးကို ဆောင်ရွက် သင့်သည်။ ထိုးတက်လာသော နည်းပညာများကို စဉ်ဆက်မပြတ် နေးစမ်းလေ့လာပြီး လက်တွေ့ကျကျ အကောင် အထည်ဖော် ရပါသည်။

မျက်မမြင်ကာကွယ်ရေးအတွက် မျက်စိကွယ်စေသော အတွင်းတိမ်၊ ရေတိမ်တို့ကို ဆေးရုံမှ ခွဲစိတ်ပြီး မျက် တောင်စိုက် သည်တို့ကို ကျေးရွာအထိ သွားရောက်ခွဲစိတ်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



တချို့ရောဂါများကို မှန်ကန်သော မျက်စဉ်းဆေး စားဆေးတို့နှင့် ကုရပါသည်။ မျက်ခမ်းစပ်ကဲ့သို့သော ကူးစက် တတ်သော မျက်စိရောဂါများကို ကျေးရွာများ၊ ကျောင်းများသို့ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများ။ ပြည်သူလူထုများ ပေါင်းစည်းကုသပေးကြရပါသည်။ မျက်စိ သန့်ရှင်းရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်ကျေးရွာ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ဆေးခတ်ကုသရေးများကို ကျန်းမာရေးဌာနများက ဆောင်ရွက်ပါသည်။ ရေကောင်း ရေသန့်ရရှိရန် အဝီစိတွင်းတူးခြင်း၊ မြစ်ရေတင်စီမံကိန်းများ လုပ်ကိုင်ဆောင်ရွက်ခြင်းကို နိုင်ငံတော်နှင့် စေတနာရှင် ပြည်သူများ၊ အသင်းအဖွဲ့များက အင်တိုက်အားတိုက် ဆောင်ရွက် ပေးသည်။

ဩစတြေးလျနိုင်ငံသည် တိုးတက်လာသော နိုင်ငံ တစ်နိုင်ငံဖြစ်ပါသည်။ မြို့ကြီးများတွင် နေထိုင်သူများမှာ ရေကောင်း၊ အိမ်သာကောင်း၊ ပတ်ဝန်းကျင်သန့်ရှင်းရေးကောင်း နှင့် နေရပါသည်။ ဆေးဝါးဆရာဝန်စုံလင်စွာနှင့် ရှိကြသည်။ မျက်ခမ်းစပ်ရောဂါ ကင်းရှင်းကြပါသည်။ သို့ရာတွင် ဩစတြေး လျနိုင်ငံ အလယ်ပိုင်း၊ နယ်မြေများတွင် နေထိုင်သော အဘော်ရီ ဂျင်းနီလူမျိုးများတွင်မူ ကူးစက်တတ်သော မျက်ခမ်းစပ်ရောဂါ ဖြစ်ပွားမှုနှုန်းမှာ သိသိသာသာမြင့်မားနေပါသည်။ အသက်



၁၀ နှစ်အောက် ကလေးများတွင် ၁၅ ရာခိုင်နှုန်းကျော်ခန့် မျက်ခမ်း စပ်ရောဂါ ခံစားကြရသည်။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ ပတ်ဝန်း ကျင်သန့်ရှင်းရေးကောင်းရန် များစွာ လိုပါသေးသည်။ စာရေး သူတို့ သွားရောက်ခဲ့သည့် ဒေသကို အဘော်ရီဂျင်းနီနယ်မြေ (Aboriginal land) ဟု သတ်မှတ်ထားပါသည်။ ထိုအထူး ဒေသသို့ သွားရောက်လိုပါက အဘော်ရီဂျင်းနီနယ်လ် အုပ်ချုပ်ရေး ဌာန၏ သက်ဆိုင်ရာဌာနမှ ခွင့်ပြုချက် တောင်းခံ ရပါသည်။

စာရေးသူကို အဘော်ရီဂျင်းနီနယ်လ် ကျန်းမာရေး လုပ်သား၊ သင်ကြားရေးအစီအစဉ် (Aboriginal Health Workers Education Programme) အတွက် လိုက်ပါလေ့လာရန် စီစဉ်ပေးပါသည်။ တာဝန်ခံမှာ ရွှိင်ရယ်ပ့ါသ်ဆေးရုံမှ မျက်စိ အထူးကုဆရာဝန်ကြီး ဒေါက်တာ ပီတာဂရေဟမ်ဖြစ်သည်။ သူ၏လက်ထောက်မှာ မျက်နှာဖြူဆရာမ မစ်အဲလီဇဘက်သ် ဂရေးဖြစ်သည်။ သူမသည် ကထိကတစ်ဦးဖြစ်ပါသည်။ နောက် ထပ် သင်တန်းခရီးစဉ်နှင့် လိုက်ပါသူ အဘောရီဂျင်းနီ ဆက်သွယ် ရေးအရာရှိမှာ အမျိုးသမီး စစ္စတာဂျုံးဝင့်ချ်ဖြစ်ပါသည်။ အဘော်ရီဂျင်းနီဆရာမကြီးဖြစ်၍ ထိုခရီးစဉ်တွင် လိုက်ပါသူ ဆရာမများ၊ သင်တန်းသူများက လေးစားရသူဖြစ်သည်။ သူမှာ အဘော်ရီဂျင်းနီများ၏ ကျန်းမာရေးသင်တန်းတို့များကို

www.burmeseclassic.com

www.burmeseclassic.com



ရှုပ်ရှုပ်ချွံချွံ ဆောင်ရွက်သူဖြစ်၍ ဆာဆာတာဝါဆု ချီးမြှင့်ခြင်း ခံထားရသူလည်းဖြစ်ပါသည်။

မျက်ခမ်းစပ်ရောဂါ လေ့လာရေး ပညာသင်ကြားရေး အတွက် လိုက်ပါခဲ့သည့် သင်တန်းသူများမှာ အဘော်ရီဂျင်းနီ ကျန်းမာရေးလုပ်သား (၁၄) ဦးနှင့် မားမူးဒစ်ချ်ကောလိပ် (Marr Mooditj) မှ ကျောင်းသူ (၁၂) ဦးဖြစ်ပါသည်။

သင်တန်းကာလမှာ နှစ်ပတ်ဖြစ်သည်။ အသွားအပြန် စုစုပေါင်း ရက် (၂၀) ခန့်ကြာမြင့်ပါသည်။ ခရီးတစ်ခုလုံးကို လူကြီး (၄၅) ဦးစီး ကားကြီးနှင့် သွားခဲ့ရပါသည်။ လေအေးစက်၊ အိမ်သာများ ပါရှိသည်။ အပေါ်ထပ်တွင် လူစီး၍ အောက်ထပ်တွင် အစား အသောက်များ၊ ရွက်ဖျက်တဲများနှင့် နှစ်ပတ်စာ ခရီး အတွက် လိုအပ်သည့်ပစ္စည်းများ ထည့်ပါသည်။ ယာဉ်မောင်း နှစ်ဦးနှင့် စက်ပြင်တစ်ဦး ပါပါသည်။ ပါ့သ်မြို့မှသည် မိုင် (၂၀၀၀) ကျော်ခန့် ဝေးသော ဩစတြေးလျအလယ်ပိုင်း အဲလစ်စ်စပရင်းအထိ သွား၍ ထိုမှလှည့်၍ ပါ့သ်သို့ပြန်ရန် ဖြစ်ပါသည်။

လမ်းတွင် မည်သည့်ဟိုတယ်တွင်မှ မတည်းခိုဘဲ ယာဉ်ရပ်နားစခန်းများတွင် ရပ်နားကြရသည်။ ကွင်းပြင် ကျယ်ကျယ်တွင် ရွက်ဖျင်တဲများထိုး၍ အိပ်ရပါသည်။ တချို့ နေရာတွင် တောခေါင်ခေါင်ရပ်နား၍ ညအိပ်ရသည့်အခါလည်း ရှိပါသည်။ ခရီးစဉ်တစ်လျှောက်လုံးတွင်ရှိသော အဘော်ရီဂျင်နီ



ကျန်းမာရေးဌာန (Aboriginal Medical Service Centres) များသို့ မျက်စိရောဂါ ပြသကုသလိုသူ ကလေး၊ လူကြီးများကို စုဆောင်းရန် အကြောင်းကြားထားပါသည်။

ခရီးမထွက်မီ ပါ့သ်မြို့တွင် ခရီးထွက်မည့်သူများအားလုံး ကို စုဝေး၍ ဆွေးနွေးကြသည်။ မှာကြားစရာများရှိသည်ကို မှာကြားကြပါသည်။ ဖြတ်သန်းသွားရမည့် နယ်မြေမှာ အဘော်ရီဂျင်းနီတို့၏ ကန့်သတ်နယ်မြေဖြစ်သည်။ အဘော်ရီ ဂျင်းနီ ကျန်းမာရေးသင်တန်းကျောင်းသူများ လက်တွေ့ လေ့လာ ရမည်ဖြစ်၍ အထူးခွင့်ပြုချက်နှင့် ခရီးသွားခွင့်ပြုခြင်း ဖြစ်သည်။ ပညာသင်ကြားရေးနှင့် ပတ်သက်၍ အထူးပြောကြား ရန် မရှိသော်လည်း အဘော်ရီဂျင်းနီနယ်မြေဖြစ်သဖြင့် ယဉ်ကျေးမှုနှင့် ဆက်ဆံရေးကိစ္စများ အရေးကြီးသဖြင့် မှာကြား စရာရှိသည် များကို မှာကြားပါသည်။ အကျဉ်းချုပ်အားဖြင့် သွားရောက်ရမည့် နယ်မြေအတွင်းရှိ မြို့များ၊ ရွာများ၊ ဆေးရုံများ ဆေးခန်းများသို့ ရောက်သောအခါ မိမိမနှစ်သက်စရာများ တွေ့ပါကအံ့အား သင့်သည့် အမူအရာ၊ ရှုတ်ချသည့်အမူအရာ ဟန်ပန်များကို လုံးဝမလုပ်ရန်နှင့် မျက်နှာတွင် မပေါ်ပေါက် စေရန် မှာကြားသည်။ ကိုယ်အမူအရာ၊ နှုတ်အမူအရာအားဖြင့် မပြရန်လိုသည်။ မိမိနေခဲ့သော ပတ်ဝန်းကျင် လူနေမှုစရိုက် တို့နှင့် နှိုင်းယှဉ်၍ အပြစ်မတင်ပါနှင့်ဟု မှာကြားပါသည်။ အရေးအကြီးဆုံး

www.burmeseclassic.com

www.burmeseclassic.com



အချက်အနေနှင့် အဘော်ရီဂျင်းန်များကို စူးစူးစိုက်စိုက် မကြည့်ပါနဲ့။ ဝေဖန်သောအကြည့်နှင့် မကြည့်ပါနှင့်။ အဘော်ရီဂျင်းန်နယ်လ်တို့၏ ဓလေ့ထုံးစံအရ သေဆုံးသူ၏ ပထမနာမည်ကိုခေါ်ရန် ခွင့်မပြုပါ။ ရှောင်ရှားရပါမည်။ နာမည်တူများကို ပြောင်းလိုက်ကြရသည်။ ခေါ်လိုက်သည့် အမည်သည် သေဆုံးသူ၏အမည်ဖြစ်နေပါက ပြဿနာဖြစ်နိုင်ပါသည်။ တစ်စုံတစ်ဦး၏ အမည်ကို ခေါ်မည်ဆိုပါက ခွင့်အရင် တောင်းရသည်။ ဥပမာအားဖြင့် ဂျွန်မန်ဂျီးဆိုသူ သေဆုံးပါက ဂျွန်ဟု ခေါ်ဝေါ်သူအားလုံးတို့၏ အမည်များမှ ဂျွန်ဆိုသောအမည်ကို ဖျက်ပစ်ရသည်။ အစားထိုးအမည်တစ်ခုခုကို ရှေ့ကတပ်၍ ခေါ်ကြရသည်။ နောက်ထပ်အရေးကြီးသည့်အချက်မှာ ထိုနယ်မြေများအတွင်း ဓာတ်ပုံရိုက်ခွင့်မရှိပါ။ ကားရပ်လျှင်ရပ်ခြင်း ကားပေါ်မှ ခုန်ဆင်း၍ ဓာတ်ပုံမရိုက်ရပါ။ မိမိ၏ ယဉ်ကျေးမှုနှင့် မတူသော ယဉ်ကျေးမှုများနှင့် ထိတွေ့သောအခါ စိတ်တုန်လှုပ်ချောက်ချားမှု၊ နေသားမကျမှုများ ဖြစ်တတ်သည်။ ထိုကိုယ်ဟန်အမူအရာများသည် တခြားသောသူများအားစိတ်ဆင်းရဲစေပါသည်။ လူမျိုးချင်းတူသော်လည်း မြို့နေသူနှင့် တောတွင်နေထိုင်သူတို့၏ အနေအထိုင်ကွာခြားတတ်သဖြင့် မြို့မှတောသို့ သွားပြီး တောနေလူများကို နှိမ့်ချသည့် အမူအရာများမပြရန် အလေးအနက် ဆွေးနွေးတင်ပြခြင်းဖြစ်သည်။ စစ္စတာဂျူးဝင့်ချ်



သည် အဘော်ရီဂျင်းနယ်လ် အနွယ်ဖြစ်သည်။ မျိုးနွယ်အုပ်စုတို့၏ စကားများကိုလည်း ကောင်းစွာပြောတတ်ပါသည်။ သို့ဖြစ်၍ နေရာတစ်နေရာရောက်လျှင် သူမနှင့် ဦးစွာ စကားဆိုညှိနှိုင်းပြီးမှ ကျန်လူများ လုပ်စရာရှိသည်တို့ကို လုပ်ရပါသည်။

ဒေါက်တာပီတာဂရေဟမ်မှာ အသက် (၅၀) ခန့် ရှိသည်။ ပိန်ပိန်ပါးပါးနှင့် အရပ်ရှည်သည်။ မျက်စိပညာရပ်တွင် နှံ့စပ်၍ မျက်ခမ်းစပ်ရောဂါနှင့် အကျွမ်းဝင်သော ဆရာဝန်ကြီးတစ်ဦးဖြစ်ပါသည်။ အဘော်ရီဂျင်းန်များအား တောလမ်းခရီးထွက်၍ ပညာသင်ကြားပေးခြင်းမှာ သူ၏ နှစ်စဉ်ပြုနေကျ ပြည်သူ့အကျိုးပြုလုပ်ငန်းဖြစ်၍ သာဓုခေါ်ဆိုရပါမည်။ အေးအေးဆေးဆေး နေထိုင်ပြောဆိုတတ်သည်။ အလုပ်ကိုလည်း လေးလေးစားစား လုပ်ပါသည်။ ဒေါက်တာပီတာဂရေဟမ်၏ ဇနီးလည်း လိုက်ပါလာပါသည်။ သူသည် ပါ့သ်တွင် နေထိုင်သည့် လုပ်သက်ရင့် မျက်စိဆရာဝန်ကြီးဖြစ်၍ အဘော်ရီဂျင်းန်တို့၏ မျက်ခမ်းစပ်နှင့် ပတ်သက်သော ပညာသင်ကြားရေးတွင် နှစ်ပေါင်းများစွာ ပါဝင်ခဲ့သူ ဖြစ်ပါသည်။

စစ္စတာဂျူးဝင့်ချ်မှာ ခန္ဓာကိုယ် ဝဝဖိုင့်ဖိုင့်ဖြစ်သည်။ အဘော်ရီဂျင်းန်နွယ်ဝင်ဖြစ်သော်လည်း ဩစတြေးလျတွင် မွေးဖွားကြီးပြင်းခဲ့သူ ဖြစ်သည်။ ခေတ်ပညာတတ် တစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



လည်း ဖြစ်ပါသည်။ ပြည်သူ့ကျန်းမာရေးလုပ်ငန်းများကို အစဉ်တစိုက် လုပ်ကိုင်ဆောင်ရွက်သူဖြစ်သည်။

နောက်တစ်ဦးမှာ Senior Lecturer, Elizabeth Gray ဖြစ်ပါသည်။ သူမလည်း ခရီးစဉ်တစ်လျှောက်လုံး လိုက်ပါခဲ့ပါသည်။ ပညာသင်ကြားရေး၊ အုပ်ချုပ်ရေးများကို ဆောင်ရွက်ခဲ့ပါသည်။

ဩဂုတ်လ ၂၇ ရက်နေ့တွင် (၄၅) ယောက်စီး လေအိပ်ကားကြီးဖြင့် ကန္တာရခရီးကြမ်းကြီးကို စတင်ခဲ့ပါသည်။ သင်တန်းဆရာ မျက်စိအထူးကုဆရာဝန် ဒေါက်တာပီတာဂရေဟမ်၊ ဒေါက်တာရက်ဒ်၊ မစ္စစ်ဂရေဟမ်၊ မော်တော်ယာဉ်အဖွဲ့မှ (၃) ဦး၊ အဘော်ရီးစ် (၂၆) ဦးနှင့် စာရေးသူ အပါအဝင် စုစုပေါင်း (၃၃) ဦးတို့ စီးနင်းလိုက်ပါကြပါသည်။ လေအိပ် ကားဖြစ်၍ စီးရသည်မှာ လွန်စွာ ငြိမ့်ညောင်းလှပါသည်။ ကား၏နောက်ပိုင်းတွင် သန့်စင်ခန်းပါရှိသဖြင့်လည်းပို၍ အဆင်ပြေသည်။ ကားထွက်သည်နှင့် အဖွဲ့ခေါင်းဆောင် ဒေါက်တာဂရေဟမ်က ကားရှေ့ပိုင်းသို့ ထွက်၍ ခရီးစဉ်၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းများကို ရှင်းပြသည်။ ကားပေါ်တွင် ကျန်းမာရေးအမျိုးသမီး ကျန်းမာရေးလုပ်သားများကို မျက်ခမ်းစပ်ရောဂါစစ်ဆေးခြင်း၊ မျက်ခမ်းစပ်လက္ခဏာများ၊ မျက်တောင်စိုက်ခြင်းအကြောင်း၊ အမြင်အားတိုင်းတာခြင်းအကြောင်းများ ပြောပြ



ပါသည်။ ဩစတြေးလျနိုင်ငံရှိ မြို့ကြီး များတွင် မျက်ခမ်းစပ်ရောဂါ မရှိသော်လည်း အတွင်းပိုင်း အဘော်ရီဂျင်းနီနယ်လ်တို့နေထိုင်ရာတွင် မျက်ခမ်းစပ်ရောဂါ ပေါများကြောင်း မျက်ခမ်းစပ်ကြောင့် မျက်စိကွယ်နေသူများလည်း ရှိပါကြောင်း၊ သူတို့၏ ကျန်းမာရေးအခြေအနေကို မြှင့်တင်ပေး မည်ဟုဆိုလျှင် မျက်ခမ်းစပ်ရောဂါကို ကုသပေးရန် အရေးကြီး ကြောင်း၊ ကလေးများနှင့် မိသားစုများကို စစ်ဆေးရမည်။ ရောဂါ ရှိသောကလေးများအား ဆေးကုသပေးရမည်ဖြစ်ကြောင်း ပြောပါသည်။ ကားလ်ဂူလီသို့ရောက်လျှင် သင်ကြားရေးစမည် ဖြစ်ကြောင်းပဏာမအဖြစ် ပြောကြားပါသည်။ တစ်ဆက်တည်း ကျွန်တော့်ကိုလည်း မြန်မာပြည်မှ လာရောက်သော မျက်စိ ဆရာဝန်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ မျက်ခမ်းစပ်ရောဂါ တိုက်ဖျက်ရေးစီမံကိန်းတွင် နှစ်ပေါင်းများစွာ လုပ်ခဲ့သူဖြစ်ကြောင်း၊ ယခုလေ့လာရေးခရီးထွက်လာခြင်းဖြစ်ကြောင်း၊ ယခုမျက်ခမ်းစပ်ရောဂါသင်တန်းတွင်လည်း ကူညီပူးပေါင်း ဆောင်ရွက်မည်ဖြစ်ကြောင်း ပြောပါသည်။ ဒေါက်တာဂရေဟမ်အနေနှင့်အဘော်ရီဂျင်းနီများနှင့် ကျွမ်းဝင်သူဖြစ်ပြီး လေးစားခြင်းခံယူရသူ ဖြစ်ပါသည်။

ကားလ်ဂူလီမြို့သည် ရွှေတွင်းများရှိသောမြို့ ဖြစ်ပါသည်။ ရွှေထုတ်လုပ်မှုလုပ်ငန်းများ လုပ်ပါသည်။ နာမည်ကြီးမြို့

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ ခေတ်မီဆေးရုံနှင့် ဆေးကုသရာတွင် လိုအပ်ပါက လေယာဉ်ပျံအသုံးပြု၍ သွားရောက်ကုသပေးသော ဆေးအဖွဲ့ ရှိသည်။ ထိုနေ့က ကားလ်ဂူလီမြို့တွင် သင်တန်းစတင် ပို့ချပါသည်။ ထို့နောက် ထိုမြို့တွင်ရှိနေသော အဘော်ရီဂျင်းနီနယ်လ်ဆေးခန်းသို့ သွားရောက်လေ့လာရသည်။ မျက်ခမ်းစပ်လူနာများကို ပြသသင်ကြားပေးပါသည်။ ထိုနေ့ညနေစာကို ထိုဆေးခန်းတွင်ပင် ကျွေးမွေးပါသည်။

ကျွေးမွေးသည့်အစာမှာ အဘော်ရီဂျင်းနီနယ်လ်တို့၏ ရှေးဦးအစားအစာများဖြစ်ပါသည်။ အမှတ်တရ ရှိသည်မှာ ဘွတ်ရှ်ဘရက်ခေါ် ပေါင်မုန့်တစ်မျိုးဖြစ်သည်။ အလေ့ကျပေါက်သော အပင်ငယ်များမှ ဂျုံစေ့များကို စုဆောင်း၍ ကြိတ်နယ်ပြီး ဂျုံအဖြစ်သို့ ရောက်စေပါသည်။ ထိုဂျုံကို နယ်ပြီး ဖိုထားသော မီးဖိုထဲသို့ထိုး၍ ဖုတ်ပါသည်။ ထွက်လာသည့် ပေါင်မုန့်ကို ကန့်ဂရူးကောင်၏အမြီး မီးကင်နှင့် စားရပါသည်။ အချိုရည်၊ ကော်ဖီနှင့် အရွက်သုပ်များကိုလည်း စားရပါသည်။ ထိုအစာများသည် အဘော်ရီဂျင်းနီများ၏ ရိုးရာအစားအစာများဖြစ်၍ ကျန်းမာရေးနှင့် ညီညွတ်ကြောင်း ပြောပါသည်။ မြို့ဆန်လာ၍ ဥရောပတိုက်သားများ စားသောအစာများကို ပြောင်းလဲစားသောက်သောအခါ အားလုံးလိုလိုပင် ခန္ဓာကိုယ်အလေးချိန်တက်ပြီး ဝဝဖိုင့်ဖိုင့်ကြီး များဖြစ်လာကြသည်။ ဆီးချို သွေးတိုး



စသည်တို့၏ ဝင်လာ ကြောင်း ပြောပါသည်။

ညပိုင်းတွင် မော်တော်ယာဉ်ကို မြို့ပြင်ကွင်းတစ်ခုတွင် ရပ်နားပါသည်။ ကားရပ်သောအခါ အားလုံးကို တန်းစီ စေသည်။ မော်တော်ယာဉ်အဖွဲ့သားများက ကား၏ နောက်ဘက်ဝမ်းဗိုက်စတိုခန်းမှ တာလပတ်အထုပ်များကို တစ်ယောက်တစ်ထုပ် ပေးပါသည်။ ထိုအထုပ်များမှာ ရွက်ဖျင်တဲများဖြစ်သည်။ ရွက်ဖျင်တဲ ဆောက်လုပ်နည်းကို ပြသပါသည်။ ပါလာသော အိပ်ရာလိပ်ကို ထုတ်၍ အိပ်ရပါသည်။ ထိုနေ့မှစ၍ ခရီးဆုံးသည် အထိ ညတိုင်း ရွက်ဖျင်တဲထိုး၍ အိပ်ရသည်။ အခင်းကြီး အခင်းငယ်ကို သင့်လျော်ရာသို့ သွားရသည်။ သာမန်အားဖြင့် နံနက်စာ၊ နေ့လယ်စာ၊ ညနေ လက်ဖက်ရည်၊ ညစာများကို ကားပေါ်တွင် ပါလာသည့် အစားအစာများကို ပြင်ဆင်ကျွေးမွေးသည်။ ဟိုတယ်၊ မိုတယ်၊ အင်း စသည်တို့တွင် မနေဘဲ တောခေါင် ခေါင်တွင် မိုးကာတဲထိုးပြီး စတည်းချခြင်း၊ အိပ်ခြင်းများကိုပင် Bush Camping ခေါ် တောတွင်း စတည်း ချခြင်း ဖြစ်ပါသည်။ တစ်ခါတစ်ရံ စတည်းချရပ်နားသည့် နေရာ မှာ ရေ၊ မီး စသည်တို့ရှိသည့် နေရာဖြစ်ပါက ရေမိုးချိုးရ ပါသည်။ တောကြီးမျက်မည်းတွင် ကားရပ်ပါက မျက်နှာသစ်၊ သွားတိုက်ရန်၊ ကော်ဖီဖျော်ရန် ကားပေါ်တွင်ပါရှိသော ရေကို သုံးရသည်။ခရီးတစ်လျှောက်ဖြတ်သန်းရသော ဒေသသည်

www.burmeseclassic.com

www.burmeseclassic.com



သဲကန္တာရ တစ်ပိုင်းဖြစ်နေသော သစ်ပင်ကြီးများ ကင်းမဲ့ရာ အရပ် ဖြစ်သည်။ ခြုံနွယ်၊ သစ်ပင်ငယ်များသာရှိသည်။ ညအခါ လွန်စွာအေးပါသည်။ မိုးကာတဲကို လုံခြုံစွာပိတ်ပြီးနောက် Sleeping bag ခေါ် အနွေးထည်ခံထားသည့် လူတစ်ကိုယ်လုံး ဝင်ရောက်အိပ်ရသော အိပ်ရာလိပ်ကို သုံးရသည်။ မျက်နှာလေး သာဖော်ပြီး အိပ်ရသဖြင့် အချမ်းလုံပါသည်။ မျက်နှာကို နှာခေါင်းသစ်ဖော်ပြီး တဘက်နှင့်ဖုံး၍အိပ်ရပါသည်။ ထိုအိတ်မှာ လေနှင့် ဖောင်းနိုင်သောကြောင့် ကျောပိုင်းကလည်း ကြမ်းပြင်နှင့် မထိဘဲ မွေ့ရာခင်းထားသကဲ့သို့ ရှိပါသည်။ ထိုသို့ အိပ်ရသည်မှာ အတွေ့ အကြုံသစ်ဖြစ်သော်လည်း ကောင်းစွာ အိပ်၍ ပျော် ပါသည်။ ကျွန်တော့်ကို ဧည့်သည်အဖြစ် သတ်မှတ်၍ မော်တော်ယာဉ်စီးသောအခါတွင် ထိုင်ခုံတစ်ခုံပေး၍ ထိုင်စေ ပါသည်။ တာလပတ်တဲနှင့် အိပ်သောအခါတွင်လည်း သီးသန့် တစ်ယောက်တည်းအိပ်စေပါသည်။ တခြားသောသူများမှာ နှစ်ယောက်တစ်တွဲ အိပ်ရပါသည်။ တစ်ခါတစ်ရံ တောခေါင် ခေါင် မိုးကာတဲဖြင့်အိပ်ရသည်ကို မလုံမလဲဖြစ်မိသည်။ မြွေပါး ကင်းပါးဝင်လျှင် ခက်ရချေရဲ့. . ။ စဉ်းစားမိသည်။ စိုးရိမ်စိတ်သာ ရှိသည်။ စဉ်းစားကြည့်သောအခါ ဇစ်ကို အသုံးပြု၍ လုံခြုံစွာ ပိတ်ထားသော မိုးကာတဲအတွင်းသို့ အန္တရာယ်ဖြစ်စေမည့် အကောင်များဝင်ရန် မဖြစ်နိုင်လောက်အောင် ခက်ခဲပါသည်။



တောရိုင်းမြေအတွင်း လှည့်လည်သွားလာခြင်း၏ အခက်အခဲတစ်ခုမှာ အစဉ်အလာသုံးနေကျဖြစ်သည့် တစ်ကိုယ် ရေသန့်ရှင်းရေးအတွက် အရေးကြီးသော အိမ်သာနှင့် ရေချိုးခန်း များမရှိဘဲ ခြုံကွယ်တွင်ကိစ္စပြီးရခြင်း ဖြစ်သည်။

ထိုကိစ္စကြောင့် သဲထိတ်ရင်ဖိုအဖြစ်ကို ကြုံခဲ့ရပါသည်။ ခရီး လူမနီး သူမနီး တဲထိုးအိပ်ကြပြီးနောက် တစ်နေ့အိပ်ရာထ ၍ အခင်းကြီး အခင်းငယ်သွားသည့်အခါ ကားနှင့် ပေ(၅၀) အကွာခန့်သို့ သွားပါသည်။ ထိုနေရာမှ မော်တော်ယာဉ်သို့ ပြန်သည့်အခါ တောမှောက်ပါသည်။ မျက်စိလည်၍ မည်သို့မှ ကားကို ရှာ၍တော့မတွေ့ပါ။ (၁၅) မိနစ်ခန့် ရှာပြီးသောအခါ စိုးရိမ် စိတ်ဖြင့် ဇောချွေးများပြန်သည်။ မတတ်နိုင်သည့်အဆုံး တကြော်ကြော်အော်၍ ခေါ်ပါသည်။ (၅) မိနစ်ခန့်ကြာသည်။ မည်သည့် တုံ့ပြန်မှုမှ မရပါ။ လမ်းပျောက်နေကြောင်း သေချာ ပါသည်။ ဩစတြေးလျသဲကန္တာရအတွင်း လမ်းပျောက်၍ သေဆုံး သူများအကြောင်းကို ဖတ်ရှုထားခဲ့၍လည်း ပိုမိုကြောက်မိသည်။ လမ်းပျောက်၍ ကြောက်စိတ်ဝင်ခြင်းကို ပထမဆုံးအကြိမ် ကြုံတွေ့ ရခြင်းဖြစ်သဖြင့် လွန်စွာသောကရောက်ပါသည်။ ကားမထွက်မီ ကျွန်တော့်ကို မတွေ့ပါက လိုက်ရှာကြပါလိမ့် မည်ဟု စိတ်တင်းရပါသည်။ အော်၍ ခေါ်၍မရသည့်အဆုံး ကိုးကွယ်ရန် ရှာရပါတော့သည်။ သံဃာဒွေဂါထာကို အပြန်အပြန်

www.burmeseclassic.com

www.burmeseclassic.com



အလှန်လှန် ရွတ်ရပါသည်။ မေတ္တာသုတ်ကိုလည်း ရွတ်ရသည်။ အချိန်အနည်းငယ်ကြာသောအခါ စိတ်အေးချမ်းလာပါသည်။ ထိုအခါ ရပ်နေရာမှ အရပ်ရှစ်မျက်နှာသို့ သေချာစွာ လိုက်လံကြည့်ရှုပါသည်။ ကျွန်တော်ကားမှ စတင်သွားရောက်စဉ်က တောင်ဘက်အရပ်ဖြစ်ပါသည်။ ကားက မြောက်ဘက် အရပ်တွင်ရှိသည်။ ယခုပြန်၍ကြည့်လိုက်သောအခါ ကျွန်တော်၏ တောင်ဘက်အရပ်တွင် အမျိုးသမီးတစ်ဦး လမ်းလျှောက်သွားသည်ကို ဖျတ်ခနဲမြင်လိုက်ပါသည်။ ထိုမြင်ကွင်းသည် ကျွန်တော့်ဘဝတစ်သက်တာတွင် အပျော်ရွှင်ဆုံးမြင်ကွင်း ဖြစ်ပါတော့သည်။ ကျွန်တော် ကားကိုရှာဖွေစဉ် ကျွန်တော်သည် ကားကိုပတ်၍ ကျွန်တော်က မြောက်ဘက်၊ ကားကတောင်ဘက်တွင် ရှိနေခဲ့သည်။ ကားရှိရာသို့ သုတ်ခြေတင် မိသည်။ ကျွန်တော်၏ ဘဝအတွေ့အကြုံများအရ ဩစတြေးလျ တောခေါင်ခေါင် တောမှောက်ခြင်းမှ လွတ်မြောက်ခဲ့ရသော ထိုအဖြစ်အပျက်သည်လည်း ကြောက်မက်ဖွယ် အတွေ့အကြုံတစ်ခု ဖြစ်သွားသည်။ ကျွန်တော် နိုင်ငံခြားသွားတိုင်း ပရိတ်ကြီးစာအုပ်တစ်အုပ်ကို အမြဲဆောင်၍ ဖတ်သည့်အကျင့် ရသွားပါသည်။

အဘော်ရီဂျင်းန်တို့သည် ဩစတြေးလျနိုင်ငံတွင် လူဖြူများ မရောက်မီ နှစ်ထောင်ပေါင်းများစွာကတည်းက



နေထိုင် ခဲ့ကြသည်။ လူဖြူများရောက်သောအခါ ကုန်းတွင်းပိုင်းသို့ ရွှေ့၍ သွားကြရသည်။ ထိုသို့ပြောင်းရွှေ့သွားသော ဒေသများမှာ သဲကန္တာရများရှိသည်။ ခြောက်သွေ့သည်၊ သစ်ပင်ဝါးပင် နည်းသည်၊ ရေရှားပါသည်။ ထိုလူမျိုးအနေနှင့် နေအိမ်ကောင်းကောင်းနှင့် မနေရ၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရေသန့်ရှင်းရေး နည်းလှသဖြင့် မျက်ခမ်းစပ်ရောဂါကို ယနေ့အထိများပြားစွာ တွေ့နေရခြင်းဖြစ်ပါသည်။ ယခုအခါ မျက်ခမ်းစပ်ရောဂါ ပပျောက်ရေးအတွက် အဇီသရိုမိုင်စင်ဆေးနှင့် ကုသခြင်း၊ မျက်တောင်စိုက်ခွဲစိတ်ခြင်း၊ မျက်နှာသန့်ရှင်းရေး ဆောင်ရွက်ခြင်း၊ ပတ်ဝန်းကျင် သန့်ရှင်းရေးနှင့် အိမ်ရာအသစ် ဆောက်လုပ်နေထိုင်ရန် နိုင်ငံခြားငွေ သန်းပေါင်းများစွာ အကုန်အကျခံဆောင်ရွက်လျက် ရှိပါသည်။

× × ×

www.burmeseclassic.com

www.burmeseclassic.com



## ကန္တာရတစ်ခွင် လှည့်ခဲ့စဉ်

အနောက်သြစတြေးလျ ပေါ့သ်မြို့မှ အဘော်ရီဂျင်းနီ အမျိုးသမီးဝန်ထမ်းများ၏ မျက်ခမ်းစပ်ရောဂါ လက်တွေ့သင်တန်းကို ဆက်လက်ဆောင်ရွက်ခဲ့သည်။ နောက်နေ့ နံနက်စာစားပြီးသည်နှင့် ဂျမီဆန်မြို့လေးသို့ ထွက်ခွာခဲ့သည်။ ထိုမြို့၏ ဆေးခန်းသို့ လာရောက်သော လူနာ (၄၀) ကို စမ်းသပ် ကုသပေးခဲ့သည်။ ကလေးငယ် (၁၅) ရာခိုင်နှုန်းခန့် မျက်ခမ်းစပ်ရောဂါဖြစ်နေကြောင်း တွေ့ခဲ့သည်။ မွေးရာပါ အတွင်းတိမ်ကြောင့် မျက်စိကွယ်နေသူကလေးငယ်တစ်ဦးကိုလည်း တွေ့ရသည်။ ထိုနေ့ညနေတွင် မြို့အစွန်တောခေါင်ခေါင်တွင် မိုးကာတဲထိုး၍ အိပ်ရသည်။

ထိုနေ့ ညစာစားစဉ် အဘော်ရီဂျင်းနီများက ခြေမြန်သရဲရှိကြောင်း ပြောပါသည်။ ခြေထောက်တွင် အတောင်တပ်ထားသကဲ့သို့ လွန်စွာမြန်သောနှုန်းဖြင့် ကန္တာရအတွင်း လှည့်လည်သွားလာကျက်စားကြောင်း၊ တေးဂီတကက်ဆက်များကို ဆူညံစွာဖွင့်သူနှင့် သီဆိုဟစ်ကြွေးသူများကို ဖမ်းခေါ်ဆောင်သွားတတ်ကြောင်း ပြောပါသည်။ လက်ရှိရောက်နေသောနေရာသည် ငှက်တောင်ကဲ့သို့ ပေါ့ပါး၍ ငှက်တို့၏ ပျံသန်းနှုန်းဖြင့် လွန်စွာ လျင်မြန်စွာသွားနိုင်သော မကောင်းဆိုးဝါးကောင် လှည့်လည် ကျက်စားရာဖြစ်၍ မည်သည့်သီချင်းကိုမှ ဖွင့်ခြင်း သီဆိုခြင်း မပြုလုပ်ရန် သတိပေးပါသည်။ လိုက်ပါလာသော အဘော်ရီဂျင်းနီအားလုံးတို့ ထိုကိစ္စကို ယုံကြည်သည်ဖြစ်သဖြင့် ညနေစာစားပြီးကတည်းက ယခင်ညများကဲ့သို့ စကားပြော သီချင်းဖွင့်ခြင်းများ မလုပ်တော့ဘဲ တဲများအတွင်း ဝင်ရောက်၍ ငြိမ်သက်စွာနေကြ အိပ်ကြရာ နံနက်မိုးလင်းသည်အထိ ဖြစ်ပါသည်။

ဤအဖြစ်အပျက်သည် လူသားတို့၏ ရိုးရာအယူအဆ အစွဲအလမ်းများရှိနေကြောင်းကို ပြသပါသည်။ ပညာတတ်ခြင်း၊ မတတ်ခြင်းနှင့် ရိုးရာအစွဲအလမ်းရှိခြင်းတို့ မသက်ဆိုင်ဟု ယူဆနိုင်ပါသည်။ ယုံကြည်သူရှိသကဲ့သို့ မယုံကြည်သူများ ရှိနိုင်သည်။ အာရှတိုက်တွင်သာ တစ္ဆေ၊ သရဲယုံကြည်သူများ ရှိသည်သာမက သိပ္ပံပညာထွန်းကားသည့် ခေတ်ရှေ့ပြေးနိုင်ငံများသည်လည်း သရဲအကြောင်း ယုံကြည်သည်။ စာအုပ်များရေးသားသည်။ ရုပ်ရှင်များ ရိုက်ပြကြသည်။ မကောင်းဆိုးဝါးတို့ပြုစားသည်။ တစ္ဆေရှိသည်ကို ယုံကြည်ခဲ့သည်။ အဘော်ရီဂျင်းနီများသည်လည်း လူသားများဖြစ်၍ ယုံကြည်စွဲလမ်းမှုများ ရှိခြင်းကို ထူးခြားသည်ဟု မခေါ်နိုင်တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ် ဆက်လက်၍ ခရီးထွက်ရာ ဝါဘာတန်မြို့သို့ ရောက်ပါသည်။ ထိုနေရာတွင် မြို့နေလူထုနှင့် ကလေးများကို မျက်ခမ်းစပ်ရောဂါ မည်မျှရှိသည်ကို လေ့လာကြပါသည်။ အသက် (၁၄) နှစ်အောက်ကလေးများတွင် (၃၅)ရာခိုင်နှုန်းခန့် ကူးစက်မျက်ခမ်းစပ်ရှိနေကြောင်း တွေ့ရသည်။ မျက်တောင်စိုက်မရှိပါ။ (၁၄) နှစ်နှင့်အထက် အသက်အရွယ်ရှိသူများကို စမ်းသပ်ရာ မျက်ခမ်းစပ်ရောဂါ (၅၆)ရာခိုင်နှုန်း၊ မျက်တောင်စိုက်တစ်ဦး (၁. ၂)ရာခိုင်နှုန်းအပြင်၊ တိမ်တစ်ဦးကို တွေ့ရသည်။ ဒေါက်တာပီတာ ဂရေဟာမ်သည် မျက်စိမှုန်နေသူများကို စစ်ဆေး၍ လိုအပ်သည့် ဆေးကုသမှုများ ပြုလုပ်ပေးသည်။ မျက်တောင်စိုက်တစ်ဦးကို ခွဲစိတ်ပေးပါသည်။

ညပိုင်း ထမင်းစားပြီးသောအခါ အဘော်ရီဂျင်းနီ အကကို လာရောက်ကြည့်ရှုရန် တစ်ဖွဲ့သားလုံးကို ဖိတ်ခေါ်ပါသည်။ ရောက်သွားသောအခါ အဆောက်အဦးများကြားက ကွင်းပြင်တွင် ကပွဲပြုလုပ်ရန် စီစဉ်ထားသည်။ အမျိုးသမီး၊ အမျိုးသားကပြသည့်သူများ၏ မျက်နှာနှင့် ခန္ဓာကိုယ်ကိုဆေးများခြယ်သထားပါသည်။ ဂီတတူရိယာအနေနှင့် တုတ်ချောင်းငယ်များကို တစ်ခုနှင့်တစ်ခု တီးခတ်၍ (Musical Sticks) ဂီတသံ ပေါ်စေပါသည်။ ကြေး၊ ကြိုး၊ သားရေ တူရိယာပစ္စည်းများ မပါပါ။ ဂီတသံစဉ်နှင့်အတူ သီချင်းများလည်းဆိုကြပါသည်။ ကမ္ဘာပေါ်ရှိ



လူမျိုးပေါင်းစုံတို့တွင် ဖြေဖျော်မှုအတွက် ဂီတ၊ အနုပညာ၊ အကအနုပညာများ အမျိုးမျိုးရှိကြသည်။ လူမျိုးတစ်မျိုးနှင့်တစ်မျိုး၊ ယဉ်ကျေးမှုအနုပညာကွဲပြားသကဲ့သို့ တူကြသည်လည်း ရှိပါသည်။ လွန်စွာ စိတ်ဝင်စားဖွယ် ကောင်းလှပါသည်။ ထိုညက ဖိတ်ကြားခံရသည့် ကျွန်တော်တို့တစ်ဖွဲ့သားလုံးသာမက မြို့ခံများလည်း လာရောက်ကြည့်ရှုကြပါသည်။ ကပြအသုံးတော်ခံခြင်းကို တစ်နာရီသာသာ ပြုလုပ်ကြသည်။ သူတို့၏ အကကို ကြည့်၍ မြိုင်ဆိုင်ဓသာ အတီး၊ အမှုတ်၊ အကအခုံများကို သဘောကျခဲ့ပါသည်။

မြန်မာ့ယဉ်ကျေးမှု အနုပညာကိုလည်း သတိရသည်။ နောက် ကျွန်တော်တို့ မိုးကာတဲထိုးထားသော ကွင်းပြင်သို့ ပြန်၍ အိပ်ကြပါသည်။ နေ့လယ်က မျက်စိလူနာများ ကြည့်ရှုစစ်ဆေးခြင်း၊ ကုညီပြသခြင်းလုပ်ရသည်နှင့် ရောက်သည်နှင့် တစ်ပြိုင်နက် အိပ်ပျော်သွားပါသည်။

အဘော်ရီဂျင်းနီများ၏ ခေတ်ပြိုင်အားကစားပွဲတစ်ခုကိုလည်း စက်တင်ဘာလဆန်းတွင် ဘလက်စတုံး (Black Stone)၊ ဝင်ဂီလီးနားနှင့် (Wingelina) နှင့် ဝါရကူနာ (Warakurna) မြို့များသို့ ရောက်ခဲ့စဉ်က မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရပါသည်။ ဖော်ပြပါမြို့ငယ်များနှင့် အနီးအပါး ပတ်ဝန်းကျင်တွင် နေထိုင်ကြသော အဘော်ရီဂျင်းနီများ၏ ဘောလုံးလုပြေး၍ ဂိုးတိုင်ရှည်ကြီး နှစ်ခုအကြားသို့ တင်သွင်း

www.burmeseclassic.com

www.burmeseclassic.com



ရသော အားကစား (Rugby football) ပြိုင်ပွဲကို ကြည့်ရှုရ ပြန်ပါသည်။ တကယ့်ပွဲကြီးပွဲကောင်းဖြစ်ပါသည်။ ကုန်းတွင်းပိုင်း အခြေအနေအရ လွန်စွာ လူစည်သည်ဟု ပြောရပါမည်။ ပါ့သ်မှ လိုက်လာခဲ့သော အဘော်ရီဂျင်းနီအမျိုးသမီးများလည်း စိတ်ဝင်စားစွာ ကြည့်ရှုအားပေးပါသည်။ ထိုကစားနည်းကို ကျွန်တော်တို့ တိုင်းပြည်တွင် မကစားပါ။ မြန်မာနိုင်ငံ ဘောလုံးကစားနည်းကို ဆော့ကာ (Soccer) ဟုခေါ်သည်။ လက်နှင့်လုပြေး ခြေထောက်နှင့် ကန်သွင်းနည်းကို Football ဟု ခေါ်ပါသည်။ အနောက်နိုင်ငံတွင် သံခမောက်များ၊ မျက်နှာကာများ၊ ပခုံးနေရာ တွင် ဒဏ်ရာသက်သာစေရန် အခုအခံများထည့်ချုပ်ထားသော အကျႌဝတ် နိုင်ငံခြားသားများ ကစားသည့်ပွဲများ မြင်ဖူးပါလိမ့်မည်။ ယင်းသည် ရတ်ဂ်ဘီ၊ ဘောလုံးကစားနည်း ဖြစ်ပါသည်။ ကြာစုသီးပုံ ဘောလုံးကိုပစ်၍ ကန်၍ ကစား ကြသည်။ အဘော်ရီဂျင်းနီများသည် အိုးနှင့်အိမ်နှင့် အတည် တကျ နေထိုင်သူများထက် သူတို့လူမျိုးစုများ နေထိုင်ရာ လွန်စွာ ကျယ်ပြန့်လှသည့် သြစတြေးလျအလယ်ပိုင်းတွင် တစ်နေရာမှ တစ်နေရာသို့ လှည့်ပတ်သွားနေသူက များသည်။ ဆွေမျိုး သားချင်းများ၏ အိမ်သို့ အလည်အပတ်သွားလျှင် တစ်ခါတစ်ရံ ခြောက်လခန့် အထိ နေကြသည်။ ထိုသို့ လှည့်လည်၍ ခရီးသွား နေသဖြင့် မျက်ခမ်းစပ်ရောဂါကို အတည်တကျ နေထိုင်ဆေး ထည့်ရခြင်းမျိုး မလုပ်နိုင်သဖြင့် သြစတြေးလျနိုင်ငံအနေနှင့် မျက်ခမ်းစပ်



ရောဂါကို မျက်ခမ်းစပ်စီမံကိန်းအတွက် ဆေးဝါး ကောင်းများကို ငွေကြေးအမြောက်အများပုံအော၍ ကုသသော်လည်း မျက်ခမ်းစပ် ရောဂါပျောက်သည်အထိ မထိန်းချုပ် နိုင်ပါ။ ကမ္ဘာ့ကျန်းမာရေး အဖွဲ့ ဂျနီဗာတွင် ကျင်းပသော Global Elimination of Trachoma 2020 ခုနှစ် ကမ္ဘာ့တစ်ဝန်းလုံး မျက်ခမ်းစပ်ရောဂါ ပပျောက်ရေး အစည်းအဝေးတွင် သြစတြေးလျနိုင်ငံ၌ မျက်ခမ်းစပ်ရှိနေဆဲဖြစ်သည်ဟု သြစတြေး လျှကိုယ်စားလှယ်က အမြဲတမ်းပြောဆိုလေ့ရှိပါသည်။ ဖော်ပြပါ ရတ်ဂ်ဘီဘောလုံးပွဲတွင် မျက်စိဆေးခန်းဖွင့်၍ လူနာများကို ကြည့်ရှုရာ စစ်ဆေးသောသူများ၏ ကူးစက်မျက်ခမ်းစပ်နှုန်း ထားမှာ (၁၅)ရာခိုင်နှုန်း အထက်တွင် ရှိပါသည်။ မျက်နက်ရောင်၊ အတွင်းတိမ်၊ မျက်စိကွယ် လူနာများ၏ ခေတ်ပြိုင်ယဉ်ကျေးမှု နယ်မြေသို့ တဖြည်းဖြည်းချဉ်းနင်းဝင်ရောက်လာနေသည်ကိုလည်း ဝမ်းသာဖွယ် တွေ့ရှိရသည်။

ထိုနေရာမှ ခရီးစဉ် ဆက်လက်ထွက်ခွာရာ စက်တင်ဘာလ (၃) ရက်နေ့တွင် သြစတြေးလျတိုက် အလယ်ပိုင်းရှိ ကမ္ဘာ့အံ့ချီးဖွယ်ရာ ကြီးမားလှသည့် ကျောက်တောင်ကြီးသို့ ရောက်ရှိသည်။ ကျောက်တောင်ကြီး၏ အမည်မှာ အဘော်ရီဂျင်းနီးစ်တို့၏ စကားနှင့် 'အူးလူးရူး' (Uluru) ဟု ခေါ်၍ 'အေးယားစ်ကျောက်ဆောင်' (Ayers Rock) ဟူသောအမည်နှင့်

www.burmeseclassic.com

www.burmeseclassic.com



လည်း ထင်ရှားပါသည်။ ထိုကျောက်တောင်ကြီးရှိသည့် နေရာကို ကတတိဂျူတာ အမျိုးသားဥယျာဉ်ခြံမြေကြီး (Kata Tjuta National Park) ဟု ခေါ်သည်။ ညှိသည်များအနေနှင့် (၁. ၆) ကီလိုမီတာအမြင့်ရှိသော တောင်ထိပ်သို့ တက်နိုင်ပါသည်။ စာရေးသူလည်း တက်ပါသည်။ သို့ရာတွင် အပေါ်ထိအောင် မတက်ခဲ့ဘဲ လမ်းတစ်ဝက်နှင့် ပြန်ဆင်းခဲ့ပါသည်။ ဤအမျိုးသား ဥယျာဉ်ခြံမြေကြီးထဲတွင် အဘော်ရီဂျီနယ်လ်လူမျိုးများ၏ အထွတ်အမြတ်ထားသည့် နေရာများရှိသည်။ သူတို့၏ ရှေးဟောင်းဒဏ္ဍာရီများအရ လွန်စွာ အရေးကြီးသည်ဟု သတ်မှတ်ထားသော ဒေသဖြစ်သည်။ တောင်ကြီးအနေနှင့် နေအလင်းရောင် ရရှိမှုကိုလိုက်၍ အညိုရောင်၊ ရွှေရောင်၊ မရမ်းစေ့ရောင်များ ပြောင်းလဲသည်ကို ကမ္ဘာလှည့်ခရီးသည် အများအပြားလာ၍ ကြည့်ရသည်။

'အူးလူးရူး' တောင်ကြီးနှင့် ပတ်ဝန်းကျင်ကို လှည့်လည် ကြည့်ရှုနိုင်ရန် ခရီးသွားအဖွဲ့ ၆၅ ဖွဲ့ခန့်က စီမံဆောင်ရွက် ပေးနေပါသည်။ကုလားအုပ်စီး၍ သဲကန္တာရအတွင်း သွားနိုင် သကဲ့သို့ လမ်းလျှောက်ခရီးထွက်ခြင်း၊ မော်တော်ယာဉ်နှင့် လှည့်လည်ခြင်းများကို အဘော်ရီဂျင်နယ်လ် လမ်းပြများသုံး၍ ဆောင်ရွက်ပေးသည်။ သဲကန္တာရအလယ်သို့ ရောက်နေသော် လည်း ကြယ်ငါးပွင့်ဟိုတယ်များ၊ လေအေးစက်တပ်ဆင်ထားသော



ဟိုတယ်များ၊ တည်းခိုခန်းများ ရှိပါသည်။ ကျွန်တော်တို့ကဲ့သို့ ခရီးရှည်သွားကားကြီးများ၊ ဆိုက်နိုင်သည့်နေရာများလည်း ရှိပါသည်။ လွန်စွာခေါင်လှသည် ထင်စရာရှိသော နေရာဖြစ် သော်လည်း ခရီးသွားများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရပါသည်။

စာရေးသူ၏ အဘော်ရီဂျီနယ်လ်တို့၏ ကန့်သတ်နယ် မြေ၊ ခရီးစဉ်တစ်လျှောက်တွင် ပါလာသော ဆရာဝန်များ၊ ဆရာမကြီးများ၊ အဘော်ရီဂျီးနီးစ် ကျောင်းသူများ ဗီဒီယို သတင်းထောက် စသည်တို့က ဧည့်သည်ပမာ ကောင်းစွာ စောင့်ရှောက်ပါသည်။ မှတ်မှတ်ရရ ဤခရီးစဉ်အတွင်း 'အဖေ များနေ့' နှင့် ကြုံကြိုက်ခဲ့သည်။ အမှန်တကယ် 'အဖေများနေ့' ကို ၄နှစ်လ၏ တတိယ တနင်္ဂနွေနေ့ကို သတ်မှတ်သော်လည်း ကျောင်းသူများက သင်တန်းဆရာ မျက်စိဆရာဝန်ကြီး ဒေါက်တာ ပီတာဂရေဟမ်၊ ဒေါက်တာရက်ဒ်၊ စာရေးသူနှင့် မော်တော်ယာဉ် အဖွဲ့သားသုံးဦး စုစုပေါင်း ခြောက်ဦးတို့ကို 'ဖခင်များနေ့' ကျင်းပ ပေးခဲ့ပါသည်။ လက်ဆောင်များပေးပြီး အထူးထူးသော စားကောင်းသောက်ဖွယ်များ ပြင်ဆင်ကျွေးမွေးပါသည်။

အူးလူးရူး ကျောက်တောင်ဒေသသို့ တစ်နေ့နှင့်တစ်ညဲ လည်ပတ်ကြည့်ရှုကြပြီးသည့်နောက် မိုင် (၂၈၀) ဝေးသော နော့သင်းတာရီထရီခေါ် မြောက်ပိုင်း နယ်မြေဒေသ ၏ အကြီးဆုံးမြို့

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သော အဲလစ်စပရင်းမြို့သို့ သွားရောက် ခဲ့ကြပါသည်။ ကားလမ်းမကြီးမှာ ခြောက်လမ်းသွားလမ်းမကြီးဖြစ်၍ တွင်တွင်ကျယ်ကျယ် မောင်းနိုင်ခဲ့ပါသည်။ လမ်းတွင် ကုလားအုပ် များ မွေးမြူသော ကေပေါင်းများစွာ ကျယ်ဝန်းသော မြေတစ်ခုသို့ဝင်ရောက် ရပ်နားကြသည်။ ကုလားအုပ်စီးကြပါသည်။ ကုလားအုပ် တစ်ကောင်တွင် နှစ်ဦးစီ စီးနင်းကြသည်။ စီးနေကျ သူများမှာ ဒုန်းစိုင်းစီးကြပါသည်။ ကျွန်တော်အပါအဝင် မစီးတတ်သူများမှာ ဖြေးညင်းစွာ စီးကြသည်။

ဩစတြေးလျနိုင်ငံ၏ အလယ်ပိုင်းတွင် လွန်ခဲ့သော နှစ်ပေါင်း နှစ်သောင်းငါးထောင်ကပင် အဘော်ရီဂျင်းနီများ နေထိုင်ခဲ့ကြောင်းကို ထိုလူမျိုးများဆွဲခဲ့သော ပန်းချီကားများကို ကာဗွန် ၁၄ နှင့် ခေတ်ခွဲစမ်းသပ်ကြည့်၍ သိခဲ့ရပါသည်။ အင်္ဂလိပ်လူမျိုးများ ရောက်ရှိလာကြပြီးနောက် နေထိုင်ရန် ကောင်းသော ဒေသများ၊ စီးပွားရေးလုပ်ကိုင်နိုင်သည့် နေရာများကို သိမ်းပိုက်ခဲ့သဖြင့် မူလလူမျိုးများဖြစ်သည့် အဘော်ရီဂျင်းနီ အများစုမှာ ကုန်းခေါင်ခေါင်၊ ပူအိုက်သော ရာသီဥတုရှိသော ဒေသများတွင်သာ လှည့်ပတ်နေထိုင်ကြသည်။ ၁၇၇၀ ပြည့်နှစ်များက အဘော်ရီဂျင်းနီ လူမျိုးစစ်စစ် သုံးသိန်းခန့်ရှိခဲ့သော်လည်း ယခုအခါ နှစ်သိန်းမျှသာ ရှိတော့သည်။ ၂၀၀၇ ခုနှစ်တွင် ဩစတြေးလျနိုင်ငံ၏ ဝန်ကြီးချုပ်အဖြစ် အရွေးချယ်ခံရသော "ကေဗင်ရပ်ဒ်" က လွန်ခဲ့သော နှစ်ပေါင်း များစွာကတည်းက အဘော်ရီဂျင်းနီတို့၏ ရပိုင်ခွင့်များကို ငြင်းပယ်၍ လူနေမှု၊ စီးပွားရေးလုပ်ကိုင်နိုင်မှုများကို ခွဲခြားသည့် ဥပဒေများ ပြဋ္ဌာန်းခဲ့ခြင်း၊ အုပ်ချုပ်ခဲ့ခြင်းများကို ပယ်ဖျက်မည်ဟု ပြောခဲ့ပါသည်။ လွန်ခဲ့သည့် ဖြစ်ရပ်များအတွက်လည်း လူသိရှင် ကြား တောင်းပန်ခဲ့သည်။ ၂၀၀၆ ခုနှစ်မှစ၍ အဘော်ရီဂျင်းနီတို့သည် တခြားသော လူမျိုးစုများထက် အစိုးရ၏ အထောက် အပံ့များ ပိုမိုရရှိခဲ့သည်။ ဂီတအနုပညာ၊ နိုင်ငံရေးနယ်ပယ်များ တွင် တစ်ပေါင်းတစ်စည်းတည်း ဆောင်ရွက်ခွင့်ပြုခဲ့ပါသည်။



ဩစတြေးလျနိုင်ငံ၏ အလယ်ပိုင်းဒေသတွင် နာမည် အကြီးဆုံးမှာ 'အဲလစ်စပရင်း' မြို့ပင်ဖြစ်ပါသည်။ မက်ဒေါ်နယ် တောင်စဉ်တောင်တန်းများကို နောက်ခံထား၍ တည်ရှိနေသည့် လှပသော ထိုမြို့လေးသည် ဆွဲဆောင်မှုရှိလေသည်။ ပျော်ပွဲရှင်ပွဲ ပွဲလမ်းသဘင် များစွာကိုလည်း ကျင်းပသည်။ သဲကန္တာရ ရာသီဥတုရှိပြီး တောင်တန်းများလည်း ရှိသောကြောင့် ကုန်းလမ်းခရီးသွားခြင်း၊ မော်တော်ဆိုင်ကယ်များနှင့် တောင်များ ရှိရာဒေသသို့ လှည့်လည်သွားရောက်ခြင်း၊ ဒေသမရွေး သွားလာနိုင်သော ယာဉ်များကိုသုံး၍ ခရီးထွက်ခြင်း၊ တောကြီးမျက်မည်း အပျော်အပါးသွားရောက် စတည်းချခြင်း၊ ရေကန်ဒေသများ ရှိရာသို့ သွား၍ ရေကူးခြင်းမှာ ပြုလုပ်နိုင်သည်။ တောတောင်

www.burmeseclassic.com

www.burmeseclassic.com



ဟင်းလင်းပြင်တွင် နေထိုင်သွားလာခြင်းများ လုပ်နိုင်သည်။ လေယာဉ် နှင့် ဆေးကုခြင်း၊ စူးစမ်းရှာဖွေခြင်း၊ ကုလားအုပ်များကို သုံး၍ ခရီးသွားခြင်းများကိုလည်း ပြုလုပ်နိုင်သည်။

အဲလစ်စပရင်းမြို့၏ မြို့လယ်လမ်းမကြီး တော့ဒ်မောလ်တွင် ပန်းချီပြခန်းများစွာရှိသည်။ အဘော်ရီဂျင်နယ် ပန်းချီလက်ရာများကို ကြည့်ရှုဝယ်ယူနိုင်သည်။ တောင်တန်းများနှင့် သဲကန္တာရ သဘာဝပန်းချီများကို 'ပါပူညကျူလာ' (Papunya Tula Artists) အမ်ဘန်ကျူ (Mbantua Art Gallery) ပန်းချီခန်းများတွင် ဝယ်ယူနိုင်သည်။

သြစတြေးလျနိုင်ငံ၏ အကျော်ကြားဆုံးမှာ အဘော်ရီဂျင်နယ်လ် ပန်းချီပညာရှင် "အဲလ်ဘတ်နမတ်ဇီရ" (Albert Namatjira) ဖြစ်သည်။ သူသည် အဲလစ်မြို့၏ နောက်ဘက်တွင် ရှိသော ဟာမင်စဘတ်ခ်မစ်ရှင်တွင် ကြီးလာသူဖြစ်သည်။ သူဆွဲခဲ့သော ပန်းချီကားများကို အဲလစ်စ်မြို့၏ သူ၏နာမည်နှင့် ဖွင့်လှစ်ထားသော ပန်းချီပြခန်းတွင် ဝယ်ယူနိုင်ပါသည်။

အဘော်ရီဂျင်နယ် အာရန်တီလူမျိုးများ၏ သမိုင်းဝင်မှတ်တမ်းများ၊ အလေးအမြတ်ထားရသည့် ဇာတ်လမ်းဝတ္ထုများရှိပါသည်။



အဲလစ်စပရင်းတွင်ဆင်း၍ ယင်းမှတစ်ဆင့် အဲဒလိဒ်မြို့သို့ ပြန်မည်ဖြစ်သဖြင့် အဲလစ်စပရင်းတွင်ပင် ကျွန်တော်နှင့် အတူခရီးသွားလာခဲ့သောအဖွဲ့များ တွေ့ဆုံသော ပွဲလေးတစ်ခုကို ယာယီစခန်းတွင် လုပ်ခဲ့ပါသည်။ စာရေးသူ၏ အတွေ့အကြုံခံစားမှုများကို တင်ပြပေးခဲ့သည်။ အဘော်ရီဂျင်းန် ကျန်းမာရေးလုပ်သားများအနေနှင့် ကြိုးစားမှုရှိ၍ လေ့လာအားကောင်းပါကြောင်း၊ သူတို့ရရှိခဲ့သော မျက်စိ ကျန်းမာရေးဗဟုသုတများနှင့် လူပေါင်းများစွာတို့၏ မျက်စိများ မြင်အောင်ဆောင်ရွက်မည်ဟု ယုံကြည်ပါကြောင်း ဆက်လက် ကြိုးစားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားခဲ့ပါသည်။

အဖွဲ့ခေါင်းဆောင် ဒေါက်တာပီတာဂရေဟမ်၊ စစ္စတာဂျူးဝင့်ခ်ျနှင့် စစ္စတာအဲလီဇဘက်တို့ကလည်း သင်တန်းတွင် ပါဝင်ကူညီ ကျေးဇူးတင်ပါကြောင်း နောက်နောင်လည်း ပွဲသို့ အလည်အပတ် လာရောက်လျှင် ဝင်ရန်ဖိတ်ခေါ်ကြောင်း ပြောကြပါသည်။

အဲလစ်စပရင်းသို့ ရောက်မည့် ခရီးစဉ်ကို ဒေါက်တာဂရေဟမ်ပို့လိုက်သော ခရီးစဉ် စတင်ဖတ်ရှုရ ကတည်းက သိရှိရပါသည်။ ထိုသတင်းကို ကြားသိရကတည်းက ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါသည်။ အကြောင်းမှာ စာရေးသူ အား မျက်စိပညာရပ်များကို သင်ကြားပေးသော ဆရာ ဒေါက်တာ

www.burmeseclassic.com

www.burmeseclassic.com



ဦးညွန့်ဝင်းနှင့် ဆရာကတော် ကလေးအထူးကု ဆရာဝန်ကြီး ဒေါက်တာ ဒေါ်ခင်မျိုးတို့ ထိုမြို့တွင် ရှိနေ ကြောင်း သိထားသောကြောင့်ဖြစ်ပါသည်။ လန်ဒန်သို့ မျက်စိပညာ ဒီပလိုမာအတွက် မသွားခင်က မျက်စိဆေးရုံတွင် ရှိသော ဆရာဦးညွန့်ဝင်း၏ ယူနစ်တွင် လေ့လာသင်ယူခဲ့ရ သည်။ ပြင်ပလူနာဌာန၊ ခွဲစိတ်ခန်း၊ လူနာလှည့်လည် ကြည့်ရှုခြင်းများကို တစ်နှစ်ခန့် လုပ်ခဲ့ရသဖြင့် ဆရာတပည့် ရင်းဟု ပြောနိုင်ပါသည်။ ဆရာကတော် ဒေါက်တာ ဒေါ်ခင်မျိုးဝင်းနှင့်လည်း အလုပ်သင်ဆရာဝန်ဘဝက ဟယ်လ်ပင်လမ်း ကလေးဆေးရုံတွင် တာဝန်ကျစဉ်က တွေ့ရှိ တပည့်ခံ ခဲ့ရဖူးပါသည်။ ဆရာရော၊ ဆရာမပါ ရင်းနှီးပြီး ဖြစ်၍ အဲဒလိဒ်သို့ ရောက်ကတည်းက ဖုန်းနှင့် နှုတ်ဆက် ဂါရဝပြုပြီး ဖြစ်ပါသည်။ ဆရာကလည်း လာလည်ရန် ဖိတ်ခေါ် ခဲ့ပါသည်။ သို့ရာတွင် လေ့လာရေးခရီးစဉ်အတွင်း သွားရောက် လည်ပတ်ရန် မဖြစ်နိုင်သဖြင့် တွေ့ဖို့ရန် မဖြစ်နိုင် ဟု ယူဆခဲ့ပါသည်။ အနောက်ဩစတြေးလျအဖွဲ့နှင့် အဘော်ရီဂျင်းနီစ် ကျန်းမာရေးလုပ်သားများ သင်တန်း ကိစ္စနှင့် အဲလစ်စပရင်းသို့ ရောက်မည်ဟု သိရစဉ်က ဆရာ့ထံ ဖုန်းဆက်ရာ ဆရာက ရောက်သည့်ရက် အိမ်ကို ဖုန်းဆက်လိုက် လာခေါ်မည်ဟု ပြော၍ အဆင်ပြေသွားပါသည်။



အဲလစ်စပရင်း ရောက်ပြီးနောက် တည်းခိုသည့် နေရာမှ ဖုန်းဆက်ရာ ဆရာလာ၍ကြိုပြီး အိမ်သို့ ခေါ်သွားပါသည်။ ထိုအချိန်က ဆရာမှာ အဲလစ်စပရင်းဆေးရုံတွင် မျက်စိအထူးကုဆရာဝန်ကြီးအဖြစ် အလုပ်လုပ်လျှက် ရှိပါသည်။ မမခင်မျိုးဝင်းအနေနှင့်မူ ကလေးဆရာဝန်အဖြစ် အလုပ်မလုပ်ဘဲ ကျန်းမာရေး စာရင်းအင်းဌာနတွင် အလုပ် လုပ်နေပါသည်။ ဆရာကလည်း မြန်မာပြည်မရောက်သည်မှာ ကြာပြီဖြစ်၍ ဟိုမေး သည်မေးနှင့် စကားများစွာ ပြောဖြစ် ပါသည်။ မျက်စိဆေးရုံ အကြောင်း လုပ်ဖော်ကိုင်ဖက် မိတ်ဆွေများအကြောင်း၊ တပည့်များ အကြောင်း ပြောဖြစ်ပါသည်။ နောက် အဲလစ်စပရင်းမှာ ရှိနေသည့် ရက်များ အတွင်း မျက်စိပြင်ပလူနာဌာနတွင် ဆရာနှင့်တွဲဖက်၍ လူနာများကို ကြည့်ရှုလေ့လာရသည်။ နောက်ဆုံးပေါ် မျက်စိ ခွဲနည်းများကို ခွဲစိတ်ခန်းသို့ ဝင်ရောက်လေ့လာခွင့်ရသည်။ ဆရာမှာ မြန်မာပြည်မှာ ရှိစဉ်က အပေါင်းအသင်းဆံ့၍ လူချစ်လူခင်များခဲ့သလိုပင် အဲလစ်စပရင်းမှာလည်း ဆေးရုံမှ ဆရာဝန်များ၊ ဝန်ထမ်းများနှင့် ခင်မင်သည်။ အဲလစ်စပရင်းမြို့ လူကြီးပိုင်းနှင့်လည်း ခင်မင်ပါသည်။ စနေ၊ တနင်္ဂနွေနေ့များ တွင် ဆရာနှင့် ဆရာမတို့က အဲလစ်စပရင်းမြို့ပေါ်ရှိ မော်တော် ဈေးဆိုင်များ၊ သမိုင်းဝင်နေရာများနှင့် အဲလစ်စပရင်း ပတ်ဝန်းကျင်ရှိ တော့ဒ်မြစ်၊ တယ်လီဂရပ်ဖစ်စတေရှင်၊ ဆင်မ ဆင်ဂက်ပ်

www.burmeseclassic.com

www.burmeseclassic.com



တောင်ကမ်းပါးယံကြားက ရေစီးနေသော သဘာဝ ချောင်းငယ်ကို ကြည်နူးဖွယ် တွေ့ရသည်။

Twin Gum Tree ခေါ် ယူကာလစ်ပင် ညီနောင်ရှေ့တွင် ဓာတ်ပုံရိုက်ရပါသည်။ "ချိုးနှစ်ကောင်၊ ထနောင်းပင် ညီနောင့်ကာ၊ လွမ်းအောင်ကူချွဲ" အစရှိသည့် ဒွေးချိုးကို တမ်းတမိသည်။

ဆရာက စာရေးသူရှိစဥ်မှာပင် ညစာ စားပွဲတစ်ခုကို အိမ်မှာပြုလုပ်ပေးပါသည်။ အိမ်အနေနှင့် အိပ်ခန်း(၄)ခန်း ကျယ်ကျယ်ဝန်းဝန်းရှိပါသည်။ ပူသောအရပ်ဖြစ်၍ တစ်အိမ်လုံးအေးသော လေအေးစက်သုံးပါသည်။ ဟောင်ကောင်မှ ဝယ်၍ သယ်လာသော အိမ်ထောင် ပရိဘောဂများမှာ အနီရောင်လွှမ်း၍ ပြောင်လက်နေပါသည်။ အိမ်၏အနောက်ဘက်တွင် မြေကွက်လတ်ရှိသည်။ ထိုမြေကွက်နေရာတွင် ညစာစားရန် လှလှပပ ခင်းကျင်းပြင်ဆင်ထားသည်။ မြို့ပေါ်မှ လူကြီးများ၊ သမားတော်ဆရာဝန်ကြီး ကိုသိန်းထွတ်နှင့် မိသားစု၊ စိတ်ရောဂါအထူးကုဆရာဝန်ကြီး ကိုအုန်းကျော် နှင့် မိသားစုတို့ပါပါသည်။ ကိုသိန်းထွတ်နှင့် ကိုအုန်းကျော် တို့ကို ဆေးတက္ကသိုလ်တက်စဥ်ကတည်းက သိကျွမ်း ခဲ့ပါသည်။ ဆရာဦးညွန့်ဝင်းကဲ့သို့ အဲလစ်စပရင်းဆေးရုံတွင် အလုပ်လုပ်နေသူများ ဖြစ်ကြပါသည်။ မိသားစုများမှာမူ ယခုမှတွေ့ကြသူများဖြစ်သည်။ မြန်မာအသိုင်းအဝိုင်းတွင် ဆရာဦးညွန့်ဝင်းနှင့် မမခင်မျိုးဝင်း တို့မှာ ဝါရင့်ဆရာ၊ ဆရာမ ကြီးများဖြစ်၍ သူကြီးနှင့် သူကြီးကတော်ဟု ကင်ပွန်းတပ်ထားကြပါသည်။ ဆရာ့အနေနှင့် အိမ်မှာ ထမင်း ကျွေးသည်မှာ မြန်မာပြည်မှ လိုက်ပါလာသော မွေးစားသမီး မာရီယာ အားကိုးနှင့် ဖြစ်ပါသည်။ ဩစတြေးလျမလာခင်ကတည်းက မာရီယာကို တရုတ်စာအမျိုးစုံ ချက်တတ်စေရန် မုန့်ဟင်းခါး၊ အုန်းနို့ခေါက်ဆွဲ မှစ၍ မြန်မာအစားအစာများ ကောင်းစွာ ချက်နိုင်စေရန်နှင့် ဒံပေါက်၊ ထပ်တစ်ရာ၊ ချပတီအစရှိသည့် ကုလာဟင်းများ ချက်စေရန် သင်ကြားပေးခဲ့သည်။ မာရီယာ လက်ရာ ကောင်းကောင်းနှင့် ချက်ထားသည့်ဟင်းများသည် စားသောက်ဆိုင်တွင် စားရသောဟင်းများထက် အမယ်လည်း စုံရုံမက လျှာလည်အောင် ကောင်းလှသဖြင့် ဆရာနှင့် ဆရာကတော်တို့က စားသောက်ဆိုင်မှာ မကျွေးဘဲ အိမ်မှာ ကျွေးမွေးဧည့်ခံခြင်းဖြစ်သည်။

"ငါလည်း မင်းလာမှပဲ အစားကောင်းကောင်း စားရတော့တယ်ကွာ" ဟု ဆရာက ပြောပါသည်။ ဆရာ့တွင် သွေးတိုးရောဂါရှိသဖြင့် စားချင်တိုင်း မစားရဖြစ်နေရာ အစားကြိုက်သော ဆရာ့အနေနှင့် စိတ်တိုင်းမကျ ဖြစ်နေပုံရပါသည်။ ကျွန်တော်ရောက်သောအခါ ကျွန်တော့်အတွက်ဆိုပြီး စားကောင်းသည်များကို ချက်ပြုတ်၍ အတူတကွ စားရသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



သဘောကျပုံပေါ်ပါသည်။ ဆရာ့ထံတွင် လေ့လာစရာရှိသည်များကို လေ့လာပြီး အဲလစ်စပရင်းနှင့် ပတ်ဝန်းကျင်သို့ သွားရောက်ကြည့်ရှု ခဲ့သည့် ခုနစ်ရက်တာခန့် နေထိုင်ပြီး အဲဒလိဒ်သို့ ပြန်ပါသည်။

အနောက်သြစတြေးလျအဖွဲ့တွင် ကိုယ်က သင်ကြားပေးနိုင်သည်များကို သင်ကြားပေးခဲ့သည်။ အဲလစ်စပရင်းရောက်သည့်အခါ ဆရာဦးညွန့်ဝင်းနှင့်တွေ့၍ နောက်ဆုံးပေါ်မျက်စိကုသမှုများကို လေ့လာရသည်။ ရှေးခေတ်နွယ်လူသားများဟု ခေါ်ဆိုရမည့် အဘော်ရီဂျင်းန်များအထဲမှ ပညာတတ်များ၊ အနုပညာရှင်များနှင့် သူတို့၏ လက်ရာများကို တွေ့ရသည်။ မျက်ခမ်းစပ်ရောဂါဖြစ်နေကြသော လွတ်လွတ်လပ်လပ်ပျော်ပျော်ပါးပါး အဆောင်အယောင်မရှိနေပြီး သဘာဝကိုခင်တွယ်သည့် သြစတြေးလျအလယ်ပိုင်းမှ အဘော်ရီဂျင်းန်များကိုလည်း တွေ့ဆုံခဲ့ရသည်။ သူတို့၏ ဘဝမှာလည်းတဖြည်းဖြည်းပိုမိုကောင်းမွန်လာမည်ဟု ယုံကြည်ပါသည်။ သြစတြေးလျခရီးမှာ ကျန်းမာရေးနှင့်ပတ်သက်သော လေ့လာရန်ဖြစ်သော်လည်း ထို့ထက်ပို၍ လူသားမျိုးစုံတို့၏ ဘဝကိုပါလေ့လာခွင့်ရသဖြင့် အကျိုးများလှသောခရီးဟု ဆိုချင်ပါတော့သည်။

× × ×



## ပါ့သ်မြို့တွင် မှုခ္ခရောင်ဝါထွန်းလင်းခြင်း

မျက်စိအမြင်ရှင်သန်ရေးအတွက် ပညာရှာမှီးခြင်း၊ ပညာဖြန့်ဖြူးခြင်း စသည်တို့ကို အစဉ်တစိုက် ဆောင်ရွက်နေရန်လိုပါသည်။ ကာကွယ်ရေး၊ ကုသရေး၊ ပြန်လည် ထူထောင်ရေးတို့အတွက် ဘက်စုံ ထောင့်စုံမှ တတ်စွမ်းသမျှ ဆောင်ရွက်ရပါသည်။ သြစတြေးလျ လေ့လာရေးခရီးစဉ်သည်လည်း အတွေ့အကြုံနှင့် ပညာရှာမှီးရန်သွားခဲ့ခြင်း ဖြစ်ပါသည်။ သုံးလတာခရီးဖြစ်ပါသည်။ သို့ရာတွင် အခွင့်သင့်သဖြင့် အဘော်ရီဂျင်းန်ကျန်းမာရေးလုပ်သားများ၏ မျက်ခမ်းစပ် လေ့လာရေးခရီးတွင် အနောက်သြစတြေးလျ၊ ပါ့သ်မြို့မှ ဒေါက်တာပီတာဂရေဟမ်ခေါင်းဆောင်သောအဖွဲ့ နှင့် သဲကန္တာရကုန်းတွင်းပိုင်း မြို့နယ်ကျေးရွာဆေးပေးခန်းများ သို့ သွားရောက်၍ မျက်ခမ်းစပ်သင်တန်းပေးသည်ကို ကူညီပံ့ပိုးပေးရင်း သူတို့၏ လူနေမှုစနစ်များကိုပါ လေ့လာခွင့်ရခဲ့သည်။

နိုင်ငံခြား၊ တိုင်းတစ်ပါးသို့ ရောက်သောအခါ မိမိ၏ မျိုးနွယ်၊ မိမိ၏ ယဉ်ကျေးမှု၊ မိမိကိုးကွယ်သည့်ဘာသာနှင့်

www.burmeseclassic.com

www.burmeseclassic.com



မိမိခင်မင်ရင်းနှီးသူများကို မမျှော်လင့်ဘဲ တွေ့ဆုံရသော အခါ များစွာ ကြည်နူးဝမ်းသာ ကြရပါသည်။ ယခုအချိန်တွင် ကမ္ဘာပေါ်ရှိ မည်သည့် နိုင်ငံသို့သွားသည်ဖြစ်စေ မြန်မာများကို တွေ့ဆုံကြရပါသည်။

ထူးထူးခြားခြား ဩစတြေးလျနိုင်ငံသား သံဃာတော်များနေထိုင်ရာ ကျောင်းသခ်မ်းကိုလည်း သွားရောက်လည်ပတ်ခဲ့ရသည်။ ဆရာတော် သံဃာတော်များကို ဖူးမြော်ခဲ့ရပါသည်။ ထိုသို့ရောက်ခဲ့သောအခါ ဗုဒ္ဓသာသနာရောင်ဝါနေသို့ ထွန်းနေသော စာသင်တိုက်များစွာတို့နှင့် စည်ပင်လှသော မြန်မာပြည်ကို လွမ်းစရာဖြစ်ခဲ့သည်။

အဘော်ရီဂျင်း(န်) ကျန်းမာရေးသင်တန်းခရီးကို ပ(သ်)မြို့မှ စတင်မည်ဖြစ်သဖြင့် ဩစတြေးလျတောင်ပိုင်း အဒယ်လ်လိဒ်မြို့မှ ပ(သ်)သို့ လေယာဉ်ဖြင့် ခရီးသွားခဲ့ရပါသည်။ ဩစတြေးလျတိုက်သည် ကျယ်ပြောလှသဖြင့် ထိုဂျက်ခရီးစဉ်သည် (၃) နာရီသာသာ ကြာရှည်စွာ ပျံသန်းခဲ့ရပါသည်။ ပ(သ်)လေဆိပ်သို့ ရောက်သောအခါ ဦးမင်းဦးက လာရောက်ကြိုဆို၍ သူ၏အိမ်မှာပင် တည်းခိုစေပါသည်။ ဦးမင်းဦး၏ ကူညီစောင့်ရှောက်ခဲ့ခြင်းကြောင့် ပ(သ်)မြို့ကို နှံ့စပ်အောင်လည်ခဲ့ရပါသည်။ ပ(သ်)မြို့ရှိ 'ဓမ္မလောက' ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်းသို့ လိုက်ပို့ပေးပါသည်။ ထိုကျောင်း တွင် ဆရာတော်သံဃာတော် (၅) ပါးခန့်ရှိပါသည်။ ထိုဆရာ



တော်များကို ထိုင်းဆရာတော်များက ရဟန်းအဖြစ် ချီးမြှင့်ပြီး ဗုဒ္ဓဘာသာစာပေးများ သင်ကြားပို့ချပေးခဲ့ပါသည်။ ပ(သ်)တွင် နေထိုင်ကြသော မြန်မာ၊ ဗီယက်နမ်၊ ထိုင်း၊ လာအို၊ သီရိလင်္ကာ ဗုဒ္ဓဘာသာဝင်များက ကျောင်းဆောက်လှူဒါန်း၍ ကိုးကွယ်ကြပါသည်။ ဝါပကာလတွင် ထိုရဟန်းတော်များသည် မြို့ပေါ်ရှိ ဓမ္မလောကကျောင်းတိုက်တွင် သီတင်းသုံးပါသည်။

ဝါတွင်းကာလတွင် Kingsbury Drive, Serpentine ခေါ် မြို့နှင့် မိုင်အနီးငယ်ဝေးသော 'ဗောဓိဉာဏဘုန်းတော်ကြီး ကျောင်းတွင် တောရဆောက်တည်၍ သီတင်းသုံးပါသည်။ ဝါတွင်းတောထွက်၍ တရားထိုင်ကြသည်။ ဒကာ ဒကာမ များကို တရားပြပါသည်။ တောကျောင်းနှင့်တွဲ၍ တရားထိုင်ရန် အဆောက်အဦတစ်ခုဆောက်ထားပါသည်။ တရားထိုင်သူ တစ်ရာကျော်ခန့် အေးချမ်းစွာ တရားထိုင်နိုင်ပါသည်။ ထိုသို့ တောရဆောက်တည်ခြင်းဖြင့် မြို့၏ အငွေ့အသက်နှင့် ရှုပ်ထွေးပွေလီလှသော လူ့ပတ်ဝန်းကျင်ကို စွန့်ခွာသည့် သဘောသက်ဝင်ပါသည်။ အေးချမ်းငြိမ်သက်သော ပတ်ဝန်းကျင်တွင် တရားရှာမှီးခြင်း ဖြစ်သည်။

"ဓမ္မလောက" မြို့ပေါ်ကျောင်းတွင်လည်း ဝါပကာလများတွင် ဆရာတော်များက ဗုဒ္ဓ၏ တရားတော်များ ဟောပြောကြသည်။ တရားဆွေးနွေးသည်။ ကလေးငယ်များကို ဗုဒ္ဓဘာသာအကြောင်း သင်ကြားပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



စာရေးသူနှင့် ဦးမင်းဦးတို့ သွားရောက်ခဲ့သော "ကင်းစဘူရီ"တောရကျောင်းတွင် ဗုဒ္ဓဘာသာဆရာတော် ဦးဖြဟ္မဝံသ၊ ဆရာတော် ဦးဇာဂရ၊ ဦးယသနှင့် ဦးခန္တီပါလ စသည့် ဘုန်းတော်ကြီးများ သီးတင်းသုံးကြပါသည်။

စာရေးသူတို့ ဗောဓိဉာဏ ဘုန်းတော်ကြီးကျောင်းသို့ နံနက် (၁၀း၀၀) နာရီခန့်ရောက်သဖြင့် ဆွမ်းလောင်းချိန်နှင့် ကြုံကြိုက်ရပါသည်။ ဒကာ ဒကာမများမှာ ဆွမ်းစားကျောင်း၏ ပတ်လည်တွင် လှူဖွယ် လောင်းဖွယ်ရာများကို ကိုင်တွယ်၍ စောင့်နေရပါသည်။ တချို့ကလည်း ထိုင်ခုံများပေါ်တွင် တင်ထားသည်။ ဆွမ်းလောင်းချိန်ရောက်သောအခါ ဆရာတော်များက သပိတ်များကို ပိုက်လျက် ဆွမ်းစား ကျောင်းမှ ထွက်၍ ဆွမ်းခံကြွလာပါသည်။ သပိတ်များမှာ အညိုရောင်ဖြစ်သည်။ တွေ့နေကျသပိတ်များထက် ရောင် ရောင်ကြီးပါသည်။ ဒကာ ဒကာမများက ဆွမ်းများ လောင်းလှူကြပါသည်။ ထို့နောက် ဆရာတော်များဆွမ်းစား ကျောင်းအတွင်းဝင်၍ ဆွမ်းဘုဉ်းပေးပါသည်။ ဆွမ်းလောင်းသူများက ဘေးမှ ကြည်ညိုပါသည်။ ဆရာတော်များ ဆွမ်းကွမ်းကိစ္စပြီးသွားသောအခါ ဒကာ ဒကာမများက နေ့လည်စာကို ကျောင်းပရဝဏ်အတွင်း သင့်လျော်ရာနေရာတွင် စားသောက်ကြပါသည်။ လာရောက်လောင်းလှူ



ကြသူများမှာ ထိုင်း၊ မြန်မာ၊ ဗီယက်နမ်နှင့် သြစတြေးလျံ ပုဂ္ဂိုလ်များဖြစ်ပါသည်။

နှစ်စဉ်နှစ်တိုင်း သီတင်းကျွတ်သောအခါတွင် ထိုင်းနိုင်ငံမှ ဗုဒ္ဓဘာသာအဖွဲ့များ ပါ့သ်မြို့ ဘုန်းတော်ကြီးကျောင်းသို့ လာရောက်ကြ၍ ထိုမြို့ရှိဗုဒ္ဓဘာသာဝင်တို့ကျင်းပသော ကထိန်ပွဲကို လာရောက် ဆင်နွှဲကြပါသည်။ ပါ့သ်မြို့သို့ ခေတ္တရောက်ခဲ့စဉ်အတွင်း ဗုဒ္ဓသာသနာတော်ကို နိုင်ငံခြား ဘုန်းတော် ကြီးများ ဦးဆောင် ပျံ့နှံ့စေသည်ကိုတွေ့၍ ကြည်နူးဝမ်းမြောက် မိပါသည်။

နောက်ပိုင်းတွင် မြန်မာနိုင်ငံမှ ဦးပဥ္ဇင်းတစ်ပါးကို ပင့်ဆောင်ကိုးကွယ်ခဲ့ကြပါသည်။

ပါ့သ်မြို့သို့ အပင့်ခံရသော ဦးဒီပအကြောင်းကို အနည်းငယ်တင်ပြလိုပါသည်။ ဦးဇင်း ဦးဒီပကို ညောင်ရွှေ မြို့ သာသနာဝိပုလရွှေကူကျောင်းတိုက်တွင် ဒုံလွှာဘရဟန်းခံ စဉ် တွေ့ခဲ့ရပါသည်။ ထိုစဉ်က ညောင်ရွှေတွင် စာသင် ကောင်း၊ တရားဟောကောင်း၍ လွန်စွာ နာမည်ကြီးပါသည်။ ဗုဒ္ဓစာပေများကို မှတ်ရလွယ်စေရန် စနစ်တကျ နည်းသစ်များ ထွင်၍ သင်ပေးသဖြင့် စာသင်သား ရဟန်းများ နှစ်သက်ပါသည်။ တရားဟောရာတွင်လည်း သဘောပေါက်လွယ်အောင် ဟောပြောတတ်သည်။ ဟောပြောပုံလည်း ခေတ်မီပါသည်။ ညောင်ရွှေနှင့် ပတ်ဝန်းကျင်ကျေးရွာရှိ အလှူပွဲများ၊ တရားပွဲ

www.burmeseclassic.com

www.burmeseclassic.com



များစွာတို့တွင် ဦးဇင်းဦးဒီပ တရားပွဲများရှိပါက တရားနာမည့် ပရိသတ် လွန်စွာများပြားတတ်ပါသည်။

ရွှေကူ ဆရာတော် ဦးဝိလာသ မိန့်ကြားသဖြင့် ဦးဇင်း ဦးဒီပအကြောင်းကို ပိုမိုသိရှိလာရပါသည်။ ဦးဇင်းမှာ တက္ကသိုလ် ဝင်တန်း အောင်ပြီးချိန်တွင် ရဟန်းဘောင်ဝင်ခဲ့သည်။ ထို့နောက် ဗုဒ္ဓဘာသာစာပေများသင်ကြားလေ့လာ၍ စာမေးပွဲဖြေဆိုခဲ့ရာ အစိုးရ ဓမ္မာစရိယတန်းအောင် ခဲ့ပါသည်။ ထို့နောက် လူဝတ်လဲပြီး ဆေးတက္ကသိုလ်တက်ခဲ့ ရာ အမ်၊ ဘီ၊ ဘီ၊ အက်စ်ဘွဲ့ရခဲ့ပါသည်။ လူဝတ်ဖြင့် နေထိုင်ပြီး အချိန်အတန်ကြာသောအခါ လောကီ ကိစ္စရပ်များ ငြီးငွေ့သဖြင့် ရဟန်းဘောင်ပြန်ဝင်ခဲ့ပြန်ပါသည်။ ထို့နောက် ရွှေကူကျောင်းသို့ လာရောက် သီတင်းသုံးပြီး ဗုဒ္ဓ စာပေများကို သင်ကြားပို့ချခဲ့ပါသည်။ ထိုသို့ရှိရာမှ ဩစတြေးလျနိုင်ငံ ပါ့သ်မြို့မှ သာသနာတော်ပြန့်ပွားရေး အတွက် မြန်မာနိုင်ငံမှ ဆရာတော်တစ်ပါး ပင့်ဆောင်လို သဖြင့် လိုက်လံရှာဖွေရာ ခေတ်ပညာအားဖြင့် အမ်ဘီဘီအက်စ် ဘွဲ့ရရှိခဲ့ပြီး သာသနာ ဘက်မှလည်း ဓမ္မာစရိယတန်း အောင် မြင်သူ စာတတ်ပေတတ် ဦးဒီပအား တွေ့ရှိ၍ ဩစတြေးလျနိုင်ငံ ပါ့သ်မြို့တွင် သီတင်းသုံးရန် ပင့်ဆောင်ခဲ့ကြောင်း သိရ ပါသည်။

ထိုကဲ့သို့ပင် ဗုဒ္ဓသာသနာပြန့်ပွားရေးအတွက် မြန်မာ ရဟန်းတော်များ စင်ကာပူ၊ မလေးရှား၊ အိန္ဒိယ၊ သီရိလင်္ကာ၊ အမေရိက၊ အင်္ဂလန်၊ ပြင်သစ်အစရှိသဖြင့် ကမ္ဘာနှင့်အဝှန်း



နိုင်ငံပေါင်းများစွာသို့ ကြွရောက်ကျောင်းထိုင်တော်မူကြ ပါသည်။ ထိုနိုင်ငံများတွင် နေထိုင်လျက်ရှိသော မြန်မာ အပါ အဝင် နိုင်ငံအပေါင်းစုံမှ ဗုဒ္ဓဘာသာဝင်များက ပစ္စည်းလေးပါး လှူဒါန်း၍ သာသနာတော် တည်တံ့ခိုင်မြဲရေးကို ကူညီကြပါသည်။ သာဓုခေါ်ဖွယ်ရာ ဖြစ်ပါတော့သည်။

မျက်စိပညာရပ်များ ရှာမှီးသော ခရီးစဉ်တွင် ဘာသာရေး နှင့် ပတ်သက်၍ ရွှင်လန်းဝမ်းမြောက်ဖွယ်ရာများ တွေ့ခဲ့ရသည် သာမက ကျေးဇူးရှင် ဆရာဦးညွန့်ဝင်းနှင့် ဆရာကတော်တို့ ရက်ပေါင်းအနည်းငယ် အတူနေခဲ့ရပြီး၊ မျက်စိပညာရပ်များကို အဲလစ်စပရင်းမြို့တွင် နေထိုင်၍ လေ့လာခွင့် ရခဲ့သည်ကိုလည်း ဝမ်းသာရသည်။

စာရေးသူ၏ လေ့လာရေးခရီးသွားရောက်ခဲ့သော တောင်ဩစတြေးလျ၏ 'အဒယ်လိဒ်' မြို့ရှိ ဖလင်းဒါးစ်တက္ကသိုလ် ဆေးရုံကြီးသည် ဩစတြေးလျ၏ မြောက်ပိုင်းဒေသ (Northern Territory) ၏ ကျန်းမာရေးကိစ္စအဝဝကိုလည်း တာဝန်ယူရပါသည်။ အဲလစ်စပရင်းသည် မြောက်ပိုင်းဒေသ ရှိ ဖွံ့ဖြိုးနေသော အရေးကြီးသည့်မြို့ဖြစ်ပါသည်။ စာရေးသူ၏ သင်တန်းတာဝန်ခံဖြစ်သော ဒေါက်တာဟင်နရီနယူးလင်းက ဩစတြေးလျ၏ မြောက်ဘက်ဒေသရှိ အဲဒီလိဒ်မြို့မှ ကီလို မီတာ (၄၀၀) အကွာတွင်ရှိသော "တင်းနင့်ခရိ" (Tennant Creek)

www.burmeseclassic.com

www.burmeseclassic.com



သို့ သွားရောက်၍ မျက်စိလူနာများကိုကြည့်ရှု လေ့လာရန် စေလွှတ်ခဲ့သည်။ တည်းခိုစရာနှင့် လူနာကြည့် ရန် အဆောက်အဦး ရှိပါသည်။ အဖော်အဖြစ် အဘော်ရီကျင်းန် အမျိုးသမီးကျန်းမာရေး လုပ်သားနှစ်ဦး ထည့်ပေးပါသည်။ ထိုခရီးအတွက် အဲဒလိဒ်မှ အဲလစ်ဇ့ပရင်းသို့ လေယာဉ်နှင့် သွားရသည်။ ထိုမှတစ်ဆင့် တင်းနင့်ခရီးမြို့သို့ လင်းခရူဇာ ကားနှင့်သွားရသည်။ ကျန်းမာရေး လုပ်သားတစ်ဦးက ကား မောင်းပါသည်။ တင်းနင့်ခရိတွင် လူနာ (၁၅၀) ကျော်ကြည့်သည်။ ဆေးခန်းသို့ မလာရောက်နိုင်သူများကို အိမ်တိုင် ယာရောက် သွား၍ ကြည့်ပေးရသည်။ မျက်စိရောဂါ အမျိုးမျိုး လာရောက်ပြသကြပါသည်။ အတွင်းတိမ်၊ ရေတိမ်ရောဂါမှ စ၍ ခွဲစိတ်ရမည့် လူနာများကို အဲလစ်စပရင်း ဆေးရုံသို့ ညွှန်းပို့ရပါသည်။ အဘော်ရီကျင်းန်များတွင် ထောင့်ကျဉ်း ရေတိမ် မဖြစ်ဟု ပြောသော်လည်း ဖြစ်နေသူတစ်ဦးကို တွေ့၍ လိုအပ်သော ဆေးများခတ်စေခြင်း၊ တိုက်ကျွေးခြင်း ညွှန်းပို့ခြင်း များ ပြုလုပ်ရပါသည်။

မျက်စိလူနာ ကြည့်ရှုသည့်ကိစ္စပြီးသောအခါ မူလတန်းကျောင်း တစ်ကျောင်းသို့ ခေါ်သွားသည်။ ကျောင်းသူ ကျောင်းသား ကလေးများ မျက်ခမ်းစပ်ရှိမရှိကို စာရေးသူနှင့် ပါလာသော အမျိုးသမီးကျန်မာရေး ဝန်ထမ်းနှစ်ဦးနှင့်အတူ စစ်ဆေး ပေးပါသည်။ မျက်ခမ်းစပ်ရှိသည့် ကလေးများကို တက်ထရာ ဆိုက်ကလင်း အရည်ပျစ်မျက်စဉ်းများကိုပေး၍



ခတ်စေ ပါသည်။ ရောဂါဖြစ်သူ တစ်ဦးလျှင် (၂) တောင့်နှုန်းနှင့် ပေးပါသည်။ ထိုစဉ်က အဇစ်သရိုင်မိုင်စင် စားဆေးများ မပေါ်သေးပါ။

တက်ထရာဆိုက်ကလင်း အရည်ပျစ်ဆေးမှာ တစ်တောင့် လျှင် တစ်ဒေါ်လာနီးပါးတန်ပါသည်။ ကော်မျက် စဉ်းထက် (၅) ဆခန့် ဈေးပို၍ ကြီးပါသည်။ သို့ရာတွင် အရည်ပျစ် မျက်စဉ်းမှာ မျက်စိတွင်းသို့ အစက်ချ၍ ရသဖြင့် မျက်စိတွင်းသို့ ကောင်းစွာဝင်သည်။ စီးကပ်ကပ်ဖြစ်မနေ၍ ကလေးများက သဘောကျသည်။ အလေအလွင့်လည်း မရှိပါ။

BURMESE CLASSIC .com

မျက်ခမ်းစပ်ရောဂါကူးစက်ပျံ့ပွားခြင်းနှင့် ပတ်သက်၍ တစ်ကိုယ်ရည် သန့်ရှင်းရေး၊ မျက်စိသန့်ရှင်းရေး မျက်ခမ်းစပ် ရောဂါ တစ်ဦးမှ တစ်ဦးသို့ ရောဂါပိုးသယ်ဆောင် ပို့ပေးသည့် ယင်ကောင်ဦးရေပေါ်များခြင်းအပေါ်လည်း တည်ရှိသည်။ ယင်ကောင်ပေါက်ပွားတတ်သည့် မစင်ပုံများ မရှိရန်လည်းလို သည်။ ပတ်ဝန်းကျင် သန့်ရှင်းရေး ရေကောင်း ရေသန့်ရရှိရေးလည်း ရှိရပါမည်။ ရောဂါဖြစ်လာပါက တက်ထရာဆိုက်ကလင်း မျက်စဉ်းဆေး၊ အဇစ်သရိုမိုင်စင် စားဆေးများရရှိရန်လိုပါသည်။ ထို့ထက်ပို၍ မျက်စိမကွယ် စေရန် မျက်ခမ်းစပ်ကြောင့် မျက်တောင်စိုက်ပါက မျက်ကြည်နှာ နှင့် အပြင်တိမ်ဖြစ်၍ မျက်စိကွယ်စေနိုင်သဖြင့် မျက်တောင် မစိုက်စေရန် ခွဲစိတ် ပေးရပါမည်။

www.burmeseclassic.com

www.burmeseclassic.com



ဩစတြေးလျနိုင်ငံ၏ ကုန်းတွင်းပိုင်းတွင် နေကြရသော အဘော်ရီဂျင်းနယ်တို့၏ လူမှုရေး၊ စီးပွားရေး အဆင့်အတန်းများစွာတိုးတက်ရန် လိုပါသေးသည်။ နေထိုင်ရာနေအိမ်တိုက်တာများ၊ တစ်ဦးချင်းဝင်ငွေ၊ ပညာနှင့် ပတ်ဝန်းကျင် အခြေအနေများကို မြှင့်တင်ပေးရန် လိုပါသေးသည်။ အခက်အခဲများကြားမှာပင် သူတို့အထဲမှ ထူးချွန်သော ပန်းချီဆရာများ၊ အနုပညာရှင်များ၊ ပညတတ်များ ပေါ်ပေါက်ခဲ့ပါသည်။ ယခုလည်း ဆက်လက်၍ စီးပွားရေး၊ လူမှုရေးအခြေအနေများ ပိုမို ကောင်းမွန်လာရန် တာစူလျက်ရှိပါသည်။

မြန်မာနိုင်ငံ မျက်ခမ်းစပ် စီမံကိန်းကို လာရောက်လေ့လာခဲ့ဖူးသည့် ပါမောက္ခ ဖရက်ဒ်ဟောလို့စ်မှာ ဆစ်ဒနီရှိ နယူးဆောက်သ်ဝေးလ်စ်ယူနီဗာစီတီ မျက်စိဆေးရုံတွင် ပါမောက္ခအဖြစ် ဆောင်ရွက်ခဲ့ပြီး အဘော်ရီဂျင်းနယ်တို့၏ မျက်ခမ်းစပ်ပပျောက်ရေးကို စိတ်ပါဝင်စားစွာ ကိုယ်တိုင်ဖိဖိ ဆောင်ရွက်ခဲ့သူ ဖြစ်ပါသည်။ ပါမောက္ခ ဖရက်ဒ်ဟောလိုးစ် မရှိသည့် နောက်ပိုင်းတွင် မယ်လ်ဘုန်းမှ ပါမောက္ခဟယ်းတေလာက မျက်ခမ်းစပ်ရောဂါ တိုက်ဖျက်ရေးကို ဆက်လက်တာဝန်ယူနေပါသည်။ ၂၀၀၁ ခုနှစ်၊ အောက်တိုဘာလထုတ် ဩစတြေးလျဆေးပညာဂျာနယ်တွင် သူက ဩစတြေးလျ နိုင်ငံတောရပ်ဒေသများတွင် မျက်ခမ်းစပ် လုံးဝပျောက်ကင်း စေရန်၊



လူနေမှု အခြေအနေများ မြှင့်တင်ရန်နှင့် အဇီသရိုမိုင်စင် ဆေးများ သုံးရန်လိုကြောင်း တိုက်တွန်းထားပါသည်။ ပါမောက္ခ တေလာက အဘော်ရီဂျင်းနယ်နှင့် တိုးရီးစ်စထရိတ် ကောမစ်ရှင်(Aboriginal and Torres Strait Islander Commission) က ဩစတြေးလျ အလယ်ပိုင်း ဒေသတွင် နေထိုင်သူ တိုင်းရင်းသားများ ထက်ဝက်မှာ နေအိမ် လုံလောက်စွာ မရှိပါ။ အုပ်စုခြောက်အုပ်စုလျှင် တစ်အုပ်စု သန့်ရှင်းသော သောက်သုံးရေ မရပါ။ မျက်ခမ်းစပ် ပပျောက်ရန်အတွက် အခြေခံလိုအပ်သော ထိုအချက်အလက်များ ဖြည့်ဆည်းရန် လိုကြောင်း ရေးထားသည့် ကော်မရှင်၏ အစီရင်ခံစာကို ရည်ညွှန်း တင်ပြခဲ့ပါသည်။

BURMESE CLASSIC .com

မြန်မာနိုင်ငံအနေနှင့် ၂၀၀၀ ခုနှစ်လွန် နှစ်များက ကျေးရွာတိုင်း သောက်သုံးရေရရှိနိုင်ရေး၊ စိမ်းလန်းစိုပြည်ရေး၊ မြစ်ရေတွင်စီမံကိန်း စသည့် အစီအစဉ်များ စနစ်တကျ ဆောင်ရွက်ခဲ့သဖြင့် ဆေးနှင့်ကုသ၍ ကျဆင်းခဲ့သော မျက် ခမ်းစပ်ရောဂါ အခြေအနေကို ထိန်းထားနိုင်ခဲ့ပါသည်။ ကြိုကြား ကြိုကြား မျက်ခမ်းစပ်ဖြစ်နေသော ကျေးရွာများရှိ ကလေးများကို မျက်ခြည်မပြတ် ရှာဖွေကုသပေးမည်ဆိုပါက အမြင်နှစ် ၂၀၂၀ စီမံကိန်း ရည်မှန်းချက်နှင့်အညီ မျက်ခမ်းစပ် ပပျောက်ရေးကို ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါသည်။

"အမြင်ကြည်လင် ပျော်ရွှင်ချမ်းမြေ့ သုခတွေ့ပါစေ"

www.burmeseclassic.com